
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃

မြပုလဲခင်

နေခြည်သိနှင့်ပန်း/မြပုလဲခင်။ – ရန်ကုန်။


စအောင်မြင်စာပေ၊ ၂၀၁၃။

၃၀၀ - စာ၊ ၁၂.၅ × ၁၉.၅ စင်တီ။

(၁) မြပုလဲခင်

ပြန်ချိရေး...အောင်မြင်စာပေ၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်...အောင်မြင်ပုံနှိပ်တိုက်၊
ထုတ်ဝေသူ...ဦးအောင်မြင့်၊ ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၁၃၊ တန်ဖိုး(၁၅၀၀)။







BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၁)

"ရွှတ်. . ရွှတ်. . ဟေ့. . ဘွားဘက်တော်တွေ နေဦး"

ခိုင်ဘွားနှင့်လှိုင်ဘွား ခြေလှမ်း တုန့်ခနဲ ရပ်ဆိုင်းသွားပြီး နောက်သို့ လှည့်ကြည့်လိုက်သည်။ တဒင်္ဂတွင် အသံနှင့်အတူ မေကဆုန်သည် သူတို့နားသို့ လွှားခနဲ ရောက်လာသည်။

"ဘာလဲ"

"ဖြေနိုင်လား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



“နောက်နှစ်ခါ နင်တို့အိမ်မှာ ဝိုင်းမလို့ဆို”

“အင်း. . ဟုတ်တယ်”

ညီအစ်ကိုနှစ်ယောက် သံပြိုင်ဖြေသည်။

“ဘယ်နှစ်ယောက် လက်ခံမှာလဲ ငါတက်ချင်လို့၊ ငါ့ကိုတော့ ဦးစားပေး တစ်ပဲနော်”

“မေမေက ငါးယောက်အထိ လက်ခံမယ်”

“နင်တို့အပါအဝင်လား”

“အေး”

“ငါတက်မယ်နော်”

“ပြည့်နေပြီဟ”

“မလိုချင်ဘူးဟာ၊ ငါတစ်ယောက်နဲ့ အပမ်းမကြီးပါဘူး၊ နင်တို့ဘွားတော်ကို ပြောပေး၊ နင်မပြောရဲရင် ငါဘာသာငါပြောမယ်၊ ခုလိုက်ပြောရမလား၊ နင်တို့ကား ခါတိုင်းရပ်တဲ့ဆီမှာပဲလား”

“အေး. . ဒါပေမယ့် ဒီနေ့ မေမေလာမကြိုဘူး”

“ဒါဖြင့်ပြီးရောဟာ၊ ငါညရောက်မှ ဖုန်းဆက်လိုက်မယ်၊ နင်တို့သွားတော့”

ခိုင်ဘွားနှင့်လှိုင်ဘွား ကားရပ်ထားရာနေရာသို့. . . လျှောက်ခဲ့လေသည်။

“မလွယ်ဘူးထင်တယ် ကိုကို”

“မေမေနဲ့လား”

“အင်း. . မေမေက ငါးယောက်ပဲကောင်းတယ် ပြောထားတာ”





“အေးပါကွာ၊ သူ့ဘာသာသူ ပြောလို့ရတော့လည်း ရပေါ့၊ မရတော့လည်း ဒီဖြင့်ဝိုင်း ရှာပါစေ”

ခိုင်ဘွားနှင့် လှိုင်ဘွား၊ မေကဆုန်တို့သည် တစ်ကျောင်းတည်း တစ်တန်းတည်းသားများ ဖြစ်ကြလေသည်။ ခိုင်ဘွားနှင့် လှိုင်ဘွားသည် အနေတည်ကာ ရိုးရိုးကုတ်ကုတ်နှင့် စာကြိုးစားသလောက် မေကဆုန်ကတော့ မတည်ငြိမ်။ ပေါ်ပြူလာဖြစ်ချင်သူ ဖြစ်သကဲ့သို့ ဖြစ်လည်းဖြစ်ပါသည်။ ကျောင်းသားကြီးများ၏ ပါးစပ်ဖျားတွင် မေကဆုန်၏အမည် ရေပန်းစားလျက်ရှိသည်။ ဒါကိုပဲ မေကဆုန်သည် ကျေနပ်စွာ ဂုဏ်ယူလျက်ရှိသည်။

ဒရိုင်ဘာဦးကြီးသည် မေကဆုန်ကို လှမ်းမျှော်ကြည့်ရင်း စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေရသည်။

မေကဆုန်သည် ပထမ အမြွှာကောင်းလေးနှစ်ယောက်နှင့် စကားပြောသည်။

နောက်ကောင်မလေးနှစ်ယောက်၊ ဒီကြားထဲ ရွှတ်ရွှတ်နောက်နောက် နေတတ်ပုံရသော အဝတ်အစား ဘိုသီဘတ်သီနှင့် ကောင်ကလေးတစ်ယောက်က ရောက်လာကာ ရောနှော၍ စကားဖောင်ဖွဲ့လေသည်။

ဟော လမ်းဘေးရေခဲထုပ် ဝယ်စားသည်။ ရယ်ရယ်မောမော စကားပြောနေကြဆဲ ဖြစ်သည်။

ကျောင်းရှေ့၌ အဖြူအစိမ်းများ၊ ရောင်စုံဝတ်မိဘနှင့် ကြိုသူများလည်း အတော်ရှဲသွားလေပြီ။ ကားလမ်းဘေးထိုးကပ်နေရာယူထားသော ကားများလည်း ကျဲပါးသွားလေပြီ။

ထိုအခါမှ မေကဆုန်တို့ လူစုကွဲသွားပြီး မေကဆုန်



www.burmeseclassic.com

www.burmeseclassic.com



သည် ကားရှိရာသို့ လျှောက်လာလေသည်။

ဦးကြီး သက်ပြင်းချလိုက်မိသည်။

ယခုခေတ်ကာလ မိန်းကလေးကို ထိန်းရတာသည် ယောကျ်ားလေးကို ထိန်းရတာထက်များ ပို၍ခက်နေလေရော သလားမသိ။

"ဦးကြီး အိမ်ကိုပဲ တန်းမောင်းတော့"







# အခန်း(၂)

"သားတို့ ဘယ်သွားချင်ကြသလဲ"

ဒေါ်တင်လူလူဘွား၏မေးခွန်းကို ခိုင်ဘွားနှင့် လှိုင်ဘွားက ရုတ်တရက် မဖြေသေးဘဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ခိုင်ဘွားက. . .

"ငပလီ"

"နှစ်တိုင်းသွားတာ မရိုးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်လူလူဘွားက ထပ်ဆင့်မေးခွန်းထုတ်လိုက်သည်။

လှိုင်ဘွားက. . .

"မရှိးပါဘူး မေမေ၊ အပန်းဖြေခရီးဆိုတာ အဲဒီလို နေရာမျိုး၊ ဒါမှမဟုတ် မေမြို့၊ တောင်ကြီး၊ ကလော၊ တစ်ခုခုပေါ့၊ ဒါပေမယ့် ပင်လယ်ကမ်းခြေကို သားတို့သဘောအကျဆုံးပဲ"

"မေမေအချိန်မရဘူး၊ သားတို့ ဖိုးဖိုးနဲ့ပဲ သွားရမှာ၊ ဖိုးဖိုးကကော၊ အဖေ့. . အဖေကော ငပလီ သွားချင်ရဲ့လား"

ဖခင်ဘက်သို့ လှည့်ကာ မေးလိုက်သည်။

"ဟာ ကောင်းတာပေါ့ သမီးရယ်၊ ပင်လယ်အစားအစာစားလိုက်၊ အုန်းရေသောက်လိုက်၊ လှိုင်စီးလိုက်နဲ့၊ ကျန်းမာဝဖြိုးအားသစ်တွေတိုး၊ အဲ. . ပြီးတော့ မဲလုံးပြီး ပြန်လာကြတာပေါ့"

ဒေါ်တင်လူလူဘွားက. . ဖခင်ဦးအောင်ဘွားစကားကြောင့် ပြုံးမိကာ. . .

"ဒါဖြင့် အဖေတို့ မြေးအဘိုးသုံးယောက်ပဲ သွားကြတော့၊ ကျွန်မ လေယာဉ်လက်မှတ်အသွားအပြန်ကော၊ ဟိုတယ်အခန်းပါ စီစဉ်လိုက်မယ်၊ ဘယ်နှစ်ရက်နေချင်ကြသလဲ သားတို့"

"တစ်ပတ်"

အမြွှာညီအစ်ကိုနှစ်ဦးက သံပြိုင်ထွက်လိုက်သည်။ ဒေါ်တင်လူလူဘွားက ပြုံးလိုက်မိပြီး။

"ကောင်းပြီလေ၊ ပြီးရင်. . ဆယ်တန်းပြီး မတ်လလယ်ရောက်တာနဲ့ ကျူရှင်တွေ တက်တော့မှာနော်. . "

"ဩော် မေမေ၊ ကျူရှင်ဆိုလို့ သားတို့သူငယ်ချင်း တစ်





ယောက်ကလည်း သားတို့ဝိုင်းမှာ တက်ချင်လို့တဲ့"

"လူပြည့်နေပြီးလေ၊ ငါးယောက်ပဲ ကောင်းတယ်သားတို့"

"သူက သိပ်တက်ချင်နေတယ်"

"ဒါပေမယ့်"

"သမီးကလည်း ပညာပါရမီဆိုတာ ဖြည့်ဆည်းကောင်းပါတယ်၊ တစ်ယောက်ပိုလာတာနဲ့ ဘာမှပိုထူးမသွားပါဘူး၊ လက်ခံလိုက်ပါ"

ဖခင်ဦးအောင်ဘွားစကားကိုတော့ ဒေါ်တင်လူလူဘွား မငြင်းဆန်နိုင်ပါ။

"ဟုတ်ကဲ့အဖေ ကျွန်မလက်ခံလိုက်ပါ့မယ်၊ ဒီလိုဆိုရင်လည်းထုံးစံအတိုင်းပဲ သားတို့သူငယ်ချင်း မိဘအုပ်ထိန်းသူကိုယ်တိုင် မေမေ့ဆီလာခွင့်ပန်ဖို့ ပြောလိုက်ကြပေါ့"

သားနှစ်ယောက်မျက်နှာ ဝင်းပသွားသည်ကို တွေ့လိုက်ရဖြင့် ဒေါ်တင်လူလူဘွား ကျေနပ်သွားသည်။

"ကိုင်း. . သားတို့ ဘာပြောစရာရှိသေးလဲ"

"မရှိတော့ပါဘူး မေမေ"

"ဒါဖြင့် မေမေစာသွားဖတ်တော့မယ်"

ဆေးခန်းကအပြန် ငှားလာခဲ့သော မဂ္ဂဇင်းစာအုပ်ကိုယူကာ အပေါ်ထပ်သို့ တက်သွားလေသည်။

"ကိုင်း. . အခွေထိုးကွာ၊ ကြည့်ရအောင်"

မြေးအဘိုးသုံးယောက်ကတော့ ဗွီဒီယိုကြည့်ရန် တာစူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို မေကဆုန့်ဆီ ဖုန်းဆက်ပြောလိုက်လေ"

"ဖုန်းနံပါတ်မှ မရှိတာ"

"ကျွန်တော့်မှာရှိတယ်"

"ဒါဖြင့် ညီညီပဲ ဆက်လိုက်တော့"

ခိုင်ဘွားက အခွေထည့်လိုက်သည်။

လှိုင်ဘွား တယ်လီဖုန်းခလုတ်များကို နှိပ်လိုက်သည်။

ခိုင်ဘွားက လှိုင်ဘွားကိုကြည့်ပြီး အံ့အားသင့်သွားသည်။

မေကဆုန် ဖုန်းနံပါတ်ကို ဒီကောင်အလွတ်ရနေပါလားဟူသောအတွေးက သူ့ခေါင်းသို့ ရောက်ရှိလာသည်။

"ခိုင်ဘွားပါ"

ခိုင်ဘွားခေါင်းကြီးသွားသည်။ လှိုင်ဘွားအား လှည့်ကြည့်လိုက်တော့. . လှိုင်ဘွားက မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။

"မေမေ့ကို ပြောပြီးပြီ၊ အဲဒါ နင့်မိဘဖြစ်ဖြစ်၊ အုပ်ထိန်းသူတွေဖြစ်ဖြစ် လာအပ်တဲ့"

". . . . . ."

"အင်း. . မတ်လဆယ့်ငါးရက်ဖွင့်ဖြစ်မယ်"

"မဟုတ်ပါဘူး၊ ဒါပဲနော်"

လှိုင်ဘွားက တယ်လီဖုန်းချလိုက်သည်။ တစ်ဘက်က ဘာတွေပြောသည်ကို ခိုင်ဘွား သိချင်လာသည်။

"ဘာတဲ့လဲ"

"သူ့အသေချာ တက်မယ်တဲ့၊ သူ့အဖေအားတဲ့နေ့ သူ





တို့လာခဲ့မယ် ပြောတာပဲ"

"အင်း. . ပြီးတာပဲ၊ ဒါထက်ညီညီက ဘာဖြစ်လို့ ကိုကို့နာမည်သုံးရတာလဲ"

"ကိုကိုကလည်း အဆန်းလုပ်လို့ဗျာ၊ ကိုကိုနဲ့ ညီညီကခဲ့လို့ရလို့လား၊ ကိုကိုလည်း ညီညီအမည် သုံးနိုင်တာပဲ၊ မဟုတ်တာလုပ်တာမှ မဟုတ်ဘဲ၊ သက်သက်စတာ အဆန်းလုပ်လို့"

ခိုင်ဘွားသည် ဘာမှထပ်မပြောတော့။ လှိုင်ဘွားသည် သူ့ထက်ခုနှစ်မိနစ်ခန့်သာငယ်သော ညီဖြစ်သည်။ သို့သော် မေမေက ငါဟူသော နာမ်စားမသုံးစေရဘဲ ကိုကို၊ ညီညီဟုသာ သုံးခိုင်းသည်။

အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ဦး၏ ရုပ်သွင်လက္ခဏာကို မိခင်ကလွဲပြီး ဘယ်သူမှ ခွဲခြားမရအောင် တူညီနေသောကြောင့်ဖြစ်သည်။

ဆရာ/ဆရာမများ၊ သူငယ်ချင်းများ ခွဲခြားနိုင်အောင် ကိုကို၊ ညီညီဟု နာမ်စားသုံးခိုင်းသော်လည်း သူတို့သည် 'ကျွန်တော်'ဟု ဆရာ/ဆရာမများကိုသုံးပြီး၊ သူငယ်ချင်းများကိုတော့ ငါဟုသာ ပြောလေ့ရှိသည်။

နှစ်ဦးစလုံးစာတော်ပြီး လိမ္မာရေးခြားရှိခြင်းကြောင့် ကျောင်း၌ ဘာပြဿနာမှမပေါ်ချေ။

"မင်းတို့နှစ်ယောက်က ဒီလောက်အေးအေးဆေးဆေးနေကြတာ မပျင်းဘူးလား၊ တစ်ဖက်သားအပေါ် မနစ်နာစေတဲ့ အကျိုးမပျက်စေတဲ့ ကျီစယ်မှုလေးတွေ ကျီစယ်ပြီး ပျော်ပျော်ရွှင်ရွှင်နေကြစမ်းပါကွာ၊ ပျော်ပျော်နေသေခဲတဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဘွားက ဌာနဆိုင်ရာတစ်ခု၏ အငြိမ်းစား အရာရှိတစ်ဦးဖြစ်သည်။

"မင်းတို့ကိုဒီနွေမှာ ဂေါ့ဖ်ရိုက်သင်ပေးမယ်၊ ပြီးရင်ပြိုင်ပွဲတွေဝင်ရမယ်"

ခိုင်ဘွားက မျက်နှာမဲ့သွားသည်။

"ကျွန်တော် ဂစ်တာတီး သင်ချင်လို့"

လှိုင်ဘွားကတော့ တက်တက်ကြွကြွ. . .

"ပေလီမှာလည် ဂေါ့ဖ်ကွင်းရှိတယ်၊ အဲဒီမှာ စသင်မယ်"

"ဘာဖြစ်ဖြစ်အတတ်ပညာဆိုတာ တတ်ထားရင်. . . ကောင်းတယ်၊ ဟိုစပ်စပ်ဒီစပ်စပ်သာမဖြစ်ဖို့ အရေးကြီးတာ၊ ဂေါ့ဖ်ကို မထူးချွန်ချင်နေပါစေ၊ ကျန်းမာရေးကစားနည်းတစ်ရပ်အနေနဲ့ နှစ်ယောက်စလုံး သင်ထားရမယ်၊ ဂီတာကတော့ ဆယ်တန်းဖြေပြီးတာနဲ့ သင်ပေတော့. . မင်းတို့အမေ ခွင့်မပြုလည်း ငါခွင့်ပြုမယ်၊ ခုတော့ စာကြိုးစားကြ၊ ဆယ်တန်းမှာ အမှတ်ကောင်းကောင်းနဲ့ အောင်ဖို့က အရေးကြီးတယ်"

"ဟုတ်ကဲ့ ဘိုးဘိုး"

ဆယ်လေးနှစ်ကျော်အရွယ်ဖြစ်၍ ရည်မှန်းချက်က မသေမချာ မရေရာကြသေး။ ဒါကို လူကြီးမိဘများက နားလည်ပါးနပ်စွာဖြင့် ကြိုးကိုင်ပေးတတ်ဖို့လိုသည်။

ဖတဆိုးကလေးများ ဖြစ်ကြသော်လည်း အားငယ်စိတ်မရှိစေရန် မိခင်ဒေါ်တင်လှုလှုဘွား စီးပွားပြည့်စုံစွာ ရှာပေးထားရုံမက ရင်အုပ်မကွာလည်း ထားရှိသည်။

မိမိကတော့ ဘိုးအေတစ်ယောက်အနေဖြင့် စောင့်





ကြည့်ကာ ကြပ်မတ်ပေးထားရုံသာရှိသည်။ မိမိ၏သမီး စိတ်ဓါတ်နှင့် အရည်အချင်းကို ကြိတ်၍ကျေနပ်ဂုဏ်ယူပြီးသား ဖြစ်သည်။ သားနှင့် မိခင်အကြား ကွာဟမှုမရှိစေရန်တော့ မျက်ခြည်မပြတ်တမ်း စောင့်ကြည့်ပေးခဲ့သည်။

မြေးနှစ်ယောက်စလုံးက နိုင်ငံခြားစွန့်စားခန်းအခွေကို စိတ်ပါဝင်စားစွာ ကြည့်နေကြသည်။

ဦးအောင်ဘွားကပါ မြေးများနည်းတူ အာရုံကို ဗွီဒီယိုဇာတ်လမ်းဆီသို့ ပို့လိုက်လေသည်။

ဒေါ်တင်လှုလှုဘွားကတော့ သူမ၏ အိပ်ခန်းတွင်း. . ခုတင်ပေါ်ဝယ် မဂ္ဂဇင်းစာအုပ်ကလေး ပြုတ်ကျကာ အိပ်ပျော်လျက်ရှိလေသည်။


မိသားတစ်စု၏တာဝန်ကို. . မိန်းမသားတစ်ဦးတစ်ယောက်အနေဖြင့် ရုန်းကန်ကြိုးစားရသည်မှာ မလွယ်ကူ၊ ကိုးနာရီကျော်သည်နှင့် ခြေကုန်လက်ပန်းကျကာ အိပ်ပျော်နေကြဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

"ဒယ်ဒီ"

"ဘာလဲ ဘေဘီ"

"မီးကို ကျူရှင်လိုက်အပ်ပေးလေ"

"ဘေဘီကလည်း ဘာသာစုံ ကျူရှင်ဆရာတွေနဲ့ ဂိုဒ်ပါခေါ်လေ"

ဦးတိုင်းဇော်က ခပ်ပေါ့ပေါ့ပင် ဘီယာလေးသောက်လိုက် ထမင်းစားလိုက် လုပ်နေသည်။





"မဟုတ်သေးဘူး ဒယ်ဒီ၊ မီးက ဝိုင်းကောင်းကောင်းတစ်ခုမှာ တက်ချင်လို့ မီးတို့အတန်းကပဲ"

"တက်ချင်တက်လေ"

ဦးတိုင်းဇော်က ခပ်ပေါ့ပေါ့ပင် လွယ်လင့်တကူ ခွင့်ပြုလိုက်သည်။ တစ်ဦးတည်းသော သမီးလေး မိတဆိုးလေးဖြစ်သဖြင့် အချစ်ဟူသမျှ သူကလေးအပေါ်တွင်သာ စုပြုံထားသည်။ သူကလေးမျက်နှာ မညိုစေရ၊ လိုသမျှ မရမရှိ မဖြစ်စေရ။

"တက်ချင်တိုင်း တက်လို့မရဘူး"

"ဘာဖြစ်လို့လဲ ဘေဘီ"

ဤစကားကိုတော့ဦးတိုင်းဇော်စိတ်ဝင်စား သွားပြီပြန်မေးလိုက်သည်။

"အဲဒီဝိုင်းရဲ့ ကြီးကြပ်သူဘွားတော်ကြီးက အုပ်ထိန်းသူကိုယ်တိုင်လာအပ်မှ လက်ခံတာ"

"ဘွားဘွားနဲ့ သွားလေ"

"ဟင့်အင်း . . ဒယ်ဒီနဲ့ပဲ သွားချင်တယ်၊ ဒယ်ဒီကိုယ်တိုင်လိုက်ပို့"

ဦးတိုင်းဇော်က သမီး၏ မျက်နှာလှလှကလေးကို ငေးကြည့်လိုက်သည်။ သမီးတောင် အပျိုကြီးဖားဖား ဖြစ်နေပြီပဲ။ ဇာတ်တော်သော သမီးအတွက် သူစိတ်ချလက်ချရှိသည်။

သမီးကျောင်းကြိုကျောင်းပို့အတွက် အမျိုးတော်သော ဦးကြီးဟူသော ဒရိုင်ဘာရှိနေပြီ။ အစားအသောက်မှန်ကန်ဖို့အတွက် သူ၏မိခင်ကြီး ဒေါ်အယ်နီရှိသည်။ အိမ်ဖာရီယ ကြီးကြပ်ရန် အလုပ်သမနှစ်ဦးလည်း ထားပေးထားသည်။ အစစ



www.burmeseclassic.com

www.burmeseclassic.com



အရာရာ လိုလေသေးမရှိစေရ။

"ဒယ်ဒီ မအားဘူး"

"ဟင့်အင်း . . အလုပ်တွေပစ်ထားပြီး မီးကို လိုက်ပို့ပေး ရမယ်"

သမီးက အလိုမကျသဖြင့် မျက်နှာကြီးနီရဲကာ နှုတ်ခမ်း မထူမပါးကလေးက စူဝိုင်းကာ ထော်လာသည်။ ဦးတိုင်းဇော် ရယ်လိုက်ပြီး သမီး၏ ခေါင်းလေးကို ပုတ်ကာ. .

"ကောင်းပြီး သန်ဘက်ခါညနေ ဒယ်ဒီလိုက်အပ်ပေး မယ်"

"ဒါမှ မီးဒယ်ဒီကွ၊ ဒါကြောင့် ဒယ်ဒီ့ကို ချစ်တာ"

"ရွှတ်"


ဦးတိုင်းဇော်၏ မဟာနဖူးပြောင်ပြောင်ကို ရွှတ်ခနဲ မွှေး မွှေးပေးပြီး ပြေးထွက်သောသမီးကိုလှမ်းကြည့်ရင်း သက်ပြင်းချ လိုက်သည်။ သမီးက ဘောင်းဘီတိုကလေးနှင့် ဖြစ်သည်. . အကြည့်ကို လွှဲဖယ်လိုက်ပြီး တွေးလိုက်သည်။ သမီး၏အရပ်က မိမိပခုံးကို မီနေပြီ၊ အလုံးအရပ်လည်း ထွက်နေပြီးဆိုတော့. . .

အင်းသမီးဝတ်ပုံစားပုံအတွက် မာမီ့ကိုပြောမှ ဖြစ်ဦး မည်။ မာမီ အိပ်ပြီလား။ ဘီယာထပ်ငှဲ့လိုက်သည်။

ထိုညလည်း မိခင်ဒေါ်အယ်နီနှင့် စကားမပြောဖြစ်ခဲ့ပြန်ပါ" မှုးမှုးနှင့် အိပ်ရာဝင်ခဲ့လိုက်လေသည်။







# အခန်း(၄)

"ဟဲလို"

"ခိုင်ဘွားနဲ့ လှိုင်ဘွား တစ်ယောက်ယောက်နဲ့ တွေ့ချင်

"ဘယ်သူလဲကွဲ့၊ အန်တီက သားတို့မေမေပါ"

"မေကဆုန်ပါ၊ ခိုင်ဘွားတို့နဲ့ တစ်တန်းတည်းပါ၊ ခိုင် ဘွားတို့ ဝိုင်းမှာ ကျူရှင်တက်မယ်လို့ ပြောထားတဲ့သူပါ အန်တီ"

"ဪ ဟုတ်လား၊ အန်တီက ယောကျ်ားလေး သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းမှတ်လို့ လက်ခံတာ"

ကြီးကျယ်လိုက်တာဟု မေကဆုန်၏စိတ်တွင်း ရေရွတ်လိုက်သည်။ သူငယ်ချင်းမှာ ကျား/မ ခွဲစရာလား။

"ယုပန်းကလည်း သူတစ်ယောက်တည်းဖြစ်နေလို့ မီးကိုခေါ်တယ်၊ မီးကလည်း တစ်ယောက်တည်း သင်ရတာထက် အပြိုင်အဆိုင်သင်ဖို့ကို ပိုစိတ်ဝင်စားလို့ပါ အန်တီ၊ အဲဒါ ဒီနေ့ ညနေ မီးလာခဲ့မလို့"

"အေးလေ ပညာရေးနဲ့ပတ်သက်ရင် ယှဉ်ပြိုင်တာ အ[...]ကောင်းဆုံးပဲ၊ လာရင် ညနေလေးနာရီကနေ ခြောက်နာရီအ[...]တွင်း လာခဲ့ပါ၊ ခြောက်နာရီကျော်ရင်တော့ အန်တီ အိမ်မှာမရှိဘူး"

"ဟုတ်ကဲ့ပါ အန်တီ စိတ်ချပါ"

တစ်ဘက်မှ ဖုန်းချသွားသဖြင့် မေကဆုန်လည်း တယ်လီဖုန်းချပြီး၊ ဖခင်အိပ်ခန်းရှိရာသို့ အပြေးအလွှားသွားလိုက်သည်။

ဖခင်အိပ်ခန်းဝယ် ဒေါ်အုန်းက သိမ်းဆည်းနေသည်။

"ကြီးအုန်း ဒယ်ဒီကော"

"သွားပြီးလေ၊ မနက်ခုနစ်နာရီကတည်းက"

"ဟာ သေတော့မှာပဲ"

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး"

ဖခင်အိပ်ရာအပေါ် ပစ်လှဲလိုက်ပြီး. . ခုတင်ဘေး[...]တယ်လီဖုန်းကို လှမ်းယူလိုက်သည်။ ဖခင်၏ ဟန်းဖုန်းနံပါ[...] . ."





[...]များကို နှိပ်လိုက်သည်။

"ဟဲလို"

"ဒယ်ဒီ မီးပါ"

"ဒယ်ဒီ ကားပေါ်မှာဘေဘီ၊ ဘာပြောမလို့လဲ"

"ဒယ်ဒီ ဒီနေ့လေးနာရီအရောက် မီးကို လာခေါ်ပြီး [...]ရှင်လိုက်အပ်ပေး"

"ဒယ်ဒီ ပဲခူးသွားနေတာ ဘေဘီ၊ အချိန်မီရောက်အောင်တော့ပြန်လာမယ်၊ တကယ်လို့ မမီရင် ဘွားဘွားနဲ့ သွား[...]လိုက်လေ"

"ဟင့်အင်း. . ဒယ်ဒီနဲ့ပဲ သွားချင်တယ်"

"ဘယ်ကိုသွားရမှာလဲ"

"ခြောက်မိုက်ခွဲ၊ အိမ်အမှတ်(. . .)ကို"

"ကောင်းပြီ. . ကောင်းပြီ၊ ဒယ်ဒီရောက်အောင် ပြန်လာ[...]ယ်"

"ကတိနော် ဒယ်ဒီ"

"ကတိ. . ကတိ. . ဒါပဲ ဘိုင့်"

"ဘိုင့်"

မေကဆုန်သည် ချလိုက်ပြီး ခုတင်ပေါ်မှ ပြေးဆင်းခဲ့[...]ည်။

"ဘွားဘွားနရေ. . ဘွားဘွား"

ဒေါ်အုန်းက. .

"လက်လက်ကို ထနေတာပဲ၊ အဖေအိပ်ရာလည်း မနေ



www.burmeseclassic.com

www.burmeseclassic.com



တွန့်သွားသော ခေါင်းအုန်းနှင့် အိပ်ရာခင်းကို ပြန့်ဖြန့် ခင်းရင်း ဒေါ်အုန်းက ပွစိပွစိ ပြောလိုက်သည်။

“တစ်ယောက်တည်း မွေးထားပေလို့သာပဲ၊ နှစ်ယောက် လောက်များဆိုရင် ငါတို့အသက်ထွက်မယ်”

ပြောပြီး မေကဆုန်အိပ်ခန်းဘက်ကို ကူးလိုက်သည်။

မေကဆုန် အိပ်ခန်းသည် ရှုပ်ပွလျက်ရှိနေရာ. . .

ဒေါ်အုန်းသည် သက်ပြင်းရှည်ကြီး ချလိုက်လေသည်။

ဤအိမ်ရှိ အရှင်သခင် သုံးယောက်စလုံး၏ အိပ်ခန်း သုံးခန်းသည် ဘယ်အခန်းမှ ရှင်းသန့်မနေပါ။

ဒေါ်အယ်နီက ပိုဆိုးသေးသည်။ အိပ်ခန်းတွင် ပေါ်သ မျှ စားဆေး၊ အားဆေးများကို အင်္ဂလိပ်ဆေး၊ ဗမာဆေး၊ ရုတ်ဆေး၊ အစုံအလင်ရှိသည်။ ဆေးတိုက်ဖွင့်၍တောင် ရသည် ပြီးတော့လည်း ဟုတ်တိပတ်တိမသော၊ လွှင့်လည်း မပစ်ရ ထို့ကြောင့် ဆေးပုလင်းများကို လိုက်သိမ်း. . မေးလျှင် ဖြေနိ အောင် နေရာသတ်မှတ်ထားပေးရသည်ကလည်း အလုပ်တစ် ပိုသေးသည်။

သုံးယောက်သုံးမျိုး၌ ဦးတိုင်းဇော်က အတော်ဆုံး သည်။ မိုးလင်းမှမိုးချုပ်သည်အထိ အိမ်မှာရှိမနေ။ သူ့အဝတ် ဟောင်းတစ်စုံကို ယူသိမ်းခြင်းနှင့် အိပ်ရာသိမ်းပေးခြင်း၊ အခ ကိုဖုန်လှဲပေးခြင်းကလွဲ၍ သူ၏ဗာဟီရကို သိပ်မထမ်းဆောင်

မေကဆုန်ကတော့ ကလေးတစ်ဦးလိုပင် အရှုပ် လည်း ဆော့သည်။ မီးဖိုချောင်ထဲလာပြီး ထမင်းဟင်းချက်ထဲ လာကစားချင် ကစားသည်။ ခြံထဲလည်း ဆင်းဖွချင်ဖွသည်





အပြင်ထွက်သွားလျှင် သူတို့အမောရဆုံးဖြစ်သည်။ ဘွားအေက လည်း သည်းသည်းလှုပ်. . သူကလည်း တစ်စိမှ အငြိမ်မနေ။ ဘွားအေကိုလည်း မကြောက်။

အင်း အိမ်တစ်အိမ်ကောင်းဖို့ဆိုတာ အိမ်ရှင်မသာလျှင် အဓိကသော့ချက်ဖြစ်သည်။

အိမ်ရှင်မ မရှိသော အိမ်ကြီးသည်၊ အကွပ်မဲ့ကြမ်းပမာ ဗရမ်းဗတာနှင့်ပါလား။

ဒေါ်အုန်းသည် အဝတ်ဟောင်းများကို ကောက်ယူ ထွက်ခဲ့ပြီး စိတ်က အိမ်ရှင်မ မေမေမြင့်ကို သတိရလိုက်သည်။ အင်မတန်အေးဆေးသော အိမ်ရှင်မတစ်ဦးဖြစ်သည်။ သူမဆုံး သွားသည်မှာ မေကဆုန့်တစ်သက်ဖြစ်သည်။

“ဟဲ့. . . မအုန်းတစ်ယောက်ကော ဘယ်ရောက်နေသ လဲ၊ လာစမ်းဦးကွယ်၊ ငါ့မြေးက ဒီမနက်စာကို ဘဲပေါင်းစားချင် ဘယ်တဲ့၊ သွားဝယ်စမ်းပါဦး ဘဲတစ်ကောင်လောက်၊ ဦးကြီးကို မောင်းခိုင်းလိုက် မြန်မြန်နော်”


“ဟုတ်ကဲ့” ဟုပြောလိုက်ရသော်လည်း စိတ်တွင်းမှာ တော့ “လုပ်လိုက်ဟ၊ ဒါကြောင့် ဒီကောင်မလေး ဒီလောက်ဆိုး နေတာ”ဟု. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

"ဟဲလို. . ဘေဘီ၊ ဒယ်ဒီ ရှစ်မိုင်ရောက်နေပြီ ငါးနာရီခွဲ နေပြီဆိုတော့ ဘေဘီကိုလာခေါ်ဖို့ အချိန်ရတော့မှာ မဟုတ်ဘူး ဒယ်ဒီဝင်လိုက်ရမလား၊ ဒါမှမဟုတ် နောက်နေ့မှလား"

"လုပ်လိုက်ရင်ဒီအတိုင်းချည်းပဲ ဝင်လိုက်တော့ နောက်နေ့မှ မီးသွားတွေ့မယ်၊ အဆင်ချောအောင်လည်း ပြောဦးနော် ဒယ်ဒီအဲဒီမှာမတက်ရရင် မီးဘယ်ကျူရှင်မှ မယူတော့ဘူးသိလား"





"အေးပါ ဘေဘီရယ်၊ စိတ်ချ. . ဒါပဲနော်"

ဦးတိုင်းဇော် ဖုန်းခလုတ်ကို ပိတ်ပြီး ကားကို ဂရုတစိုက် မောင်းနှင်လိုက်သည်။ ခြောက်မိုင်ခွဲရောက်လျှင် အိမ်နံပါတ်. .

"ဟင်. . အိမ်ရှင်နာမည်တောင် မမေးရသေးပါလား" ဟူသောအတွေးကြောင့် ဖုန်းကိုကောက်ကိုင်ကာ ခလုတ်နှိပ်ရပြန်သည်။

"ဟဲလို"

"ဘေဘီ. . ဒယ်ဒီပါ၊ ဒယ်ဒီသွားရမယ့် အိမ်ရှင်နာမည်က ဘယ်သူလဲ"

"မသိဘူးလေ"

"ဟော. . ဒါဖြင့်"

"အို ဒယ်ဒီကလည်း သမီးသူငယ်ချင်းတွေနာမည် မေးလိုက်ပေါ့"

"မီး သူငယ်ချင်းတွေနာမည်က"

"ခိုင်ဘွားနဲ့ လှိုင်ဘွား၊ အမြွှာညီအစ်ကို"

"ယောကျ်ားလေးတွေလား"

"ညီအစ်ကိုပါဆို ယောကျ်ားလေးတွေပေါ့၊ ဒယ်ဒီကလဲ"

"ခြောက်မိုင်ခွဲရောက်လာပြီ၊ ဒါပဲဘေဘီ"

ဦးတိုင်းဇော် ဖုန်းခလုတ်ကိုပိတ်ပြီး ချထားလိုက်သည်။ သမီးပြောသောခြံကို ရှာဖွေလိုက်သည်။ တွေ့ပြီ၊ ခြံတံခါးပိတ်ထားသဖြင့် ဟွန်းတီးလိုက်သည်။ ခြံစောင့်က ပြေးလာဖွင့်ပေးသည်။

ကားတစ်စီးကလည်း ပေါ်တီကိုအောက်၌ အသင့်ရပ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။

ထိုကားနောက်၌ ကပ်ရပ်လိုက်ပြီး အိမ်တံခါးဝဆီသို့ ဦးတည်လိုက်သည်။

ဒေါ်တင်လူလူဘွားကလည်း. . ဆေးခန်းသွားခါနီးမှ ရောက်လာသူဧည့်သည်အတွက် အချိန်ယူလက်မခံတော့ဘူးဟု အိမ်ထဲမှထွက်အလာ. .

ပေါ်တီကိုအောက်မှ လှေကားထစ်တစ်ထစ်ဆီသို့ ခြေအဆင်း ဦးတိုင်းဖော်သည် မှန်တံခါးကိုဖွင့်ကာ ထွက်လာသော အမျိုးသမီးကိုလှမ်းအတွေ့. . .

"ဟင်"

ရင်တွင်းဝေဒနာလှိုင်းတံပိုးတို့ ဝုန်းခနဲရိုက်ခတ်ပြီး အံ့အားသင့်သွားသည်။ ခြေလှမ်းတို့သည် ရောက်ရာလှေကားထစ်၌ ကျောက်ချပြီးဖြစ်သွားသည်။

ဒေါ်တင်လူလူဘွား၏ မျက်ဝန်းအစုံဝိုင်းစက်သွားသည်။ တဆက်တည်း တည်ငြိမ်နေပြီဟုထင်ထားသော နှလုံးသားသည် တည်ငြိမ်ခြင်းကင်းမဲ့စွာဖြင့် တဆတ်ဆတ်တုန်ရီလှုပ်ရှားသည်။

"လူလူ"

နာကျင်မှုဝေဒနာကို ခံစားရတာခြင်းအတူတူ. . .

ယောက်ျားများက ထိန်းချုပ်နိုင်စွမ်းပိုမိုရှိသည် ထင်ပါသည်။

ဦးတိုင်းဖော်ထံမှ တုန်ရီလှိုင်မောသောအသံ စတင်ထွက်လာသည်။

"ဒါ လူလူ့အိမ်လား"

ဒေါ်တင်လူလူဘွား ခေါင်းညိတ်လိုက်သည်။ သောတ





လုံးက ရင်တွင်းဆို့နင့်လျက်ရှိသည်။

"ခိုင်ဘွားနဲ့ လှိုင်ဘွားဆိုတာ"

ဒေါ်ထင်လူလူဘွား ရင်တွင်းသို့ အားအင်တစ်ခုပြန်းဆိုရောက်ရှိလာသည်။ ချက်ချင်းတုန်လှုပ်မှုဝေဒနာတွေကို ထိုအားအင်က တွန်းဖယ်ပြစ်ကာ သွက်လက်စွာဖြင့်. . .

"ကျွန်မသားတွေလေ ဦးတိုင်းဖော် ဘာဖြစ်လို့လဲ"

ဦးတိုင်းဖော်က လျှို့ဝှက်နက်နဲ့သော အပြုံးတစ်ရပ်ကို ပြုံးလိုက်ကာ. . .

"ဘာမှမဖြစ်ပါဘူး ဖော်က. . အဲ ကျွန်တော်က အမြွာညီအစ်ကိုရဲ့အမေနဲ့ လာတွေ့တာ"

"ဘာကိစ္စများပါလိမ့် ကျွန်မဆေးခန်းသွားချိန်နီးနေလို့ လက်ခံစကားပြောချိန်တောင်မရတော့ဘူး"

"ကောင်းပါပြီလေ ရပါတယ် လိုရင်းတိုရှင်းပဲ ပြောပါ့မယ်၊ ကျွန်တော့်သမီး မေကဆုန်ကို ဒေါ်တင်လူလူဘွားတို့အိမ်မှာလုပ်မယ့်ဝိုင်းမှာ တက်ခွင့်ပေးပါလို့ ကျွန်တော်အုပ်ထိန်းသူမိဘအနေနဲ့ လာအပ်တာပါ"

"သမီးကော"

"ပဲခူးကနေ တန်းလာတာဖြစ်လို့ သမီးကိုဝင်ခေါ်ဖို့ အချိန်မရလိုက်ဘူး၊ ဒါကြောင့် ပါမလာဘူး"

"သမီးကကော အဖေလိုများ ကတိတွေဘာတွေ ပျက်တတ်လား၊ အချိန်ကို မလေးမစား လုပ်တတ်သလား"

ဦးတိုင်းဖော် မျက်နှာပျက်သွားသည်။ အတိအမြို့ယောင်းကို တူးဆွနေသည် ဒေါ်တင်လူလူဘွားကို ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး

"သမီးဟာ အမေတူသမီးပါပဲ ကထိတစ်ခုကို လွယ်လွယ်ကူကူနဲ့ မဖျက်တတ်ပါဘူး၊ ပြဿနာတစ်ခု အနှောင့်အယှက် အဟန့်အတားတစ်ခုကြောင့် အချိန်နောက်ကျသွားခဲ့တာ ဖြေရှင်းချက်ပေးတော့လည်း. . ."

ဒေါ်တင်လှလှဘွား၏ နှလုံးသားတို့ တဆတ်ဆတ်တုန်ခါလာသည်။ နှလုံးသားပေါ်မှ ဒဏ်ရာဟောင်းတို့ အုံကြွလာလေပြီ။

"ကိုင်း. . ဦးတိုင်းဇော် ယုတ္တိမတန်တဲ့ ဖြေရှင်းချက်တစ်ခုကို ပုံပြင်တစ်ပုဒ်လိုနားထောင်ဖို့ ကျွန်မမှာမရှိဘူး၊ ရှင့် သမီးကိုသားသမီးချင်း ကိုယ်ချင်းစာတဲ့အနေနဲ့ ကျွန်မလက်ခံပါတယ်၊ စည်းကမ်းချက်တွေကိုတော့ ရှင်ဟာအဖေဖြစ်နေတဲ့ အတွက်ကြောင့် ကျွန်မပြောမပြတော့ပါဘူး၊ သမီးကိုပဲပြောပြပြီး တိုင်းမ်တေဗယ်လ်လည်း ကျွန်မနောက်တော့ ပေးလိုက်ပါ့မယ်၊ ရှင်သွားနိုင်ပြီ"

ဦးတိုင်းဇော်ရင်ထဲ ခံရခက်သော ဝေဒနာရုပ်တို့ ကြီးစိုးလာသည်။ သို့သော် ထိုစိတ်ကို ထိန်းချုပ်ကာ. . .

"ကျွန်တော်အရင်သွားလို့ဖြစ်မလား ဒေါ်တင်တင်လှဘွား၊ ခင်ဗျားကားက ရှေ့ကထွက်မှ ဖြစ်မှာပေါ့"

"ကောင်းပြီ၊ ကျွန်မလည်း ဆေးခန်းသွားတော့မှာပဲ"

ထိုအချိန်တွင် အိမ်တွင်းတံခါးပွင့်လာပြီး အဖော်မိန်းကလေးစလင်းဘတ်အိတ်ကြီး တစ်လုံးကိုယူကာ၊ သတို့နှစ်ဦးအနီးတွင်ခပ်ရှိန့်ရှိန့်ကလေး အရိုအသေပေးကာ ကားအတွင်းသို့





ထည့်ပေးလိုက်သည်။ ပြီးတော့ အိမ်အတွင်းသို့ပြန်ဝင်သွားသည်။

"မနီ. . တံခါးတွေဘာတွေ သေသေချာချာပိတ်ထားတော့"

"ဟုတ်ကဲ့ မမ"

ဦးတိုင်းဇော်က မိမိကားပေါ်အရင်နေရာယူကာ စက်နှိုးထားရင်း ဒေါ်တင်လှလှဘွားကို စောင့်ဆိုင်းလိုက်သည်။


ဒေါ်တင်လှလှဘွားကလည်း ကားဆီသို့ အေးဆေးစွာလျှောက်လှမ်းလိုက်သည်။ ဦးတိုင်းဇော်ရှေ့တွင် ဘာမှမမှုသလို၊ မဖြစ်သလို မခံစားရသလို ဟန်ဆောင်ထားသော်လည်း ကားသော့ကိုကိုင်တွယ်ကာ စက်နှိုးလိုက်သောသူမလက်သည် တုန်ရီနေပါလားဟု သတိပြုမိကာ မိမိနှလုံးသားကို မိမိမကျေနပ်ဖြစ်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

လှည်းတန်းလိုအကွက်အကွင်းကျသောနေရာ၌ ဆေးပစ္စည်းအရောင်းအဝယ်၊ ဓါတ်မှန်၊ ဓါတ်ခွဲခန်း အထွေထွေကုအပါအဝင် ရောဂါမျိုးစုံကုသမားတော်များပါ ကုသပေးနိုင်သော "သက်သာ" ဆေးခန်းကြီးတစ်ခုကို ရှယ်ယာမပါဘဲ တစ်ဦးတည်းမတည်ဖွင့်လှစ်နိုင်သော ဒေါ်တင်လူလူဘွား၏ စွမ်းရည်ကို ဦးတိုင်းဇော် မချီးကျူးဘဲမနေနိုင်။





ဦးတိုင်းဇော်သည် "သက်သာ"ဆေးခန်းနှင့် ကပ်ရက်စားသောက်ဆိုင်၌ ထိုင်ကာ၊ ကြေးအိုးတစ်ပွဲနှင့် အဓအေးမှာပြီး စုံစမ်းရေးစလုပ်လေသည်။ သွက်သွက်လက်လက်ရှိသော စားပွဲထိုးအား. . .

"သက်သာဆေးခန်းပိုင်ရှင်က ဘယ်သူလဲကွ၊ မင်းသိသလား"

"သိတာပေါ့ အာစရိရာ၊ အမျိုးသမီးလှလှကြီး တစ်ဦးဗျ၊ ဆရာဝန်ပဲ"

"သူ့အမျိုးသားကကော"

"ကြံ့ကြံ့ဖန်ဖန်. . သူကမှဆိုးမဗျ၊ သူ့ဆေးခန်းမှာတော့ ကျွန်တော်အမေက သန့်ရှင်းရေးလုပ်နေတာ၊ သူ့အမျိုးသားဆုံးတာ ဆယ်နှစ်လောက်ရှိပြီထင်တယ်၊ ကလေးတွေ ငါးနှစ်အရွယ်ကတည်းကတဲ့၊ သားနှစ်ယောက်နဲ့ ဖခင်ကို လုပ်ကျွေးနေတာ"

"ဪ. . မင်းက သတင်းတယ်စုံပါလား"

"ဒီထက်စုံချင်ရင်တောင် ပြောနိုင်သေးတယ်"

ချာတိတ်ကဘေးဘက်ဝဲယာသို့ ကျီးကန်တောင်းမျှောက်ကြည့်လိုက်သည်။ ပြီးမှခပ်တိုးတိုးနှင့်. . .

"လေဒီကြီးကမိုက်တော့ ဒီဆိုင်ပိုင်ရှင်ရဲ့ညီ လူပျိုကြီး. . တွေ့လား. . ကောင်တာမှာထိုင်ရင်း နှာခေါင်းမီးတောက်နေတဲ့ ငကြိုလ်လေ သူကအသဲအသန်လိုက်နေတာ"

ဦးတိုင်းဇော်ရင်ထဲ ပူပန်သွားသည်။

ဒေါ်တင်လူလူဘွား ခင်ပွန်းဆုံးသွားခြင်းနှင့် ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



၍ သူဘာကြောင့်မသိရသနည်း။ ယြော် ဂျပန်မှာ သွားလုပ်သည့်သုံးနှစ်ဟူသော အချိန်ကဖြစ်ပေလိမ့်မည်။

"ဆေးခန်းက ဘယ်အချိန်ပိတ်တာလဲ"

"ဆယ်နာရီမှ ပိတ်တယ်"

"သူ အဲဒီအချိန်မှပြန်သလား"

"ဟုတ်တယ်၊ ဆယ်နာရီခွဲလောက်မှ"

ခြောက်မိုင်ခွဲရှိ ပြည်လမ်းပေါ်မှအိမ်နှင့် လှည်းတန်းဆိုတော့လည်း ပူစရာမလိုချေ။ ညဉ့်နက်သန်းခေါင်လောက်အထိ လူပြတ်သောနေရာမဟုတ်။

ကြေးအိုးလေးငါးဇွန်းမျှသာသောက်ပြီး ပေါ်ကာသံဗူးကိုယူကာကောင်တာ၌ ငွေရှင်းပြီး သူပြန်ထွက်ခဲ့သည်။

သူကုမ္ပဏီရှိရာသို့ ထွက်ခဲ့လိုက်သည်။ အိမ်ပြန်လျှင် သမီးကိုထူညသမျှ သူဖြေရှင်းပေးနေရဦးမည်။

ကုမ္ပဏီရုံးခန်း၌ ဖုန်းပလပ်များကိုဖြုတ်၊ ဖုန်းခလုတ်ကိုပိတ်ပြီး ဒရင်းဘတ်၌လှဲချလိုက်သည်။

ပြည်ဖုံးကားချထားခဲ့သော အတိတ်ဇာတ်ကြောင်းတို့သည် အသစ်တစ်ဖန်မွေးဖွားလာလေသည်။



www.burmeseclassic.com



# အခန်း(၇)

“ဇော်က နောက်ကျတယ်ကွာ၊ အဖေါ်သာခေါ်မလာ
ရင် လူလူတစ်ယောက်တည်း ဘယ်လိုလုပ်မလဲ ကြောင်နေ
ပေါ့”

ဆိုင်ကယ်စီးပြီးရောက်နှင့်သူ တင်လူလူဘွား၏
တွေ့သံကို စက်ဘီးစုတ်ကလေးနင်းပြီး ရောက်လာသူ တိုင်းဇေ
က အပြုံးမပျက် သည်းခံလေသည်။

“ဇော် ဝပ်ရှော့ဆရာက ဒီညနေလာယူမယ့်ကားကို





ပြီးပြင်ခိုင်းလို့ပါ လူလူရာ”

“ဇော်က အချိန်ကို သိပ်မလေးစားဘူး”

“ဇော်အချိန်ကို သိပ်လေးစားတာပေါ့ လူလူ၊ ဇော့် အတွက်အချိန်တိုင်းဟာ စက္ကန့်နဲ့အမျှ တန်ဖိုးရှိပါတယ်၊ ကိုင်း. . ဘယ်သွားကြမလဲ”

“ထုံးစံအတိုင်းပေါ့”

တိုင်းဇော်၏ စက်ဘီးကို သစ်သစ်လွင်က ယူစီးသွားပြီး တင်လူလူဘွား၏ ဆိုင်ကယ်ကို တိုင်းဇော်ကမောင်းပြီး တင်လူလူဘွားက နောက်ကထိုင်ကာ ပွဲကောက်ရေတံခွန်သို့ ထွက်ခဲ့ကြလေသည်။

တိုင်းဇော်၏ ကျောပြင်ကိုပါးအပ်ကာ တိုင်းဇော်ခါးကို တအားဖက်ပြီးလိုက်ပါခဲ့ရသည့် အချစ်အရသာမျိုးကို တင်လူလူဘွား ဘယ်အရာနှင့်မှ မလဲနိုင်ပါ။ တစ်ကောင်ကြွက် တစ်မျက်နှာ၊ မိဘမရှိဘဲ ဦးလေးတစ်ဦး၏အိမ်မှာ ခိုကပ်နေပြီး ကျောင်းစရိတ်ကိုတော့ ဝပ်ရှော့တစ်ခု၌ တောက်တိုမယ်ရလုပ်ကိုင်ပေးရင်း ဆယ်တန်းကိုဖြေဆိုကာ ဂုဏ်ထူးများနှင့် အောင်မြင်ခဲ့သောချစ်သူ တိုင်းဇော်အတွက် တင်လူလူဘွား ဂုဏ်ယူပါသည်။ ပွဲကောက်ရေတံခွန်ရောက်ရှိတော့ ထုံးစံအတိုင်း ရေတံခွန်အနီး အုတ်ခုံကလေး၌ ထိုင်ကာ. . .

“ဇော် ဘာဆက်လုပ်မယ် စိတ်ကူးထားသလဲ”

“ဇော် ရန်ကုန်မှာရှိနေတဲ့အဒေါ်ဆီသွားမယ်၊ အဲဒီမှာနေပြီး စက်မှုတက္ကသိုလ် ဆက်တက်မယ်လို့ စိတ်ကူးထားတာပဲ”

“ဇော့် အဒေါ်က ထားပါ့မလား”



www.burmeseclassic.com

www.burmeseclassic.com

"ဇော့် အဒေါ်က သားထောက်သမီးခံမရှိဘူး ဒါပေမယ့် သိပ်အချောင်အလည်တော့ မဟုတ်ဘူး၊ သူ့ယောက်ျားက ရုံးဝန်ထမ်းဆိုတော့ ဇော်လည်း ဝိုင်းလုပ်ပေးပြီး ဇော်ပညာရေး အတွက်တော့ ဇော်ရှာဖွေရမှာပေါ့"

"ဇော်ရယ်"

တင်လူလူဘွားက ချစ်သူကို သနားဂရုဏာသက်စွာဖြင့် ငေးကြည့်မိလေသည်။

"ဒါဘဝပဲပေါ့လူလူ ဘဝဆိုတာ ရုန်းကန်ခြင်းလေ ဇော် ကျေနပ်ပါတယ်"

"ဘယ်တော့လောက်သွားမှာလဲ"

"မကြာခင်ပေါ့ ဘယ်တော့သွားဖြစ်မယ် ဆိုတာတော့ ဇော် မခန့်မှန်းနိုင်ဘူး ဇော့်အဒေါ်ဆီ ရေးထားတဲ့စာရတဲ့နေ့ ပေါ့"

"ဇော်အဒေါ်က လက်မခံဘူးဆိုရင်ကော"

"မြန်မာပြည်မှာ နေစရာတွေ ပေါပါတယ်၊ ဘုန်းကြီး ကျောင်းတစ်ကျောင်းမှာ ဘုန်းကြီးကျောင်းသား သွားလုပ်ပြီး ကျောင်းကိုတော့ ဆက်တက်ဖြစ်အောင် ဆက်တက်မယ်လို့ စိတ် ကူးထားတာပဲ"

"ဇော်ရယ် လူလူ ဇော့်ကို အကူအညီပေးချင်တယ် ဇော် လက်ခံပါ့မလား"

တင်လူလူဘွားက သူမ လက်ခလယ်၌ စွပ်ထားသော စိန်လက်စွပ်ကို ချွတ်လိုက်သည်။

"ဒါဘာလုပ်တာလဲ"





"ဒီလက်စွပ်က လူလူ့ကို ဘွားဘွားမသေခင်က ပေးသွားတဲ့အမွေပစ္စည်းဖြစ်လို့ လူလူပိုင်တယ် လူလူ့ပစ္စည်းဇော့်ကိုပေးတာ ဇော့်ပညာရေးအတွက် လိုအပ်လာရင် အသုံးချဖို့ပဲ ယူထားပါဇော်"

တိုင်းဇော်က ပြုံးနုံးခနဲ ထရပ်လိုက်ပြီး တင်လူလူဘွားအား ခပ်စိမ်းစိမ်းကြည့်ကာ ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"လူလူ မင်း ငါ့အချစ်ကို မစော်ကားနဲ့ကွာ မင်းလက်စွပ် မင်းပြန်ဝတ်လိုက်ပါ"

"ဘာဖြစ်လို့လဲဇော်"

"ဝတ်ဆိုဝတ်ကွာ"

"ချစ်သူဘဝပဲရှိသေးတယ် သူ့ဩဇာကြီးပဲ လူကိုလည်း ဘိန်းလိုက်ပေါက်လိုက်နဲ့ ယူများယူပြီးရင် အမှုန့်ဖြစ်သွားမလား၊ သိပါဘူး"

တင်လူလူဘွားက မကျေမနပ် ပွစိပွစိဖြင့်ပြောပြီး လက် စွပ်ကိုပြန်ဝတ်လိုက်သည်။

တိုင်းဇော်က စူပွစူပွလုပ်နေသော တင်လူလူဘွားကို ကြည့်ပြီး ဒေါသတို့ကျေပျက်သွားကာ ရယ်ချင်သွားသည်။

သို့သော်. . မျက်နှာကို ခပ်တည်တည်ပင်ထားကာ

"နောက်ကိုကွာ. . ဇော်အပေါ်မှာ အဲဒီလိုအားပေးပံ့ပိုး မှုမလုပ်ပါနဲ့ လူလူရယ်၊ ဇော် ယောက်ျားပါ ဇော် လူလူ့ဆီက အချစ်ကလွဲရင် ဘာမှမလိုချင်ဘူး၊ ဇော်ရထားပြီပဲ လူလူ့အချစ် ... အဲဒီအချစ်ဟာ ဇော်အတွက် အားဆေးပါ စိတ်ချပါ လူလူ ... အင်ဂျင်နီယာဖြစ်မှ လူလူ့ကိုလက်ထပ်မယ်"


www.burmeseclassic.com

www.burmeseclassic.com



တိုင်းဇော်က တင်လူလူဘွားဘေးတွင် ပူးကပ်ထိုင်လိုက်ပြီး ပုခုံးစွန်းလေးကိုဖက်ကာ. . .

"လူလူ့အပေါ်ဇော်ချစ်တဲ့အချစ်က ဖြူစင်တယ်၊ ဒါပေမယ့် မေတ္တာအင်အားကြီးမားပါတယ် လူလူ၊ ဇော့်အပေါ် အရောင်ဆိုးဖို့ မကြိုးစားနဲ့ကွာ၊ ဇော်မကြိုက်ဘူး. . ."

"လူလူက ဘာအရောင်ဆိုးလို့လဲ"

"စောစောကလေ စိန်ရွှေရတနာဆိုတဲ့ ရုပ်သတ္တုနဲ့ ဇော့်မေတ္တာကို အရောင်ဆိုးဖို့ကြိုးစားတာ မဟုတ်ဘူးလား"

"တော်ပါတော့. . ကျွန်တော်မျိုးမ မှားသွားပါတယ် ဦးဖြူစင်ကြီးရယ်၊ နောက်နောင် မကျူးလွန်တော့ပါဘူးတဲ့ရှင်. . ဒီတစ်ကြိမ်တော့ ချမ်းသာပေးတော်မူပါ၊ ဘယ်နဲ့ရှင် ချစ်သူနဲ့ ချိန်းတွေ့ပါတယ် ဘယ်ကတရားဟောဆရာ ဓမ္မကထိကနဲ့များလာတွေ့တယ် မသိပါဘူး"

"လူလူနော် ဇော့်ကို အသည်းယားအောင်မပြောနဲ့နော်ကဲ. . ."

"အို. . ဟိုး. . ဆရာ ကြည့်"

တင်လူလူဘွား အားမပါသော ရှုန်းဖယ်မှုကြောင့် တိုင်းဇော်၏အနမ်းစက်ကွင်းအတွင်း ငြိတွယ်သွားလေသည်။

ရေစီးကျသံ ကျေးငှက်သာရကာလေးများ၏ အော်မည်[illegible] သံက ချစ်သူတို့၏ ဘာသာဘာဝလေးများကို ကြည်နူးစွာ ပံ့[illegible] ပေးလျက် ရှိလေသည်။







# အခန်း(၈)

"တိုင်းဇော် ခဏ"

ဝပ်ရှော့ရှေ့မလှမ်းမကမ်းမှရပ်၍ သစ်သစ်လွင်မှာ လှမ်း[illegible]လိုက်သည်ကို မျက်စိရှင်း၊ နားပါးသော တိုင်းဇော်ကလည်း [illegible]မြင်ပါသည်။ ထို့ကြောင့် ကားအောက်မှထွက်ကာ သစ်သစ်[illegible]င်ရှိရာသို့ လျှောက်သွားခဲ့သည်။

"ဘာလဲ သစ်သစ်"

"အရေးကြီးလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအရေးကြီးတာလဲ"

ဝက်သစ်ချပင်အောက်သို့ သစ်သစ်လွင်က စက်ဘီးကို တွန်းသွားရင်း ဦးတည်လိုက်သဖြင့် တိုင်းဇော်ကလည်း ဘုမသိ ဘမသိနှင့် လိုက်သွားသည်။

"မနေ့က နင်တို့ချိန်းတွေ့တဲ့ကိစ္စကို လူလူတို့ မိဘတွေ က သိသွားတယ်"

"ဟင်"

"ဦးအောင်ဘွားက ဒေါသမထိန်းနိုင်ဘဲ လူလူ့ကိုရိုက် လိုက်တာ အညိုအမည်းထောင်စွဲပြီး ဖူးယောင်လို့"

တိုင်းဇော်၏ရင်တွင် ကြေကွဲခြင်း ခံပြင်းခြင်းတို့ ဝုန်းခနဲ ထွက်ပေါ်လာလေသည်။

"ငါပန်းသွားပို့တာတောင် သူဆင်းမလာရဲဘူး ပြတင်း ပေါက်ကနေလှမ်းပြီး လူလုံးပြတယ် အိမ်ဖော်မလေးက ဘယ်သူမှ မမြင်အောင် ပန်းကိုလှမ်းယူပြီး ငါ့လက်ထဲကို စာထည့်လိုက်တယ် ရော့"

စာရွက်သေးသေးလေးသာဖြစ်သည်။ လုံးထွေးထား သည်။

"အခြေအနေကတော့ ဆိုးဆိုးရွားရွားပဲ စာရွက်တော င်ကိုင်ခွင့်ရှိပုံမရဘူး"

**ဇော်**

***အဖေးကိုပို့ဖို့ စီစဉ်နေကြပြီ။ ညဆယ်နာ ရီနောက်ပိုင်း အိမ်နားက ဇော်လာနေကျ ဝက်သစ်ချပင်***





***အောက်မှာစောင့်နေပါ အခြေအနေပေးတာနဲ့ ထွက်လာခဲ့ မယ်။***

**လူလူ**

စာရွက်ကလေးကိုဖြန့်ကာ သေချာစွာခေါက်ပြီးအိတ် ကပ်အတွင်းထည့်လိုက်သည်။

"နင် ဘာလုပ်မှာလဲ"

"စွန့်စားရမှာပေါ့"

"ငါဘာကူညီပေးရမလဲ ဘယ်လို . ခိုးသွားရမှာလဲ"

"သီပေါမှာ စိုင်းကျော်ခိုင်ရှိတယ်လေ၊ သူ့ဆီခိုးသွားမယ် ဟိုရောက်မှ မီးစင်ကြည့် ကကြတာပေါ့"

"နင်တို့ ပညာရေးကကော"

"ရယူလိုမှုနှစ်ခုစလုံးမှ တစ်ခုခုကိုပဲ ရယူရတော့မယ် အနေအထားဆိုတော့လည်း တစ်ခုခုကိုစွန့်လွှတ်လိုက်ရတော့မှာ ပေါ့ သစ်သစ်ရာ"

"ကောင်းပြီလေ၊ ညလာခဲ့ရင် အငေးပြေးကားတစ်စီးနဲ့ တိုက်ရိုက်နင်ခိုးသွားနော်"

သစ်သစ်လွင်က သူငယ်ချင်းကောင်းပီသစွာနှင့် အကြံ ပေးရှာသည်။

"စိတ်ချပါ ငါဝပ်ရှော့မှာလုပ်တာလေ၊ ကားတစ်စီး ဆွဲ သွားလို့ရပါတယ်၊ ဒါမှမဟုတ် ဆိုင်ကယ်ပေါ့"

"အေးအေး ငါသူတို့အိမ်က ကောင်မလေးဧရာလာ ကို စောင့်တွေ့ပြီး ဒီညကစပြီး နင်ဆက်ဆက်စောင့်နေမယ့်အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သွားပြောလိုက်မယ်နော်”

“အင်း စာရေးပေးရဦးမလား”

“မရေးနဲ့ စာက မိချင်မိသွားနိုင်တယ်”

“ဒီလိုဆိုရင် ဒီညဆိုတာမပြောနဲ့ အဆင်သင့်ပဲလို့သာ ပြောလိုက်၊ နေဦး ဘာမှယူမလာနဲ့လို့လဲ ပြောလိုက်”

သစ်သစ်လွင်က တိုင်းဇော်စိတ်ဓါတ်ကို သိပြီးဖြစ်ရာ ဘာမှ ထပ်အထွန့်မတက်တော့ပ်။

“ကောင်းပြီ. . စိတ်ချ ငါသွားတော့မယ်”

“အေး”

တိုင်းဇော်ရင်ထဲ အမည်မဖော်နိုင်သော ဝေဒနာလမ်းက ကြီးစိုး၍ ကျန်ရစ်ခဲ့လေသည်။

အချစ်အတွက် စွန့်စားရဲသော သတ္တိသွေးသည် သူ့တစ်ကိုယ်လုံး ပြန့်နှံ့လျက် ရှိလေသည်။

လူလူ့ကို သူလက်လွှတ် အဆုံးအရှုံးမခံနိုင်ပါ။

လူလူသည် သူ၏အချစ်ဦး၊ သူ၏ဘဝ၊ သူ၏နှလုံးသား၊ သူ၏ဝိညာဉ်၊ သူ၏လိပ်ပြာဟု. . .

တိုင်းဇော်သည် ကြည်နူးစွာဖြင့် ဝက်သစ်ချကိုင်း တစ်ကိုင်းကို လှမ်းခုန်ကာခူးလိုက်လေသည်။







# အခန်း(၉)

ကျော့ပိုးအိတ်ထဲသို့ လိုအပ်မည်ထင်သောအရာများနှင့် ငွေကိုပါ ထည့်လိုက်သည်။ ဆိုင်ကယ်ထဲ ဓါတ်ဆီကို အပြည့် ထည့်လိုက်သည်။

“မင်းတကယ် စွန့်စားတော့မှာလား တိုင်းဇော်”

တိုင်းဇော်အပေါ် သံယောဇဉ်ရှိသော ဝပ်ရှော့ဆရာက မေးလိုက်လေသည်။

“တကယ်ပေါ့ဆရာ ကျွန်တော်သူ့ကို ချစ်ခဲ့တဲ့အချစ်က



www.burmeseclassic.com

www.burmeseclassic.com



တခဏတာအတွက်မှ မဟုတ်ပဲ တစ်ဘဝတာအတွက်ပါ၊ ကျွန်တော်သူ့ကိုလတ်လွတ် အဆုံးအရှုံးသွားရင် ကျွန်တော့်ဘဝ ရှင်သန်ခြင်းဟာ အဓိပ္ပာယ်မရှိတော့ဘူး ဖြစ်သွားမှာပေါ့”

ဝပ်ရှော့ဆရာက ပြုံးလေသည်။

“အင်း . . ဒီလိုအရွယ်မှာတော့ ဒီစကားမျိုးတွေပဲ ပြောကြပေမှာပေါ့၊ ငါတို့ကို အရွယ်ရောက်တော့လည်း အချစ်ဆိုတာ ဘဝမဟုတ်ပါဘူး ဘဝရဲ့အစိတ်အပိုင်း တစ်စိတ်တစ်ဒေသလောက် ကလေးသာပါလို့ ယူဆလာကြပေဦးတော့မှာပေါ့”

တိုင်းဇော်က ဘာမှမပြောဘဲ ပြုံးရုံသာပြုံးလိုက်ပြီး . . .

“ဆရာ့ကို ကျွန်တော်ကန်တော့ခဲ့ပါတယ်၊ တရားရုံးမှာ လက်မှတ်ထိုးပြီး အခြေအနေအရ ခိုင်မာသွားတာနဲ့ ကျွန်တော် ဆရာ့ဆီမှာပဲ အလုပ်ပြန်လာလုပ်မှာပါ၊ ဆိုင်ကယ်ကို ကျွန်တော့် သူငယ်ချင်းနဲ့ ပို့ခိုင်းလိုက်မယ်နော်”

“အေး . . အေး . . ဆိုင်ကယ်က အရေးကြီးပါဘူး၊ မင်းတို့ ဆယ့်ရှစ်နှစ်ပြည့်ပြီးကြပြီးလား”

“ပြည့်ပြီးကြပါပြီ၊ ကျွန်တော်က ခြောက်လတောင်စွန်းပြီး သူက လေးလ”

“အေး ဒီလိုတော့လည်း တရားဥပဒေအရ အဆင်ပြေတာပေါ့ကွာ”

တိုင်းဇော်က ဝပ်ရှော့ဆရာအား ထိုင်ကန်တော့ လိုက်သည်။

နာရီကြည့်လိုက်တော့ ကိုးနာရီခွဲနေပြီ . . .

“ကျွန်တော်သွားတော့မယ် ဆရာ”





“အေးအေး . . အကြံအစည်အောင်မြင်ပြီး သွားလမ်းလာလမ်းများ သာယာဖြောင့်ဖြူးပါစေကွယ်”

ဝပ်ရှော့ဆရာသည် ဆုပေးရင်း ကျန်ရစ်ခဲ့သည်။ တိုင်းဇော်သည် ဆိုင်ကယ်ကို ကျွမ်းကျင်စွာနင်းပြီး တင်လှူလှူဘွား ရှိရာလမ်းဆီသို့တည်လိုက်သည်။

ဆိုင်ကယ်ကို တင်လှူလှူဘွားတို့ အိမ်အနီးရောက်ခါနီး သုံးလေးအိမ်အလိုတွင် တွန်းသွားပြီး ချိန်းဆိုထားရာ ဝက်သစ်ချပင်ကြီးအောင်တွင် ရပ်လိုက်သည်။

လမိုက်ညဖြစ်သဖြင့် အမှောင်ထုက ကြီးစိုးနေသည်။ စိတ်စောနေသဖြင့် တိုင်းဇော်အတွက် စက္ကန့်တံရွေ့လျားမှုသည်ပင် ရှည်ကြာလွန်းသည်ဟု ထင်လိုက်ရသည်။

တင်လှူလှူဘွားတို့အိမ်ကြီးမှ မာကျူရီမီးရောင်များ ကွယ်ပျောက်သွားပြီး ညမီးရောင်ကလေးမျှလောက်သာ ရှိတော့သည်။

ဆယ်နာရီခွဲလုလုအချိန် အရိပ်တစ်ခုသည် ခြံထောင့်တစ်နေရာဦးတိုးပေါက်မှ တိုးထွက်လာသည်။

တိုင်းဇော် ထိုအနီးသို့ ကပ်ခါသွားလိုက်သည်။

“ဇော်”

“လှူလှူ”

ရင်ခုန်ခြင်း၊ တုန်လှုပ်ခြင်းနှင့်အတူ တင်လှူလှူဘွားက တိုင်းဇော်၏ရင်ခွင်တွင်းသို့ တိုးဝင်လိုက်သည်။

သတိရှိသောတိုင်းဇော်က အချိန်ဆွဲမနေတော့ဘဲ တင်လှူလှူဘွားအားရင်ခွင်တွင်းမှ ဆွဲခွါကာ . . .

“လာ . . လှူလှူ ပြေးကြစို့ ဆိုင်ကယ်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com


လက်ဆွဲခေါ်ကာ ဆိုင်ကယ်ရပ်ထားရာဆီသို့ ခေါ်ခဲ့သည်။ ဆိုင်ကယ်ပေါ် အမြန်ဆုံးတက်စေပြီး မောင်းထွက်ခဲ့လေသည်။

တင်လူလူဘွားက တိုင်းဇော်၏ကျောပြင်ကို ပါးအပ်ကာ ထုံးစံအတိုင်းတင်းကြပ်စွာ ဖက်လျက်လိုက်ပါလာသည်။

ချစ်သူနှင့်အတူ နေရတော့မည်။ တင်လူလူဘွား ကျေနပ်ခြင်းနှင့်အတူ ရင်ခုန်လှိုက်မော လျက်ရှိသည်။ ချစ်ခြင်း၏ အနာဂတ်အတွက် စိတ်ကူးယဉ်လျက်. . .





# အခန်း(၁၀)

ဆိုင်ကယ်သံကြောင့် ဦးအောင်ဘွား ရုတ်တရက် နိုးလာသည်။ ဘေးမှမိန်းမအား. . .

"တင်တင် ထစမ်း ထစမ်း၊ မင်းသမီးအခန်းကို သွားကြည့်စမ်း. . မြန်မြန်ထ"

"အင်"

အအိပ်မက်သော ဒေါ်တင်တင်က သူ၏ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ကို အားယူကာ ထူမနေရသည်။


www.burmeseclassic.com

www.burmeseclassic.com

"ဟာကွာ အရေးထဲဒီမိန်းမဟာ ကိုယ့်ဟာကိုမနေတာနဲ့ပဲ မပြီးတော့ဘူး"

ပြောပြောဆိုဆိုနှင့် ဦးအောင်ဘွားသည် သမီးဖြစ်သူ တင်လူလူဘွား၏ အိပ်ခန်းဆီသို့ လျင်မြန်သောအဟုန်ဖြင့် သွားလိုက်သည်။

အိပ်ခန်းတံခါးဖွင့်နေသဖြင့် စိုးရိမ်စိတ်က ခေါင်းနားပန်းကြီးသွားပြီး တံခါးကိုတွန်းဖွင့်ကာ မီးဖွင့်လိုက်သည်။

ကုတင်ပေါ်၌ သမီးရှိမနေ။

"ကားထုတ် ကားထုတ် ခွေးမ ခွေးဇာတ်ခင်းသွားပြီ"

ဒေါ်တင်တင်မှာ ဦးအောင်ဘွား၏ ဒေါသတကြီး အသံကြောင့် မျက်လုံးအစုံပြူးကျယ်သွားကာ အိပ်ချင်စိတ်လွင့်ပြယ်သွားပြီး အိပ်ခန်းတွင်းမှ ပြေးထွက်ခဲ့လေသည်။

"ဘာလဲ ကိုအောင်၊ ခွေးက ဘယ်ကတက်လာတာလဲ"

"ဩော်. . သေတော့မှာပဲ နင်နေခဲ့"

ဦးအောင်ဘွားက အောက်ထပ်သို့ ပြေးဆင်းသွားသည်။

တစ်အိမ်သားလုံး လှုပ်လှုပ်ရွရွနှင့် နိုးလာသည်။

ဒရိုင်ဘာကလည်း ကားဂိုဒေါင်မှာနေ၍ တံခါးဖွင့်လိုက်သည်။

"ကားထုတ်. . ကားထုတ်"

"ခြံတံခါး တစ်ယောက်သွားဖွင့်စမ်း"

ဦးအောင်ဘွားက အမိန့်များကို တရစပ်ပေးကာ ကားပေါ်တက်လိုက်သည်။

ဒရိုင်ဘာလည်း ဦးအောင်ဘွားတက်မိသည်နှင့် ကားကို





မောင်းထွက်ခဲ့လေသည်။

"ဘယ်မောင်းရမလဲ"

"ဟိုင်းဝေး လမ်းမပေါ် အရင်မောင်း"

ရဲအရာရှိတစ်ယောက်ဖြစ်သော ဦးအောင်ဘွားအနေဖြင့် တရားခံကို ဘယ်ပုံဘယ်နည်း ခြေရာကောက်ရမည်ကို အတတ်သိပြီးသားဖြစ်သည်။

ဟိုင်းဝေးလမ်းပေါ်သို့သူတို့ကားရောက်သည်နှင့် နောင်ချိုဘက်သို့ ဦးတည်သွားသော ဆိုင်ကယ်လ်မီးနီကလေးကို လှမ်းလိုတ်ရသည်။

ရဲစခန်းသို့လှမ်း၍လည်း ညကျူတီကျ တာဝန်မှူးကို အကြောင်းကြားလိုက်သည်။

"ဆိုင်ကယ်နဲ့ အမြန်လိုက်ခဲ့ သူခိုးဖမ်းမလို့"

ဦးအောင်ဘွား၌ သားသမီးဇောကပ်သော်လည်း သေနတ်နှင့်တော့ လှမ်းမပစ်ပါ။

သမီးကိုခိုးပြေးသူမှာ ပြည်သူလူထုကို အနှောင့်အယှက်ပေးနေသော လူဆိုး၊ ဓားပြမဟုတ်။

သူတို့မိသားစုကိုသာ နှောင့်ယှက်သူဖြစ်သည်။ မိသားစုအရေး ကိုယ်ရေးကိုယ်တာအရေးအတွက် အခုလောက်အထိ ဒုက္ခပေးရသည်ပင် ရှက်နေသည်။

ဆိုင်ကယ်က သူတို့လိုက်လာမှန်းသိ၍ တောလမ်းထဲသို့ ဆင်း၍ မောင်းချသွားသည်။ သူတို့ကားလည်း တတ်နိုင်သမျှတော့ လိုက်မောင်းချသည်။ သို့သော် ကားသည် ဆိုင်ကယ်လိုတော့ချောင်ချိချောင်ကြားမရချေ။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ထိုစဉ်သူတို့ဌာနမှ ဆိုင်ကယ်တစ်စီး ရောက်လာသည်။

"ဆရာ"

"ဆက်လုပ်"

"အသေပစ်လား. . အရှင်လား"

"ဘာကွ. . အရှင်. . အရှင်. . ဘယ်သူမှ ထိခိုက်ဒဏ်ရာ မရှိစေနဲ့"

ရဲဆိုင်ကယ်လိုက်သွားသည်။ ဆိုင်ကယ်နှစ်စီးသည် ထင်ရှူးပင်ကြား တောင်ကုန်း၊ တောင်ဂမူကြား တက်လိုက်ဆင်းလိုက် ကွေ့လိုက်ကောက်လိုက် ပတ်လိုက်နှင့် ရိပ်ခနဲ ရိပ်ခနဲ. . .

ရဲဆိုင်ကယ်က သူတို့၏ ကားရှိရာသို့ မြားပို့သည်။

တိုင်းဇော်၏ မျက်ဝန်းသို့ ကားမီးတန်းကြီး စူးရှစွာဝင်ရောက်လေသည်။

လူလူသတိထား. . .

တိုင်းဇော် မျက်လုံးများ ပြာဝေသွားသည်။ ဘာကိုမှ မမြင်တော့။ ထိုကြားထဲ သူ၏နှလုံးသားကို အော်ဟစ်သတိပေးလိုက်သည်။

ဝုန်း. . .

ကြီးမားသော ထိခိုက်မှုတစ်စုံတစ်ရာဟုသိလိုက်ရပြီး ဦးအောင်ဘွားမျက်စိကို စုံမှိတ်ထားလိုက်လေသည်။

ရင်တွင်း၌ "ဘုရား. . ဘုရား. . သမီးလေး. . သမီးလေး"ဟု အတ္တကြီးစွာဖြင့် သမီးအတွက်သာ စိုးရိမ်မိလေသည်။

ကားဘေးမှ မလှုပ်မယှက်ရပ်နေမိသည်။





"တော်သေးတယ်ဆရာ ကောင်လေးကလျှင်လို့ ဆိုင်ကယ်ပေါ်က လှိမ့်ချလိုက်တယ်၊ ဆိုင်ကယ်ပဲ သစ်ပင်နဲ့တိုက်သွားတာ"

ဦးအောင်ဘွားသည် ကားမီးရောင်အောက်မှနေ၍ ကတုန်ကလျား ထဲနေသော သမီးနှင့် တိုင်းဇော်ရှိရာသို့ လျှောက်လိုက်သည်။

နှစ်ဦးစလုံး မေ့မြောနေကြသည်။

ဒဏ်ရာတွေက ပြင်းပြင်းထန်ထန်တော့ ရကြပုံမပေါ်။

"ဘာဆက်လုပ်ရမလဲ"

"နှစ်ယောက်စလုံးခေါ်ခဲ့ ဒီကောင်လေးကို ဆေးရုံပို့မယ် ပြီးရင်သမီးကိုအိမ်ခေါ်သွားမယ်"

"ဆိုင်ကယ်ကကော"

"နောက်မှ တစ်ယောက်ယောက် လာယူခိုင်းပြီး ဝင်းဝပ်ဆွဲခ်ကိုပို့လိုက်"

"ဟုတ်ကဲ့ဆရာ"

ဦးအောင်ဘွားသည် ကားရှိရာသို့ပြန်လည်လျှောက်ခဲ့သည်။

ရင်ထဲ၌ ရတတ်မအေးအောင် ခံစားလိုက်ရသည်။ သူဆက်လုပ်သင့်သနည်း။


"သမီးတစ်ကောင် နွားတစ်ထောင်" ဆိုသည့် ရှေးစကားတွေ တယ်မှန်ကန်ပါလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

တိုင်းဇော်သတိရလာတော့ တစ်ကိုယ်လုံး နာကျင်ကို ခဲနေသော ဝေဒနာရပ်ကြောင့် မလှုပ်မယှက်နိုင်အောင် ဖြစ် သည်။

"မောင်တိုင်းဇော် သတိရပြီလား"

သူ၏ ကားဝပ်ရှော့ဆရာကို လှမ်းမြင်လိုက်ရသည်

"ကျွန်တော်ဘယ်ရောက်နေတာလဲ လူလူကော လူ

"မင်း ပြင်ဦးလွင်ဆေးရုံကို ရောက်နေတာ စခန်း





ယ်တိုင်ပဲ မင်းကိုလာပို့သွားတာ"

တိုင်းဇော် ဦးအောင်ဘွားကို ကျေးဇူးတင်သွားသည်။ အား ထင်းရှူးတောအတွင်း၌ ပစ်မထားခဲ့ရှာပါလား။

"လူလူကော ဘာဖြစ်သွားသေးသလဲ"

"ဒါတွေတော့ ငါတို့ဘာမှ မသိဘူး"

"မင်းကို ဆေးရုံပို့ထားတဲ့အကြောင်းနဲ့ မင်းစီးသွားတဲ့ င်ကယ်ကို ငါ့ဝပ်ရှော့ခ်လာပို့ပေးတယ် ဒါပဲ"

"ဆိုင်ကယ်တော်တော်ပျက်စီးသွားမှာပဲနော်"

"ကိစ္စမရှိဘူး လူမသေငွေမရှားပါဘူးကွာ၊ မင်းဘာမှ မ တာပဲ ငါက ဝမ်းသာလှပါပြီ၊ ကိုင်း. . ကိုင်း. . မင်းပြန်အိပ် တ်ဦး မိုးလင်းမှ တစ်ခေါက်ပြန်လာမယ်"

တိုင်းဇော်ဘယ်လိုလုပ် ပြန်အိပ်၍ရမည်နည်း။ တင်လူ ွားချစ်သူ လူလူ၏အခြေအနေကို မသိရမချင်း သူရတတ် အားနိုင်။

"ဆရာ"

"ဟေ. . ဘာလဲ မောင်တိုင်းဇော်"

"ကျွန်တော့်ကို တစ်ခုလောက်ကူညီပါဦးဆရာ"

"ဘာများလဲကွ"

"ကျွန်တော် လူလူရဲ့သတင်းအမှန်ကို သိချင်ပါတယ်၊ တော့်သူငယ်ချင်း သစ်သစ်ကို စုံစမ်းခိုင်းပေးပါ"

"အေးပါကွ၊ မင်းမှာလဲ သေကောင်ပေါင်းလဲ ဖြစ်ခဲ့တာ င် ဒီကလေးမလေးပေါ် စိတ်မပြတ်နိုင်သေးပဲကိုး"

တိုင်းဇော်ဘာမှမပြောတော့ဘဲ မျက်လုံးကိုသာ စုံမှိတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ချစ်သူအပေါ် အသက်ပေး၍ချစ်ခဲ့သည်ကို မိမိမှ
၍မည်သူမှမသိနိုင်။ အချစ်အတွက် နောက်ဆုံးစက္ကန့်လေး
တောင် သူသတိရှိခဲ့သည်။ ဆိုင်ကယ်ကို မထိန်းနိုင်သည့် အခ
ဆိုင်ကယ်လက်ကိုင်ကိုလွှတ်ကာ ချစ်သူကိုဆွဲဖက်ပြီး ဆိုင်က
ပေါ်မှခုန်ဆင်းခဲ့သည်။ ဒါတောင် မိမိကိုယ်သာ မြေပြင်ပေါ်
အနာခံ၍ လှိမ့်ချခဲ့သည်။ ဒါတွေ လျှပ်တပြက်အတွင်း ဆုံးဖြ
ချက်နှင့် လုပ်ဆောင်ချက်ဖြစ်သည်။

သူ့ဘဝမှာ တွယ်တာစရာ မိဘများလည်းမရှိ သူမိ
များက သူ့ကိုမွေးသွားပြီး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးသွ
ကြသဖြင့် စနေဂြိုလ်မွေးသည်ဆိုကာ သူ့အား မည်သူကမှ လ
မခံချင်ကြ။ နောက်ဆုံး ဦးလေးလူပျိုကြီးကသာ သူ့အားမွေး
သည်။ ဦးလေးမိန်းမယူတော့ သူသည် အငြိုအငြင်ခံရပြန်သည်

ထို့ကြောင့်.. သူ့ဘဝအတွက် အချစ်သည် လူလူ
ယောက်တည်းအပေါ်၌သာ စုပုံ၍အင်အားဖြစ်ခဲ့သည်။

လူလူကို သူသိပ်ချစ်သည်။ သူ၏အချစ်ဟူသမျှသ
လူလူအတွက်။

သူ့ဘဝသည် လူလူ့အတွက်။

လူလူ့အတွက် သူအသက်ရှင်နေထိုင်ခြင်းသည်
ဓိပ္ပာယ်ရှိသကဲ့သို့ ထင်နေသည်။

"လူလူ ဘာမှမဖြစ်ပါစေနဲ့"

သူ့ခေါင်းသည် မူးဝေလာပြီး အိပ်ပျော်သွားလေသည်

"အိပ်နေတယ်"





"ဆေးတိုက်ရဦးမယ်"

တီးတိုးအသံများကြောင့် သူနိုးလာသည်။

"ဟော.. နိုးလာပြီလား"

"တိုင်းဇော်၊ နင်ဘာမှ ကြီးကြီးကျယ်ကျယ် မဖြစ်ဘူးနော်"

သစ်သစ်ရောက်ရှိလာခြင်းဖြစ်သည်။ သူနာပြုဆရာမ ကလည်း ဆေးတိုက်ရန် လုပ်နေသည်။

"ဆေးသောက်ရအောင်"

"ကျွန်မ နွားနို့ယူလာတယ် တိုက်လို့ရမလား ဆရာမ"

"ရပါတယ် တိုက်ပါ၊ ပြီးရင် ဒီဆေးတွေ တိုက်လိုက်နော် ထားခဲ့မယ်"

"ဟုတ်ကဲ့ ဆရာမ"

ဆရာမသူတို့အနီးမှ ထွက်သွားသည်နှင့် တိုင်းဇော် က..

"လူလူကော"

"ပြောပါ့မယ်ဟယ်.. အားရှိသွားအောင် နွားနို့လေး သောက်လိုက်ဦး"

တိုင်းဇော်သည် သစ်သစ်လွင်၏စကားကို နားထောင်လိုက်သည်။ သူပကတိ ကျန်းမာသန်စွမ်းဖို့ အရေးကြီးသည်။ ဒါမှ ဆက်လက်၍ လှုပ်ရှားနိုင်မည်။

နွားနို့ နွေးနွေးလေး သောက်ချလိုက်သည်။

"ငါမနက်အစောကြီး ပန်းသွားပို့တယ် တစ်အိမ်သားလုံး မရှိတော့ဘူး ရဲတစ်ယောက်ပဲခြံစောင့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

သူတစ်ကိုယ်လုံး ဟင်းလင်းပြင်ထဲသို့ လွင့်ပါးသွားသကဲ့သို့ ခံစားလိုက်ရသည်။

လူလူနှင့် ဝေးကွာသွားခြင်းသည် သူ့အတွက် စွမ်းအားများ လျော့ပါးသွားလေပြီ။

"ဘယ်ကို . . ဘယ်ကိုပြောင်းသွားသလဲ"

"ရဲသားကို ငါမေးကြည့်တော့ စခန်းမှူးက စခန်းမှာပဲနေတော့မယ် စခန်းမှူးမိသားစုကတော့ မနက်လေးနာရီကပဲ ပြောင်းသွားကြတယ် ဘယ်လိုပြောင်းသွားတယ်ဆိုတာ မသိဘူးတဲ့"

"ဒါဖြင့် ငါဘာ့ယ်လိုလုပ်ရမလဲဟင်"

"အသာနေစမ်းပါဦး၊ မင်းဘာမှ ဖုတ်ပူမီးတိုက်မလုပ်နဲ့ လူလူတို့ ဘယ်ပြောင်းသွားတယ် ဆိုတာကို ငါတို့အရင်စုံစမ်းကြမယ်၊ ပြီးမှ မီးစင်ကြည့်ကတာပေါ့၊ လောလောဆယ် နင်နေကောင်းအောင်နေ . . တော်သေးတယ် မကျိုးမကန်းလို့"

တိုင်းဇော် ဘာမှဆက်မကြားတော့။

ချစ်သူနှင့်ဝေးကွာခြင်းဟူသော ဝေဒနာဆိုးကြီးက သူ့နှလုံးသားကို တဆက်ဆက်တုန်ခါနာကျင်နေစေရန် နှိပ်စက်ကလူပြုနေလေတော့သည်။

ခံရခက်လိုက်သည့် ဝေဒနာဆိုးကို တိုင်းဇော်အလူးအလဲခံစားလိုက်ရသည်။




# အပိုင်း (၃)


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

အလှန်းပေးထားသောကိုးနာရီတွင် နာရီကထမြည်လေ ရာ အတိတ်အိပ်မက်ထဲ နစ်မျောသွားရာမှ သူလန့်နိုးလာခဲ့လေ သည်။

ဦးတိုင်းဇော် ကမန်းကတန်း ထလိုက်သည်။ ဖုန်းနှင့်သူ၏ လက်ကိုင်အိတ်ကို ဆွဲယူကာ အခန်းအတွင်းမှ ထွက်ခဲ့သည်။ အပြင်ဘက်တွင် ညစောင့်အလုပ်သမားနှစ်ဦးကို တွေ့လိုက်သည်





"ဖုန်းပလပ်တွေ ပြန်တပ်ထားလိုက်တော့ အစစအရာ ရာ သတိဝီရိယနဲ့နေကြနော်"

"ဟုတ်ကဲ့ဆရာ"

ဦးတိုင်းဇော်ကားကို ပြည်လမ်းမကြီးဘက်သို့ ဦးတည် လိုက်သည်။ သမီးကို သတိရလိုက်သည်။ ဖုန်းခလုတ်ကိုဖွင့်ကာ သမီးသို့ ဖုန်းခေါ်လိုက်သည်။

"ဟဲလို. . ဒယ်. . ဒယ်ဘယ်ရောက်နေသလဲ ဒီမှာဘွား ဘွား သွေးတိုးလို့"

"ဒေါက်တာခေါ်လိုက်ပြီလား"

"ခေါ်လိုက်ပြီ. . ဒေါက်တာက ဆေးရုံတင်ရမယ်ဆိုပြီး ခေါ်သွားတယ်"

"ဟင်. . ဘယ်ဆေးရုံလဲ ဘေဘီ"

"ဆေးရုံကြီးပဲ ခေါ်သွားမယ်ပြောတာပဲ"

"ဟုတ်လား. . ဒယ်ဒီလိုက်သွားလိုက်မယ်"

"ဒယ်နေဦး ကျူရှင်ကိစ္စအဆင်ပြေရဲ့လား"

"ပြေတယ် ဘေဘီ ပြေတယ်. . ဒါပဲနော်"

ဦးတိုင်းဇော်သည် ကားကို ဟံသာဝတီအဝိုင်းမှ ပြန်ပတ် ၍ မြို့ထဲဘက်သို့ ပြန်လှည့်လိုက်လေသည်။

ကံကြမ္မာအတားအဆီးက တတိယအကြိမ် နှောင့်ယှက် ဦးမှာလားဟု ဦးတိုင်းဇော် စိုးထိတ်မိလေပြီ။

သူ့ရင်ထဲ၌ ရှင်သန်နေဆဲဖြစ်သောအချစ်သည် ယနေ့ တဖန် ပြန်လည်သက် ဝင်လှုပ်ရှားလာလေပြီ။

ဒေါ်တင်လှလှဘွားသည် ပိုင်ဆိုင်သူကင်းမဲ့နေသော



www.burmeseclassic.com

www.burmeseclassic.com

အနှောင့်ဖွဲ့မဲ့သူ လွတ်လပ်သော အမျိုးသမီးတစ်ဦးနေဖြင့် သူပြန်လည် ဆုံဆည်းလိုက်ရပြီ။

ရှင်းပြခွင့်မကြုံခဲ့သော အတိတ်ဖြစ်ရပ်များကို သူရှင်းပြချင်ပါသည်။

သို့သော် ကျေးဇူးရှင်တစ်ဦး၏အရေးက နှလုံးသားအရေးထက်ပို၍ အရေးကြီးသည်ဖြစ်ရာ သူဆေးရုံဘက်သို့ ရွေ့ချယ်လိုက်သည်။

ဒေါ်တင်လှူလှူဘွား ဆေးခန်းပိတ်အပြန် တွေ့ဆုံရန်ကြိုးပမ်းမည့် အစီအစဉ်ကို တစ်ရက်နောက်ဆုတ်ရွှေ့ဆိုင်းလိုက်ရသည်။

ဦးတိုင်းဇော်ရင်ထဲ မီးတောက်တစ်ခုက ဟုန်းဟုန်းတောက်လောင်လျက်ရှိချေသည်။







# အခန်း(၁၃)

ဒေါ်အယ်နီ၏ အသက်ကို သူမမီလိုက်။

ဆေးရုံလူနာတင်ကားပေါ်၌ပင် ဆုံးပါးသွားသည်ဟု သူသိလိုက်ရသည်။ မိမိအပေါ်၌ တစ်သက်လုံးကောင်းခဲ့သော ဒေါ်အယ်နီအတွက် သူယူကြုံးမရခံစားလိုက်ရသည်။

"သွေးက မတရားတက်ပြီး ဦးနှောက်သွေးကြောပြတ်သွားတယ် သူငယ်ချင်း"

ဒေါက်တာထွန်းဝင်းက သူ့ကျောပြင်ကိုပုတ်ကာ အားပေးရင်းပြောလေသည်။ ဦးတိုင်းဇော်ရင်ထဲ နင့်နေအောင် ခံစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ ယောက်ျားတန်မဲ့ မျက်ရည်များ ရစ်ဝဲလာသည်။

ဒေါ်အယ်နီ၏ ရုပ်ကလပ်ကို ကန်တော့လိုက်ပြီး ပိတ်ဖြူဖြူဖြင့် မျက်နှာကိုဆွဲဖုံးအုပ်လိုက်သည်။

"အုန်းနို့ခေါက်ဆွဲလည်းစားတယ် ငါးသလောက်ပေါင်းလည်း စားတယ်တဲ့လေ၊ ဒီလောက်ပူတာ ဘယ်ခံနိုင်မလဲ၊ ခေါင်းထိုးတယ်ဆိုပြီး ရေချိုးတော့ အဲဒီမှာလဲကျသွားတာပဲ၊ မင်း သမီးက သတိရှိတော့ ချက်ချင်းပဲ ငါ့ကိုဖုန်းဆက်ခေါ်ခဲ့တယ်၊ ရောက်ရောက်ခြင်းပဲ ငါလည်းကျိုးစားကုသရင်း ဆေးရုံကို တန်းခေါ်ခဲ့တာပဲ"

အင်းလေ သူ့သက်တမ်းက ဒီလောက်အထိပဲဆိုတော့လည်း. . ဘယ်တတ်နိုင်မလဲ သူငယ်ချင်းရယ်. . ၊ မင်းဘက်ကလည်း တာဝန်ကျေခဲ့တာပဲ"

"မင်းလည်းတာဝန်ကျေတာပဲ၊ ကိုင်း. . ငါတို့ သူ့အတွက် လုပ်သင့်လုပ်ထိုက်တာတွေကို လိုက်လုပ်ရအောင်"


"အေး. ."

ဒေါ်အယ်နီ၏ ရုပ်ကလပ်ကို နောက်ဆုံးတစ်ချက်လှမ်းကြည့်ပြီး သူလှည့်ထွက်ခဲ့သည်။ အခန်းပြင်ရောက်မှ. . တပည့်တပန်းများနှင့် ဒေါ်အယ်နီအမျိုးများကို နီးစပ်သလို ဖုန်းဆက်အကြောင်းကြားရင်း အိမ်သို့ပြန်ခဲ့သည်။ သူ့ခေါင်းထဲသို့ မေးခွန်းတစ်ခုက နေရာအပြည့် စိုးမိသွားသည်က. . .

"ဘေဘီလေးအတွက် ဘယ်လိုလုပ်ရမလဲ"







# အခန်း(၁၄)

ဦးတိုင်းဇော်၏ ယောက္ခမကြီး၏ နာရေးကို ဒေါ်တင်လှူ သွား သတင်းစာ၌ ဖတ်လိုက်မိသည်။

သက်ပြင်းချလိုက်မိသည်။ သားတို့က ရှိမနေသဖြင့် သူတို့သူငယ်ချင်းမလေး၏ အသွားနာရေးကို သတင်းမမေးနိုင်ကြ။ မိမိသွားသင့်သလား။

မိမိနှင့် ပတ်သက်စရာမရှိတော့ဘူး ထင်သည်။

သားတို့နှင့် ပတ်သက်၍သာ ကလေးများ၏ ပညာရေး



www.burmeseclassic.com

www.burmeseclassic.com



လူမှုရေးအတွက် သူ့အပိုင်းက သူ့အိမ်မှာလာနေချိန်ကလေး စောင့်ရှောက်ပေးရုံသာရှိသည်။

တယ်လီဖုန်းမြည်သံကြောင့် သတင်းစာကိုချကာ ဖုန်း ကောက်ကိုင်လိုက်သည်။

"အမိန့်ရှိပါ"

"လူလူ . . ဇော်ပါ"

ဒေါ်တင်လူလူဘွား၏ ခန္ဓာကိုယ်လည်း . . အလိုအ လျောက် မတ်မတ်ဖြစ်သွားသည်။

နှလုံးသား၌ မြုံနေသောဝေဒနာဟောင်းက အုံကြွ ကျင်လာသည်။

"လူလူနဲ့ ဇော်တွေ့ချင်တယ် လူလူ့ဆီကို ဇော် ခဏလာ ခဲ့လို့ရမလားဟင်"

"ဟင် . . ရှင် . . မရဘူး . မရဘူး"

"ခု ဇော်ကားလေ၊ လူလူ့တို့ခြံနဲ့ မလှမ်းမကမ်းမှာ ရှိနေ မှတ်တိုင်အောက်မှာ ရပ်ထားတယ်၊ ဇော်လာချင်ပြီ လူလူ၊ ခွင့်ပေး ပါနော်"

"ဟင့်အင်း . . ဟင်အင်း . . ရှင်လုံးဝမလာရဘူး၊ ရှင့်ကို ကျွန်မ မတွေ့ချင်ဘူး၊ မမြင်ချင်ဘူး၊ အိုရှင် . . ကျွန်မမပတ်သက် ချင်တော့ဘူးဇော် . . အဲ . . ဦးတိုင်းဇော်"

"ဘာဖြစ်လို့လဲ လူလူ"

"ကျွန်မမှာ သားတွေနဲ့ . . ပြီးတော့ ရှင့်မှာသမီးနဲ့"

"အဲဒါဘာဖြစ်သလဲ"

"ရှင်နော်"





"ရှင့်ယောက္ခမ အသုဘဖြစ်နေတဲ့အချိန်မှာတောင် ရှင် ဒီစကားမျိုး ပြောထွက်ရသလား"

ဒေါ်တင်လူလူဘွား တယ်လီဖုန်းချရန် စိတ်ကူးလိုက် သော်လည်း လက်တွေ့၌ မချရက်ပါ။ လိုက်ကာကို အသာလှပ် ကာကြည့်လိုက်သည်။

ပြောထားသည့်အတိုင်း လမ်းမပေါ်တွင် သူမနေ့ကစီး လာခဲ့သော ပါဂျဲလ်ရိုးအနက်ရောင်လေးတစ်စီး ရှိနေသည်။

"ရှင်ပြန်တော့"

"ဇော် . . လူလူကို ရှင်းပြခွင့်တစ်ခါတော့ပေးပါ၊ အဲဒါ ကလည်း ဇော့်ဘဝမှာ ဘယ်သူ့ကိုမှ အသိမပေးတော့ဘူးလို့ ဆုံး ဖြတ်ထားတဲ့ ဖြစ်ရပ်တစ်ခုပါ"

"ဒါဖြင့်ရင်လည်း . . ရှင် ရှင်းမပြနဲ့တော့ပေါ့"

"လူလူကိုတော့ ရှင်းပြရမယ်လေ၊ လူလူဟာကိုယ့်ရဲ့နှလုံး သားပဲ"

ဒေါ်တင်လူလူဘွားရင်ထဲ တလှပ်လှပ်ခုန်လာသည်။ လေးဆယ်နားနီးလာမှ ဆယ်ကျော်သက်အရွယ်၏ ရင်ခုန်ခြင်း မျိုးက အသစ်တဖန်ရှင်သန်လာသည်ကို ထူးကဲစွာသတိပြုလိုက် မိသည်။

"ကိုယ့်ရဲ့နှလုံးသားကတော့ ကိုယ်ပြည်ဖုံးကားချထားတဲ့ ဝေဒနာအကြောင်းကို သိသင့်ပါတယ်၊ ကိုယ့်ကိုဘယ်တော့ အချိန် ပေးမှာလဲ"

ဒေါ်တင်လူလူဘွား စဉ်းစားလိုက်သည်။ ဦးတိုင်းဇော်၏ အရွတ်ထိုးစိတ်နှင့်ခွဲကို မိမိက သိပြီးသားဖြစ်နေရာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီး မနက်ဖြန် ရှင့်ယောက္ခမကြီး အသုဘချ

ရင် (. . . .)ကိုလာခဲ့"

"အိုကေ တကယ်နော်လူလူ၊ ဇော် အရမ်းကို ဝမ်းသာ

ကျေးဇူးတင်သွားပြီးကွာ"

ဒေါ်တင်လူလူဘွား တယ်လီဖုန်းကိုချလိုက်သည်။

ပါကွဲလ်ရိုးကား၏ ရှေ့ခန်းမှ မှန်တစ်ဝက်ကျသွားပြီး. .

နေကာမျက်မှန်တပ်ထားသော သူတစ်ဦးက လက်ပြလိုက်

သည်။

လိုက်ကာကို ကမန်းကတန်းစေ့လိုက်သည်။

ရင်ခုန်ခြင်းက မြင်းရိုင်းတစ်ကောင် ကခုန်ခြင်းကဲ့သို့ ပါ

လား။

ခက်ပြီး လူလူ အသည်းမှ သိပ်ချစ်စရာကောင်းတဲ့ အ

သားနှစ်ယောက်နဲ့လေ၊ သူတို့ကို မထောက်ထားပဲညည်း ရင်

တတ်တုန်းပဲလား။

ဒေါ်တင်လူလူဘွား မျက်ရည်များရစ်ဝဲလာသည်။ လို

ကာကို အသာပြန်ဟကြည့်လိုက်သည်။ သူ့ကားမရှိတော့. .

'အချစ်' ဇော့်ကိုချစ်ခဲ့သော 'အချစ်' မိမိနှလုံးသားထဲ


အပြီးပိုင်ထွက်သွားဖို့ နှင်ခဲ့သော်လည်း ယခုထက်ထိ သူထွက်

သွားသေးပါလားဟု. . .။









# အခန်း(၁၅)

မင်္ဂလာဒုံလေယာဉ်ကွင်းရှိ စားသောက်ဆိုင်ကို ဒေါ်တင်

လူလူဘွား ရွေးချယ်ခြင်းက အေးအေးဆေးဆေး စကားပြောနိုင်

သည်။ မိတ်ဆွေအပေါင်းအသင်း ဆွေမျိုးညာတိများ လာကြိုသ

ဆိုလို ပို့သလိုလိုနှင့် တွေ့ဆုံခြင်း၊ စကားပြောခြင်းမျိုးဟု အသိ

မိတ်ဆွေတွေ တွေ့သွားလျှင်လည်း ထင်နိုင်သည်။

လေယာဉ်အတက်အဆင်းကို ငေးကြည့်နေမိသဖြင့်အ

ားသို့ ဦးတိုင်းဇော်ရောက်လာခြင်းကို ဒေါ်တင်လူလူဘွား သတိ



www.burmeseclassic.com

www.burmeseclassic.com



မပြုမိလိုက်။

"စောင့်နေရတာကြာပြီလား လူလူ"

"မကြာသေးပါဘူး ဦးတိုင်းဇော်"

"ဇော်လို့ပဲခေါ်ပါလား"

ဘေးချင်ကပ်ရပ် ကုလားထိုင်မှာ သူထိုင်လိုက်သည်။

"ကျွန်မ ရှင်ရှင်းပြတာကို နားထောင်မလို့ လာတာပါ"

"ကျေးဇူးတင်ပါတယ် လူလူ"

ဦးတိုင်းဇော်က နေကာမျက်မှန်ကို ချွတ်လိုက်သည်။ ပြီးတော့ ဒေါ်တင်လူလူဘွားကို စူးစူးစိုက်စိုက်ပင် ကြည့်လိုက်သည်။

ဒေါ်တင်လူလူဘွားက ထိုအပြုအမူကို ဟန့်တားရန် ဟန်ပြင်လိုက်ပြီးမှ သူ့မျက်လုံးအိမ်တွင် တွေ့ရသော လွမ်းဆွတ်ခြင်း တမ်းတခြင်း၊ ကြေကွဲခြင်းများနှင့် ယှက်နွယ်နေသော မေတ္တာအကြည့်ခါတ်များကိုပါ တွေ့လိုက်ရသဖြင့် ဘာမှမပြောဘဲ မျက်လွှာချလိုက်သည်။

"လူလူ"

"တစ်ခုခုစားပါဦးလား"

"ဘာဂါနဲ့ ဘလက်ခ်ကော်ဖီလောက်ဆိုရင် လုံလောက်ပါပြီ၊ ဇော် မနက်စာမစားရသေးဘူး၊ သမီးကအရမ်းသောင်းကျန်းနေတယ်၊ အဘွားကလည်း သူ့ကိုတအားချစ်ပြီး တအားအလိုလိုက်တာကိုး"

"ကျွန်မတော့ သားတွေကို အလိုမလိုက်ဘူး ကတိတည်တတ်တဲ့ယောကျ်ားကောင်း ယောကျ်ားမြတ်လေးတွေဖြစ်အောင်





အမြဲတန်းလေ့ကျင့်ပေးနေတယ်"

ဒေါ်တင်လူလူဘွားက နာကျင်ခါးသီးစွာဖြင့် ခနိုးခနဲ့ ပြောလိုက်သည်။

ဦးတိုင်းဇော်က ပြုံးလိုက်သည်။ ခွင့်လွှတ်သောအပြုံးဖြစ်သည်။

"ရှင် ကျွန်မချိန်းတဲ့နေရာကို အချိန်မီရောက်မလာခဲ့တဲ့ အကြောင်းရင်းကို ကျွန်မသိရင် ကျေနပ်ပါပြီ"

"ဟုတ်ပြီ ဤကမ္ဘာလောကကြီးမှာ ဤအကြောင်းကို သိသူ သုံးယောက်ပဲရှိတယ်၊ အဲဒီသုံးယောက်အနက် နှစ်ဦးဟာ ကွယ်လွန်သွားပြီး တစ်ဦးပဲကျန်တယ်၊ အဲဒါဇော်ပဲ ဇော်ဘယ်သူ့ကိုမှမပြောတော့ဘူးလို့ ရည်ရွယ်ခဲ့ပါတယ်၊ ဒါပေမယ့် လူလူကို ခုလိုအခြေအနေမျိုးမှာ ပြန်တွေ့လိုက်ရတော့ ဇော်ဘဝရဲ့ နောက်ဆုံးထွက်ပေါက်တစ်ခုအနေနဲ့ ဇော်ဆုံးဖြတ်ချက်ကို ဇော်ပြင်လိုက်တာပါ"

"ဇော် တစ်ယောက်တည်း သိတယ်ဆိုတော့ သက်သေတွေကို ဖျောက်ဖျက်ပစ်လိုက်တဲ့သဘောလား ဦးတိုင်းဇော်"

"လူလူ စွပ်စွဲချင်သလို စွပ်စွဲပါလေ. . ဇော်ခံဖို့ အသင့်ပဲ၊ ဒါပေမယ့် ဇော် လူလူ့ဆီက ကတိတစ်ခုတောင်းချင်တယ်"

"ကတိမတည်တဲ့လူက တစ်ဘက်သားဆီကတော့ ကတိတောင်းတတ်တယ်လား"

"လူလူ"

ဦးတိုင်းဇော်က စားပွဲပေါ်တင်ထားသော ဒေါ်တင်လူလူဘွား၏ လက်ကို အုပ်မိုးကိုင်လိုက်ပြီး တောင်းပန်တိုးလျှိုသော



www.burmeseclassic.com

www.burmeseclassic.com

အကြည့်နှင့်အတူ အားပျော့သောလေသံလေးနှင့်. . .

"ဇော် တောင်းပန်ပါတယ် လူလူ၊ ဇော့်အပေါ် ချစ်သူ တစ်ယောက်အနေနဲ့ နာကျည်းမုန်းတီးခဲ့ရင်တောင်မှ ရှိခဲ့ဖူးတဲ့ သူငယ်ချင်းမေတ္တာလေးနဲ့ သည်းခံပြီး နားထောင်ပေးပါ၊ ဇော် တောင်းဆိုတဲ့ကတိကိုလည်း ပေးပါ"

ဒေါ်တင်လူလူဘွားရင်တွင် အစိုင်အခဲ အတန်ငယ် လျော့ပါးသွားသည်။

"ဘာကတိလဲ"

"ဇော်ပြောမယ့် အကြောင်းအရာကို ဘယ်သူ့ကိုမှ  ပြောပါဘူးဆိုတဲ့ကတိပဲ"

"ဘာအကြောင်းအရာမို့လို့လဲ"

"သိပ်ကို အပြစ်ကင်းစင်ပြီး ဖယောင်းလိုနူးနယ်သေးတဲ့ ဘဝတစ်ခုရဲ့ အနာဂတ်အတွက်ကြောင့်ပါ လူလူ၊ ဇော် လူလူ့ကို ယုံကြည်စွာပြောရတာကလည်း လူလူဟာ ဇော့်နှလုံးသား ဘဝဖြစ်နေတာရယ်၊ ပြီးတော့ ဆရာဝန်တစ်ဦး၊ ပြီးတော့ သား သည်မိခင်. . မိခင်တစ်ဦးရဲ့ မေတ္တာစေတနာမျိုး အပြည့်ရှိနိုင်တဲ့ မိန်းမတစ်ဦးဖြစ်လို့ ဇော်က ယုံကြည်စွာနဲ့ဖွင့်ပြောရမှာ"

"ကဲပါ နိဒါန်းတွေ ဒီလောက်ပျိုးမနေနဲ့ရှင် ကျွန်မ ကတိ ပေးပါတယ်၊ ကိုယ့်အတွက် အကျိုးရှိရှိ မရှိရှိ သူတစ်ပါးအကျိုးကို နစ်နာစေမယ့် ကိစ္စမျိုးကို ကျွန်မ မလုပ်ပါဘူး၊ ရှင် တောင်းတဲ့ ကတိကို ကျွန်မပေးနိုင်လိမ့်မယ်ထင်ပါတယ်"

"ပေးနိုင်လိမ့်မယ်ဆိုရင်နဲ့မရဘူး ပေးပါတယ်ဆိုမှ"

ဒေါ်တင်လူလူဘွားက ဦးတိုင်းဇော်အား မျက်စော





ထိုးလိုက်သည်။

"ကဲပါ လက်ကိုလဲလွှတ်ပါဦး၊ ရှင်တောင်းတဲ့ ကတိကိုလည်း ပေးပါတယ်၊ မုန့်စားဦးလေ မနက်စာ မစားရသေးဘူးဆို. . ."

ဒေါ်တင်လူလူဘွား၏ မသိစိတ်မှ ကြင်နာစိတ်ကလေး ဘွားခနဲ ထွက်ပေါ်လာလေသည်။

ဦးတိုင်းဇော်က ကျေနပ်စွာပြုံးလိုက်ပြီး ဟန်ဘာဂါကို ယူစားလိုက်သည်။ ထိုစဉ် ဘလက်ခ်ကော်ဖီကို ဒေါ်တင်လူလူဘွားက ကိုယ်တိုင်ဖျော်ပေးလေသည်။

ဒါကို ဦးတိုင်းဇော်က အတိုင်းမသိသော မြတ်နိုးမှုဖြင့် သူမ၏လှုပ်ရှားမှုလေးများကို တစိမ့်စိမ့်ငေးကြည့်နေမိသည်။

"လှဆဲပါလား ချစ်သူရယ်"


www.burmeseclassic.com

www.burmeseclassic.com






# အခန်း(၁၆)

တိုင်းဇော်၏ ရန်ကုန်ရှိအဒေါ်က တိုင်းဇော်ကို လက်မခံ
င်။ သူတို့ပါးစပ်နှစ်ပေါက်တောင် အနိုင်နိုင်ရုန်းကန်နေရသည်
 မေတ္တာတရားခေါင်းပါးစွာ တုန့်ပြန်လာသောစာကို တိုင်းဇော်
ခဲ့သည်။

သစ်သစ်လွင်က. . .

"ဒီလိုဆိုရင် နင်ငါ့ကြီးတော်အိမ်မှာ သွားနေပါလား၊ သူ
က ရန်ကုန်မှာနေတယ် သူဌေးတွေပဲ၊ ဒါပေမယ့် သူယော



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားတော့ ဘာမှမလုပ်တတ်မကိုင်တတ်ဖြစ်ပြီး ရှိတဲ့ပစ္စည်း ထုရောင်းစားနေရတာ၊ ငါ့ကိုတောင် လာနေဖို့ခေါ်တာ ငါကလည်း သိတဲ့အတိုင်း ဒီမြို့ကခွာနိုင်တာမဟုတ်တော့ နင်ပဲသွားလိုက်ပါ။ နင် ဝပ်ရှော့လုပ်ငန်းလည်း နားလည်တော့. . ဘကြီးထားခဲ့တဲ့ ဝပ်ရှော့ကို နင်ကြီးကြပ်သွားနိုင်လိမ့်မယ်ထင်တယ်”

တိုင်းဇော် သိပ်စဉ်းစားမနေဘဲ. . .။

“အေးလေ လူလူလည်း ဒီမြို့မှာမရှိတော့တဲ့အတူတူ ငါလည်း မနေချင်တော့ပါဘူး၊ ရန်ကုန်ဆိုတော့ ငါ့ပညာရေးနဲ့လည်း နီးစပ်တယ်. . ငါသွားမယ် နင်လိုက်ပို့ပေးမလား”

“အေး. . အဖေနဲ့ ငါလိုက်ပို့ပေးမယ်၊ ကြီးကြီးအယ်နီက အဖော်အစ်မလေ”

သို့နှင့် တိုင်းဇော်သည် ဒေါ်အယ်နီတို့အိမ်ကို ရောက်ခဲ့ပြီး ဒေါ်အယ်နီ၏ တူအဖြစ်နှင့် ပြုတ်လုလုဖြစ်သော ဝပ်ရှော့ကို ပြန်လည်ဦးစီးကာ နလံထူခဲ့လေသည်။

ဒေါ်အယ်နီ၌ သမီးတစ်ယောက်ရှိသည်။ မေမေမြင့် ဖြစ်သည်။ ဆယ်တန်းကျောင်းသူဖြစ်ပြီး တိုင်းဇော်ကပင် ညီမလေး တစ်ဦးသဖွယ် စောင့်ရှောက်ပေးခဲ့သည်။

ဒါတွေအားလုံးကို ရန်ကုန်ဆေးတက္ကသိုလ် အမှတ်တစ် ၌ ပညာလာရောက်ဆည်းပူးသော တင်လူလူဘွား သိပြီးသားဖြစ် သည်။ အလုပ်တစ်ဘက်နှင့် စက်မှုတက္ကသိုလ်တက်နေသော တိုင်းဇော်သည် အားလပ်ချိန်တွင် တင်လူလူဘွားရှိရာသို့ ဖြေ တွေ့ပြီး ချစ်သူတို့ ဒုတိယအကြိမ် ဆုံတွေ့ကြလေသည်။

“ဇော် မေမေမြင့်နဲ့ ပူးပူးကပ်ကပ် မနေနဲ့နော်”





“သွေးမတော်သားမစပ်နဲ့ ကြိုးချင်းထား ကြိုးချင်းငြိ. . အိုးချင်းထား အိုးချင်းထိဆိုတဲ့စကားက ရှေးလူကြီးတွေက မဟုတ်ဘဲနဲ့ အလကားမသတ်မှတ်ခဲ့ဘူး”

“စိတ်ချပါ. . ဇော့်ဘဝမှာ လူလူကလွဲရင် ဘယ်မိန်းမကိုမှ လူမထင်ဘူး”

“လူမထင်တော့ ဘာထင်လို့လဲ”

“နတ်သမီးလေးတွေလို့ ထင်တာပေါ့”

“သွား. . . နတ်သမီးလေးတွေ တစ်ဘက်လေးငါးရာနဲ့ သွားနေ”

တင်လူလူဘွားက တိုင်းဇော်ကို တွန်းချပြီး ခြေဆောင့် ထွက်သွားလေသည်ကို တိုင်းဇော်က ဖုတ်ဖုတ်ခါထပြီး ကမန်း ကတမ်း ပြေးလိုက်ရလေသည်။

တင်လူလူဘွား မိဘများက နယ်၌ဖြစ်သည်။ တင်လူ လူဘွားနှင့် တိုင်းဇော်ပြန်လည် မဆက်သွယ်နိုင်ဘူး၊ တိုင်းဇော်လို တစ်ကောင်းကြွက်တစ်မျက်နှာသမားအတွက်လည်း တက္ကသိုလ် ဟူသောအဆင့်နှင့် မနီးကပ်နိုင်ဟုလည်း ယူဆထားပုံရသည်။ သူ့သမီးကို စိတ်အေးလက်အေးပင် ရန်ကုန်ရှိ အမျိုးတစ်ဦးအိမ်၌ ထားကာ ကျောင်းတက်စေသည်။

ထို့ကြောင့် တိုင်းဇော်နှင့် တင်လူလူဘွားတို့ စိတ်အေး လက်အေးနှင့် အားလပ်သောအချိန်တွင် ချိန်းဆိုတွေ့နိုင်သည်။

“လူလူ နေဦးလေ၊ ဇော်ဆိုလိုတာက နတ်သမီးဆိုတာ လူက ထိလို့ကိုင်တွယ်လို့ မရဘူးလေ လူလူဆိုတာ”

“သွား နတ်သမီးဆိုတာလှတယ်၊ ငါက လူဆိုတော့ နတ်



www.burmeseclassic.com

www.burmeseclassic.com



သမီးလောက်မလှဘူး၊ ငါကလွဲရင် အားလုံးသောမိန်းမတွေက လှတယ်လို့ ဆိုလိုတာပေါ့၊ သွား. . ယူတောင်မယူသေးဘူး ချစ်သူ အဆင့်ပဲ ရှိသေးတာကို. . ."

တိုင်းဇော်က ဟက်ဟက်ပက်ပက် ရယ်မောကာ နှုတ်ခမ်းစူနေသောချစ်သူကို ကျီစယ်နေခြင်းဖြစ်သည်။

"အလကားပါ လူလူရယ်၊ လူလူကလွဲရင် ဖွံ့နဲ့ဆန်ကွဲကြီးပဲ၊ ကဲပါအချစ်ရယ် ဇော်ကကျီစားတာကို ချော့ရတာနဲ့ အချိန်ကုန်နေလို့မဖြစ်ဘူး၊ လူလူဘယ်သွားချင်လဲပြော"

"အိမ်ပြန်ရမယ်ကိုယ်တော် ဒီနေ့မေမေတို့ ရောက်မယ်တဲ့"

"ဟုတ်လား ဒီလိုဆိုရင် လမ်းထိပ်ကနေ ပြန်လှည့်ရတော့မှာပေါ့နော်"

"ဒါပေါ့"

"စိတ်ပျက်ပါတယ်၊ အရင်တစ်ခါကလို ဆိုင်ကယ်နဲ့ နိုးပြေးလိုက်တာ အေးပါတယ်"

"ဘာလုပ်ကျွေးမှာလဲ"

"ဝပ်ရှော့တစ်ခုလုံး ပိုင်နေမှတော့ကွာ ကြီးကြီးကိုတောင်ပြောထားသေးတယ်၊ ကြီးကြီးက အချိန်မရွေးခိုးလာခဲ့တဲ့"

"တကယ်လား"

"တကယ်ပေါ့ သစ်သစ်က အကုန်ဖောက်သည်ချသွားပြီးပြီလေ"

တင်လူလူဘွားက သူ့ရင်ဘတ်ကလေးကို သူ့ဖိကာ သက်ပြင်းလေးချလိုက်ပြီး. . .





"တော်သေးတာပေါ့ဇော်ရယ် လူလူက ဇော်နဲ့မေမေမြင့်ကို စိတ်မချဖြစ်နေတာ"

"စိတ်ချ ဒီကောင်မလေးလည်း မခေဘူး ရည်းစားနဲ့ဗျ"

"ဟုတ်လား ဒါထက်သူ ဆယ်တန်းအောင်သွားပြီးနော်"

"အင်း. . နောင်နှစ်တက္ကသိုလ်တက်ရမယ် ထင်တယ်၊ မေဂျာရိုးရိုးပဲ ရမှာပါ၊ အမှတ်မှမကောင်းဘဲ ကြီးကြီးကတော့ ဝမ်းသာနေရှာတယ်"

တိုင်းဇော်သည် ရိုးသားသော ဒေါ်အယ်နီကိုတော့ မမြင်လိုက်ရသော မိခင်ကိုယ်စား ရိုးသားစွာဖြင့် ကျေးဇူးပြုနေသည်။ သူတို့၏စီးပွားရေးကို မိမိ၏စီးပွားရေးကဲ့သို့ပင် ကြိုးစားလုပ်ကိုင်ပေးခဲ့သဖြင့် ဒေါ်အယ်နီတို့ စီးပွားရေးသည် သူ၏ခင်ပွန်းရှိစဉ်ကကဲ့သို့ပင် ခေါင်းထောင်လာနိုင်ခဲ့သဖြင့်. . .

တိုင်းဇော်ကျောင်းတတ်ရန်ပင် ကားတစ်စီးပေးထားနိုင်လေသည်။

"အင်း ဘာပဲဖြစ်ဖြစ်၊ လူလူတော့ စိုးရိမ်တယ် ဇော်ရယ်၊ ဇော့်လို လုပ်ရည်ကိုင်ရည်ရှိတဲ့ လူပျိုကို ဘယ်သမီးရှင်မဆို သားမက်မတော်ချင်ပဲ နေပါ့မလား"

"နေပါတယ် ဦးအောင်ဘွားလိုလူမျိုးက မိမရှိဖမရှိ အုတ်ကြားမြက်ပေါက်လိုကောင်းမျိုးကို သားမက်မတော်ချင်ဘူး"

"တော်ပါတော့ဇော်ရယ် မပြောပါနဲ့တော့"

တင်လူလူဘွားက တိုင်းဇော်၏နှုတ်ခမ်းကို သူ၏ ဖြူသွယ်ပျော့ပြောင်းသော ဖော့ဖယောင်း အသွင်သဏ္ဌာန်လက်ချောင်းကလေးများဖြင့် အုပ်မိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းဇော်က ဘေးဘီကိုကြည့်ကာ တင်လူလူဘွား၏ လက်များကို အသာယူ နမ်းရှုံ့လိုက်သည်။


"ကြည့်စမ်း ကဲလိုက်တာ၊ သွား သူများတွေမြင်ကုန်မယ်"

တင်လူလူဘွားက လက်ကိုအုပ်သိမ်းပြီး ဒေါသမပါသော ပြုံးစူမှုလေးဖြင့် မာန်ခဲပြီး မျက်စောင်းထိုးလိုက်သည်။ တိုင်းဇော်က မချိုမချဉ်ပြုံးကာ ကားတံခါးကို ဆွဲဖွင့်ပေးလိုက်သည်။

ထိုနေ့က တင်လူလူဘွားနှင့် နောက်ဆုံးတွေ့ဆုံခဲ့ခြင်း ဖြစ်လိမ့်မည်ဟု တိုင်းဇော် လုံးဝမထင်မှတ်ခဲ့ပါချေ။







# အခန်း(၁၇)

ညကြီးမင်းကြီး တယ်လီဖုန်းခေါ်သံ ထွက်ပေါ်မြည်ဟည်းလာသဖြင့် တိုင်းဇော် အပြေးအလွှားကိုင်လိုက်သည်။

"ဟဲလို"

"ဇော်လား. . လူလူပါ ဇော်၊ မနေ့က မေမေတို့ရောက်လာတာ အကောင်းမဟုတ်ဘူး ဇော်နဲ့လူလူတို့ သတင်းကိုကြားပြီး ဒေါ်လေးယောကျ်ားရဲ့တူနဲ့ စေ့စပ်ပေးမလို့တဲ့၊ မနက်ဖြန်ညနေ စေ့စပ်ပြီး အားချင်းလက်ထပ်ပေးတော့မှာ"

www.burmeseclassic.com

ရေပက်မဝင်အောင် ကရားရေလွှတ်သလို တတွတ် တွတ်ပြောနေသော တင်လူလူ့အား စကားကြောင့် . . တိုင်းဇော် တုန်လှုပ်သွားလေသည်။

"ဟုတ်လား ဒီလိုဆိုအခု ဇော်လာခေါ်ရမလား"

"မဖြစ်ဘူးဇော် . . အားလုံးက စောင့်ကြည့်နေကြတယ် လူလူ့ကိုလည်း အပြင်ထွက်ခွင့်ပေးမှာမဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ ခုဖုန်းဆက်တာကကော"

"ဘယ်သူမှမသိဘူး အိပ်ကုန်ကြပြီ၊ ဒါကြောင့် ခိုးဆက် တာ ခြံထဲမှာတော့ ညစောင့်နှစ်ယောက်စလုံးမအိပ်ဘဲ လှည့်ပတ် စောင့်နေတယ်"

"ဒီလိုဆို ဘယ်လိုလုပ်ကြမလဲလူလူ၊ ဇော်ကအခုလာခဲ့ ပြီး အဲဒီညစောင့်နှစ်ယောက်ကို သိပ်လိုက်ရမလား"

"ဟာ . . မလုပ်နဲ့၊ ပြဿနာတွေ အလိုလိုကြီးထွားလာ လိမ့်မယ် ဇော်သေသေချာချာနားထောင် မနက်ဖြန်ဗိုလ်ချုပ်ဈေး မှာ မောင်မောင်ဇင်နဲ့ စေစပ်လက်စွပ်သွားဝယ်မယ်၊ အဲဒါအက်ဖ် အမ်အိုင်ရှေ့မှာ ဇော့်ကားရပ်ထား"

"ဘယ်နှစ်နာရီနဲ့ ဘယ်နှစ်နာရီကြားလဲ"

"ဆယ်နာရီသွားမယ်ဆိုတော့ ဆယ်နာရီကနေ စစောင့် နေ အခြေအနေပေးတာနဲ့ ထွက်ခဲ့မယ်"

"အိုကေ ယောက္ခမကြီးတွေကို ကျေးဇူးတင်လိုက်တာ . . သူတို့စိတ်မချလေလေ ဇော်နဲ့ အမြန်ဆုံးယူဘို့ နီးစပ်လေလေ ပဲ"

"အရေးထဲ အပြောင်အပြက် ပြောနေသေးတယ်၊ ဒါ





နော် လူလူပြောတာတွေ မှတ်မိတယ်မှတ်လား"

"မှတ်မိပါတယ် ကိုးနာရီခွဲမှာ ဓါတ်ဆီအပြည့်ထည့်ပြီး အက်ဖ်အမ်အိုင်ရှေ့မှာ ဇော်စောင့်နေမယ်၊ ဒီတစ်ခါတော့ . . တကယ်အိုရတော့မှာပေါ့နော် လူလူ"

"ဇော်နော် . . ဒါပဲ . . ဒါပဲ"

တစ်ဖက်မှ တယ်လီဖုန်းချသွားသည်။ တိုင်းဇော်စိတ် လှုပ်ရှားပြီး ကျွန်ရစ်ခဲ့လေသည်။ တယ်လီဖုန်းကို အသာချလိုက် ပြီး အိပ်ရာဝင်ခဲ့သည်။ နာရီလှမ်းကြည့်လိုက်တော့ ညဉ့်သန်းခေါင် ယံကိုပင် လွန်မြောက်၍ နံနက်တစ်နာရီသုံးဆယ်မိနစ် ဖြစ်နေ သည်။ ယနေ့မှ တိုက်တိုက်ဆိုင်ဆိုင် မိမိကဒီအချိန်ထိ အိပ်ရာ ဝင်သေးဘဲ ကျူတိုရီရယ်အတွက် ပြင်ဆင်နေမိသည်။ ထို့ကြောင့် တယ်လီဖုန်းကို ချက်ခင်းကိုင်နိုင်ခြင်းဖြစ်သည်။

မြှာနတ်မောင်သည် မိမိတို့နှစ်ဦးဘက်မှ အလေးသာ စွာ ရပ်တည်ပေးနေသည် ထင်ပါရဲ့။


တိုင်းဇော် တောင်တွေးမြောက်တွေးနှင့် အိပ်မပျော်နိုင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

"သား. . သား. . မောင်ဇော်လုပ်ပါဦးကွယ်၊ ကိုယ့်...
တော့နည်းတော့မယ် ထင်ပါရဲ့"

စေ့ထားသော အိပ်ခန်းတံခါးကိုတွန်းဖွင့်ပြီး ဝင်ရော...
လာသူ ဒေါ်အယ်နီ၏ ပြူးပြူးပြာပြာ ထိတ်လန့်တကြားအော...
ကြောင့် တိုင်းဇော်လန့်နိုးသွားခဲ့သည်။

"ဟင်"

"မြန်မြန်လာပါဦးသားရယ်"





"မင်းညီမ ခေါ်လို့လဲမရတော့ဘူး"

"ဘယ်မှာလဲ"

"သူ့အခန်းထဲမှာ"

တိုင်းဇော် ညကစိတ်ကူးယဉ်လက်ထပ်ပွဲလေး ကျင်းပ
နေသဖြင့် နံနက်မိုးလင်းကာနီးမှ အိပ်ပျော်သွားခဲ့သည်ဖြစ်ရာ
အိပ်ချင်မူးတူးနှင့် အိပ်ခန်းတွင်းမှပြေးထွက်ပြီး အပေါ်ထပ်သို့ပြေး
တက်ခဲ့သည်။

မေမေမြင့်အခန်းရောက်တော့ အေးစက်နေသော မေ
မေမြင့်ကို ခုတင်ပေါ်တွင် ကန့်လတ်ဖြတ်လဲနေသည်ကို တွေ့ရ
သည်။ အိပ်ဆေးပုလင်းလွတ်တစ်လုံးက ကြမ်းပြင်ပေါ်တွင်ပွင့်
လျက် စုတ်ပြဲနေသော စာရွက်များကလည်း ကြမ်းပြင်ပေါ်ပြန့်
ကျဲလျက်. . .

"ဟင်"

သွေးခုန်နှုန်းကို စမ်းသပ်ကြည့်လိုက်ပြီး. . .

"ကား. . ကားထုတ်. . "

မထွေးစျေးသွားတယ်။ တိုင်းဇော် အချိန်ဆိုင်းမနေဘဲ
မေမေမြင့်ကို ပွေ့ချီကာ. .

"ကြီးကြီးပိုက်ဆံအိတ်ယူခဲ့ ကားတံခါးသွားဖွင့်ထားပေး"

"အေး. . အေး. . "

ဒေါ်အယ်နီလည်း ပိုက်ဆံအိတ်ဆွဲယူကာ ကားသော့ယူ
၍ ဂိုဒေါင်ဘက်သို့ အပြေးအလွှားသွားလေသည်။

တိုင်းဇော်က မေမေမြင့်ကို ပခုံးပေါ်၌ မှောက်ခုန်တင်
ထမ်းလိုက်သည်။ သူဦးနှောက်ထဲဝင်လာသော လျှပ်တပြက်



www.burmeseclassic.com

www.burmeseclassic.com



အသိကြောင့် နာရီကိုလှမ်းကြည့်လိုက်သောအခါ. . .

"ကိုးနာရီထိုးရန် ဆယ်မိနစ်အလို"

ရင်ခုန်နှုန်း မြန်သွားသည်။

ဆေးရုံကြီးနှင့် ဗိုလ်ချုပ်ဈေးအနီးလေးပါ၊ အချိန်မီနိုင်ပါ သည်။ ဆေးရုံကြီးအရှေ့ပေါ် ဌာနသို့ ကားကိုမောင်းခဲ့လေသည်။

"ဘယ်လိုဖြစ်တာလဲကြီးကြီး"

"မပြောချင်ပါဘူး သားရယ်၊ မင်းညီမ သိပ်မိုက်တယ်"

တိုင်းဇော်ရင်ထဲ၌ မီးတောက်နေလေပြီ တပူပေါ် နှစ် ဆင့်ခြင်းခံနေရသည်။

"အခြေအမြစ်မရှိတဲ့လူတစ်ယောက်နဲ့ ကြီးကြီးသဘော မတူတာကို မကျေမနပ်ဖြစ်ပြီး ကြီးကြီးမသိအောင် တရားရုံးတ ခုမှာ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး လက်ထပ်ထား တယ်လေ၊ ခုမှ ဗူးပေါ်သလို ပေါ်လာတာ"

တိုင်းဇော် ခေါင်းနားပန်းကြီးသွားသည်။ မေမေမြင့်အ လည်း မိုက်လိုက်တဲ့မိန်းကလေးရယ်ဟု ရင်ထုမနာ စိတ်တွင်း ပြောဆိုလိုက်မိသည်။ တဆက်တည်း ချစ်သူလူလူကို သတိရ သည်။ သူစောင့်နေရှာတော့မည်။ မိမိဘာလုပ်ရမည်နည်း။

"ရှေးလူကြီးတွေစကား တယ်မှန်တယ် သားသမီးယုံ လုံးကန်းတော့တာပဲ၊ ခုတော့ တိတ်တဆိတ် လက်ထပ်ထားတဲ့ ယောက်ျားက ဖားကန့်မှာ သူဌေးဖြစ် သွားကြတာ အဆက် သွယ်မရ၊ ကိုယ်ဝန်ကလည်း ရှိပြီးဆိုတော့"

"ဗျာ"

တိုင်းဇော်ခေါင်း မိုးကြိုးအပစ်ခံရသည့်နှယ် ဖြစ်သွ





သည်။ ယခုမှ တကယ့်ပြဿနာပင်။ မိမိ၏ ပြဿနာကို တဒင်္ဂမေ့ လျော့သွားသည်။

"ဒါဖြင့် မေလေးခင်ပွန်းကို အမြန်ဆုံး အကြောင်းကြား မှပေါ့. ."

မိမိကျေးဇူးရှင်၏ အရေးအခင်းသည် မိမိ၏အရေးအ ခင်းသာဖြစ်သည်။ တတ်နိုင်သမျှကူညီရန် ဆုံးဖြတ်လိုက်သည်။

"အင်းလေ. . ဒါပဲရှိတော့တာပေါ့ အမိုက်မက အမေ မသိအောင် လုပ်ထားတဲ့ကိစ္စဆိုတော့ အမေ့ကို ရင်မဆိုင်ရဲဘဲ သူ့အကောင် သစ္စာဖောက်သွားပြီးထင်ပြီး စာချုပ်စာတမ်းတွေ ဆုတ်ဖြဲပြီး ဒေါက်တာက သူ့ရောဂါအရပေးထားတဲ့ အိပ်ဆေးကို အလွန်အကျွံသောက်လိုက်တာ ထင်ပါရဲ့"

"ခေါင်းအေးအေးထားပြီး စီစဉ်ပေးတာပေါ့ ကြီးကြီးရယ် သူတို့လူငယ်ချင်း မေတ္တာကလည်းရှိပြီးသားလည်းဖြစ် လက်ထပ် ပြီးနေတော့ ကောင်လေးကို ပြန်ခေါ်ပြီး ဧည့်ခံပွဲလုပ်ပေးလိုက်ကြ တာပေါ့ ကြီးကြီးရယ်"

"အင်း. . ဒါပဲရှိတော့တာပေါ့ ဘုရားသိကြားမလို့ သမီး ကလေး ဘာမှမဖြစ်ပါစေနဲ့"

ဒေါ်အယ်နီမှ သမီး၏မိုက်မဲသမျှကို ခွင့်လွှတ်လိုက်ပြီး သမီးဇောဖြင့် မျက်ရည်ကျကာ ဆုတောင်းနေရှာသည်။

တိုင်းဇော်သည် ဒေါ်အယ်နီ့အပေါ် ကရုဏာသက်ကာ ဖြေသိမ့်မှုကို တတ်နိုင်သမျှပေးပြီး. . .

နာရီကြည့်လိုက်တော့ ဆယ်နာရီထိုးပြီးနေပြီ။

ခွဲဖို့ငါးမိနစ်အလို မီနိုင်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"စောင့်နေပါ မကြာခင်အခြေအနေ သိရမှာပါ" ဟု သူ
နာပြုဆရာမတစ်ဦးက ပြောသောအခါမှ အရေးပေါ်ခန်း အပြင်
ခုံတန်းလျားလေး၌ ဒေါ်အယ်နီကို နေရာချထားပေးပြီး. . .

"ကြီးကြီးစောင့်နေပါ၊ ကျွန်တော် ခဏအပြင်သွားလိုက်
ဦးမယ်"

"ဘာသွားလုပ်မလို့လဲ သား"

ခုလိုအခြေအနေမျိုး၌ တိုင်းဇော် အမှန်အတိုင်း ပြောမ
ထွက်ချေ။

"အိမ်ကို ဖုန်းသွားဆက်ပြီး ဒေါ်ထွေးတို့ကို ယူလာစရာ
ရှိတာတွေ လာပို့ခိုင်းမလို့ပါ"

"အေးအေးမြန်မြန်နော်သား"

ဒေါ်အယ်နီ အဘယ်မျှအားငယ်ကာ သောကရောက်
နေမည်ကိုတိုင်းဇော်သိရှိနေသဖြင့် စိတ်မကောင်းနိုင်ပါ။ သို့သော်
တစ်ဖက်မှာကလည်း အသက်တမျှချစ်ရသူက ရှိသေးသည်။

ဖြစ်ချင်ရာဖြစ် လူလူကိုသွားခေါ်ကာ လုံခြုံသော တစ်
နေရာပို့ထားပြီးမှ မေမေမြင့်ကိစ္စကို ဆက်စီစဉ်မည်။ ဆေးရုံကြီး
နှင့် ဗိုလ်ချုပ်အောင်ဆန်းဈေးကို ကူးရသည်။ နီးနီးလေးဖြစ်သော်
လည်း မီးပွိုင့်မှာ နှစ်ကြိမ်မိသေးသည်ဖြစ်ရာ. . .

ကားရပ်ရန်နေရာလွတ်ရှာပြီး ထိုးရပ်လိုက်ရသည်။ နာရီ
ကိုကြည့်တော့ ဆယ်တစ်နာရီထိုးရန် ခုနစ်မိနစ်လိုသေးသည်။
မိမိနောက်မကျနိုင်ပါ။ သူမက အိမ်ကဆယ်နာရီမှ ထွက်မည်ဆို
တော့ အက်ဖ်အမ်အိုင်အတွင်းဝင်ကာ တယ်လီဖုန်းဆက်ရင်း မိမိ
ကားထားရာကိုပါ မျက်ခြေမပြတ်ကြည့်နေလိုက်သည်။





"ဒေါ်ထွေးလား ကျွန်တော်တိုင်းဇော်ပါ မေမေမြင့်အ
တွက် အဝတ်အစားသုံးလေးစုံနဲ့ ခေါင်းအုံး၊ ရေဘူး၊ လူနာအတွက်
လိုအပ်မယ့် အသုံးအဆောင်တွေယူပြီး ဒရိုက်ဘာနဲ့ မိသေးကို
လွှတ်လိုက်၊ အရေးပေါ်ဆောင်မှာ မေမေမြင့်နာမည်မေးပြီး ရ
အောင်သွား. . ကြီးကြီးရှိနေလိမ့်မယ်၊ မှတ်မိတယ်နော်. . အင်း
သွေးအားနည်းပြီး နှလုံးရောဂါ ပြန်ထလို့ပါ၊ ဒါပဲ. . ဒါပဲ. ."

မေမေမြင့်အတွက် အကောင်းဆုံးအခြေအနေ ဖြစ်
အောင်ကလည်း ဖုံးဖုံးဖိဖိ ပြောဆိုရသေးသည်။ အရှက်အ
ကြောက်နှင့် လူလုပ်သော မြန်မာအမျိုးသမီးများအတွက် ဂုဏ်
သိက္ခာသည် အဘယ်မျှအရေးကြီးကြောင်း မေမေမြင့် ကျန်းမာ
လာလျှင်တော့ ဆုံးမစကားပြောရဦးမည်။

တိုင်းဇော် ကားထဲဝင်ထိုင်ကာ တင်လူလူဘွား ဘွားခနဲ
ရောက်လာမည့်အချိန်ကို ရင်ခုန်စွာမျှော်လင့်စောင့်ဆိုင်းနေမိ
သည်။

နာရီစက္ကန့်တံ ရွေ့လျားမှုမှသည် မိနစ်တံရွေ့လျားမှု
သိသာသွားရာမှ နာရီလက်တံ ရွေ့လျားမှုပါ သိသာလာရာ. . .
တစ်နာရီထိုးသွားလေပြီ။

တိုင်းဇော် တယ်လီဖုန်း ထပ်မံဆက်လိုက်သည်။

ကိုင်မည့်သူ မရှိခြင်းလား။ လိုင်းဖြတ်ထားခြင်းလားမသိ။

ဆေးရုံသို့ တစ်ခေါက်ပြေးလိုက်သည်။

မေမေမြင့် အခြေအနေဆိုးရွားခြင်းမှ လွန်မြောက်လာပြီ
ဟုသိလိုက်ရသည်။

"သားဘယ်သွားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကားပျက်နေလို့ပါကြီးကြီး၊ ကျွန်တော်မျက်နှာတောင်မသစ်ရသေးဘူး အိမ်ပြန် ရေမိုးချိုးပြီးမှ ညနေဘက် တစ်ခေါက်လာမယ်၊ ကြီးကြီးကော ထမင်းစားပြီးပြီးလား"

"ပြီးပါပြီ မိသေးတို့ယူလာတယ်"

"နှာ့စ်တွေဘာတွေ ငှားဖို့စီစဉ်လိုက်ပါလား ကြီးကြီး"

"အေးအေး သားသွားလေ၊ ကြီးကြီးပဲ စီစဉ်လိုက်ပါ့မယ်"

တိုင်းဇော်သည် စိတ်မချသော်လည်း ပြန်ခဲ့သည်။ အခုအချိန်မှာ တစ်ကိုယ်ကောင်းဆန်သည်ပြောပြော ချစ်သူနှင့် တွေ့ဖို့ကအရေးကြီးနေသည်။

တင်လူလူဘွားနေထိုင်ရာ ရွှေတောင်ကြားရှိ သူမ၏အဒေါ် အိမ်သို့ ဦးတည်လိုက်သည်။

ခြံစောင့်က တံခါးဖွင့်မပေးပဲ အတွင်းမှနေ၍. .

"ဘယ်သူနဲ့တွေ့ချင်လို့လဲ"

"တင်လူလူဘွား"

"မရှိဘူး၊ စောစောကပဲ တရားရုံးမှာ လက်ထပ်ဖို့သွားတယ်"

"ဘယ်အချိန်ကလဲ"

"ကိုးနာရီကတည်းက ထွက်သွားကြတာပဲ မနတ်စာကို ဘယ်ဟိုတယ်ဆိုလားပဲ အဲဒီမှာ စားကြလိမ့်မယ်"

တိုင်းဇော်မယုံကြည် နားကြားများလွဲနေသလားဟု ထင်ကာ. . .

"ဘယ်သူလက်ထပ်တာလဲ"

"ဟောဗျာ ခင်ဗျားမေးတဲ့ တင်လူလူဘွားလေ ဒီအိမ်ရှင်





ဒေါ်သူမလေဗျာ၊ ဒီတစ်ယောက်တည်း အပျိုရှိတာ"

"ဘယ်သူနဲ့လဲ"

"သဘောသားတစ်ယောက်ပဲဗျာ၊ ဒီအိမ်ကို ဝင်ထွက်နေတာပဲ"

တိုင်းဇော်'တောက်'တစ်ချက်ခေါက်ကာ လှည့်ထွက်ခဲ့သည်။

အမှားအယွင်း တစ်ခုတော့တစ်ခုပါပဲ နားမလည်နိုင်အောင် ဖြစ်ရသည်။

နောက်နေ့ကျောင်းသို့လိုက်သွားတော့လည်း တင်လူလူဘွားကို မတွေ့ရဘဲ. . လက်ထပ်ပြီး ဟန်းနီးမွန်းထွက်သွားသည်ဟူသာ သိလိုက်ရသည်။ နောက်နေ့သတင်းစာတွင် လက်ထပ်ပြီးကြောင်း ပါလာသည်။

မေမေမြင့် ကိစ္စရှိနေသဖြင့် မိမိနှလုံးသားပြဿနာကို ဖြေရှင်းခွင့်မသာဘဲ ဖားကန့်သို့လိုက်ကာ စုံစမ်းသောအခါ၌လည်း မေမေမြင့်အမျိုးသားကို ရှာဖွေ၍မတွေ့ သတင်းအစအနလည်း ရေချေ။ ထိုအခါ တိုင်းဇော်သည် ကျေးဇူးတရားကို နှလုံးသားဖြင့် ပေးဆပ်လဲလှယ်လိုက်သည်။ မေမေမြင့်ကို လူသိရှင်ကြား လက်ထပ်ယူခဲ့လေသည်။

သို့သော် ယခင်ကကဲ့သို့ နှမသဖွယ် စောင့်ရှောက်ခဲ့သည်။ သူများအမြင်တွင်တော့ လင်မယားသဖွယ်ရှိသည်။

မည်သို့ဆိုစေ တိုင်းဇော်သည် မေမေမြင့်ကို အထူးဂရုစိုက်ခဲ့သည်။ မေမေမြင့်ဝမ်းတွင်းမှ ကလေးအနာဂတ်အတွက် မိမိကိုယ်မိမိ ဖခင်တစ်ဦးသဖွယ်ပင် စောင့်ရှောက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မေမေမြင့်မီးဖွားပြီး အခြေအနေမကောင်းဘူးဆိုကာ သူနှင့်ဒေါ်အယ်နီကို ဆရာဝန်များက လူနာနှင့် တွေ့ခွင့်ပေးသော အခါ. . .

"အ. . အစ်ကို သမီးလေးကိုစောင့်ရှောက် "


ဟုသာ ဆုံးအောင်မမှာနိုင်ရှာဘဲ အသက်ပျောက်သွားခဲ့လေသည်။

ဒေါ်အယ်နီကို အမေနေရာထား မေမေမြင့်သမီးလေးကို မိမိသမီးရင်းချာကဲ့သို့ မှတ်ယူကာ စောင့်ရှောက်ခဲ့သည်မှာ ယနေ့ထိပင်. . ။

မိမိတစ်သက် မေကဆုန်ဟာ မိမိသမီးမဟုတ်ပါဘူးဟု မည်သူ့မှမသိစေရဟု သံဓိဋ္ဌာန်ချခဲ့ပါသည်။

သို့သော်. . .





www.burmeseclassic.com





# အခန်း(၁၉)

ဦးတိုင်းဇော် စကားဆုံးတော့ ဒေါ်တင်လှလှဘွားရင် ဝယ် တသိမ့်သိမ့်ခုန်လာသည်။

"တကယ်လို့ ကျွန်မဟာ မောင်မောင်ဇင်နဲ့ လက်ထပ် မဖြစ်သေးဘဲ ရှင့်ဆီကို ရောက်လာတယ်ဆိုရင်ကော. . ရှင် မေ မေမြင့်ပြဿနာ ဘယ်လိုရှင်းပေးမလဲ"

"ဇော့်ကို စိတ်ကူးယဉ်ဆန်တယ်ပဲပြောပြော. . ဇော် လှ လှကိုပဲ လက်ထပ်မယ်၊ ပြီးတော့. . လှလှကို ဟန်ဆောင်ကိုယ်





ဟန်ဆောင်ခိုင်းပြီး မေမေမြင့် မီးဖွားချိန်ရောက်တော့ တစ်နေရာ သွားမွေးလာတော့ လှလှနဲ့ ဇော့်ကလေး လုပ်ပစ်လိုက်မှာပေါ့။ မဟုတ်ဘူးလား၊ ဒီအကြောင်းတွေ လှလှကို တိုင်ပင်မလို့ ကိုယ် လာခဲ့ပါတယ်၊ အခြေအနေအရ မလွှဲသာမရှောင်သာလို့ နောက် ကျသွားခဲ့တာကို လှလှက စိမ်းကားလွန်းတယ် လှလှလက်ထပ် ပြီးမှ ကိုယ်မေမေမြင့်ကို ဟန်ဆောင်လက်ထပ်ခဲ့ပြီး ညီမလေးတစ် ဦးလို စောင့်ရှောက်ခဲ့ပါတယ်၊ ဒါ ဇော်ရဲ့သစ္စာတရားပါ လှလှ"

"ကျွန်မ အပေါင်းတွေအသစ်မဖြစ်ချင်တော့ဘူး ဇော်၊ ကျွန်မရဲ့ မစူးစမ်းမဆင်ခြင်မှုကြောင့် ကျွန်မပဲ ဒုက္ခရောက်ခဲ့ရ တယ်"

"ဘာဖြစ်လို့လဲ လှလှ"

"ဆယ်နာရီတိတိမှာ ချိန်းထားတဲ့နေရာကို ကျွန်မရောက် ခဲ့တယ် ရှင့်ကားကိုမတွေ့ဘူး၊ သိပ်မကြာလိုက်ဘူး မောင်မောင် ဇင်က ကျွန်မကိုလိုက်ရှာနေတာတွေ့လို့ ကျွန်မအငှားကားနဲ့ ရှင် တို့အိမ်ကို လိုက်ခဲ့တယ်"

"ဇော် ဆေးရုံသွားနေတဲ့အချိန်ပေါ့"

"ဇော် ဆေးရုံသွားတယ်လို့မသိဘူး ဇော်တို့အိမ်က အ ဒေါ်ကြီးတစ်ယောက်နဲ့တွေ့လို့ သူက ရှင်တို့ဆေးခန်းသွားတာ ဖြစ်မှာပေါ့ မေမေမြင့်က ညကခေါင်းနည်းနည်းမူးတယ်လို့ ပြော နေတာကြားမိတယ်လို့ ပေါ့ပေါ့ပြောတယ်"

"ဒေါ်ထွေးချေးသွားနေလို့ အကြောင်းစုံမသိသေးတဲ့အ ချိန် ဖြစ်ပါလိမ့်မယ်"

"ဒါတွေ ကျွန်မ မတွေးနိုင်ပါဘူး၊ အငှားကားနဲ့ချိန်းထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့နေရာတစ်ခေါက်ပြန်ရောက်တယ် ရှင့်ကိုမတွေ့ဘူး၊ ဒါနဲ့ပဲ အိမ်ကိုပြန်သွားတော့ လူကြီးတွေက စိတ်မချဖြစ်ပြီး ကျွန်မနဲ့ မောင်မောင်ဇင်ကို ရုံးမှာတစ်ခါတည်း လက်ထပ်ပေးဖို့ ဆုံးဖြတ်ပြီး စီစဉ်တာကို ကျွန်မရှင့်ကို နာကျည်းစိတ်နဲ့ လက်ခံလိုက်တာပဲ"

"အချစ်ကြီးလို့ အမျက်ကြီးသွားတာလား လူလူ"

ဦးတိုင်းဇော်က ဒေါ်တင်လူလူဘွားဏ်လက်ကို အသာအုပ်ကိုင်ပြီးမေးလိုက်သည်။

ဒေါ်တင်တင်လူဘွားက ရစ်ဝဲနေသော မျက်ရည်စများကို မျက်တောင်ခတ်ကာ သိမ်းဆည်းပြီး. . .

"လက်ထပ်ပြီးမှ မှားမှန်းသိရတယ်"

"ဘာဖြစ်လို့လဲ"

"အချစ်မပါဘဲ တည်ဆောက်ခဲ့တဲ့ အိမ်ထောင်ရေးဟာ ဘယ်သာယာမလဲ၊ အရက်သောက်ပြီး ရှင့်နဲ့ရည်းစားဖြစ်ခဲ့တာကိုပဲ အမြဲသမုတ်တယ်. . ဝန်တိုတယ်၊ အဆိုးရွားဆုံးက သားနှစ်ယောက်ကိုတောင် သူနဲ့ရတဲ့ကလေးမှ ဟုတ်ရဲ့လားဆိုတဲ့ သံသယပဲ၊ ဒီသံသယကို ဘယ်လိုဖြေရှင်းချက်ပေးပေး မရဘူး၊ ကျွန်မကလည်း သူဘာပဲပြောပြော သားနှစ်ယောက်နဲ့ ပညာရေးကို ပြီးဆုံးတိုင်အောင်တက်ပြီး ဆရာဝန်ဖြစ်အောင် လုပ်ခဲ့တယ်၊ သားတို့ငါးနှစ်မှာပဲ ဂျပန်မှာပဲ အသည်းရောဂါနဲ့ ဆေးကုနေတဲ့ကြားက အရက်ထပ်သောက်လို့ ဆုံးသွားတယ်"

"ဇော် ဝမ်းနည်းပါတယ် လူလူ၊ ဇော့်ကြောင့် လူလူ ဒုက္ခတွေ ခါးစည်းခံခဲ့ရတယ်"

"ကံကြမ္မာပေးတဲ့ အခြေအနေလို့ပဲ လူလူနားလည်ပါပြီ





ဇော်"

"ဒါဖြင့် ဇော်တို့ လက်ထပ်ကြရအောင်လား၊ လူလူ တတိယမို့ မဝေးကွာပါရစေနဲ့တော့"

ဦးတိုင်းဇော်က သူမ၏ကြာစုံကြာဖူး လက်ဖျားလေးကို ဆုပ်ကိုင်ကာ သူ့မေးနှင့်ပွတ်တိုက်ပြီး ချစ်ရည်ရွှမ်းလက်စွာ ကြည့်ပြီးပြောလိုက်လေသည်။

ဒေါ်တင်လူလူဘွားက ကြင်နာသောအပြုံးဖြင့် ဦးတိုင်းဇော်ကို တုန့်ပြန်ကြည့်ကာ. . .

"လူလူအလိုလားဆုံးဖြစ်ခဲ့တဲ့ ဆန္ဒပါ၊ ဒါပေမယ့် ဇော်တော လူလူဟာ လွတ်လပ်သူတွေ မဟုတ်ကြဘူးလေ"

"ဟင်. . . ဘာလို့မဟုတ်ရမှာလဲ၊ လူလူလည်း မုဆိုးမ၊ ဇော်လည်း မုဆိုးဖိုပဲ"

"ဒါကိုပြောတာမဟုတ်၊ ဇော်နဲ့လူလူမှာ ငဲ့ကွက်ရမယ့် ထောက်ထားရမယ့် သမီးနဲ့သားတို့ ရှိနေတယ်လေ. . သူတို့ဟာ သိပ်နုငယ်ကြသေးတဲ့ ပန်းဖူးကလေးတွေပါ၊ မိဘရဲ့ ချစ်ခြင်းမေတ္တာ နေရောင်ခြည်က ပက်ဖြန်းပေးမှ လန်းဆန်းရမယ့် အနေအထားမှာ ရှိနေဆဲပါဇော်၊ ဒါကြောင့် သူတို့ရဲ့စိတ်ကို အနှောင့်အယှက်ဖြစ်စေမယ့် အကြောင်းအရာကို သူတို့ခေါင်းထဲ မရောက်စေချင်သေးဘူး၊ သူတို့နှလုံးသားကို မထိမှန်စေချင်ဘူး"

"ဒါဖြင့် ဇော်တို့ ဒီအတိုင်းပဲ နေကြရမှာလား"

"အခြေအနေအရပေါ့ဇော်၊ ခွဲခွာခြင်းတွေကို အကြိမ်ကြိမ် ဖြတ်ကျော်ခဲ့ပြီးမှတော့ မဆုံဆည်းနိုင်သေးခြင်းဟာ ပိုထူးကဲတော့မှာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လူလူ့အထင်ကိုး"

"ဇော် လူလူ့စကားနားထောင်ပါ။ ဖခင်နဲ့ မိခင်ဆိုတဲ့နေ ရာမှာ မိခင်ဟာဖခင်ထက်ပိုပြီး သားသမီးတွေနဲ့အနေနီးစပ်တယ် သားသမီးတွေရဲ့ အဖျှတ္တကို ဖခင်တွေထက်ပိုသိတယ် ဒါကြောင့် ဇော် လူလူကို လက်ထပ်ချင်တယ်ဆိုရင် လူလူစကားကိုတသွေ မတိမ်းနားထောင်ရမယ် ဘယ်နှယ်လဲ"

ဦးတိုင်းဇော်က ခေါင်းရမ်းကာ. . .

"ရွေးချယ်ခွင့် တစ်ခုခုတောင် မပေးတော့ဘူးလား"

"ဟင့်အင်း"

"ဒါဖြင့် လူလူ့သဘောကွာ"

"ကျေးဇူးတင်ပါတယ် ဇော် ဒီလိုလုပ်ပါ"

ဦးတိုင်းဇော်က ဒေါ်တင်လူလူဘွား ချမှတ်ပေးသော အစီအစဉ်များကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်းမှ ရင့် ကျက်တည်ငြိမ်သွားသည်မှအပ. . လှပဆဲဖြစ်သော ချစ်သူ၏ မျက်နှာလှလှလေးကို တရှိုက်မက်မက်ငေးကြည့်ရင်းမှ လေးစား စိတ်များပင် ရင်တွင်းထိုးဖောက်ဝင်ရောက်လာသည်။

သူ့နေဖြင့် ချစ်သူကို အခွင့်အခါပေးမှတော့ ပြန်လည် ပိုင်ဆိုင်ချင်သည့်စိတ် တစ်ခုပဲရှိသည်။

ဒေါ်တင်လူလူဘွားကတော့ ထိုသို့မဟုတ် သူ့သားနှစ် ဦးထက် မေကဆုန်အရေးကို ပို၍အလေးပေးထားကာ စဉ်းစား ပေးပြီး. . .

"မလွှဲသာသေးတဲ့အနေအထားမှာ ခပ်ခွာခွာပဲနေကြဦး စို့နော် ဇော်၊ အချစ်မှာ ပျိုတယ်အိုတယ်မှ မရှိဘဲ. . ခုမှဇော်နဲ့





လူလူဟာ သုံးဆယ့်ခြောက်နှစ်ပဲ ရှိသေးတာ အနာဂတ်တိုင်းစကား အရဆိုရင် လူ့ဘဝတောင် မစမှမစသေးတာ အဟင်း"

ချစ်သူ၏ဖြေသိမ့်မှုစကားလေးဖြင့် ဦးတိုင်းဇော် ကျေနပ် သိုက်လေသည်။

ဘယ်ဝင့်ကျွေးကြောင့်မှန်းမသိ သူနှင့်လူလူ၏ ချစ်ခရီး သမ်းသည် ဘယ်သောအခါမှ မဖြောင့်ဖြူးခဲ့ချေ။

တတိယအကြိမ် ခွဲခွာရဦးမည်ဆိုပါက. . .

ဦးတိုင်းဇော် သက်ပြင်းချလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

ဦးတိုင်းဇော် ပေါ်တီကိုအောက်သို့ ကားရပ်ရပ်ခြင်း
ကဆုန်က ပြေးထွက်လာကာ ကြိုလိုက်သည်။

"ဒယ့် ဘယ်သွားနေတာလဲ ဖုန်းလဲဆက်လို့မရဘူး"

"ဟုတ်တယ် ဘေဘီ၊ ကုမ္ပဏီကိစ္စ အရေးကြီးပုဂ္ဂိုလ်
ဦးနဲ့ ဒယ်ဒီသွားတွေ့နေရလို့ ခလုတ်ပိတ်ထားတာ"

"ဘွားဘွားမရှိတော့ အိမ်ကြီးဟာ ခြောက်သွေ့ပြီး





နေတတ်ဘူး ဒယ်ရာ၊ ဘွားဘွားကို အရမ်းသတိရတာပဲ"

ဦးတိုင်းဇော်က မေကဆုန်၏ပုခုံးလေးကိုဖက်ကာ အိမ်ထဲသို့ခေါ်ခဲ့ပြီး သားအဖနှစ်ယောက် ဆိုဖာဆက်တီရှည်ပေါ်၌ ယှဉ်ထိုင်လိုက်သည်။

"ဒီလိုပဲပေါ့ ဘေဘီ၊ လူတိုင်းဟာ သေခြင်းဆိုတဲ့ ပန်းတိုင်ကို အရောက်လှမ်းနေကြတာကြီးပဲ၊ ဘယ်တော့ ကိုယ့်အလှည့်ဖြစ်မယ်ဆိုတာမသိကြတာ၊ ခုကြည့် ဒယ်ဒီတို့ မိသားစုလေးယောက်မှာ ဘေဘီမာမီက ပထမဦးဆုံးထွက်ခွာသွားတယ်၊ ခု ဘွားဘွား. . နောက် ဒယ်ဒီ ဖြစ်မလား၊ ဒယ်ဒီအရင် သွားရမယ် ဒယ်ဒီသွားရရင် ဘေဘီအတွက် အသေဖြောင့်မှာ. . ."

"ဟာ. . ဒယ်ဒီကြီးကလဲ ဘာမှန်းလဲမသိဘူး၊ ဖွဖွမပြော နဲ့ဒယ်ဒီ မီးမကြားချင်တော့ဘူး"

မေကဆုန်က ဦးတိုင်းဇော်ပါးစပ်ကို လိုက်ပိတ်ပြီး ပေါင်ပေါ်တွင် ခေါင်းတင်ကာ လှဲအိပ်လိုက်သည်။

"ဒယ်"

"ဟင်"

"ဒယ်နဲ့မီးလဲ ဘွားဘွားရှာပနာနဲ့ ကောင်းကောင်းစကား မပြောရသေးဘူး အမြွာနှစ်ကောင်လည်း ငပလီသွားတာ မီးကို တောင် အသိမပေးဘူး"

"ဪ. . သူ့မိသားစုနဲ့သူသွားတာပဲ မီးသွားချင်ရင် ဘွားဘွားရက်လည်ပြီးရင် လိုက်ပို့ပေးမယ်"

"တကယ်နော် ဒယ်ဒီ"

"တကယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မီးနဲ့ဒယ် နှစ်ယောက်တည်းလား"

"နှစ်ယောက်တည်းပေါ့ ဒီကမ္ဘာလောကကြီးမှာ တို မိသားစုမှာ တို့သားအဖနှစ်ယောက်တည်းပဲ. အရင်းနှီးဆုံးသော လူသားနှစ်ယောက်ပဲကျန်ရစ်တော့တာ"

"အင်း. . ကောင်းပါတယ်၊ ဒါထက် ဒယ်ဒီ မီးအတွက် ကျူရှင်သွားအပ်တော့ ဘယ်သူနဲ့တွေ့သလဲ"

"ကလေးတွေအမေနဲ့တွေ့တယ် အိမ်ထဲထောင် ဝင်မိ ခေါ်ဘူး၊ အဘွားကြီးက ပစိပစပ်များမယ့်ပုံပဲ ဘေဘီတော့ သူ့ အိမ်သွားရင် အတော်လေးသည်းခံရမှာ စီးစီးပိုးပိုးရှိမယ့်ပုံ"

မေကဆုန်က ရယ်ချင်လာသဖြင့်. . . ဖခင်ပေါင်ပေါ် ခေါင်းထောင်ပြီး၊ ဖခင်မျက်နှာကိုကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်ချလိုက်လေသည်။

ဦးတိုင်းဇော်က ဘာမှမသိနားမလည်သောဟန်ဖြင့်. .

"ဘာရယ်တာလဲဘေဘီ၊ ဒယ်ဒီစကားမှာဘာရယ်စရာ ပါလို့လဲ"

"ဟားဟားဟား. . ရယ်စရာပေါ့ ဒယ်ဒီ၊ ဒယ်ဒီ အသက် ဘယ်လောက်ရှိပြီလဲ"

"သုံးဆယ့်ခြောက်နှစ်လေ"

"ဒယ်ဒီ အဖိုးကြီးဖြစ်ပြီလား"

"ကြုံကြုံဖန်ဖန်ဆံပင်တောင် မဖြူသေးဘူးလေ ဘေဘီ ဘေဘီပဲရှာပေးတာ တွေ့လို့လား"

"ထားပါ ဒယ်ဒီရာ အမြွာနှစ်ကောင်ရဲ့အမေက ဒယ်ဒီနဲ့ ရွယ်တူပဲ သူ့သားတွေကို ကားနဲ့ကျောင်းလာကြို/ပို့လုပ်တာ မီး





မြင်ဖူးတယ် အပျိုလေးကျနေတာပဲ သိပ်လှတာပဲ"

ဦးတိုင်းဇော်က ပုခုံးကိုတွန့်ကာ နက်တိုင်ကိုဖြုတ်ကာ ထိုင်ရာမှထလိုက်သည်။

"ဘယ်မိန်းမတွေလှလှ မလှလှ ဒယ်ဒီနဲ့ မဆိုင်ဘူးလေ၊ ဒယ်ဒီဘဝမှာ မေဆိုတဲ့ ဘေဘီအမေက အမြဲရှင်သန်နေဆဲပဲ၊ ဒယ်ဒီနားဦးမယ်ဘေဘီ ဘေဘီဘာပြောစရာရှိသေးသလဲ"

"အဲဒီအန်တီက ဒယ်ဒီလိုပဲ မုဆိုးမ"

"အေးလေ. . လူဆိုတာ သူ့အကြောင်းနဲ့သူ ရှိကြစမြဲပဲ၊ ကောင်း. . ဒယ်ဒီရေချိုးပြီး ခဏနားလိုက်မယ် ဘေဘီ ထမင်းစား ပြီလား"

"စားပြီးပြီ"

"ဒီလိုဆိုရင် ဒေါ်ထွေးကိုပြောလိုက်. . ဒယ်ဒီညရှစ်နာရီ ရောက်ရင် ထမင်းစားမယ်လို့"

"ဟုတ်"

"ဪ. . ဘေဘီ"

ဦးတိုင်းဇော်သည် ဘောင်းဘီတိုလေးနှင့် စွပ်ကျယ်ချိုင်း ပြတ်ဝတ်ထားသော မေကဆုန်အား တစ်ချက်ကြည့်လိုက်ပြီး. .

"ဘေဘီ. .၊ ဘေဘီ မငယ်တော့ဘူး၊ ဘောင်းဘီတိုနဲ့ တာဒ်တိုနဲ့ အင်္ကျီလယ်ဟိုက်နဲ့ မနေသင့်တော့ဘူး"

"ဟာ. . ဒယ်ကြီးကလဲကွာ ဘာဖြစ်သလဲ၊ မီးကဒီလို လွတ်လွတ်လပ်လပ်နေရတာ ကြိုက်တယ်"

"ကြိုက်တိုင်းမရဘူး၊ ဒီလိုနေတာ. . ဟာကွာ. . မနေရ ဘူး၊ လုံချည်အင်္ကျီ လုံလုံခြုံခြုံ ဝတ်ရမယ်. . ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုင်းဇော်သည် သမီးမိန်းကလေးနားလည်အောင် နားဝင်အောင် မည်ကဲ့သို့ပြောရမှန်းမသိတော့သဖြင့် အမိန့်ပေး ပြီး အပေါ် ထပ်သို့တက်ခဲ့လေသည်။

မေကဆုန်ကတော့. . .

"ဘာမှန်းလဲမသိဘူး အားရင် ကုန်ပစ္စည်းတွေနဲ့ ငွေတွေ ကိုပဲ ရေတွက်နေဖို့ပဲ သိတာနော်၊ ဟုတ်တယ်မှတ်လား ဒေါ်မိ သေး"


"အဟိ ဒေါ်မိသေး ဘယ်သိမှာလဲ မေကဆုန်လေးရဲ့"

"မသိနဲ့ မသိနဲ့ ဘယ်သူမှ ဘာမှမသိကြနဲ့ ကောင်းတယ်"

မေကဆုန်က ပြောပြောဆိုဆို အပြင်ဘက်ထွက်သွားပြီး ခွေးများနှင့် သွားဆော့ကစားနေလေတော့သည်။







# အခန်း(၂၁)

"ဘေဘီရေ တယ်လီဖုန်းလာတယ်"

ဒေါ်ထွေးခေါ်သံကြောင့် မေကဆုန်သည် မိသေးနှင့် အတူ ဘွားအေ၏ ဘီဒိုရှင်းလင်းနေရာမှ ပြေးဆင်းခဲ့လေရာ မိ သေးကပါ နောက်မှလိုက်လာသည်။

"ဟာ. . ဒေါ်မိသေးကလည်း ဘာဖြစ်လို့ လိုက်လာတာ လဲ ကိုယ့်ဟာကိုယ် ဆက်ရှင်းပါလားလို့"

"ဟာ မရှင်းရဲပါဘူး၊ တော်ကြာ သူ့ပစ္စည်းတွေ ခိုးတယ်



www.burmeseclassic.com

www.burmeseclassic.com

ထင်ပြီး ကျုပ်ကိုလာ ခြောက်လှန့်ရင် ဘယ်နဲ့လုပ်မလဲ”

“သူရဲဘော နည်းလိုက်တာနော် စိတ်ပျက်ပါတယ်”

မေကဆုန် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

“ဟဲလို”

“မေကဆုန်လား ငါခိုင်ဘွားပါ”

“အေး. . နင်တို့ပြန်ရောက်လာပြီးလား”

“အင်း. . ဒီနေ့ပဲရောက်တယ်၊ ယုပန်ကပြောလို့ နင့် ဘွားဘွားဆုံးသွားတာ သိရတာ”

“အင်း. . မနက်ဖြန်ရက်လည်မယ် နင်တို့အားရင်လာခဲ့ ကြပါလား”

“အားအား မအားအားလာခဲ့ပါ့မယ် ခုလည်း ဒီနေ့ငါတို့ လာမလို့ နင်ရှိပါ့မလားလို့”

“ဒီနေ့ဘာလာလုပ်မှာလဲ”

“ဩော်. . ငါတို့မေမေကပြောတယ် သူငယ်ချင်းဆိုတာ တစ်ဦးမှာ အခက်အခဲရှိရင် ကျန်လူတွေကဝိုင်းဝန်ဖြေရှင်းပေး ရမယ်တဲ့၊ ဒါကြောင့် ငါတို့နင့်မှာ ဘာအခက်အခဲရှိသလဲ လာ သတင်းမေးရင်း ဝိုင်းကူပေးမလို့ပေါ့”

“အဟတ်ဟား. . လူကြီးတွေပေါ့ ဟုတ်လား”

“မေကဆုန် နင်အဘွားသေတာတောင် ရယ်နိုင်သေး သလား”

“အဘွားသေ မြေးပျော်တဲ့လေ. . မကြားဖူးဘူးလား၊ အ ဟင်း. . အလကားစတာပါ ငါ့အဘွားဆုံးစကတော့ အရမ်းကို ခံစားရတာ၊ ဒါပေမယ့် ဒါတွေဟာ သဘာဝပဲ၊ အခု ငါဘာလုပ်





နေတယ် ထင်သလဲ”

“ဘယ်သိမှာလဲ ပြောပါဦး”

“ငါ့အဘွားအဝတ်တွေထုတ်ပြီး မရှိဆင်းရဲတဲ့သူတွေကို သွားပေးမလို့ ဘီဒိုရှင်းနေတာ”

“သာဓုဗျာ. . သာဓု”

“ဟင်း နှစ်ခွန်းတည်း ငါ့ကိုမယုံလို့လား တစ်ခွန်းချန်ထား သေးတယ်၊ ဒါဖြင့် အခုလာကြည့်ပါလား”

“နင်ဘယ်လို လှူမှာလဲ”

“ခု ဆင်းရဲနွမ်းပါးတဲ့ အမျိုးတွေရယ် လာကူတဲ့အလုပ် သမားတွေ နယ်ကရောက်လာတဲ့ အမျိုးတွေကိုပေးမလို့၊ သူတို့ ရွာမှ ဆင်းရဲတဲ့သူတွေရှိရင်လည်း ဝေငှလိုက်ပါဆိုပြီး ပစ္စယော ဘာတုလုပ်လိုက်မှာပေါ့”

“သာဓု”

“ကျန်တဲ့ တစ်ခွန်းလား”

“အင်း. . မမြင်ရပေမယ့် အပြောနဲ့ တင်လုံလောက်လို့ ခေါ်လိုက်တာ”

“လှိုင်ဘွားကော”

“ရှိတယ်”

“ဘာလုပ်နေသလဲ”

“ဘိုးဘိုးနဲ့ချက်စ်ထိုးနေတယ်”

“ဟင်. . ငါ့ကိုယုပန်ပြောတော့ လှိုင်ဘွားက ငြိမ်နေရတဲ့ အလုပ်ကို ဝါသနာမပါဘူးဆို၊ နင်ကသာ. . ဒါဖြင့် နင့်ခိုင်ဘွား ဟုတ်ဘူး လှိုင်ဘွားမှတ်လား”


www.burmeseclassic.com

www.burmeseclassic.com



"အဟာတ်ဟားဟား နင်မဆိုးဘူး တော်တယ်. . သတိရှိတယ်၊ ဟုတ်တယ် ငါလှိုင်ဘွားပဲ"

"ကောင်စုတ်"

"နင်တို့အိမ် လူများနေလို့ လုပ်အားမလိုဘူးဆိုရင်လည်း ငါတို့ခုမလာသေးဘူး၊ ညရောက်မှ အချိုပွဲကပ်ဖို့အတွက် မေမေကကျောက်ကျောဖန်းကြီး ထိုးပေးမယ်ပြောတယ် အဲဒါဘာပို့တော့မယ်"

"ရပါတယ်ဟာ၊ လုံလောက်ပါတယ်"

"သူဌေးကြေးပတာမဟုတ်ဘူးနော် သူငယ်ချင်းကောင်းတို့ ဝတ္တရားအရ လုပ်အားမကူညီနိုင်လို့ ရေစက်ပါအောင် အလှူဒါနဝိုင်းကူတာ"

"နင်စကားတတ်တဲ့လှိုင်ဘွား၊ နင်ဟာ ခိုင်ဘွားမဟုတ်လို့ ဒီလိုစကားတွေ ပြောနေတယ်ဆိုတာ ငါတတ်အပ်သေချာသိလိုက်ပြီ"

"အေးပါကွာ နောက်တော့သာ အငိုက်မမိစေနဲ့"

"စိန်လိုက်"

"နင်တို့လာရင် ယုပန်ပါလာမှာလား"

"မသိဘူး ယုပန်က သပ်သပ်သွားမယ်ပြောတာပဲ"

"အေး. . ဒါဖြင့်ပြီးရော"

"ဒါပဲ. . ဒါပဲ. . နင်လုပ်စရာရှိတဲ့ အလှူဒါန ဆက်လုပ်လိုက်ဦး"

"အေး"

မေကဆုန် တယ်လီဖုန်းခွက်ကို ချလိုက်သည်။ အမြွာ





ညီနောင်ကလည်း ဒီလိုဆိုတော့လည်း မဆိုးပါဘူး အမြွာညီနောင်အမေက မျက်နှာကြောတင်းတင်းနဲ့ သူ့သားတွေကလွဲရင် ကျန်တဲ့သူက အဖိုးမတန်သလိုမျက်နှာထားနဲ့ဟု ထင်ထားခဲ့သည်မှာ ယခုသိကျပြန်တော့ မဆိုးပါဘူးဟု မေကဆုန်တွေးလိုက်သည်။

"လူအကြောင်းဆိုတာ ပေါင်းကြည့်မှသိတယ် သိလားဒေါ်တွေး"

"အေး. . ဟုတ်တယ် ဘောဘီ. . ဟုတ်တယ်"

မေကဆုန် ကျေနပ်စွာဖြင့် အပေါ်ထပ်သို့ ပြေးတက်သွားလေသည်။

ထိုအခါမှ. . မိသေးက နောက်မှလိုက်တက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၂)

"ဘောဘီ. . ဒယ်ဒီ ပြောထားတယ်လေ၊ သွား. . လုံချည်သွားဝတ်ချေ"

"မဝတ်ချင်ပါဘူး. . အိုက်ပါတယ်ဆို"

"ဆင်ခြေမပေးပါနဲ့ အဲကွန်းနဲ့အိမ်မှာ အိုက်ရတယ်လို့ သွား. . သွားလဲ. . ဧည့်သည်တွေကြားမှာ ဒူးပေါ်၊ ပေါင်ပေါ်နဲ့ နေတာ ဒယ်ဒီမကြိုက်ဘူး"

မတတ်နိုင်တော့ မိမိပဲအဖေ မိမိပဲအမေဆိုတော့ ရှေ့





မျက်နှာ နောက်ထားကာ ပြောဆိုရလေတော့သည်။

မေကဆုန်စိတ်ကောက်သွားပြီး အိမ်ခန်းတံခါးကို ဝုန်းခနဲပိတ်လိုက်ကာ အိပ်ခန်းထဲမှ ဂျက်ချထားလိုက်လေသည်။

ဦးတိုင်းဖော် သက်ပြင်းချပြီး အောက်ထပ်သို့ဆင်းခဲ့လေသည်။

သမီးကို ဖခင်ထိန်းသိမ်းရသည်မှာ မလွယ်ကူသော အလုပ်တစ်ခုဟု သူလက်ခံလိုက်လေသည်။

ကားတစ်စီးဝင်လာသည်။ အမြွာချာတိတ်ကလေးနှစ်ဦးကို မြင်လိုက်ရသည်နှင့် သူ့ရင်ထဲ အတန်ငယ်လှုပ်ခတ်သွားသည်။

ဒေါ်တင်လှုလှုဘွား၏ ကိုယ်ပွားလေးတွေဟု ပြော၍ပင်ရလောက်သည်။ အမေတူ သားချောကလေးနှစ်ယောက် ခွဲမရအောင် တူညီခြင်းကပင်လျှင် ချစ်ခင်စရာကောင်းနေသည်။

"မေကဆုန်ရှိပါသလား အန်ကယ်"

"ရှိပါတယ် သားတို့က ခိုင်ဘွားနဲ့ လှိုင်ဘွားထင်တယ်၊ သာ. . လာ. . ထိုင်ကြ၊ အန်ကယ်ခေါ်ပေးမယ်"

"မေကဆုန့်ဘွားဘွားအတွက် ကျွန်တော်တို့မိသားစုရဲ့ ခါနုပါ၊ မေမေကိုယ်တိုင် ထိုးပေးလိုက်တာပါ"

"သိုင့်ခ်ကျူးကွယ်၊ ဒေါ်ထွေး ရေ့ယူလိုက်ပါ၊ ကလေးတွေအတွက် တစ်ခုခုလုပ်ပါဦး"

"အေး. . အေး. . "

လှိုင်ဘွားလက်ထဲမှ ကျောက်ကျောဗန်းကို ဦးတိုင်းဖော်က လက်ခံယူပြီးမှ ဒေါ်ထွေးကိုလှမ်းပေးသည်။

"နေပါစေတော့၊ ညဉ့်နက်နေလို့ ကျွန်တော်တို့ပြန်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပြုပါ”

“နေပါဦးလား၊ သားတို့သူငယ်ချင်းနဲ့ တွေ့သွားဦးလေ

“ရပါတယ်ခင်ဗျာ”

“အေးအေး . . ဒါဖြင့်ရင်လည်း မနက်ဖြန်ရောက် သားတို့တစ်မိသားစုလုံးရော သားတို့သူငယ်ချင်းတွေအား လာခဲ့ကြနော်၊ ကြိုက်တဲ့အချိန်သာလာကြ တစ်နေ့လုံးမပြတ် ရအောင် အန်ကယ်လ်စီစဉ်ထားတယ်”

“ဟုတ်ကဲ့ ကျွန်တော်တို့ သူငယ်ချင်းတစ်စု လာခဲ့ကြ မယ်၊ ခွင့်ပြုပါဦး အန်ကယ်”

အမြွာညီနောင်ပြန်သွားလေသည်။ ဦးတိုင်းဇော်အမှ အမှတ်မဲ့ငေးရင်း ကျန်ရစ်ခဲ့လေသည်။ မဆုံဆည်းခဲ့ရသည့် သူ၏ ကိုယ်ပွားလေးတွေ မိမိနှင့် လက်ထပ်ဖြစ်ခဲ့ရင်ကော သားလေးတွေလို အမြွာကော မွေးနိုင်ပါ့မလား ဘယ်နှစ်ယောက် ဦးတိုင်းဇော် ပြုံးမိရာမှ သတိဝင်လာပြီး ပတ်ဝန်းကျင်ကို အ ခတ်လိုက်သည်။ တော်သေးသည် မိမိကို ဘယ်သူကမှ ဂရုတစိုက် ကြည့်မနေဘဲ မနက်အာရုဏ်ဆွမ်းကပ်ရန် ပြင်ဆင်နေကြ ဖြစ်သည်။

ဦးတိုင်းဇော်သက်ပြင်းချလိုက်မိသည်။ ဘာပဲပြောပြော အမြွာညီနောင်လေးကို မိမိသားအရင်းကဲ့သို့ပင် သူချစ်ခင်သွား လေပြီ။

မေကဆုန်အားချော့ရန် အပေါ်ထပ်သို့ တက်ခဲ့ရ သည်။

“ဒေါက် . . ဒေါက် . . ဒေါက် . . ”





“ဘေဘီ . . ကလေး ဒယ်ဒီကို တံခါးဖွင့်ပေးဦးကွာ၊ ပြော စရာရှိလို့”

“ဟင့်အင်း . . မပြောနဲ့ မီးမှာ ကျောင်းစိမ်းလုံချည်နဲ့ ရေ သကလဲ့ပြီး လုံချည်မှမရှိတာ၊ မရှိတာကြီးကို ဒယ်ဒီက အတင်း ဝတ်ခိုင်းနေရသလား၊ ဘာမှလဲ အလိုက်မသိဘူး”

“ဆောရီးကွာ . . ဆောရီး . . ဒယ်ဒီမှမသိဘဲ ဘွားဘွား ထယ်ပေးထားတယ်မှတ်လို့၊ ကိုင်း . . ဒါဖြင့် မနက်ဖြန်ကိစ္စပြီးရင် ဒယ်ဒီနဲ့ ဘေဘီရှော့ပင်းထွက်မယ် ကျေနပ်ပြီးလား”

“အိုကေ . . ပိစ် . . ပိစ်”

မေကဆုန် တံခါးဖွင့်လိုက်သည်။ ဝက်ဝံရုပ်ကလေးပိုက် လျက် . . .

“ဘေဘီသူငယ်ချင်း အမြွာညီနောင် လာသွားတယ် . . ကျောက်ကျောဇန်းကြီးတစ်ဇန်း လာပို့သွားတယ်”

“ဟုတ်လား၊ ပြန်သွားပြီပေါ့”

“အင်း . . ညဥ့်နက်နေလို့ မနက်ဖြန်မှ လာမယ်တဲ့”

“အင်းလေ . . ပြီးတာပဲ၊ ဒါထက် ဒယ်ဒီမနက်ဖြန် မီးမှာ စကဒ်ဘောင်းဘီတစ်ထည်တော့ရှိတယ် အဲဒါဒူးအထိရောက် တယ်၊ အဲဒါဝတ်မယ်နော်၊ ဘောင်းဘီရှည်နဲ့ဆို ဒူးကြပ်ပြီး ထိုင် ရထရခက်လို့”

“အေးပါ . . ဘေဘီရယ်၊ ဘေဘီအပြစ်မဟုတ်ဘူး . . ဒယ်ဒီ အပြစ်၊ ဒယ်ဒီမှကိုယ့်သမီးကို ဘာဝယ်ပေးလို့ ပေးရမှန်း မသိ . . ဒယ်ဒီ လိုအပ်ချက်ပါ၊ အင်္ကျီကိုတော့ ချိုင်းပြတ် လည် ဟိုက် မဝတ်နဲ့နော် အခြားလက်နဲ့ စပို့ရှပ်တွေရှိတယ်မှတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါဝတ်"

"စိတ်ချပါ ဒယ်"

"အင်း . . ကက်သလောက်ဝယ်ပြီး ငါ့သမီးနဲ့ သင့်တော် မယ့်အဝတ်အစားတွေ ဒယ်ဒီကိုယ်တိုင်ရွေးချယ်ပေးမှ ဖြစ်တော့ မယ်၊ မနက်စောစောထ အာရုဏ်ဆွမ်းကပ်ပြီး ဘွားဘွားအတွက် ရေစက်ချပေးရမယ်နော်"

ဦးတိုင်းဇော် မေကဆုန်နဖူးလေးကို အသာအယာမွှေး ကြူလိုက်ပြီး သူ့အိပ်ခန်းဆီသို့ ဦးတည်လိုက်သည်။

ဆယ့်လေးနှစ်ကျော် ဆယ့်ငါးနှစ်ဟူသော အရွယ်သည် အပျိုးကြီးဖားဖားအရွယ်ဖြစ်လာပြီဆိုခြင်းကို မိမိသားသမီးရဲ့ မိမိသိရသည်။

မိမိတို့ထိုအရွယ်ကို ဘယ်လိုဖြတ်သန်းကျော်ဖြတ်ခဲ့သ လဲ။

မိဘမရှိတစ်ကောင်ကြွက်ဘဝဆိုတော့ ငြိုငြင်စာလေး စားကာ ဦးလေးအကျဉ်ဝတ်ပြီး ကြီးပြင်းခဲ့ရသည်။

ဟင်း . . အဆိုးရွားဆုံးသော ဘဝကိုတောင် ဖြတ်ကျော်ခဲ့ ပြီးပြီပဲ ဒီထက်ဆိုးရွားခြင်းတွေ ကြုံတွေ့လာလျှင်လည်း မခံနိုင် စရာဘာမှ မရှိတော့ပါဘူးဟု ဦးတိုင်းဇော်တွေးလိုက်မိရင်း အနာ ဂတ်အတွက် မျှော်မှန်းကာ. . .





# အခန်း(၂၃)

ညနေက ဦးတိုင်းဇော်သည် ဒေါ်တင်လှလှဘွားဆေး ခန်းကို လူနာဟန်ဆောင်ကာ ဝင်တွေ့ပြီး ဖုန်းကိုပက်ကင်ဗူးနှင့် ညပ်ပိုးကာ လက်ဆောင်ပေးခဲ့သည်။ သူနာပြုဆရာမတွေရှိသ ဖြင့် ခပ်တည်တည်ပင် . . .

"ဒေါက်တာ့စကားကို ကျွန်တော်လိုက်နာ နားထောင် တဲ့အတွက် ကျွန်တော်က ကျေးဇူးတုန့်ပြန်ဂါရဝပြုတာပါ ဆက် ခံရင် ဒေါက်တာ့လူနာဟာ ဒေါက်တာစကားနားထောင်တော့



www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ဘူးနော် လက်ခံပါ”

ဟုပြောပြီး ထွက်သွားလေသည်။

ချစ်သူ၏ စိတ်သဘောနှင့်အထာကို သိကျွမ်းပြီး ဖြစ်ေ သော ဒေါ်တင်လူလူဘွား က ပါးနပ်စွာပင် လက်ဆောင်ဗူးေ ကို မိမိ၏စလင်းဘတ်အိတ်ထဲထည့်ကာ သူနာပြုဆရာမအား

“ဆေးရုံမှာလုပ်ခဲ့တုန်းက လူနာဟောင်းလေ ခတ်ေ တောပဲ၊ ကိုယ်ကုပေးလို့ ကောင်းသွားလို့ ကျေးဇူးလာပြုတာလည် ခါးပြတိုက်တာကြနေတာပဲ ဘယ်လိုလူမှန်းလဲ မသိပါဘူး”

ဟုပြောပြီး ဦးတိုင်းဇော်နှင့် ပတ်သက်လာလျှင် မိမိပ ဝန်းကျင်တစ်ခုလုံးကို ဘာမှမသိစေချင်သဖြင့် သဲလွန်စ ဖျော ဖျက်ပြစ်လိုက်ခဲ့သည်။

သို့နှင့် ညသန်းခေါင်ဆိုလျှင် တယ်လီဖုန်းသံက မြည်လ လေသည်။ ဒေါ်တင်လူလူဘွား သိလိုက်လေပြီ မိမိအတွက် တ ဝန်တစ်ရပ် တိုးလာလေပြီဟု. . .

“လူလူ”

“ဇော်ရာ ဖုန်းရှိသားနဲ့ သက်သက်ငွေကုန်ခံတယ်”

“ငွေဟာ အဓိကမဟုတ်ဘူး စိတ်ချမ်းသာမှုအတွက် ဒ စွဲဖို့ပဲရှာသွားတာ ဒါထက် မနက်ဖြန် ကိုယ်တို့သားအဖ ခရီးထွ မလို့”

“ဘယ်လဲ”

“ချောင်းသာလောက်ပဲ၊ သမီးကျေနပ်ရုံလောက်ပဲ သုံးရက်လောက်ဆိုရင် တော်ပြီ၊ လူလူကို ဇော်ကြာကြာမှ မခွဲ တာ”





“အကဲပိုလွန်းတယ်နော်ဇော်”

“ဟိုကနေလည်း ဇော်ဖုန်းဆက်မှာနော်”

“ဘယ်လိုဖြစ်နေတာလဲ ဇော် ဆယ်ကျော်သက်အရွယ် ကောင်းပေါက်လေးတွေကို ကဲပြသဲပြနေမှ အချစ်ကြီးတယ် ို့ ထင်မှတ်ရတော့မယ့် အရွယ်တွေမဟုတ်ဘူးလေ”

“ဒါတွေ ဇော်နားမလည်ဘူး၊ ဇော်နားလည်တာက အ ချစ်မှာအရွယ်မရှိဘူး၊ ပြီးတော့ဇော်ဘဝမှာ မင်းကလွဲရင် အခြား ဘယ်သူ့ကိုမှ ချစ်ခဲ့တာမဟုတ်တော့ မင်းမှမင်းပဲ လူလူ၊ ဇော် င်ခုန်သံကို နားထောင်ကြည့်စမ်း”

ဦးတိုင်းဇော်သည် ဖုန်းအား သူ့ညာဘက်နှလုံးသားနှင့် အနီးဆုံးရင်အုံနှင့် ကပ်ပြလိုက်ဟန်တူသည်။ ဒေါ်တင်လူလူဘွား င်ခုန်သံတဒုတ်ဒုတ်ကို ကြားလိုက်ရသည်။

တိုးတိတ်စွာ ရယ်မောလိုက်သည်။

“ဘာရယ်တာလဲ”

“နော်မယ်ပဲ နှလုံးရောဂါမရှိပါဘူး”

“အချစ်ရောဂါတော့ သည်းနေတယ်မှတ်လား အတူနေ င်ပြီလို့ ဟစ်ကြွေးသံကို မကြားရဘူးလား”

“တော်တော့ဇော် လုံ့လူပြောတာလေး နားထောင်ပါဦး”

“ပြောလေ နားထောင်နေတာပဲ”

“သားတို့က ဆွမ်းကျွေးကပြန်လာတော့ ပြောတယ်. .”

“မေကဆုန့် ဖားသားကြီးက မိုက်တယ် မေမေတို့ အရွယ် တဲ့၊ ဒါပေမယ့် မေမေ့လို အဘွားကြီးအိုလိုမနေဘူး တက်ကြွ န်းဆန်းနုပျိုနေတာပဲ၊ မေမေလည်း အဲဒီလိုနေပါလားတဲ့”



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား လူလူ ဒါကိုယ်တို့အတွက် ပထမဦးဆုံး သောအောင်မြင်မှုတစ်ရပ်ပဲ၊ ဒီတော့ လူလူကဘယ်လိုပြန်ပြော လိုက်သလဲ"

"မေမေက မုဆိုးမလေ သားတို့ပတ်ဝန်းကျင်အမြင်မှာ မေမေဟာ လူကြီးဆန်ပြီး ကျက်သရေရှိရှိ ရင့်ကျက်စွာနေထိုင်မှ လူရိုသေ ရှင်ရိုသေဖြစ်မယ်မှတ်လားလို့ ပြောလိုက်တာပေါ့ ဇော် ဒီတော့ သားတို့က ဘာပြန်ပြောတယ်မှတ်သလဲ"

"အင်း. . ပြောပါဦး"

"မေမေ့မှာ ဆရာဝန်ဆိုတဲ့ ဂုဏ်ရှိပြီးသားပါ၊ အဘွား ကြီးလို မျက်နှာပြောင်ကြီးနဲ့ ဘီးဆံထုံးကြီးနဲ့တော့ မနေပါနဲ့ မေမေ လို့ပြောတယ်၊ လူလူကလည်း မေမေဒီလိုနေတာတောင် မေမေ့ ကို တစ်ပင်လဲတစ်ပင်ထူဖို့ အောင်သွယ်တွေက ပြောနေကြသေး တာ သားတို့သိသားနဲ့၊ မေမေသာ လှလှပပပြင်ဆင်လိုက်ရင် ပိုဆိုးသွားမှာပေါ့လို့ သွေးတိုးစမ်းစကား ပြောကြည့်လိုက်တယ် ဇော်"

"ဒီတော့ ဘာပြောသလဲ"

"မဆိုင်ပါဘူး မေမေ လူသာပဓါနပါလို့ မေမေပဲ သားတို့ ကို ဆုံးမနေကြအတိုင်းပဲပေါ့ မေမေသာအဓိကပါ၊ မေမေယူချင်မှ ဖြစ်လာမယ့်ကိစ္စပါ၊ ဒါပေမယ့် သားတို့ကတော့ သားတို့ မေမေ ဟာ ငယ်ငယ်လှလှပပနဲ့ ပညာတတ်အမျိုးသမီးကောင်း တစ် ယောက်အနေနဲ့ ဂုဏ်ယူချင်တယ်၊ ယုပန်တို့ အမေဆိုလည်းဘယ် လောက်လှသလဲ သမီးနဲ့ဆိုညီအစ်မလားထင်ရတယ်လို့ ဘာတို့ ပေါ့ဇော်၊ မောလိုက်တာ. . တော်ပြီ ဇော်ရယ် လူလူအိပ်ချင်ပြီ"





"နေပါဦးလူလူ ဇော်ပြောဦးမယ် မျက်စိလေးမှိတ်ပြီး နားထောင်"

"အင်း. . မပြီးနိုင်ဘူး"

"ဇော် ဘာမှမပြောရဘူးလေ၊ ခုမှ အစပျိုးရုံရှိသေးတယ်၊ သမီးအကြောင်းပြောမလို့ သမီးကလည်း အမြွာညီနောင်တို့အ မေက သိပ်လှတာလို့ ဇော့်ကိုပြောတယ်၊ ဇော်ကတော့ အဘွား ကြီးပါ စီးစီးပိုးပိုးနဲ့ ဒယ်ဒီ့ကိုတောင် အိမ်ထဲအဝင်မခံဘူး ပြော လိုက်ရသေးတယ်"

"ဘာအဘွားကြီးလဲ"

"ဟုတ်တယ်လေ ဆံထုံးကြီးနဲ့ ရင်ဖုံးနဲ့ပါတိတ်နဲ့ အဘွား ကြီးဒီဇိုင်း. ."

"ဇော်မကြိုက်ဘူးလား၊ မကြိုက်ရင် ယူဖို့မကြိုးစားနဲ့. . အတိုင်းပဲနေမယ်"

"အလကားစတာပါ သိပ်ကိုကျက်သရေရှိတဲ့ မြန်မာ အမျိုးသမီးတစ်ဦးရဲ့အလှတရားပါ ဇော်မြတ်နိုးပါတယ်၊ ဒါပေမယ့် နှပ်ခါးရေကျဲအစား အောက်ခံမိတ်ကပ်တို့ဘာတို့လူးပြီး နှုတ် ခမ်းနီးလေးတော့ ဆိုးပါ"

"ဇော်ရာ မိန်းမတစ်ယောက်ရဲ့ အလှပြင်နည်းတွေဘာ တွေတောင် သိနေပြီဆိုတော့. . ဇော့်ကို လူလူကြောက်လာပြီ"

"မကြောက်ပါနဲ့ လူလူ၊ ဒီနေ့ပဲ သမီးကို ဂါဝန်ရှည်တွေ ဘဒ်လုံချည်တွေ လိုက်ဝယ်ပေးရင်း သမီးက ကိုယ့်ကိုဆရာလုပ် သွားလို့ သိရတာ"

ဒေါ်တင်လူလူဘွား သက်ပြင်းချလိုက်မိသည်။ ချစ်သူ၏



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှန်ကို သိရပြန်တော့လည်း အသနားပိုကာ အကြင်နာ
ပင် တိုးပွားလာရသည်။

"သမီးနဲ့လူလူ ရင်းနှီးသွားတဲ့အခါကျရင် အဲဒီတာ
တွေ လူလူယူပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်လို့ပြောရင် သူစိမ်းဆန်သွားမှာ
လို့ ဖော်မပြောတော့ပါဘူး၊ ဒါပေမယ့် ဘေဘီဟာဖော်သမီးပါ
လို့ လူလူမြင်ထားပါတယ်နော်၊ ဒါပဲ အရေးကြီးတယ်"

"သိပ်မြင်တာပေါ့ဖော်၊ ဖော့်ရဲ့ဖြူစင်ကြီးမားမြင့်မြတ်လှ
နှလုံးသားကို လူလူမြင်ပါတယ်၊ ဖော့်သမီးဟာ လူလူ့သမီး ဖြစ်
ရမှာပါ"

"မင်းဟာသိပ်ကိုသဘောထားကြီးတဲ့ မိန်းမတစ်ယော
ပါ၊မင်း ကိုယ့်နှလုံးသားကို ထာဝရစိုးမိုးထားခြင်းအတွက် ကို
ကျေနပ်လိုက်ပြီကွာ၊ ကဲ. . . အိပ်တော့လူလူ နှုတ်ဆက်အနမ်
လေး ပေးလိုက်မယ်နော်"


"ဖော်နော်" ဟု ဟန့်တားသည့်ကြားက. . .

ပြွတ်ဟူသော အသံနှင့်အတူ ရယ်သံတိုးတိုးကို ဒေါ်တ
လူလူဘွား ကြားချင်ရက်နှင့် ဖြတ်တောက်ပစ်လိုက်ရသည်။

အချစ်ဦးမို့ တစ်နေ့မှမေ့မရခဲ့ခြင်းကို သဝန်တိုကာ အ
စွပ်စွဲရမ်းကားခဲ့သော သားတို့ဖခင် ကိုမောင်မောင်ဇင်သာ သိ
မည်ဆိုပါက တမလွန်ကပင် ခွင့်လွှတ်ချင်ဦးမည် မဟုတ်ပါချေ







# အခန်း(၂၄)

"ဒယ်. . မီးမှာ မေမေရှိပြီး မောင်နှမတွေ အများကြီးနဲ့
သာဆိုရင် ဒီလိုခရီးမျိုး ပျော်စရာကြီးဖြစ်မှာနော်"

ဦးတိုင်းဖော်က အုန်းရည်စုပ်သောက်နေရာမှ ခေါင်း
ညိတ်လိုက်သည်။

"ဒယ်ကော အဲဒီလိုမနေချင်ဘူးလား"

ဦးတိုင်းဖော်က ပိုက်ကိုလွှတ်လိုက်ပြီး. . .

"ဘယ်နဲ့ပြောပါလိမ့် ဘေဘီရာ၊ ဒယ်ဒီက ဘေဘီထက်



www.burmeseclassic.com

www.burmeseclassic.com

တောင်ပိုဆိုးသေးတယ်"

"ဘာဖြစ်လို့လဲ ဒယ်ဒီ"

သားအဖနှစ်ယောက် ကမ်းခြေမှိုပွင့်သဏ္ဌာန် ထီးရိပ်အောက်က အုန်းပက်လက်ကုလားထိုင်နှစ်လုံးတွင် ကိုယ်စီထိုင်ပြီး ပင်လယ်ပြင်ကိုငေးမောရင်း ဆွေးရိပ်သန်းလာကြသည်ဖြစ်ရာ ကိုယ်စီရင်ဖွင့်ကြသည်။

"ဒယ်ဒီ ကုမ္ပဏီကိုသွား အလုပ်တွေရှုပ် မောမောနဲ့ပြန်လာရင် အိမ်ရှင်မကမရှိ၊ ဘေဘီကလည်း ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်နေတော့ ဒယ်ဒီမှာ ငေါင်စင်းစင်းနဲ့ ဘီယာကိုအဖော်ပြုရင်း ထမင်းစားရ၊ ဒါ့အပြင် ရှာဖွေသမျှငွေကို စိစစ်ပြီးကိုင်တွယ်သုံးစွဲပေးမယ့် လူလဲမရှိ ဘေဘီကိုတောင် ပစ်ထားသလိုဖြစ်ရတယ် အမေလုပ်ရမယ့် အလုပ်တွေကို ဒယ်ဒီလုပ်ပေးဖို့ မေ့လျော့ခဲ့တာ ဒယ်ဒီအပြစ်"

"ဒယ်ဒီ အပြစ်မဟုတ်ပါဘူး၊ မီးလိုချင်တာ မီးစိတ်ကြိုက်ဝယ်နိုင်သားပဲ၊ ဒယ်ဒီက မီးကို ငွေကြိုက်သလောက် သုံးစွဲခွင့်ပေးထားတာပဲ၊ ဒါပေမယ့် မီးက ကိုယ်ကြိုက်တာကိုယ်ဝတ်တာ၊ ကိုယ့်အရွယ်နဲ့သင့်တော်မယ့် အဝတ်အစား မီးမရွေးတတ်ဘူး၊ ဒါ မီးအပြစ်မဟုတ်သလို ဒယ်ဒီအပြစ်လည်း မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူ့အပြစ်လဲ"

"သေမင်းအပြစ်ပေါ့"

"ဘာဖြစ်လို့လဲ"

"မေမေ့ကိုဘာဖြစ်လို့ အစောကြီး ခေါ်သွားသလဲ၊ သူ့အပြစ်ပေါ့. . မဟုတ်ဘူးလား ဒယ်ဒီ"





"ကဲပေါ့ ဘေဘီရယ်၊ ကဲ. . ခုဒယ်ဒီနဲ့ဘေဘီ နားလည်မှုရှိပြီး ဒယ်ဒီမကြိုက်တာကို ဘေဘီပြုပြင်ရမယ် ဘေဘီလိုအပ်ချက်တွေ ဒယ်ဒီကို ပွင့်ပွင့်လင်းလင်း ပြောနိုင်တယ်၊ အဲ. . ဘေဘီက ဘေဘီစိတ်ထဲ ဒယ်ဒီအပေါ် မကျေနပ်တာ မကြိုက်တာရှိရင်လည်း ပွင့်ပွင့်လင်းလင်းသာဖွင့်ပြော ဒယ်ဒီပြုပြင်သင့်ရင် ပြုပြင်မယ်"

မေကဆုန်က မချိုမချဉ်ပြုံးကာ. . .

"ကြည့် ဒယ်ဒီလူလည်ကျပြီ"

"ဘာဖြစ်လို့လဲဘေဘီ"

"မီးကိုကျတော့ ဒယ်ဒီမကြိုက်တာကို ဘေဘီပြုပြင်ရမယ်တဲ့၊ ဒယ်ဒီကျတော့ ဘေဘီမကြိုက်တာကို ဒယ်ဒီပြုပြင်သင့်ရင် ပြုပြင်မယ်တဲ့၊ ပြုပြင်မယ် မဟုတ်ဘူး"

ဦးတိုင်းဇော်က သမီးဖြစ်သူအား သဘောကျစွာ ကြည့်လိုက်ပြီး ပြုံးကာ. . .

"ဒါကတော့ ဒယ်ဒီအရွယ်၊ ဒယ်ဒီ့ဘဝ၊ ဒယ်ဒီ့အသိပညာ၊ အတတ်ပညာ အခြေအနေနဲ့ ပေါင်းစပ်ပြီးဖြစ်ပေါ်လာတဲ့ ဗြဿနာမှာ အမှားကင်းနိုင်တယ်လို့ ဒယ်ဒီထင်တယ်"

"ပညာရှိ သတိဖြစ်ခဲဆိုတဲ့စကား ဘယ်သွားထားမလဲ ဒယ်ဒီ"

"ဘေဘီ သမီး၊ ငါ့သမီးတော်တယ်၊ ဟုတ်တယ် ပညာရှိတောင်သတိလက်လွှတ်တဲ့အခါမျိုး ရှိသေးတာပဲ ဒယ်ဒီလိုသာမန်လူသားတစ်ယောက်အနေနဲ့ မှားယွင်းနိုင်စရာတွေ အများကြီးရှိတယ်၊ ရှိခဲ့ရင် ဒယ်ဒီပြုပြင်မှာပါဘေဘီ စိတ်ချပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီမမှားနိုင်ပါဘူးလေ၊ ဒယ်ဒီခုချိန်ထိတော့ မှန်နေတာပဲ"

"ဘာဖြစ်လို့လဲ ဘေဘီ"

"မီးကို ခုချိန်အထိ မိထွေးလက်ထဲ ဝကွက်မအပ်လို့ပဲပေါ့ ဒယ်ဒီ"

ဦးတိုင်းဇော် ရင်ထဲလှုပ်ရှားမှု လှိုင်းတန်းပိုး ထန်လာသည်။ ချစ်သူကို သတိရမြင်ယောင်မိသည်။

"မလောပါနဲ့ဇော် လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နှေးရတယ်တဲ့ဇော်၊ ထိုးခါနီးဆင် နောက်တစ်လှမ်းဆုတ်ပါ၊ လူလူဟာ မိခင်နဲ့ကလေးတွေကို စောင့်ရှောက်နေတဲ့ဆရာဝန်တစ်ဦးပါ၊ ကိုယ်ကြောင့် ကလေးတွေရဲ့ အနာဂတ်ရည်မှန်းချက်တွေ မပျက်စီးစေရပါဘူး၊ လူလူခွင့်မပြုဘဲ ဇော် ဘာကိုမှ မပြောရဘူး၊ ကလေးတွေ မသိစေရဘူးနော်၊ အချိန်ကိုစောင့်ပါ အချိန်ကစကားပြောပါလိမ့်မည် ဇော်"

ဟူသောအသံလေးကို ကြားယောင်ကာ သက်ပြင်းချလိုက်မိသည်။

"ဒယ်ဒီ ဘာဖြစ်သွားတာလဲ မျက်နှာကြီးအိုပြီး သက်ပြင်းကြီးချလို့၊ ဘာလဲ မီးကို မိထွေးလက် ဝကွက်အပ်ချင်လို့လား"

"တော်စမ်းပါ ဘေဘီရယ် ဒယ်ဒီ့ရင်ထဲမှာ ဘေဘီအမေဆုံးသွားတာကို မယုံကြည်နိုင်သလိုလို မကြာသေးသလိုလို ခံစားရဆဲပဲ"

လောကကြီး၏ လှည့်ဖြားမှုနှင့် အလိမ်အညာခံနေရရှာသော မေကဆုန်ကို သနားမိသည်။ ဘဝမှန်ကို သိခွင့်မပေးခြင်း





သည် မိမိကောတရားရဲ့လား။

ဒါတွေအားလုံး သမီးလေးအတွက်ပါ။ သမီးလေးအနာဂတ်အတွက် တစ်သက်လုံးလိမ်ညာသွားခြင်းကို မိမိလိပ်ပြာသန့်ရမည်ပင်။

"ဒယ်ဒီက သမီးကို သိပ်ချစ်တာပဲနော်"

"ဘယ့်နဲ့ပြောလိုက်တာလဲ ဘေဘီရယ်၊ ချစ်လို့ပဲ အခုထက်ထိ အထီးကျန်နေနေတာပေါ့"

ဦးတိုင်းဇော် မိမိ၏လိပ်ပြာကို မိမိမလုံတော့၊ ရယ်ချင်စိတ်ကို မြိုသိပ်လိုက်သည်။ ဘဝဇာတ်ဆရာမ ဒေါ်တင်လူလူဘွား၏ ကြိုးဆွဲရာကို သူဆက်ကနေရဦးမည်။

"ဒယ်ဒီ အထီးမကျန်စေရပါဘူး မီးရှိနေတာပဲ"

"အင်း. . အဲဒီမီးလေး ရှိနေလို့သာပဲပေါ့၊ ဒါပေမယ့်. . ဘေဘီက ဒီအတိုင်းနေမှာမဟုတ်ပါဘူး၊ အရွယ်ရောက်လို့ အိမ်ထောင်ပြုသွားရင်"

"ဟာ. . ဒယ်ဒီကြီးကလည်းကွာ ဘာတွေပြောမှန်းမသိဘူး၊ မီးက ကလေးပဲရှိသေးတဲ့ဟာ၊ တော်ပြီ စက်ဘီးသွားစီးတော့မယ်"

"ဟော့. . ဒယ်ဒီတစ်ယောက်ထဲလေ"

"တစ်ယောက်တည်း မနေချင်ရင် အဖော်ရှာပြီး စကားပြောနေပေါ့"

"အဖော်က မခွာချင်ဘူးဆိုရင် ဘယ်နဲ့လုပ်မလဲ"

"ခေါ်ခဲ့. . မီးကိုဒုက္ခမပေးရင် ဒယ်ဒီအတွက် စိုးပြီစေရမယ်၊ ဒုက္ခပေးရင်တော့ ဆောရီးပဲ အပြတ်ဖိုက်ပစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာစကားလဲ"

"သိဘူးလေ ပါးစပ်ထဲတွေ့ကရာ လျှောက်ပြောတာ. . သွားပြီဘိုင့်"

မေကဆုန်သည် ခုန်ပေါက်ပြီး စက်ဘီးငှားရမ်းသည့် နေရာဘက်သို့ ထွက်သွားလေသည်။

ဦးတိုင်းဇော်သည် သမီးဖြစ်သူကို စိတ်မချစွာ လှမ်းမျှော်ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

ယခုခေတ်ကာလ ကလေးတွေ၏ အသိတရားကို ပေါ့သေးသေးထား၍မရ။ ဤအရွယ်နှင့် အရာရာကို သိနားလည်နေပုံရသည်။

"ဟူး. . မလွယ်ပါလား လူလူ၊ ကိုယ်စိတ်မရှည်ချင်တော့ဘူးကွာ ဖွင့်ပြောလိုက်ချင်ပြီ၊ ဖြစ်ချင်ရာဖြစ်တော့"

ဟု ရင်တွင်းချစ်သူကိုလှမ်း၍ တိုင်တည်လိုက်လေသည်။

ပင်လယ်လှိုင်းပုတ်သံက ဦးတိုင်းဇော်၏ ရင်တွင်းအထီးကျန်တမ်းတမှုဝေဒနာကို ကျည်စားနေသယောင်ယောင်. . .


တဝုန်းဝုန်းနှင့်. . .

ဩော်. . လေတိုးသံကိုတောင် ချစ်သူခြေသံ ဖြစ်စေချင်သည်။

လှိုင်းပုတ်သံကိုတောင် ချစ်သူခေါ်သံဖြစ်စေချင်သည်။ နီးစပ်ချင်ပြီ လူလူရာ. . .







# အခန်း(၂၅)

"သားတို့ရေ သဘက်ခါ ကျူရှင်စတော့မယ်နော် တိုင်ဘာဗယ်လည်း ရပြီဆိုတော့ သူငယ်ချင်းတွေဆီ ဖုန်းဆက်ပြီး ပြောလိုက်တော့၊ တစ်ယောက်ကို ဘယ်လောက်ကျမလဲဆိုတာတွက်ကျ၊ ဆရာတွေကို အကြိုအပို့လုပ်ဖို့ကားကတော့ တစ်ယောက်တစ်လှည့်စီ လုပ်မလား၊ ဒါမှမဟုတ် ခါတ်ဆီဖိုး စုခံပြီး ကားခအေးကိုပဲ တိုက်ရိုက်ပို့ခိုင်းမလား အဲဒါတွေ ဆွေးနွေးဖို့လိုသယ်"


www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ မေမေ၊ သားတို့ ဖုန်းဆက်ပြီး ပြောလိုက်မယ်"

"အင်း . . မေကဆုန်အဖေကတော့ ဘာမှပြောမယ့်လူမျိုးမဟုတ်ဘူး၊ သူ့သမီးကိုတောင် အိမ်မှာပဲတစ်ယောက်ထဲ သင်စေချင်တာ သူ့သမီးကပြောမရလို့"

"မိဘကပြောမရတဲ့ သားသမီးဆိုတော့ တော်တော်ဆိုးမယ့်ပုံပေါ့၊ ဒီလိုဆိုဖြစ်ပါ့မလား"

ဒေါ်တင်လှလှဘွားက သားနှစ်ယောက်ကို သွေးတိုးစမ်းစကား ပြောလိုက်သည်။ ထိုအခါ လှိုင်ဘွားက . . .

"ဖြစ်ပါတယ်၊ မိဘအပေါ် သာ နဲ့ ဆိုးဆိုးတာဖြစ်မှာပါ ကျောင်းမှာတော့ လိမ္မာပါတယ်၊ ဆရာ/ဆရာမတွေကလည်း သွက်လို့ဆိုပြီး ချစ်ကြတယ်"

"စာကောတော်ရဲ့လား"

"အေတန်းပဲ မေမေရယ် တော်တာပေါ့"

"အင်း . . တော်ရမယ့်သားတို့၊ သားတို့အတွက် ခုချိန်မှာရှိတဲ့ တာဝန်ဝတ္တရားဟာ ကျောင်းစာမှန်မှန်ကြည့်ဖို့ ကျောင်းမှာပျော်ပြီး စာတော်နေဖို့ပဲ လိုအပ်တယ်နော်"

"ဘက်စုံထူးချွန်တဲ့ကျောင်းသား ဖြစ်ရမယ်လို့ ညီတို့ဆရာမက ပြောထားတယ်မေမေ၊ စာစီစာကုံးစားမေးပွဲတွေလည်း ဝင်ဖြေနိုင်ရမယ်၊ ဒါမှ ဉာဏ်စွမ်းရည် ထက်မြက်လာမယ်၊ အားကစားမှာလည်း ဝါသနာပါရာ အားကစားတစ်ခုခုကို လေ့ကျင့်နေရမယ်၊ ကျောင်းကပေးအပ်တဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာလည်း မခိုမကပ် လုပ်ဆောင်ကြရမယ်လို့ပြောတယ် မေမေ၊ အဲ . . ဒါ





တော်ရုံတစ်ခုထဲနဲ့ မရဘူး၊ အမျိုးဂုဏ်ကို စောင့်ထိမ်းပြီး တိုင်းပြည်ကိုချစ်တတ်တဲ့ လူတော်လူကောင်းကလေးတွေ ဖြစ်နေဖို့လိုအပ်တယ်တဲ့"

ဒေါ်တင်လှလှဘွားကပြုံးလိုက်ပြီး . . .

"သားညီတင်းနစ်ကစားတာကို မေမေခွင့်ပြုထားတာပဲ အခြေအနေအရ သားညီအတွက် မေမေတင်းနစ်ကွင်းမဆောက်ပေးနိုင်သေးဘူးဆိုတော့"

"တင်းနစ်ကွင်းရှိတဲ့နေရာ သွားကစားမယ်လေ မေမေ"

"ဘယ်မှာရှိလို့လဲသား"

"မေကဆုန်တို့အိမ်မှာ"

မေကဆုန် ဒီကောင်မလေးကို မေမေတောင် မမြင်ဘူးသေးဘူး သူနဲ့ကစားမှာလား"

"မဟုတ်ပါဘူး သူ့ဒယ်ဒီနဲ့၊ မေကဆုန်ကို ခုမှသင်တန်းပေးဖို့လုပ်တုန်း ကွင်းကပေါင်းနေပြီ၊ သူ့ဒယ်ဒီ မကစားတာကြာပြီတဲ့ ခုမှပြန်ကစားတော့မယ်ဆိုပြီး ရှင်းခိုင်းနေတာ"

"ဟုတ်လား သားညီက ဘယ်တုန်းကရောက်သွားသေးလို့လဲ"

"မနေ့ကမှ ကျောက်ကျောဘန်း သွားပြန်ယူတယ်လေ မေမေကိုတောင် မပြောမိဘူး ဘိုးဘိုးကိုပြောပြီး သွားယူလိုက်တာ"

"ဟုတ်လား မေမေလည်း မသိလိုက်ပါလား"

"မေမေက ဆေးရုံသွားနေတာကို"

"ဘာပဲဖြစ်ဖြစ် နောက်ဆိုရင် ဘယ်သွားချင်သွားချင် . .



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ခွင့်တောင်းပြီးမှ သွားရမယ်နော်”

“ဟုတ်ကဲ့ခင်ဗျ”

“သားညီနော် အပြောင်အပြက်မပြောနဲ့ ကဲသူငယ်ချင်းတွေဆီ ဖုန်းဆက်ပြောလိုက်၊ ကဲ. . သားတို့ကော ဘာပြောစရာရှိသေးသလဲ”

“မရှိပါဘူးမေမေ ဒါပေမယ့် သားကတော့ ဂေါ့ဖ်ရိုက်ချင်တယ်၊ အဲဒါကျူရှင်မရှိတဲ့အချိန်မှာ ဥက္ကလာဂေါ့ဖ်ကွင်းမှာ သွားကစားချင်တယ်”

ဒေါ်တင်လှလှဘွား က သက်ပြင်းချလိုက်သည်။

ခိုင်ဘွားက မိခင်မျက်နှာကို ကြည့်ကာ. . .

“မေမေက မကစားစေချင်လို့လား”

ခိုင်ဘွားကတော့ မိခင်မျက်နှာကို အရိပ်တကြည့်ကြည့်နေတတ်သူဖြစ်ရာ သူမသက်ပြင်းချသံကိုကြားရသဖြင့် ချက်ချင်းပင် ပြာပြာသလဲ မေးလေသည်။

“မဟုတ်ပါဘူးသားကိုရယ် အမွှာဖြစ်ရက်နဲ့ အချိန်တန်တော့ ဝါသနာလေးတွေ ကွဲပြားလာတာကို မေမေတွေးမိလို့”

“ဒါထက် ဘိုးဘိုးက ဂျပန်ကဘာဘကြီးဆီ လိုက်သွားမယ်ဆို. .”

“ဟုတ်တယ် သားကို မင်းဘိုးဘိုးက ပင်စင်ယူပြီးကတည်းက ဘွားဘွားဆုံးပြီး မေမေနဲ့နေလာတာကြာပြီ၊ မေမေကမဆိုးမဆိုတော့ မေမေ့ကို စောင့်ရှောက်ပေးထားတာ၊ ဘယ်သားသမီးတွေဆီမှ အလည်မသွားဖြစ်ဘူး၊ ခုသားတို့က အရွယ်လာပြီဆိုတော့ မေမေ့အတွက် စိတ်ချပြီး သွားချင်တယ်ဆိုပဲ





မေမေ ဘိုးဘိုးအတွက် ပတ်စ်ပို့တို့ ဗီဇာတို့လိုက်လုပ်နေတာ၊ သွားမေ ကျန်းမာတုန်းသွားရတာ၊ ဒါကြောင့် မေမေအလုပ်သိပ်များနေတာ”

သားအမိနှစ်ယောက်သည် မိသားစုရေး ဆွေးနွေးကြသည်။ ဒေါ်တင်လှလှဘွား ရင်ထဲတစ်စုံတစ်ခုကို တွေးတောလိုက်သည်။

ဖခင်ထံတော့ ဇော်နှင့် ပတ်သက်ပြီး ခွင့်တောင်းရဦးမည်။ အတိတ်ကိုတော့ သားတို့မသိစေရန် တမင်မြှုပ်နှံထားသည့်အကြောင်းကိုပါ တောင်းပန်ထားရမည်။

“မေမေ နေမကောင်းဘူးလား”

“ဘာဖြစ်လို့မေးတာလဲသားတို့”

“မေမေ့ကြည့်ရတာ တစ်ခါတစ်ခါ ငေးငိုင်နေသလားလို့”

“ဒီလိုပဲပေါ့သားရယ် အလုပ်များတဲ့အခါ ပြဿနာလေးတွေရှိလာတဲ့အခါ စဉ်းစားရတယ်၊ အဲဒီအခါ ငေးငိုင်သလို ဖြစ်သွားရတာပေါ့၊ ရှိလာတဲ့အခါ စဉ်းစားရတယ် အဲဒီအခါ ငေးငိုင်သလိုဖြစ်သွားရတာပေါ့၊ ကဲ. . ကဲ. . သားကို လုပ်စရာရှိတာလုပ်မေနားလိုက်ဦးမယ်၊ ဩော်. . သားဂေါ့ဖ်ရိုက်ဖို့ မေမေ ခွင့်ပြုတယ် ဝင်ကြေးအတွက်လည်း လိုသလောက်သာယူ အသုံးစရိတ်စာရင်းမှာသာ ရေးထားလိုက်”

“ဟုတ်ကဲ့မေမေ”

ဒေါ်တင်လှလှဘွား မိမိအိပ်ခန်းဆီသို့ တန်းလာခဲ့သည်။ ရေချိုးပြီး ညအိပ်အင်္ကျီဝတ်ကာ ခုတင်ပေါ်သို့လှဲချလိုက်သည်။



www.burmeseclassic.com


www.burmeseclassic.com



ပြီးမှ ခုတင်အနီးစားပွဲ၌တင်ထားသော စလင်းဘတ်ကို ဆွဲယူ ကာ ဖုန်းကိုထုတ်ကာ ခလုတ်ဖွင့်ပြီး ခေါင်းအုံးပေါ် ချထားလိုက် သည်။







# အခန်း(၂၆)

"မေမေ. . . မေကဆုန်လေ"

ဒေါ်တင်လူလူဘွား အံ့အားသင့်သွားသည်။ မေကဆုန် ၏ မိခင်မေမေမြင့်ကို မြင်ဖူးထားသဖြင့် မေကဆုန်ကို ဤမျှချော လှလိမ့်မည်ဟုမထင်ထားပါ။

အသားလေးမှာ ဖြူဥပြီး နှာတံပေါ်ပေါ် မျက်ခုံးကောင်း ကောင်းနှင့် ထူးခြားသည့် ဆွဲဆောင်မှုတစ်ခုက မျက်တောင် ကော့များ ယှက်ဝန်းထားသည့် မျက်ဝန်းနက်တစ်စုံ။ ဆွဲဆောင်မှု



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော မျက်ဝန်းဖြစ်သည်။

အရပ်မြင့်မြင့် ပါးပါးလှပ်လှပ်နှင့် စတိုင်လှလှ။

"မေမေ"

"သြော်. . အေး. . ၊ သမီးက ချစ်စရာကောင်းလွန်းလို့ အန်တီကငေးမိသွားတာ"

မေကဆုန်က ဟက်ခနဲရယ်လိုက်သည်။

အို. . ပါးချိုင့်ကလေးနှင့်ပါလားဟု ဒေါ်တင်လှလှဘွား အံ့အားသင့်သွားသည်။ အလှပေါင်းစုံစုနေသော ဤကလေးမ လေးဟာ ဇော်၏သမီးလေးတဲ့လား. . .။

"အန်တီကပြောင်းပြန် အန်တီကမှလှတာ"

"ကိုင်း. . လာ သမီး ယုပန်တောင် မရောက်သေးဘူး"

"မီးက ဒီနေ့ ကျူရှင်စတက်ရတဲ့နေ့ဆိုတော့ တက်ကြွ ပြီး တမင်စောစောထွက်လာတာ"

လှိုင်ဘွားကျေနပ်သွားသည်။ မေကဆုန်ကလည်း အရင် ကလိုမဟုတ်တော့။ ဂါဝန်ခြေမျက်စိဖုံးလေးဝတ်လာသည်။ ပန်း ရောင်နုနုလေးနှင့် သူမ၏အသားအရည်နှင့် ဟပ်နေသည်။

စာသင်ရမည့်အခန်းကို ဒေါ်တင်လှလှဘွားက စိတ် တိုင်းကျ ပြင်ပေးထားသည်။

"ဒီအခန်းပဲ သမီး"

"သြော်. . အန်တီ ဖီးစ်"

"ခိုင်ဘွားကိုသာပေး သမီး၊ သူကဒီဝိုင်းရဲ့ လီဒါပဲ"

"သြော်. . မီးဒယ်ဒီက ဆရာတွေ အကြိုအပို့အတွက်ကို မီးကပဲ တာဝန်ယူလိုက်ပါတဲ့ ဘာဖြစ်လို့လဲဆိုတော့ မီးအတွက်က





ကားတစ်စီးလုံးရှိနေတယ် မီးလာရင်း ဆရာတွေဝင်ကြိုလို့ရတယ် ပြန်ရင်လည်း ဝင်ပို့လို့ရတယ်ဆိုတော့ အပန်းမကြီးတဲ့အတွက် မီးပဲတာဝန်ယူလိုက်ပါတဲ့"

"အင်းလေ ဆရာတွေက အဝေးကမပါပါဘူး၊ သမီးနဲ့ အန်တီတို့အိမ်ကပဲ တာဝန်ယူလိုက်တာပေါ့"

"ဟုတ်ကဲ့ပါ အန်တီ"

"သြော်. . ယောကျ်ားလေးတွေမရှိတုန်း သမီးကို အန်တီ က မှာစရာရှိတာမှာရဦးမယ်၊ အဝတ်အစားနဲ့ပတ်သက်ပြီး သမီး ဒီလို ဝတ်လာတာ အန်တီကြိုက်တယ်၊ ယောကျ်ားဆိုတာ တကယ့် ယောကျ်ားလိုပဲ ဘယ်သူ့မှမယုံကြည်ရဘူး စိတ်မချရဘူး၊ ဒီတော့ အပြင်ဘက်က ကာဟာဖြစ်ထားရအောင် အဝတ်အစားနဲ့ပတ်သက် ရင် လုံလုံခြုံခြုံဝတ်ရမယ်နော်"

မေကဆုန်ကပြုံးကာ. . .

"အန်တီက ဒယ်ဒီနဲ့အတူတူပဲ"

ဒေါ်တင်လှလှဘွားမျက်နှာ ရှုံ့ခနဲဖြစ်သွားသည်။ ပတ်သက်ဆိုင်မှုလား တမင်သုံးနှုန်းခြင်းလား မလုံမလဲခံစားလိုက်ရ သည်။

"ဘာဖြစ်လို့လဲ"

"ဒယ်ဒီလဲ အဲဒီလိုပြောပြီး မီးကိုစကဒ်ရှည်တွေ ဂါဝန်တွေ ကို တလောကမှ အများကြီးဝယ်ပေးထားတာ"

"ကောင်းပါတယ်သမီး၊ ခေတ်နဲ့အညီဝတ်လို့ရပါတယ်၊ ဒါပေမဲ့ တို့မြန်မာအမျိုးသမီးတွေ စောင့်ထိန်းသင့်တဲ့အချက်ကို သမီးသိသလား"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် အန်တီ၊ ဟိရဩတ္တပခေါ်တဲ့ အရှက်အ
ကြောက်နှစ်ပါးပါ"

"ဟုတ်တယ်သမီး၊ မဟုတ်တာလုပ်ဖို့ ရှက်တတ်ရမယ်
မဟုတ်တာလုပ်ဖို့ ကြောက်တတ်ရမယ်၊ ကဲသမီးလေးက မိတဆိုး
ဆိုတော့ အန်တီကပိုပြီး ဂရုစိုက်သင့်တယ်ထင်တယ်၊ အန်တီ့သား
တွေ့ရဲ့သူငယ်ချင်းဆိုတော့ အန်တီ့သမီးလို့ပဲ မှတ်ယူထားပါ့မယ်
ဒီတော့ သမီးမှာအခက်အခဲရှိလာရင် အန်တီကိုပွင့်ပွင့်လင်းလင်း
တိုင်ပင်နော် သမီး ဟုတ်လား၊ အန်တီအကူအညီပေးမယ် အကြံ
ဉာဏ်ပေးမယ်"

မေကဆုန်ရင်ထဲ ဝမ်းသာဝမ်းနည်းဖြစ်သွားပြီး မျက်ရည်
ပင်ဆို့ချင်လာသည်။ မိခင်၊ မိခင်ဆိုတာ ဘယ်လိုမျိုးလဲ၊ သားသမီး
တွေ၏ အဆိုးအကောင်းသည် မိခင်ပေါ်၌မူတည်တတ်သလား

"နော်သမီး. . အန်တီပြောတာ သဘောပေါက်ရဲ့လား
လက်ကောလက်ခံနိုင်ရဲ့လား"

မေကဆုန်မျက်နှာ၌ ကြေကွဲခြင်းအရိပ်အယောင်များ
ယှက်သန်းသွားသည်ကို ဒေါ်တင်လှလှဘွား သွားသတိပြုမိလိုက်
သဖြင့် စိတ်ထိခိုက်သွားရသည်။ တကယ်တော့ မေကဆုန်အ
လေးသည် သနားစရာကောင်းနေသည်။ လောကကြီး၏လှည့်
ဖြားမှုအောက်က ယုန်သူငယ်လေးဖြစ်သည်။

"သမီး"

ဒေါ်တင်လှလှဘွားက မေကဆုန်လက်ကလေးကို
သာကိုင်ကာခေါ်လိုက်သည်။

"လက်. . လက်ခံပါတယ်၊ ကျေးဇူးလည်းတင်ပါတ





အန်တီ"

တုန်ရီသောအသံလေးကိုထိန်းပြီး ဒေါ်တင်လှလှဘွား
အားကြည့်လိုက်ပြီး ပြောလိုက်သည်။

ဒေါ်တင်လှလှဘွား၏ ဂရုဏာမျက်ဝန်းကို သူမရင်ဆိုင်
ကြည့်လိုက်ရသည်။ မေကဆုန်ရင်ထဲ နွေးထွေးသွားသည်။


မိမိမှာခုလို ပညာတတ်သော လှသော သားသမီးကို
အားလည်စွာဖြင့် ချစ်တတ်သော မိခင်မျိုးရှိနေပါက လောကကြီး
သည် အဘယ်မှပျော်စရာ ချမ်းမြေ့စရာကောင်းလိမ့်မည်နည်း
နည်း. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၇)

"ဟာ. . ဒယ်ဒီ အစောကြီးပြန်လာတယ်"

"ဘေဘီက အထက်တန်းကျောင်းသူဖြစ်လာပြီဆိုတော့ ပညာရေးကအရေးကြီးလာပြီ၊ ဒယ်ဒီမလုပ်လည်းဖြစ်တဲ့ အလု မျိုးကို မန်နေဂျာနဲ့လွှဲထားလိုက်ပြီ၊ သမီးအတွက် အချိန်ပိုပေးမ လို့ ဒယ်ဒီဆုံးဖြတ်ပြီးပြန်လာတာ"

မေကဆုန်အတွက် ကံကောင်းခြင်းမင်္ဂလာသည် အိမ် ခါးဝသို့ ဆိုက်ရောက်လာပြီဟု မှတ်ယူလိုက်သည်။

ဖခင်ဖြစ်သူ၏ သားရေအိတ်ကို ဝိုင်းကူလုပ်ကာ အိမ်





သို့ ယှဉ်တွဲလိုက်ပါလာသည်။ ဆိုဖာဆက်တီတွင် ထိုင်မိတော့. .

"ဒယ်ဒီကို အအေးတစ်ဗူးလောက်"

"ရမယ် ဒယ်ဒီ"

မေကဆုန်က ပြာပြာသလဲပင် ထယူပေးပြီး ဖွင့်ပေးလိုက်သည်။ ဦးတိုင်းဇော်က မေကဆုန်ကိုအကဲခတ်လိုက်ပြီး အအေးကို မော့သောက်လိုက်သည်။

"ဘေဘီ ကျူရှင်သွားတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် ဒယ်ဒီ၊ အမြွာညီနောင်ရဲ့မေမေက သိပ်သဘောကောင်းတာပဲ၊ ချောလည်းအတော်ချောတယ်နော်၊ တစ်ခါမှ အနီးကပ်မမြင်ဖူးဘူး မီးကအဝေးကပဲ လှမ်းမြင်ဖူးတာ၊ ခုလိုနီးနီးကပ်ကပ်တွေ့ရတော့မှ ပိုလှမှန်းသိရတယ်"

"ဒယ်ဒီမေးတာ ဆရာတွေအသင်အပြကောင်းရဲ့လား နေရာထိုင်ခင်း အဆင်ပြေရဲ့လား သွားလာရေးကော"

မေကဆုန် ဟက်ခနဲ ရယ်ကာ. . .

"ဒယ်ဒီကလည်း အန်တီအကြောင်းကလဲ အရေးကြီးတာပဲ၊ မီးသွားဝိုင်းရတဲ့အိမ်က အိမ်ရှင်သဘောကောင်းမှ မီးစိတ်ချမ်းသာမှာပေါ့၊ စိတ်ချမ်းသာမှ စာသင်ဖြောင့်မှာ၊ ဒါအဓိကမို့လို့ အရင်ပြောတာ"

"ကိုင်း. . ခင်ဗျားသဘောဗျာ ဆက်ပြော"

"ဆရာတွေကလည်း ဒီနေ့စသင်တာ နှစ်ဘာသာ၊ နှစ်ဘာသာစလုံး ဝွတ်တယ်"

"ခင်ဗျားဝွတ်ဖို့ပဲ အရေးကြီးပါတယ်၊ ကိုင်း. . တစောင့်နားမယ် နားပြီးရင် ဘေဘီနဲ့ တင်းနစ်ကစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရဦးမယ်ဒယ်ဒီ၊ လှိုင်ဘွားကလည်း ကစားချင်လို့တဲ့. . ."

"အမြွှာထဲကလား"

"ဟုတ်တယ် အငယ်ကောင်"

"သူက ကစားတတ်သလား"

"ကစားနေကြတာပဲ၊ သူငယ်ချင်းတစ်ယောက်အိမ်မှာတော့ သွားသွားကစားခဲ့တာ၊ အဲဒီသူငယ်ချင်းက ပြောင်းသွားတော့ ကွင်းမရှိတော့ဘူးတဲ့"

"ဟုတ်လား နေဦးလေ၊ ဘေဘီကို ဒယ်ဒီအရင်ကျင့်ပေးမယ် တစ်ပတ်လောက်ကျင့်ပြီးမှ သူ့ကိုခေါ်လိုက်ပေါ့၊ လက်ရည်မညီဘဲ ကစားရရင်မနှိပ်ဘူး"

မေကဆုန်ဦးတိုင်းဇော်ကို တစ်စုံတစ်ခုပြောရန်အားယူလိုက်သည်။

ဖခင်စိတ်ဆိုးသွားမှာကိုလည်း စိုးရိမ်သည်။ ဘွားအေမရှိတော့သည့်နောက်ပိုင်း ဖခင်က သူမအား ပိုဂရုစိုက်လာသည်။ ထိုဂရုစိုက်မှုလေး ဆုံးရှုံးသွားမှာကို မေကဆုန်ကြောက်သည်။

ဦးတိုင်းဇော်က သမီး၏ငြိမ်သက်မှုကြောင့်. . .

"ဘာလဲဘေဘီ ဒယ်ဒီကို ဘာပြောချင်လို့လဲ"

"မီး တင်းနစ်မကစားချင်ဘူး ဒယ်ဒီ"

"ဟင်. . ဘာဖြစ်လို့လဲ၊ စာကိုချည်းပဲ ကုတ်ချိအောင်ကျက်နေလို့မရဘူးလေ ဘေဘီ၊ တစ်နေ့ကို တစ်နာရီလောက်ဒါမှမဟုတ် နာရီဝက်လောက်တော့ ကစားရမယ်၊ မရဘူး ကစားရမယ်"





"မီး ဝါသနာပါရာကို ကစားခွင့်မရှိဘူးလား"

ဦးတိုင်းဇော် သက်ပြင်းချလိုက်သည်။ မိမိဆန္ဒစော သွားသည်။ ဟုတ်ပေသားပဲ ဝါသနာမပါတဲ့အလုပ်တစ်ခုကို ဇွတ်လုပ်လျှင် ဘယ်အောင်မြင်နိုင်ပါ့မလဲ။

"ဆောရီး ဘေဘီဆန္ဒကို ဒယ်ဒီမမေးမိဘဲ ဆန္ဒစောသွားတယ်၊ မီးကဘာဝါသနာပါသလဲ ဘာကစားချင်သလဲ"

"အေရိုးဗစ်ကစားချင်တယ် ရေကူးချင်တယ် ဒယ်ဒီ"

ဦးတိုင်းဇော် သက်ပြင်းချလိုက်သည်။

မေကဆုန် ဖခင်မျက်နှာကို အကဲခတ်လိုက်သည်။

"ဘေဘီ့သဘောလေ အမျိုးသမီးကိုယ်ကာယ အလှသင်တန်းကို ဒယ်ဒီလိုက်အပ်ပေးဖို့တော့"

"ကိစ္စမရှိပါဘူး ဒယ်ဒီ၊ ဒီအတွက်တော့ မပူပါနဲ့၊ အန်တီတာ မီးကိုအကူအညီပေးမှာပါ"

ဦးတိုင်းဇော်က မသိဟန်ဆောင်ကာ. . .

"ဘယ်အန်တီလဲ"

"ဩော်. . ဒယ်ဒီကလည်း အမြွှာညီနောင်တို့ အမေပေါ့"

"အားနာစရာကြီး ဘေဘီရယ်"

"ဘာအားနာစရာရှိသလဲ အပြန်မလှန်ပေါ့ သူ့သားက ဒီမှာလာကစားတာပဲ၊ သူလဲမီးကို ဒီလောက်တော့ ကူညီပေးသင့်တာပေါ့၊ သင့်တော်တဲ့နေရာကို အပ်ပေးရုံပဲ၊ နောက်ပိုင်း မီးဘာသာမီး အချိန်မှန်မှန်လေး သွားကစားရုံပဲ၊ ဂျူနိုလည်းရှိတယ် မြရိပ်ညိုမှာလည်း ရှိတယ် ဝင်ကြေးပေးရုံပဲ"

မေကဆုန်က တက်ကြွစွာ ပြောနေသဖြင့် ဦးတိုင်းဇော်



www.burmeseclassic.com

www.burmeseclassic.com



က ခေါင်းညိတ်ကာ. . .

"ဒါဖြင့် ကောင်းပြီ. . ဘောဘီကြိုက်တာ လုပ်နိုင်တယ်၊ ဒါပေမယ့် စာဘက်မှာလည်း လုံးဝမလျော့ပါးစေရဘူးဆိုတဲ့ ကတိကို ပေးနိုင်မလား"

"ပေးနိုင်ပါတယ် ဒယ်ဒီ"

"တကယ်လား"

"တကယ်ပေါ့"

"တကယ်လို့ ကျောင်းစာဘက်မှာ လျော့ပါးသွားမယ်ဆိုရင်ကော"

"ဒယ်ဒီ မီးကို အပြစ်ပေးနိုင်ပါတယ်"

မေကဆုန်က ရဲဝံ့စွာ ပြောလေသည်။

ဦးတိုင်းဇော်က မေကဆုန်ကို စေ့စေ့ကြည့်ကာ. . .

"ကောင်းပြီ ဒယ်ဒီပေးမယ့်အပြစ်ကို ကြိုပြောထားမယ်"

"ပြောပါ ဒယ်"

"အမှတ်နည်းသွားရင် ပိုင်းကျူရှင်မတက်ရပဲ အိမ်မှာတစ်ယောက်တည်းပဲ သင်ရမယ် နောက်"

"ဟင်. . အပြစ်က တစ်ခုထဲမဟုတ်ဘူးလား"

"မဟုတ်ဘူး"

"နည်းနည်းတော့ တရားမျှတမှု တိမ်စောင်းသွားပြီး ထင်တယ်"

"မလိုချင်ဘူး ဒယ်ဒီပြောတာ နားထောင်၊ နောက်တစ်ခုက ရေကူးခွင့်၊ သွားကစားခွင့်ပါမစ် ပိတ်လိုက်မယ် ဘယ်နှယ်လဲ သဘောတူနိုင်ပါ့မလား"





"တူတယ် ဒယ်ဒီ၊ ဒယ်ဒီသမီးပါ အလုပ်တစ်ခုကို မဖြစ်မနေလုပ်တတ်တဲ့သူပါ"

"အေးအေး. . အပြောနဲ့အဟောညီပါစေ၊ ဒါဖြင့်. . ဘောဘီမကစားတော့ ဒယ်ဒီနဲ့ကစားဖို့ လိုင်ဘွားနဲ့ အချိန်ညှိပေးဦးကွာ၊ ဒယ်ဒီကညနေခြောက်နာရီကနေ ခုနစ်နာရီအတွင်း အချိန်ပေးမယ်ကွာ အခြားကစားချင်တဲ့သူရှိရင်လည်း လာကစားနိုင်တယ်၊ ဒါပေမယ့် လမ်းသူရဲလေးတွေတော့ မဖြစ်စေနဲ့"

"အဟာ. . ဒယ်ဒီကလည်း လမ်းသူရဲလေးတွေက ဒီလိုဘယ်ကစားမလဲ၊ လမ်းမှာပဲနေ လမ်းမှာပဲပျော်နေမှာပေါ့"

"အေး. . ဒါဖြင့်ပြီးရော ဒယ်ဒီရေချိုးပြီး နားလိုက်ဦးမယ်"

"ဘယ်အချိန် ထမင်းစားမလဲ"

"ခုနစ်နာရီ. . ဘောဘီကော. . "

"ဒယ်ဒီနဲ့အတူတူစားမယ်"

"ကောင်းပြီ"

ဦးတိုင်းဇော် သားရေအိတ်ကိုဆွဲပြီး အပေါ်ထပ် သူ့အိပ်ခန်းသို့ တက်ခဲ့လေသည်။

ရင်ထဲ၌အတိုင်းမသိသော ကြည်နူးမှုလေးများ ရိုက်ခတ်ကာ ပျော်ရွှင်နေလေသည်။ အဘယ်ကြောင့်ဆိုသော်. . .

မနက်ဖြန်ချစ်သူနှင့်တွေ့ရန် ချိန်းဆိုထားကြ၍ဖြစ်သည်။ ယ်မှုငယ်သွေးကြွကာ ပျော်ရွှင်စွာ လေချွန်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၈)

(၂၉)လမ်း အထက်ဘလောက်ရှိ စားသောက်ဆိုင်အ
တွင်းဝင်ကာ အပေါ်ထပ်သို့ တန်းတက်ခဲ့သည်။

ကြိုရောက်နေနှင့်သော ဦးတိုင်းဇော်က ဒေါ်တင်လူ
ဘွား တက်လာသည်ကိုမြင်သည်နှင့် ထကြိုလိုက်သည်။

"လာ. . လူလူ"

"ဇော်ရောက်တာကြာပြီလား၊ လူလူနည်းနည်းနောက်
သွားတယ်"





နှစ်ဦးသား အတွင်းကျကျနေရာမှာ နေရာယူအပြီး၌. .

"ဘာစားမလဲ"

"ဇော်ကော"

"ဘာကာ၊ ကြက်ကင်၊ ဆိတ်သားကင်နဲ့ ဘီယာမှာထား
တယ်"

"ဘီယာသိပ်မသောက်နဲ့လေ ဇော်"

"အလကားစတာ၊ ခု လူလူနဲ့တွေ့ရတဲ့အချိန်မျိုးမှာ ဇော့်
အတွက် ဘာမှမလိုဘူး၊ မတွေ့ရတဲ့အချိန်မျိုး သိပ်သတိရတဲ့အခါ
မှ ဘီယာကိုအဖော်ပြုပြီ လွမ်းစိတ်ကိုဖြေရတာ"

ဒေါ်တင်လူလူဘွားက ဦးတိုင်းဇော်မျက်နှာကို ငေးကြည့်
ရင်း. . .

"စောင့်ပါဦးဇော် သားညီနဲ့ကော အဆင်ပြေရဲ့လား"

"ပြေပါတယ် ဒီကောင်လက်ရည်တကယ်ကောင်းတာပဲ၊
သူငယ်နဲ့လူကြီးဆိုတော့ ဇော်မနည်းလိုက်ရတယ်၊ အမောခံနိုင်
ခြင်းတော့ မတူတော့ဘူးလေ ဘောဘီအခြေအနေကကော"

"ကောင်းပါတယ်၊ သူ လူလူကို ခင်တွယ်နေပုံရတယ်၊
အိမ်ရောက်တာနဲ့ လူလူကို တန်းရှာတာပဲ၊ မတွေ့ရင် မေးတော့
တာပဲ၊ ဒီနေ့ကလေးတွေ့ရဲ့ ချစ်ခင်ယုံကြည်ကိုးစားအားထားမှုကို
တော့ လူလူ ကိုယ့်လိပ်ပြာမလုံဘူး. ."

"သူတို့အတွက်ပဲလေ လူလူ မိဘရဲ့မေတ္တာ၊ စေတနာကို
တ ဘဝရောက်မှ သားသမီးတွေဟာ နားလည်နိုင်တယ်၊ ကိုင်း
းလေ လူလူ"

"ဇော်. . ဘာပြောချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၁)

"ရှော့ . . ဘေဘီ၊ သမီးကို ဆေးလည်းကုပေးရသေး ထမင်းလည်းကျွေးရသေး ကိုယ်ကာယအလှသင်တန်းလ လိုက်အပ်ပေးရသေးနဲ့ ဒယ်ဒီတို့ဘက်က တစ်ခုခုတော့ တော တုန့်ပြန်သင့်တယ်"

ဦးတိုင်းဇော်ကား ရောက်ရောက်ချင်း မေကဆုန်ကတ ကြိုသည်။ မေကဆုန်ကို တိုးတိုးတိတ်တိတ်ပြောပြီး ပလတ် အုပ်ထားသော လက်ဆောင်ကြိမ်ခြင်းကို ထုတ်ပေးလိုက်ရာ . . .





"အား . . လေးတယ်"

လှိုင်ဘွားက ပြေးဆင်လာပြီး . . .

"အားနာစရာကြီး အန်ကယ်ရယ်"

ဟုဆိုကာ မေကဆုန်လက်မှ လှမ်းယူလိုက်သည်။

ပြီးတော့ . . .

"အိမ်ထဲကို ဝင်ပါဦး အန်ကယ်၊ သားတို့ မေမေနဲ့ တွေ့အောင်၊ ပြီးတော့ အအေးသောက်ရအောင်"

"ရပါတယ်သား နေပါစေ၊ သားတို့ပြီးရင် သွားရအောင် အန်ကယ်ကားပေါ်ကပဲ စောင့်ပါမယ်"

ဦးတိုင်းဇော်က မူလိုက်သည်။

လှိုင်ဘွားက ဧည့်ခန်းစားပွဲပေးတွင် ခြင်းကိုတင်လိုက်ပြီး င်အား . . .

"မေမေ ခေါ်ပါဦး အန်ကယ်က မေမေ့ကို ရှိန်နေပုံပဲ"

"အိုကွယ် သားတို့ခေါ်ပြီးပြီးပဲ . . သူမှမလာချင်တာကို မေကအောက်ကျနောက်ကျခံပြီး သွားခေါ်ရမှာလား"

ိုင်ဘွားက မိမိ၏မိခင်သည် ကလေးဆန်ပါလားဟု ယခု သဘောပေါက်တာ . . .

"မေမေကလည်းဗျာ ကိုယ်ကအိမ်ရှင်ပဲ ဝတ္တရားကျေ ာပေါ့"

"ကျိုကျိုတက်ချမ်းသာတဲ့ မုဆိုးဖိုဘော့စ်တစ်ယောက်ကို မတစ်ယောက်က လိုလိုလားလားဖိတ်ခေါ်ရမှာလား သားကို ာဆုန်ကြားသွားဦးမယ်"

"မဆိုင်ပါဘူးမေမေ့ရယ် လူသာမခါနေပါ၊ ကိုယ်ကောင်း

www.burmeseclassic.com



ရင် ခေါင်းမရှေ့ပါဘူး"

"သားတို့ခေါ်စေချင်ရင် မေမေ ခေါ်ပါ့မယ်၊ ဒါကလည်း သားတို့မျက်နှာ မေကဆုန့်မျက်နှာကြောင့်နော်"

ဒေါ်တင်လှလှဘွားက ကွန်ခြေရစ္စာဖြင့် ထပြီး ပေါ်တီ ဘက်ထွက်ကာ. . .

"မေကဆုန် သမီးဒယ်ဒီကို အိမ်ပေါ်ခေါ်ဦးလေကွယ်"

"ဒယ်ဒီက မတက်တော့ဘူးတဲ့"

"အဒေးလေးဘာလေး သုံးဆောင်ရအောင်ပါ"

"လာကွာ ဒယ်ကြီးကလည်း"

ဦးတိုင်းဇော်၏ ကားတံခါးကိုဖွင့်ပြီး မေကဆုန်က ခေါ် လိုက်သည်။ ဦးတိုင်ဇော်က ဆင်းလာပြီး. .

"အားနာစရာကြီး ဘေဘီရာ၊ သမီးပါ စားသောက် မကဘူး အဖေကပါ လာဒုက္ခပေးသလိုဖြစ်နေပါဦးမယ်"

"ကျွန်မတို့စေတနာ ဒီလောက်မမွဲပါဘူး ဦးတိုင်းဇေ ဒီအတိုင်းသာဆိုရင် သားညီကိုတောင် ပေးကစားဖို့ ခက်နေ ထင်တယ်၊ ကွင်းမှာလည်း လာကာစားသေး အဒေးလည်း တို သေး မုန့်လည်းကျွေးသေးဆိုတော့ မခက်ပါလား"

"ဟာ. . ဒီလိုမတွက်ပါနဲ့ဒေါ်ကတာ ကျွန်တော့်မှာ လောက်နဲ့မမွဲသွားပါဘူး"

"ဒါဖြင့် ဒီလက်ဆောင်တွေက ဘာလုပ်တာလဲ"

ခိုင်ဘွားနှင့် လှိုင်ဘွား မျက်စိမျက်နှာပျက်နေသည်။ ခင်မေမေ့ထံသို့ နောက်ပိုးကြေးဖြင့် ဘိုးဘိုးထံ ဝင်ထွက် လက်ဆောင်ပေးကြသော လူပျိုးကြီးအပုတ်သိုးများကဲ့သို့ မေ





နှဖခင်ကို ဘုတောထုတ်မှာစိုးရိမ်နေသည်။

"ကျွန်တော်သမီးကို ဂရုစိုက်တဲ့အတွက် ကျေးဇူးပြုတာ ဒေါက်တာ"

ဦးတိုင်းဇော်က ခပ်တည်တည်ပင် ဝင်ထိုင်က ဖြေလိုက် သည်။

လှိုင်ဘွားက နက်စ်ဘလက်ကော်ဖီကို သံပုရာသီးစိပ် လေးညှစ်ကာ ယူလာပေးသည်။ ဒေါ်တင်လှလှဘွားမှ. . .

ဩော်. . သားညီတောင် ဇော့် အကြိုက်သိနေပါလား။ ဟုစိတ်တွင်ကြိတ်၍ ဝမ်းသာသွားသည်။

"မေမေကလည်း အန်ကယ်က စေတနာနဲ့ပေးတာကို သုံးဆောင်ပါအန်ကယ် ကျွန်တော်လက်ရာက မေမေ့လက်ရာ သောက်တော့ မကောင်းဘူးထင်တယ်"

"စေတနာနဲ့ဆိုရင် ဘယ်အရာမဆို ကောင်းပါတယ် ခောင်လှိုင်ဘွား"

မေကဆုန်က ဖခင်ဘေးကပ်ထိုင်ကာ. . .

"အန်တီတို့က ကားတစ်စီးပြန်ရောင်းမလို့တဲ့ဒယ် အဲဒါ သို့မှာ ငွေပိုရှိရင် ဝယ်လိုက်ပါလား"

ဦးတိုင်းဇော်က ဒေါ်တင်လှလှဘွားအား လှမ်းကြည့် လိုက်သည်။

ဒေါ်တင်လှလှဘွားက အားနာဟန်ဖြင့်. . .

"အို. . သမီးကို ဘယ်သူပြောသလဲ"

"လှိုင်ဘွားဘိုးဘိုး နိုင်ငံခြားသွားဖို့ ငွေလိုလို့ဆို၊ ဟိုင်း ကတ်ရောင်းပြီး တစ်စီးပဲသုံးတော့မယ်လို့ပြောတယ် မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား အန်တီ"

"ဟုတ်ပါတယ်. . ဒါပေမယ့် သမီးဒယ်ဒီ မလိုအပ်
သမီးတိုက်တွန်းမှုနဲ့ ယူလိုက်ရတာမျိုး မဖြစ်စေချင်ဘူး"

"ဦးတိုင်းဇော်က"

"ဒီလိုလဲ မဟုတ်ဘူးလေ ဒေါက်တာ၊ ကျွန်တော်က အ
ခြံမြေဝယ်လိုက် ဆောက်လိုက် ရောင်းလိုက်အပြင်၊ ကားလည်း
ဒီလိုပဲ ဝယ်တယ်၊ မြတ်ရင်ရောင်းတယ် မမြတ်သေးရင် မရောင်
ဘဲ သုံးနေလိုက်တယ် ကျွန်တော့အတွက် အရှုံးမရှိပါဘူး၊ ဒါ့ကြော
ရေးပါ အားနာစရာမရှိပါဘူး ခုကားရှိသလား"

"မရှိပါဘူး ဘိုးဘိုးယူသွားတယ် ကျွန်တော်စီးနေ
ကားပါ"

"ကောင်းတယ်. . မော်ဒယ်မြင့်သားပဲ၊ ဈေးပြောပေ
မနက်ဖြန်သားယူလာခဲ့ အန်ကယ်ပေးနိုင်တဲ့ဈေးပေးမယ် ရောင်
နိုင်ရင် တစ်ခါထဲယူထားလိုက်မယ် မဟုတ်ဘူးလား ဒေါက်တာ"

ဒေါ်တင်လှူလှူဘွား ခေါင်းညိတ်လိုက်သည် အမြ
နောင်က မိခင်ကိုမကျေမနပ်ဖြစ်လာသည်။ မိခင်သည် မိမိတို့အ
ပေါ် ဒီလောက်ကောင်းနေသော ဦးတိုင်းဇော်အပေါ်၌ အားနာ
ဖြင့် နည်းနည်းပါးပါး လိုက်လျောမှုလေးများ ပြုလုပ်သင့်သည်
ထင်သည်။ ယခုအေးစက်စက်နှင့်. . .

"သားတို့ ကျောင်းကြို/ကျောင်းပို့အတွက်များ အခ
အခဲဖြစ်နေမလား"

"ကျွန်မပဲ ကြိုပို့ရမှာပေါ့ ဦးတိုင်းဇော်"

"ဟင်. . ပင်ပန်းနေမှာပေါ့"





ဦးတိုင်းဇော် သတိလက်လွတ်ဖြစ်သွားသည်။ သူမျက်
နှာမှ ကြင်နာမှု အရိပ်အရောင်များကိုလည်း မနည်းပြန်ရုပ်သိမ်း
လိုက်သည်။

"ရပါတယ် ကျွန်မသားတွေအတွက် အပင်ပန်းခံနိုင်ပါ
တယ်"

မိခင်၏ မိခင်မာန်ဝံ့သော စကားကို ဦးတိုင်းဇော်က ချစ်
ခင်းလှမ်းကြည့်ကာ မထိတထိလေးပြောလိုက်သည်။

"လေးစားပါတယ် ဒေါက်တာ၊ မိန်းမသားတစ်ယောက်ရဲ့
စွမ်းအားနဲ့ သားသမီးတွေအပေါ် ခုလိုလိုလေသေးမရှိ ထားနိုင်
တာကို ကျွန်တော်လေးစားပါတယ်၊ ကိုင်းခွင့်ပြုပါဦး သားတို့
သမီးတို့အဆင်သင့်ဖြစ်ရင် သွားကြရအောင် မောင်ခိုင်ဘွားကို
တော့ ဂေါ့ဖ်ကွင်းပို့ပေးရမလား"

"ကျေးဇူးတင်ပါတယ် အန်ကယ် မေမေပို့ပေးမယ် ပြော
ပါတယ်"

"မဟုတ်တာကွာ ဂေါ့ဖ်ကလပ်က ဝေးပါတယ် လိုက်ခဲ့
ပါ မောင်ခိုင်ဘွား၊ ဦးကြီးကို ပို့ခိုင်းကြိုခိုင်းမယ် ပြီးမှ ညီလေးနဲ့
အတူပြန်ပို့ပေးမယ် ခွင့်ပြုပါနော် ဒေါက်တာ"

ဒေါ်တင်လှူလှူဘွားက. . .

"ကျွန်မတို့ မိသားစုအပေါ် ကျေးဇူးတွေတင်ပြီးရင်းတင်
နေရအောင် မလုပ်ပါနဲ့ ဦးတိုင်းဇော်၊ အားနာစရာကောင်းနေပြီ"

"ဟာ. . ကျွန်တော်ဘယ်လိုသဘောမှ မဟုတ်ပါဘူး၊
ကလေးချစ်တတ်တဲ့စိတ် ကျွန်တော့်မှာ ရှိနေတာရယ် သမီးပဲရှိပြီး
သားမရှိတဲ့အတွက် သားတို့ကို ချစ်ခင်မိတာရယ်ကြောင့်ပါ လာ



www.burmeseclassic.com

www.burmeseclassic.com

မင်းအမေစိတ်မပြောင်းခင် အမြန်ဆုံးရှေ့ကြစို့”

“သားတို့လိုက်သွားမယ်နော် မေမေ”

“အင်း. . မိုးမချုပ်စေနဲ့နော် မေမေ ထမင်းစားစောင့်နေမှာ”

“ဟုတ်ကဲ့မေမေ”

“ခွင့်ပြုပါဦး ဒေါက်တာ”

“ကောင်းပါပြီ ဦးတိုင်းဇော်”

ရင်းတွင်းမှာတော့ ကြိတ်၍ ရယ်မောနေကြသည်။

မေကဆုန်က ဖင်၏မြူးကြွနေသောသဏ္ဍာန်ကို ရိပ်စားမိလိုက်သည်။

ဖခင်သည် လူငယ်တစ်ဦးလို လှိုင်ဘွားတို့နည်းတူ တက်ကြွဖျတ်လတ်ကာ မြူးတူးလျက်ရှိသည်။

ယခင်က ဒီလိုမဟုတ်ချေ။

အိမ်အကပ်နည်းကာ မိုးချုပ်မှပြန်လာပြီး ဘီယာသောက်ကာ အိပ်လေသည်။ မိမိကိုတော့ လိုအပ်တာကို အမြဲမေးတတ်သည်။ ဘွားဘွားမရှိတော့သည့်အတွက် အိမ်ကပ်ခြင်းဖြစ်မည်။

“အန်ကယ်အပေါ် မေမေဆက်ဆံမှုနဲ့ ပတ်သက်ပြီး ရှင်းသိနေရင် ကျွန်တော်တောင်းပန်ပါတယ် အန်ကယ်”

“နဲတားမိုင်းပါ မောင်လှိုင်ဘွား ပညာတတ်ပြီး ကိုယ့်အားကိုယ်ကိုးတတ်တဲ့မိန်းမတွေရဲ့မာနနဲ့ မိခင်ရဲ့မာနကို အန်ကယ်နားလည်ပါတယ်၊ မင်းတို့ဟာ သိပ်ကံကောင်းတဲ့ ကလေးနှစ်ယောက်ပါ၊ ဖခင်မရှိတော့ပေမယ့် မျက်နှာမငယ်ရအောင် စွမ်းဆောင်နိုင်တဲ့ မိခင်မျိုး ရထားတဲ့အတွက် သိပ်ကိုကံကောင်းပါ





ယယ်”

“သားတို့ နားလည်ပါတယ် နှစ်နှစ်ပါပဲအန်ကယ်၊ ဆယ်တန်းအောင်ပြီးသွားရင်တော့ သားတို့လမ်း သားတို့ဆက်လျှောက်ကြမှာပါ၊ မေမေကို ဒုက္ခမပေးတော့ပါဘူး”

“အိုး. . သားတို့လမ်း သားတို့လျှောက်မယ် ဆိုကာက”

“သားတို့က နိုင်ငံခြားသွားပြီး အင်ဂျင်နီယာတက္ကသိုလ်တက်မယ် ကိုကိုက ဆေးတက္ကသိုလ်တက်မယ်လို့ ဆုံးဖြတ်ထားကြလို့ပါ”

“ဟင်ဒီလိုဆိုရင် အမေကြီးတစ်ယောက်ထဲ ဖြစ်ကျန်ခဲ့မှာပေါ့”

“အဲဒီအချိန်ဆို ဘိုးဘိုးပြန်လာလိမ့်မယ်ထင်တယ် အန်ကယ်”

ကလေးများက သဘောရိုးဖြင့် ပြောလေသည်။

မေကဆုန်က ဖခင်ကိုငဲ့စောင်းကြည့်ကာ. . .

“မီးကလည်း ဆေးတက္ကသိုလ်တက်မှာ ဒါပေမယ့် ဒယ်ဒီခွဲသွားစရာမလိုဘူး”

“ဒယ်ဒီ ကံကောင်းတာပေါ့”

“အချိန်တန်ရင် ခွဲကြမှာပါပဲ။ ဒါပေမယ့် ကျွန်တော်တို့မေ့ကို ခွဲတာက ကောင်းသောခွဲခွါခြင်းပဲ ဒါကိုမေမေနားလည်ဂုဏ်ယူနေလိမ့်မယ်လို့တော့ သားတို့မျှော်လင့်ရတာပဲ”

“အချိန်တွေ ရှိပါသေးတယ်၊ သားတို့အရွယ် ဆုံးဖြတ်ချက်ဆိုတာ တည်မြဲချင်မှ တည်မြဲတာမျိုး. . .”

“သံမိဋ္ဌာန်ချထားပြီးသားပါ အန်ကယ်လ်”



www.burmeseclassic.com

www.burmeseclassic.com



ခိုင်ဘွားက ပြတ်သားစွာပြောလေသည်။

ဦးတိုင်းဇော်စိတ်ထဲ ချစ်သူအပေါ် သနားသွားလေသည်။ သားသမီးဆိုတာ ဖြည့်သည်ပဲ မိဘရင်ခွင့်၌ အတောင်အလတ် မစုံခင်သာ ခေတ္တခဏလေးနားခိုပြီး အတောင်အလက်စုံလာလျှင် လွတ်လပ်စွာပျံသန်းကြတော့မည်။

"သားတို့ အမေကောသိရဲ့လား"

"မေမေကိုတော့ မပြောရက်လို့ မပြောသေးပါဘူး ဆရာ ဝန်ဖြစ်ချင်တယ်၊ အင်ဂျင်နီယာဖြစ်ချင်တယ် ဒီလောက်ပဲ သိထား ပါတယ်"

"မေကဆုန် နင်သွားမပြောနဲ့နော်"

"ပြောမယ်"

"ဟာ. . မှားပြီထင်တယ် ကိုကို"

"ကိစ္စမရှိပါဘူး နှစ်မဲတစ်မဲဆိုရင် သူရှုံးသွားနိုင်တယ်"

"ငါ့ဘက်က ဒယ်ဒီစစ်ကူမှာပေါ့ ဟုတ်တယ်နော် ဒယ်ဒီ"


"ဒယ်ဒီ နှာစေးနေတယ် သမီး"

ဟု ဦးတိုင်းဇော်က ပြောလိုက်သဖြင့် အမြွှာညီနောင် ရယ်နေသည်။ မေကဆုန်က မကျေမနပ် မျက်စောင်းထိုးလိုက် သည်။

ဦးတိုင်းဇော်က ကလေးများ၏ ရင်နှီးမှုကို ကျေနပ်သွား သည်။ ကလေးများမိမိ လေးစားယုံကြည် အားထားလာခြင်း သည် မိမိတို့အတွက် အောင်ပွဲဖြစ်လိမ့်မည်။







# အခန်း(၃၂)

သားနှစ်ယောက်ရေချိုးပြီး ဆင်းလာကာ ထမင်းစားဝိုင်း ထိုင်လိုက်ကြသည်။ ဒေါ်တင်လှူလှူဘွားက သားနှစ်ယောက်ကို တဲခတ်လိုက်သည်။ မိမိ၏ပန်းကန်ထဲသို့ အသီးသီးဦးချပြီး မင်းစားလေတော့သည်။

"မေမေ သားတို့ကို တစ်ခုပြောရဦးမယ်"

"ဘာများလဲ မေမေ"

"မေမေက မုဆိုးမမှတ်လား သားတို့၊ ဒီတော့ အသွား



www.burmeseclassic.com

www.burmeseclassic.com



အလာအနေအထိုင် ဆင်ခြင်ရမယ် သားတို့သူငယ်ချင်းအချင်းချင်း ရင်းနှီးကြလို့ ဝင်ထွက်ကြတာ အကြောင်းမဟုတ်ပေမယ့် လူကြီးကပါ ပါလာပြီဆိုတော့ မေမေ့ဂုဏ်သိက္ခာကို ထိပါးလာမှာ စိုးရိမ်တယ်"

"ဒါကတော့ ပတ်ဝန်းကျင်ကို ဂရုစိုက်နေရရင် လောကကြီးမှ နေစရာတောင် ရှိတော့မှာမဟုတ်ဘူး ယုပန်တို့အိမ်ကို ကြည့်ပါလား အိမ်နီးချင်းဖြစ်ပြီး သူ့အိမ်မှာ ဝိုင်းဖွဲ့ကြတော့လည်း ကရိကထမခံနိုင် ဆရာတွေကြိုပို့ဖို့ကြတော့လည်း တာဝန်မယူချင်၊ ဒါကို မေကဆုန်က နားလည်တယ်၊ အန်ကယ်ကလည်း သဘောပေါက်တယ်၊ ဒါကြောင့် တမင်ပေးတာ နောက်လည်း ပေးလိမ့်ဦးမှာပဲ"

"မေမေ လက်မခံချင်ဘူး"

"မေမေက တင်းမာလိုက်ရင် မေကဆုန်က သားတို့ အိမ်မှာ အနေအစား ဘယ်ရဲတင်းတော့မလဲ၊ မေမေ့ ခေါင်းထဲမှာ ပတ်ဝန်းကျင်ကို မထည့်ပါနဲ့ ကိုယ့်မိသားစု စိတ်ချမ်းသာဖို့ အရေးကို ကိုယ်လုပ်သင့်တာ ကိုယ်လုပ်မယ်၊ ဘယ်သူ့ကိုမှ မထိခိုက်ရင် ပြီးတာပဲ မှတ်လား"

"သားတို့ သဘောပါလေ၊ ဒါပေမယ့် သားတို့ကတော့ အဲဒီလူကြီးကို အိမ်ကိုခဏခဏမဖိတ်ခေါ်နဲ့နော်"

လှိုင်ဘွားက မိခင်အား လှမ်းကြည့်ကာ. .

"သားတို့မဖိတ်ခေါ်ဘဲ သူ့ဘာသာသူလာရင်တော့ သားညီတို့ကိစ္စမဟုတ်တော့ဘူးနော် မေမေဘာသာ ဖြေရှင်းရမှာ"

"ဘာရယ် ဒီကောင်လေးဟာ"





ဒေါ်တင်လှလှဘွားက လှိုင်ဘွားအား မာန်မဲလိုက်ပြီး ရှက်ကိုးရှက်ကန်းဖြစ်သွားလေသည်။

ခိုင်ဘွားကမိခင်ကို လျှပ်တပြက်ကြည့်လိုက်ပြီး မသိကျိုးနှံပြုကာ ထမင်းဆက်စားနေလိုက်သည်။ စိတ်ထဲတွင်တော့ အနည်းငယ် ထူးဆန်းသွားသည်။

မိမိတို့ငယ်စဉ်ကတည်းက ဖခင်ဆုံးသွားပြီးသည့်နောက်ပိုင်း မိခင်ကို လာရစ်ကြသူ လူပျို၊ တစ်ခုလပ်၊ မုဆိုးဖိုများရှိခဲ့ကြသည်။ မိခင်မျက်နှာပြင်ပေါ်မှ ယခုလိုအရေးကြောင်းမျိုး မတွေ့ရပါ။ ယခု ထူးတော့ထူးသည်။ ဦးတိုင်းဇော်လို လူချောလူသန့်တလည်း ပျိုးတိုင်းကြိုက်သည့် အသွင်အပြင်လက္ခဏာမျိုး ဆိုတော့လည်း မိခင်စိတ်လှုပ်ရှားသွားသလား။

ဘာပဲဖြစ်ဖြစ် အိမ်ထောင်ရေးကံမကောင်းဘဲ ဘဝကိုယောက်ျားတစ်ဦးလို ရုန်းကန်နေရသော မိခင်အတွက် သူမစိတ်ချမ်းသာလူချမ်းသာနှင့် နားခိုစရာရင်ခွင်သစ် ရှာမည်ဆိုပါက မိမိတို့ကြည်ဖြူနိုင်ရမည်ဟုတွေးကာ လှိုင်ဘွားကို လှမ်းကြည့်လိုက်သည်။

လှိုင်ဘွားကတော့ ဘာကိုမှ ဲလေးလေးနက်နက်ထားဟန်မရှိဘဲ ထမင်းဆက်စားနေလေသည်။ ညရောက်မှ ဆွေးနွေးကြည့်ရမည်ဟု. . .



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၃)

“တစ်ပင်လဲလို့ တစ်ပင်ထူတဲ့ကိစ္စမှာ အဖေ့အနေနဲ့ တ
ကွက်စရာမရှိပါဘူး သမီး၊ ဒါပေမယ့် ဘယ်အရာမဆို ပွင့်
လင်းလင်းပဲကောင်းတယ် ကလေးတွေအပေါ် လျှို့ဝှက်ချက်တ
ခု ထားတာတော့ မကောင်းဘူးလို့ ထင်တယ်”

ဒေါ်တင်လှုလှုဘွားက ဖခင်နိုင်ငံခြားသို့မသွားခင် မိမိ
တိုင်းဇော်တို့၏ ပြန်လည်ဆုံဆည်းမှု အခြေအနေကိုပြော
ကလေးဆယ်တန်းဖြေပြီးလျှင် ဖွင့်ပြောကာလက်ထပ်မည့်





ကြောင်းကို ခွင့်ပန်လိုက်ခြင်းဖြစ်သည်။

ဖခင်ဦးအောင်ဘွားက အေးအေးဆေးဆေးပင် ပြန်ပြော
လိုက်သဖြင့် ဒေါ်တင်လှုလှုဘွားက. . .

“ကျွန်မလည်း အခြေအနေအရပါ အဖေ၊ လိုအပ်ရင်
ဖွင့်ပြောမလို့ စိတ်ကူးထားပါတယ်၊ ဒါပေမယ့် သားတို့ရဲ့ စိတ်ထဲ
မှာ သူ့ဖခင်ရဲ့ စွပ်စွဲချက်တွေဟာ မှန်ကန်ပါလားလို့ ထင်သွားမှာ
ကိုလည်း စိုးရိမ်တယ်”

“တကယ်လို့ကလေးတွေက သဘောမတူဘူးဆိုရင် ငါ့
သမီး ဘယ်လိုဆုံးဖြတ်မလဲ”

“အဲဒီအတွက်တော့ ကျွန်မ မစဉ်းစားရသေးဘူး အဖေ”

“အေးလေ အဖေ့အနေနဲ့တော့ ကန့်ကွက်စရာမရှိပါဘူး၊
သမီးတို့အိမ်ထောင်ရေးမှာ ကိုယ်စီမံသလိုဖြစ်မလာတာကို တွေ့
ရလေ စိတ်မကောင်းဖြစ်ပြီး နောင်တရခဲ့ပြီးပြီ၊ ငါ့သမီးမှာ ထပ်ပြီး
စိတ်ဆင်းရဲစရာ မတွေ့ကြုံရရင် ပြီးတာပါပဲ၊ ကလေးတွေကလည်း
ကြည်ဖြူတယ်ဆိုရင် ဘာပြောစရာလိုသလဲ အဖေ သဘောတူ
ပါတယ်”

“ကျွန်မ အခြေအနေအရပ်ရပ်ကို အဖေ့ဆီ စာနဲ့ရေး
ပြောပါ့မယ်၊ ဒါပေမယ့် ကလေးတွေ ပညာရေးအဟန့်အတား
ဖြစ်မှာစိုးတဲ့အတွက်တော့ ကျွန်မဖွင့်မပြောသေးဘဲ အဖေ အသိ
ပေးစေချင်ဘူး”

“အဖေဝင်မပါတော့ဘူး. . သမီး စိတ်ချလက်ချသာရေး
တိုင်း အဖေကိုပြောချင်တာ ဒါပဲလား၊ အဖေ ရွှေတိဂုံဘုရားသွား
လိုက်ဦးမယ် သမီးသွားစရာမရှိရင် ကားယူသွားမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့အဖေ ညနေဆေးခန်းမီးရင် ပြီးတာပါပဲ"

"အေးအေး"

ဖခင်ဦးအောင်ဘွားထံမှလည်း လျောလျောလျူလျူ ခွင့် ပြုချက်ရလိုက်သဖြင့် ဒေါ်တင်လှုလှုဘွား အတန်ငယ် စိတ်အေး သွားသည်။

ကလေးတွေက အောက်ထပ်၌ကျူရှင်သင်နေကြသည်။

ခြောက်ယောက်ပိုင်းဖြစ်သဖြင့် စည်စည်ကားကား ရှိ သည်။

မိန်းကလေးဆို မေကဆုန်နှင့် ယုပန်သာရှိသည်။ ယုပ က ခြေရင်းခြံမှဖြစ်သည်။ အိမ်နီးချင်းဖြစ်သဖြင့် သူ့မိဘများက လည်း ဒီပိုင်းကို သဘောတူသည်။ ဘယ်လိုနည်းနှင့် ချမ်းသာ သည်မသိ။ ကားသုံးလေးစီးပိုင်သော်လည်း ဆရာတွေကြို့ပို့ကို ကိုတော့ တာဝန်မယူချင်ကြ။

လှိုင်ဘွားကတော့ ပွင့်ပွင့်လင်းလင်းသမားဖြစ်၍ မတော နပ်ချင်၊ ယုပန်ကို ကပ်စီးဟုခေါ်သည်။ ယုပန်က အရေးမလုပ်

"ကပ်စီးနည်းတာဘာဖြစ်သလဲ၊ နာမည်ဆိုးပေမယ့် ငွေ ကုန်သက်သာတယ် စုတ်ဘွားရဲ့"

ကလေးများကြားဝယ် ဒေါ်တင်လှုလှုဘွား ဘယ်သော အခါမှ ဝင်မပြော။

ယုပန်က လှိုင်ဘွားကို စုတ်ဘွားခေါ်သည်။ သားတို့နှ အတူလာတတ်သော အခြားယောက်ျားလေးနှစ်ယောက်မှ ထေ လုံးဟုခေါ်သော မောင်ထင်အောင်ကျော်နှင့် ဂျပုဟုခေါ်သော မောင်နိုင်မြင့်ဦးဖြစ်သည်။ လေးလုံးကတော့ စာဂျပိုးဖြစ်သည်





အားလုံးထဲမှာ အတော်ဆုံးဖြစ်သည်။

ဂျပုကတော့ အားလုံးထဲမှာ အပျော်တတ်ဆုံးဖြစ်သည်။

စာအညံ့ဆုံးကတော့ ယုပန်ဖြစ်သည်။

ဂျပုကော လေးလုံးကပါ ဆရာများကို နီးစပ်လျှင် နီးစပ် သလိုအကြိုအပို့ပါ တာဝန်ယူပေးသဖြင့် မေကဆုန်၏ ပင်တိုင် ဒရိုက်ဘာဦးကြီးမှာ သက်သာသွားသည်။

စာသင်နေရာကို မသိမသာ အကဲခတ်လိုက်ပြီး အိမ်၏ ဘဟီရကလေးမကို ဆရာမနားလျှင် ပြင်ဆင်ကျွေးမွေးရန် မှာ ကြားပြီး အိမ်ပေါ်ထပ်သို့ တက်လာခဲ့သည်။

စီးပွားရေးက သိပ်မကောင်းချင်. . ။

ဆေးခန်းတွေက အပြိုင်အဆိုင်ပေါ်လာသည်။ ပါရဂူ တွေကလည်း အချိန်သိပ်မပေးနိုင်တော့။ ပါရဂူအတွက် စမ်းသပ် ခန်းထားတွေ မြင့်လာသည်။ အလုပ်သမားတွေကလည်း အ ပြောင်းအလွဲများသည်။ စိတ်မချရသည်ကလည်းရှိသည်။

ဦးတိုင်းဇော်ကို ချစ်သူတစ်ယောက်အနေနဲ့ တိုင်ပင်ချင် သော်လည်း ငွေရေးကြေးရေး ပတ်သက်လာမည့် ကိစ္စမျိုးဖြစ်သ ဖြင့် မတိုင်ပင်ချင်။

အိမ်စရိတ်ကာမိအောင် ကားတစ်စီးရောင်းပြီးသည်နှင့် ဒရိုက်ဘာပါ ဖြုတ်လိုက်သည်။ အိမ်၌ အိမ်ဖော်နှစ်ယောက်တော့ ရှိသည်။ သားအမိနှစ်ယောက်ဖြစ်သဖြင့် မဖြုတ်။

ဆေးခန်း၏ဝင်ငွေသည် သားတို့ကျူရှင်စရိတ်နှင့် အိမ် စရိတ်သာ ရှိတော့သည်။ စုဆောင်းထားတာတွေသည် ကြီး ထွားသောစရိတ်ထဲ ပွန်းပဲ့ပါသွားတတ်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တွေးရင်းခေါင်းကိုက်လာသည်။

ဖခင်က နိုင်ငံခြားသွားချင်သည်။ နိုင်ငံခြားရှိ သားသ
များကလည်း အလည်ခေါ်သည်။ တားလိုသော်လည်း မတားရ
သဖြင့် ကားတစ်စီးရောင်းပေးကာ အဖေစိတ်ကြိုက်သုံးပေ
ဟု သဘောထားကာ ပေးလိုက်သည်။

သြော် မိန်းမတစ်ယောက်ရဲ့ ရုန်းကန်မှု ဇွဲအားတို့ မ
ပါးအောင်တော့ ကြိုးစားရဦးမည်။







www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၄)

"ဒေါက်တာဒေါ်တင်လူလူဘွားနဲ့ တွေ့ချင်လို့ပါ"

"ဟုတ်ကဲ့ ကျွန်မပါ ထိုင်ပါရှင် ဘာကိစ္စများရှိလို့ပါလဲ"

ဒေါ်တင်လူလူဘွားက မြင်ဖူးသလိုလို ရှိသော်လည်း မမှတ်မိသော လူနှစ်ဦးအား နေရာပေးလိုက်သည်။

သားတို့ရှိနေတာပဲဟူသောအသိဖြင့် ရဲတင်းစွာပင် လိုက်ပြီး

"ဘာကိစ္စများရှိလို့ပါလိမ့်"





"ကျွန်တော်တို့ ဘယ်ကစပြောရမှန်းတောင် မသိဘူး"

အသားမည်းမည်း ဗိုက်ရွှဲရွှဲ အသံကမြန်မာလူမျိုးသံ မဟုတ်သော သူနှစ်ဦးကို ဒေါ်တင်လူလူဘွား နားမလည်နိုင်. . .

"ကျွန်တော်က ဦးလှထွန်းပါ၊ သူက ဦးဇော်ဝင်း ပါ"

"တက်နေဝင်း ကုမ္ပဏီကပါ"

"ဟုတ်ကဲ့"

"ဒေါက်တာ့ဆေးခန်း ရောင်းမယ်ဆိုရင် ကျွန်တော်တို့ အရင့်ဆွေးနွေးဖို့ပါ"

"ရှင်. . ကျွန်မရောင်းမယ်လို့ တစ်ခါမှ မစဉ်းစားမိတဲ့ စ္စပါလား"

"ဟုတ်ပဲ့မလား ဆေးခန်းအခြေအနေက ပိတ်ပစ်ရမလို ဖြစ်နေပြီး တစ်ခြမ်းပေး တစ်ခြမ်းယူနဲ့ ကန်ထရိုက်တိုင်ဆောက် ယ်ကြားလို့ လာတာပါ"

ဒေါ်တင်လူလူဘွားရင်ထဲ နာကျင်စွာခံစားလိုက်ရသည်။

မိမိယောက်ျား ကွယ်လွန်သွားကတည်းက စတင်ဝယ် ကာ တည်ထောင်ခဲ့သော ဆေးခန်းကလေးသည် ခေတ်မီ သောဆေးကုခန်းများ အလျှိုလျှိုပေါ်ပေါက်လာခဲ့မှုအောက်ဝယ် ပျောက်ဆုံးသွားရတော့မှာလား။

"မဖြစ်နိုင်ပါဘူးရှင့် ကျွန်မရောင်းဖို့ စိတ်ကူးမရှိပါဘူး ခဲ့ဖို့ပဲရှိပါတယ်"

ထိုစဉ် ကျူရှင်ပြီးသွားပြီးဖြစ်သဖြင့် လှိုင်ဘွားက မိခင်နား ထိုင်သည်။ ခိုင်ဘွားကဆရာမနှင့် သူငယ်ချင်းများအား တံခါး သို့လိုက်ပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



မေကဆုန်က ဒေါ်တင်လှူလှူဘွားမျက်နှာကြီး နီရဲပြီး ဒေါသနှစ်ဦးနှင့် ရင်ဆိုင်နေသည်ကို စိတ်ဝင်စားမိသဖြင့် နေ သောက်သလိုလိုဘာလိုလိုလုပ်ပြီး နားစွင့်လိုက်သည်။

"ဒေါက်တာစဉ်းစားပါလေ၊ ခုဒေါက်တာဆေးခန်း ပိတ် ထားရမလိုတောင်ဖြစ်နေပြီပဲ၊ ဒေါက်တာ ဆေးခန်းမဖွင့်တော့ ဈေးပြိုင်စနစ်နဲ့ ရောင်းလိုက်ရင်တောင် သိန်းသုံးလေးထော လောက်တော့ အသားလေးရမှာပါ"

"ရှင်တို့ပြန်ရင် ကောင်းလိမ့်မယ်ထင်တယ်၊ ကျွန်မ မ ရောင်းပါဘူးလို့ ပြောပြီးပြီပဲ၊ ကျွန်မ စကားထပ်မပြောချင်တော့ ဘူး ရှင်တို့ပြန်နိုင်ပါပြီ"

ဒေါ်တင်လှူလှူဘွားက ပြောပြောဆိုဆိုထကာ အပေါ် ထပ် တက်သွားလေသည်။

လှိုင်ဘွားနှင့်ခိုင်ဘွားကပါ. . .

"ခင်ဗျားကြီးတို့ ဘာလာလုပ်တာလဲ"

"ဘယ်သူက ရောင်းမယ်ပြောလို့လဲ"

"ဒီလိုပဲ လူမမာမလာတော့တဲ့ ဆေးခန်းပိတ်ရမယ့်အ တူ ရောင်းပြီး ဘဏ်တိုးနဲ့ထိုင်စားလို့ရတယ်"

"ဒါ. . ခင်ဗျာကြီးတို့ အလုပ်မဟုတ်ဘူး၊ ခင်ဗျားကြီး အလုပ်က အမြန်ဆုံးပြန်ကြွဖို့ပဲ"

လှိုင်ဘွားက မိခင်နည်းတူ ဒေါသဖြင့် မျက်နှာနီရဲ နှင်ထုတ်လိုက်သည်။ ဧည့်သည်များကထပြီး. . .

"စေတနာနဲ့ပါကွာ မင်းအမေကရိုးသားတယ်မှတ်လ အလုပ်မလုပ်တတ်တဲ့အတူတူ. ."





"သွားဗျာ. . သွား"

လှိုင်ဘွား အသံတွေတုန်လာသည်။ မေကဆုန်က လှိုင် ဘွားလက်မောင်းကို ဆုပ်ကိုင်ကာ သတိပေးလိုက်သည်။

ခိုင်ဘွားက. . .

"ကျွန်တော်တို့အမေသဘောထားလည်း ဦးတို့သိရပြီပဲ နော်ကြပါ၊ ရောင်းတော့မယ်လို့ ဆုံးဖြတ်ရင် ဦးတို့ကို ဆက်သွယ်ပါ့ မယ် ဦးတို့နဲ့ဆက်သွယ်ချင်ရင်"

"ဪ. . ရော့ ဦးတို့ရဲ့ဗစ်စတင်းကဒ် ဆက်သွယ်နော်၊ ဦးတို့လည်း ဆေးခန်းပဲပြန်ဖွင့်မှာပါ၊ မင်းအမေပြန်လုပ်ချင်လည်း ရပါတယ်"

"ဟုတ်ကဲ့ ပြန်နိုင်ပါပြီ"

ကဒ်ပြားကိုယူပြီး တံခါးဝအထိ လိုက်ပို့ပေးလိုက်သည်။

ပါဂျဲရိုးကားနက်ကြီးဖြင့် ပြန်သွားသော ဧည့်သည်နှစ် ယောက်ကို မျက်စိတစ်ဆုံးကြည့်ပြီး ခိုင်ဘွားရင်ထဲ စိတ်မကောင်း ဖြစ်လာသည်။

နောက်. . မိခင်အိပ်ခန်းရှိရာသို့ ပြေးတက်ခဲ့လေသည်။

တံခါးကို ဂျက်ချထားသည်။

"မေမေ. . မေမေ သားကိုပါဖွင့်ပါဦး"

မိခင်ဆီမှ တုန့်ပြန်သံမကြားရ။

လှိုင်ဘွားက မေကဆုန်အား. . .

"နင်ပြန်တော့လေ"

"အန်တီဘာဖြစ်နေသလဲ မသိဘူး"

"ဘာမှမဖြစ်ဘူး စိတ်ထိခိုက်သွားလို့ ဘယ်သူနဲ့မှ ရင်မ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပဲ ကြိတ်ငိုနေတာဖြစ်မှာပေါ့၊ မမေက ငါတို့ကို ဘာဖြစ်လို့ မပြောတာလဲ မသိဘူးကွာ"

"နင်တို့သိတော့ ဘာလုပ်ပေးနိုင်မှာမို့လို့လဲ"

"အကြံဉာဏ်ပေးနိုင်တာပေါ့၊ မမေ့ ဆေးခန်းမှာ အလုပ်သမားစရိတ် သက်သာအောင် ဝိုင်းကူလုပ်ပေးနိုင်တာပေါ့ ကဲ. . ကဲ. . မချောနင်ပြန်တော့"

"နင်မလိုက်တော့ဘူးလား၊ တင်းနစ်မကစားတော့ဘူးလား"

"ဟင့်အင်း ဒီနေ့တော့ ဆောရီးပဲဟာ မမေ့ကို ပြစ်ပြီး ငါဘယ်လိုလုပ်လာမလဲ"

"ဒါဖြင့် ငါပြန်တော့မယ်"

"အေး"

မေကဆုန်ပြန်သွားသည်။

လှိုင်ဘွားက အိမ်တံခါးကိုပိတ်ပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။

ခိုင်ဘွားက တံခါးဝမှနေ၍ မိခင်အား စကားလှမ်းပြောနေသည်။

"မေမေရာ သားတို့အတွက် ဘာမှပူပင်စရာမလိုဘူး နောက်နေ့ဆေးခန်းသွားရင် သားတို့လိုက်မယ်၊ ဆေးရောင်းတဲ့နေရာမှာ သားကိုထိုင်မယ်၊ နောက်မေမေတစ်ယောက်ထဲ မသွားရဘူး"

"ဟုတ်သားပဲ မေမေရာ၊ သားမကစားတော့ဘူး ကစားမယ့်အချိန် ဆေးခန်းမှာပဲ ကူမယ်"





မိခင်ထံမှာ ရှိုက်သံကလွဲပြီး အသံထွက်မလာချေ။ ညီအစ်ကိုနှစ်ယောက်က. . .

"ငိုပါစေ"

"ဟုတ်တယ် ဒါမှ ရင်ထဲပေါ့သွားမှာ"

ဟု အတိုင်အဖောက်ညီစွာ ပြောဆိုပြီး တံခါးဝရှေ့တွင် ထိုင်စောင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၅)

"ဟုတ်လား. . ဘေဘီ"

ဦးတိုင်းဇော် စိတ်ကို ထိန်းချုပ်ထားပြီး မျက်နှာကို မပျက်စေဘဲ သာမန်သတင်းကို ကြားနေသကဲ့သို့ပင် ခပ်ပေါ့ပေါ့ ပြောလာသည်။

"ဟုတ်တယ်ဒယ်ဒီ အန်တီအိပ်ခန်းတံခါးကို ပိတ်ထား ငိုနေတယ်ထင်တယ်၊ ခိုင်ဘွားတို့ ဘယ်လောက်ခေါ်ခေါ် ထ ပေးဘူး"





"အင်းပေါ့သမီးရယ် မိန်းမသားဆိုတော့လည်း အားငယ် နေမှာပေါ့"

ဦးတိုင်းဇော်ရင်ထဲတော့ ဂရုဏာလှိုင်းတံပိုး ထန်နေလေ ပြီ ချစ်လူကိုပြေးတွေ့ကာ အားပေးချင်နေပြီ။

"အဲဒါ မီးတို့ ဘာအကူအညီပေးရင် ကောင်းမလဲ"

"ဘေဘီက ဘာကူညီချင်လို့လဲ"

"အင်း. . မီးမသိဘူးလေ အန်တီကဘာဖြစ်ချင်သလဲ၊ ဒီအခန်းကိုဒီအတိုင်းပဲ ဆက်ဖွင့်ထားချင်သလား၊ ဆက်ဖွင့်ထား ချင် လိုအပ်တဲ့ပြုပြင် ပြင်ဆင်မှုတွေအတွက် ငွေလိုမယ် ဒီငွေကို မီးတို့က ချေးရင်ကော"

ဦးတိုင်းဇော် သက်ပြင်းချလိုက်သည်။

"ဖြစ်မယ်မထင်ဘူး ဘေဘီ သူ့ကိုစော်ကားတယ် အ ထင်သေးတယ်လို့ ထင်သွားရင် စောစောက ပုဂ္ဂိုလ်တွေကို ဖေဖေ အနှင်ခံနေရမှာပေါ့"

"ဒီလိုဆိုရင် မီးတို့ ဘာလုပ်ပေးရမလဲ"

"သူဘာဖြစ်ချင်သလဲဆိုတာသိအောင် သမီးကသူ့သား တွေကနေတဆင့်စုံစမ်းပြီး ဒယ်ဒီကိုပြောလေ၊ ဒယ်ဒီ ကူညီလိုက် တာပေါ့ ဟုတ်ပြီလားသမီး၊ ကိုင်း မောင်လှိုင်ဘွားကမလာတော့ ဒယ်ဒီလည်း မကစားဖြစ်တဲ့အတူတူ. . ရေချိုး. . ဘေဘီနဲ့အတူ ထမင်းစားပြီး အလုပ်သွားလုပ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ဒယ်ဒီ မီးအန်တီအတွက် ခေါင်းထဲထည့်ထား ဦးနော်"

"ဩော် ငါ့သမီးလည်း တွယ်မိတွယ်ရာ တွယ်နေပါကော



www.burmeseclassic.com

www.burmeseclassic.com



လား”

“တွယ်မိတွယ်ရာ မဟုတ်ပါဘူး ဒယ်ဒီ၊ အန်တီက ဓ ကယ်ပဲချစ်ခင်စရာကောင်းပါတယ်၊ သားတွေကိုလည်း အရင် ချစ်ပြီး သောကကို သူတစ်ယောက်ထဲခံစားတယ်၊ ဒါကိုမီးက သနားသွားတာ”

မိမိကိုပါ အသိမပေးသော ချစ်သူကို ဦးဇော်အံ့ဩသွား ရသည်။ သူမ၏ မာနကြောင့် ဒုတိယအကြိမ် ချိန်းဆိုထားစဉ် ပျက်ကွက်မှုကို အမျက်ကြီးကာ ခွင့်မလွှတ်ဘဲ မစူးစမ်းပဲ မောင် မောင်ဖင်နှင့် ဖြုန်းစားကြီး လက်ထပ်လိုက်ခြင်းကြောင့် ချစ်သူ နှစ်ဦး အဝေးဆုံးသို့ ရောက်ရှိခဲ့ရပြီးလေပြီ။

ယခုတဖန် မိမိအပေါ် မာနထားလျှင်. . .

ဦးတိုင်းဇော်သက်ပြင်းချလိုက်သည်။

“ခက်တာက ဒယ်ဒီတို့ပေးတဲ့ အကူအညီကို သူလက် ဦးမှကို”

“အင်း. . ဟုတ်တယ်နော် အန်တီက မာနတော့ကြီးပုံ

“ကဲကဲ. . ဒယ်ဒီရေသွားချိုးတော့မယ် ဘေဘီကော ပြီးပြီးလား”

“ပြီးပြီ ဒယ်ဒီ မီးထမင်းပွဲပြင်ခိုင်းထားတော့မယ်နော်”

“ကောင်းပြီ”

ဦးတိုင်းဇော်သည် သမီးခေါင်းကို တစ်ချက်ပုတ်လိုက်ပြီ အပေါ် ထပ်သို့တက်ခဲ့လေသည်။ အိပ်ခန်းတွင်းသို့ ရောက်သည် နှင့် ခါးကြားက ဖုန်းကိုယူကာ ခလုတ်နှိပ်လိုက်သည်။ နော ဒေါ်တင်လှလှဘွားထံသို့ ဖုန်းခေါ်လိုက်သည်။






ခလုတ်ပိတ်ထားခြင်းကြောင့်သော်လည်းကောင်း ဆက်သွယ်ရေးပြင်ပသို့ ရောက်ရှိခြင်းကြောင့်သော်လည်းကောင်း ကိုင်တွယ်ခြင်းမရှိပါချေ။

ခလုတ်ပိတ်ထားခြင်းဖြစ်မည်ဟု အတတ်သိလိုက်သည်။ ညခေါ်နေကျအချိန်ရောက်မှပဲ ခေါ်တော့မည်ဟု. . .



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၆)

ဦးတိုင်းဇော် ဒေါ်တင်လှလှဘွား၏ ဆေးခန်းအခြေ အနေကို သွားကြည့်သည်။ လူနာနည်းသည်. . လာသည်ဆို လောက်သာရှိသည်။ ထိုအနီးတဝိုက်တွင် ခေတ်မီဆေးခန်းများက မှိုပေါက်သလို ပေါများနေလေပြီဖြစ်ရာ အပြိုင်အဆိုင်လုပ်မည် အစား ဖျက်သိမ်းပြီးရောင်းလိုက်တာအကောင်းဆုံးဟု သူက စီးပွားရေးတွက် တွက်လိုက်မိသည်။ သူနေဖြင့် ဝယ်ယူပြီး တိုက် ခန်းဆောက်ကာ ပြန်ရောင်းနိုင်သည်။





ဦးတိုင်းဇော်ကောင်တာမှ လူတစ်ဦးအား. . .

"ဒေါက်တာ ဒေါ်တင်လှလှဘွားနဲ့ တွေ့ချင်လို့ပါ"

"ဒေါက်တာဒီနေ့ မလာဘူး"

"ဪ"

"သူ့အိမ်မှာထင်တယ်"

"မသိဘူးဗျာ သူ့သားတွေဖုန်းဆက်တော့ သူ့မေမေ အရေးကြီးတဲ့ကိစ္စရှိလို့ ဒီနေ့မလာနိုင်ဘူး ပြောပါတယ်"

"ကျေးဇူးပါပဲ ကျွန်တော်ဖုန်းနဲ့ဆက်သွယ်လိုက်ပါ့မယ်"

ကောင်တာကလူလည်း မဆိုးပါဘူး ရည်မွန်မှုရှိသားပဲ ဟုဖြစ်လို့လဲ. . .

ဦးတိုင်းဇော် ကုမ္ပဏီဘက်သို့လှည့်ပြီးမှ အိမ်သို့ပြန်ခဲ့လေ သည်။

ဆယ်တစ်နာရီကျော်နေပြီ မေကဆုန်က တံခါးလာဖွင့် ပေးသည်။

"ဟင်. . . သမီးမအိပ်သေးဘူးလား"

"မနက်ဖြန် စာမေးပွဲလေ ဒယ်ဒီ"

"First Test လား"

"ဟုတ်ကဲ့"

အမြွာညီနောင်အတွက် စိုးရိမ်သွားသည်။ သို့သော် ဤ တလေးများအတွက်က ကျောင်းစာကို ကြက်တူရွေးနှုတ်တိုက် ကျက်သူများမဟုတ်သဖြင့် စိုးရိမ်စရာတော့ မရှိပါချေ။

"ဟိုအိမ်ကို ဖုန်းဆက်ဖြစ်သေးသလား ဘေဘီ"

"ဆက်ဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေ ကောင်းသွားပြီးလား"

"လုံးဝအခန်းထဲက ထွက်မလာဘူးတဲ့"

"ဟင်. . ဒါဖြင့် ညနေစာထမင်းလည်း မစားဘူးပေါ့"

"ဒီအတွက်တော့ ပူစရာမလိုဘူး. . အန်တီအိပ်ခန်းထ ဒယ်ဒီတို့မီးတို့အခန်းလိုပဲ ရေခဲသေတ္တာ အသေးစားလေးရှိတယ်"

"ကလေးတွေကော စာကျက်ကြရဲ့လား"

"ဒီကောင်တွေက စာကိုကျက်တာမဟုတ်ဘူး ဂျစ်ထု ပြီးဖတ်တယ် မှတ်တယ်၊ ဉာဏ်သိပ်ကောင်းတာ၊ စာစီစာကုံး ခေါင်းစဉ်ဘယ်လိုရရ လက်တန်းရေးနိုင်တဲ့သူမျိုး"

"ဒါ သိပ်မှန်တာပေါ့၊ စာစီစာကုံးကို ကျက်ဖြေတယ်ဆို တာကမှားတယ်၊ စာများများဖတ်တဲ့လူက စာစီစာကုံး ဖြေနိုင် တယ်၊ ဘဘလည်းစာများများဖတ် ဗဟုသုတနဲ့ အတွေးအခေါ် များများယူတက်တဲ့ အလေ့အကျင့်မျိုးယူ၊ ကဲ. . အိပ်တော့"

"ဟုတ်ကဲ့ဒယ်ဒီ"

"မနက် ဒယ်ဒီကိုယ်တိုင် ကျောင်းကို လိုက်ပို့ပေးမယ် ဘယ်အချိန်လဲ"

"ခုနှစ်နာရီဖြေရမှာဒယ်ဒီ ခြောက်နာရီခွဲထွက်ရမယ်"

"အိုကေ. . ဂွတ်နိုက်ဘဘ"

မေကဆုန်နှင့် စကားစကို အမြန်ဆုံးဖြတ်ပြီး မိမိအိပ်ခန်း သို့ အမြန်ဆုံးရောက်အောင် လာခဲ့သည်။ ရောက်ရောက်ချင်း အိပ်ခန်းတံခါးကို ဂျက်ချပြီး ဖုန်းကို နှိပ်လိုက်လေသည်။

တစ်ဖက်မှ ခလုတ်ပိတ်ထားဆဲဖြစ်သည်။

ဦးတိုင်းဇော် ခေါင်းနားပန်းကြီးသွားသည်။ အိပ်ခန်းထဲ





ာ တစ်စုံတစ်ခုဖြစ်နေလျှင် မည်သို့သိမည်နည်း။

စိုးရိမ်ပူပန်မှုဖြင့် မကြာခဏဖုန်းခေါ်ပါသော်လည်း လုတ်ဖွင့်မထားသော ဖုန်းနံပါတ်ဖြစ်နေ၍ လုံးဝအဆက်အ ွယ်မရပါချေ။


မနက်ဖြန်ကို သူ မည်ကဲ့သို့ စောင့်ဆိုင်းရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၇)

သူနိုးနိုးခြင်းနာရီကြည့်လိုက်တော့ ရှစ်နာရီ သမီးတို
ကျောင်းပို့ပေးမည်ဟူသောကတိကို သတိရလိုက်ပြီး အိပ်ခန်း
သို့ ထွက်ကာ. . .

"ဒေါ်ထွေး ဘေဘီ ကျောင်းသွားပြီးလား"

"သွားပြီ"

"ကျွန်တော့်ကို လာနိုးသေးလား"

"မနိုးပါဘူး၊ ဦးကြီးနဲ့ပဲသွားတယ်"





ဦတိုင်းဇော် သက်ပြင်းချကာ ရေချိုးခန်းသို့ဝင်ပြီး ရေချိုး
အဝတ်အစားမြန်မြန်လဲကာ လက်ဆွဲအိတ်ကိုယူပြီး ပြေးဆင်းခဲ့
လေသည်။

"မောင်ဇော် ကော်ဖီ မသောက်တော့ဘူးလား"

"မသောက်တော့ဘူး ကိစ္စအရေးကြီးလို့"

ဦးတိုင်းဇော်ကားကို ဒေါ်တင်လှလှဘွားအိမ်ရှိရာသို့
တောက်လျှောက်မောင်းလိုက်သည်။

ခြံစောင့်မရှိသော တံခါးဖြစ်၍ ကိုယ်တိုင်ပင်ဆင်းတွန်း
ကာဖွင့်ဝင်လိုက်သည်။

ဦးတိုင်းဇော် ပေါ်တီကိုအောက် ကားရပ်လိုက်သည်။

ဒေါ်တင်လှလှဘွားက ကားသံကြားကတည်းက ထွက်
လာ ဦးတိုင်းဇော်ကားကိုမြင်သည်နှင့် မျက်လုံးပြူးသွားပြီး အိမ်
မှ ဆီးကြိုကာ. . .

"အတင့်ရဲလှချည်လား ဇော်"

"မတတ်နိုင်ဘူး စိတ်ပူလွန်းလို့ လူတောင် အရည်ပျော်
တော့မယ် ဘယ်လိုလဲကွာ ဇော်ကိုတောင် မင်းခေါ်င်းထဲထည့်
ထားတော့ဘူးလား တစ်ညလုံးဖုန်းခေါ်တာလည်းမရ"

"ကဲ. . အိမ်ထဲကိုကြွပါ ဦးတိုင်းဇော်"

ဒေါ်တင်လှလှဘွားက တစ်နေ့လုံး တစ်ညလုံး ဆုံးဖြတ်
ထားပြီးဖြစ်သောကြောင့် အေးအေးဆေးဆေးပင် ဖိတ်ခေါ်လိုက်
သည်။

သို့သော် မှိုအစ်နေသော မျက်ခွံအောက်မှ မျက်ဝန်းက
တော့ တည်ငြိမ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဇော် ဘာမှမစားရသေးဘူး မှတ်လား"

"အင်း"

ဦးတိုင်းဇော်မျက်နှာက အလိုမကျ ရှုတည်တည်ကြီး ဖြစ်နေသည်။

"ဒါဖြင့် လာဇော်. . ထမင်းစားခန်းမှာပဲ တစ်ခါတည်း နံနက်စာ စားလိုက်ရအောင် လူလူလည်းမစားရသေးဘူး"

ဒေါ်တင်လူလူဘွား၏ ဖိတ်ခေါ်မှုကို ဦးတိုင်းဇော် အားသင့်သွားသည်။

ဒေါ်တင်လူလူဘွားနှင့်အတူ ထမင်းစားခန်းသို့ ဝင်လိုက်သည်။ မီးဖိုချောင်၌ ချက်ပြုတ်ရန် ပြင်ဆင်နေသော သားအ... ရှိနေသည်။ ဦးတိုင်းဇော် ကြောင်အမ်းအမ်း ဖြစ်နေသည်။

"ကျွန်မဆေးခန်းရဲ့ အခြေအနေကို ပတ်ဝန်းကျင်က တောင်ရိပ်မိနေတယ်ဆိုတော့ ကျွန်မဒီပတ်ဝန်းကျင်မှာ ဆေး... လက်မရပ်တည်ချင်တော့ဘူး"

ဦးတိုင်းဇော်အတွက် ဘလက်ခ်ကော်ဖီကိုယ်တိုင် ဖျော်ပေးပြီး အသားညှပ်ပေါင်မုန့်ပန်းကန်လေးကို ရှေ့သို့တိုးပေး...

"သုံးဆောင်ပါ ဦးတိုင်းဇော်"

"ဒီတော့ ဒေါက်တာဘာဖြစ်ချင်သလဲ"

ဦးတိုင်းဇော်ကလည်း အခြေအနေအရ မီးစင်ကြည့် ... ရသည်။

"ကျွန်မဆေးခန်းကို ရောင်းလိုက်တော့မယ် ပြီး... ဆေးရုံမှာပဲ အလုပ်ပြန်ဝင်တော့မယ်"

"ထွက်ထားတာ မဟုတ်ဘူးလား"





"မဟုတ်ပါဘူး လာစာမဲ့ခွင့်တင်လိုက် ဆေးခွင့်တင်လိုက် ... သုံးနှစ်နီးပါး ရှိသွားပြီ"

"ဘယ်လိုဆုံးဖြတ်လိုက်လို့လဲ"

"ဘဏ်တိုးနဲ့ပဲ ရပ်တည်တော့မယ်"

"လုပ်ငန်းရှယ်ယာဝင်ဖို့ မစဉ်းစားဘူးလား"

"ဆေးကုခြင်းအလုပ်ကလွဲလို့ ဘာကိုမှ ကျွန်မဝါသနာ ...ပါဘူး၊ စိတ်လည်းမဝင်စားဘူး၊ ဒါပေမယ့် ကိုယ်ပိုင်ဆေးခန်း ...ငွေတိုးတက်ဖို့ဆိုတာ လူနာများများလာမှဖြစ်မယ်၊ လူနာများ ...လာဖို့ဆိုတာ. . အဟင်းဟင်း. . ကျွန်မညက စဉ်းစားမိတယ် ...၊ အရမ်းကို တုန်လှုပ်သွားတယ် သားတို့ကပါ ကစားချိန် ...စားတော့ပဲ ကျွန်မနဲ့ဝိုင်းကူလုပ်ပေးမယ်ဆိုတာ ကျွန်မအ ...ည်းကို ကွဲအက်စေခဲ့တယ် ဦးတိုင်းဇော်၊ ဒါကြောင့် ကျွန်မ ...ဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်ပြီး ကျွန်မဆေးခန်း ...ရောင်းလိုက်တော့မယ်"

"သားတို့နဲ့ တိုင်ပင်ပြီးပြီလား"

"မနက်ကတော့ သားတို့ စာမေးပွဲသွားဖြေခါနီးဖြစ်နေ ...ပြန်လာမှ မေမေနဲ့စကားပြောမယ်၊ မေမေနေကောင်းပါတယ် ...မဖြစ်ဘူးဆိုပြီး သူတို့ကို မနက်ကပြင်ဆင်ကျွေးပြီး ကျောင်း ...ပို့လိုက်တယ်၊ မေကဆုန်ကပါ စိတ်ပူနေလို့ သူ့ကိုပါ မျက်နှာ ...တ်ပါဦးဆိုလို့ ကျောင်းဝနားအထိ သူတို့ကို ပို့ခဲ့သေးတယ်"

ဒေါ်တင်လူလူဘွားက ဘာမှမဖြစ်တော့သကဲ့သို့ပင် ...အေးလူလူ စကားပြောနေသည်။

ဦးတိုင်းဇော်က ချစ်သူမျက်နှာကို မချင့်မရဲကြည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အကြံတစ်ခုတော့ ပေးချင်တယ် ဒေါက်တာ လက်ခံချင်မှလက်ခံပါ။ လုပ်သင့်တဲ့အလုပ် ရေရှည်လည်းကောင်း မွန်နိုင်တဲ့အလုပ်မျိုးဖြစ်တဲ့အတွက် အကြံပေးချင်တာပါ"

"ဟုတ်ကဲ့ပြောပါ"

"ဒေါက်တာ့မြေ ပေလေးဆယ်ခြောက်ဆယ်ရှိမယ်ထင် တယ်"

"လေးဆယ်ခုနှစ်နဲ့ ငါးဆယ့်ရှစ်ပေရှိပါတယ်"

"ဟုတ်ပြီ ရောင်းလိုက်ရင် သိန်းသုံးလေးထောင်ပဲထား ဘဏ်တိုးနဲ့ဆို တစ်လသိန်းအစိတ်လောက်ပဲ ရမယ်နော်"

"အင်း. . တော်ရောပေါ့ ကျွန်မခုအမြတ်အစွန်းက သုံး လေးသိန်းလောက်ပဲရတာ"

"ဟုတ်ပြီး မရောင်းဘဲ ကန်ထရိုက်လက်အပ်မယ်၊ တ ခြမ်းပေးတစ်ခြမ်းယူ ခြောက်လွှာဆောက်မယ်ထား တယ်လီဖုန်း လည်းရှိတယ်နော်"

"ဟုတ်ကဲ့နှစ်လုံးပါ"

"ဒီလိုဆိုရင် သိပ်ကို အခြေအနေကောင်းတာပဲ ကြို့ပို့ နှစ်ခန်းလောက် ထုတ်ထားပြီး မြေညီထပ်အပါအဝင် လေး ကိုထားလိုက်၊ မြေညီကို စတိုးဆိုင်အတွက်သော်လည်းကောင်း ဆေးဆိုင် ကိုယ်တိုင်ဖွင့်လည်းရတယ်လေ မဖွင့်ချင်ရင် အလု ဆိုင်ငှားလည်းရတယ်၊ ဒါမှမဟုတ် စားသောက်ဆိုင်မဟုတ် ကုမ္ပဏီရှင်တို့ ကွန်ပျူတာစာစီတို့ သင်တန်းတို့ကို ငှားထားလည်း တယ် ကျန်အထပ်တွေကိုလည်း နှစ်ချုပ်နဲ့ငှားရင် လစဉ်ပုံမှန် ငွေရှိနေမယ်၊ မြေပိုင်ဆိုင်မှုကလည်း ရှော့ပါးမသွားဘူး၊ သား





အတွက်လည်း ဘာမှပူပန်စရာမလိုတော့ဘဲ စာကျက်ရုံနှင့် ကစား ရုံရှိတော့တယ်၊ ကျွန်တော်ပြောတာ အကြံပေးရုံပါပဲ ဒေါက်တာ စဉ်းစားပါလေ"

"ကျွန်မနားလည်ပါတယ် ဦးတိုင်းဇော် ဦးတိုင်းဇော်လို ရင်းကျွမ်းပြီးသား မိတ်ဆွေကလာပြီးပြောရင် ကျွန်မ ဒီလောက်စိတ် ထိခိုက်မှာ မဟုတ်ဘူး၊ မနေ့က ပုဂ္ဂိုလ်တွေက အဲဒီနားတစ်ဝိုက်က အစိမ်းသက်သက်နှိမ်ချပြီး လာဝယ်တော့ ရုတ်တရက် ရှက် လည်းရှက် ဒေါသလည်း ထွက်သွားတယ်"

"ရှက်စရာလည်း မလိုဘူး ဒေါသထွက်စရာလည်း မ လိုအပ်ပါဘူးဒေါက်တာ၊ ဒေါက်တာတို့အနေအထားမျိုးဟာ ဆင် ခြင်တက်ကြွလောက်ပဲရှိတာပါ ကျွန်တော်တို့လို သုညဘဝက စခဲ့ရတဲ့ လူမျိုးကတော့ လောကဓံကို ကြံ့ကြံ့ခံနိုင်ပါတယ်"

"သုံးဆောင်ပါဦး ဦးတိုင်းဇော်"

"ဒေါက်တာကော မနက်စာ ဘာမှမစားရသေးဘူးမ လား ညစာကောစားရဲ့လား"

ဒေါ်တင်လှုလှုဘွားက ပြုံးကာ ခေါင်းခါလိုက်သည်။

ဦးတိုင်းဇော်၏ ဂရုဏာမျက်ဝန်းကိုရင်ဆိုင်ကာ. . .

"ကျွန်မဘာဆက်လုပ်သင့်သလဲ"

"ကျွန်တော့်ကိုသာအပ်ပါ၊ ကျွန်တော် ကြို့ပို့င့်နှစ်ခန်းဖိုး ချေထားပြီး တစ်နှစ်အတွင်း ဒေါက်တာကို တိုက်အပ်ပါ့မယ်"

"သေချာလှချည်လား"

အခေါ်အဝေါ်များကို သတိထားကာ ပြောဆိုသုံးစွဲ နေရ သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်ယောက်ဆိုလိုရင်းကို တစ်ယောက်န… လည်သည်။

“ကြိုပွိုင့်က ငါးလွှာတစ်ခန်းနဲ့ ခြောက်လွှာခန်း နှစ်… ပေါင်းကို သိန်းတစ်ထောင် ပေးထားပါမယ်၊ ဒီလိုဆို ဒေါက်တာ… ကြိုက်သလို သုံးစွဲလို့ရပါတယ်၊ ဒါ ကျွန်တော့ဘက်က အပေ… ဆုံးသော အကူအညီပါ၊ ကလေးတွေနဲ့ တိုင်ပင်လိုက်ပါဦး သ… လည်း ထမင်းစားပြီး ကျူရှင်ဒီကိုလာမယ်ထင်တယ်”

“ဒီကိုပဲ တန်းလာကြလိမ့်မယ် ကျွန်မကိုပါ ကားလာ… နဲ့တော့တဲ့ သားတို့ကိုခေါ်ခဲ့မယ် ပြောတယ်”

“ဒေါက်တာကော ဘယ်သွားဦးမှာလဲ”

“ဆယ်နာရီလောက်မှ ကျွန်မဆေးရုံသွားပါမယ်”

“ဘယ်ဆေးရုံလဲ”

“မြောက်ဥက္ကလာပ ဆေးရုံကြီးမှာ တာဝန်ကျပါတ…”

“သွားလာရေး တယ်ဝေးတာပဲ”

“ကားရှိတာပဲလေ”

“ဒေါက်တာကိုယ်တိုင်မောင်းမယ့်အစား ဒရိုင်ဘာ… ထားပါလား ဒေါက်တာ”

“အင်း. . ဦးတိုင်းဇော်ပြေမှပဲ ကျွန်မဆေးရုံပြန်ဝင်… သားတို့ကျောင်းကြို/ပို့ကိစ္စအတွက် ဒရိုင်ဘာထပ်ငှားရမှာ…”

“ကလေးတွေအတွက်က ကျွန်တော့်ကား သုံးလည်… တယ် ဒေါက်တာအတွက်သာ”

“ကျေးဇူးတင်ပါတယ် ဦးတိုင်းဇော်”

“ကျေးဇူးအတင်ခံချင်လို့ ကူညီနေတာမဟုတ်ပါ…





ဒေါက်တာ၊ ခွင့်ပြုပါဦး သားတို့ခွင့်ပြုမယ်ဆိုရင် မနက်ဖြန်ပဲ စာချုပ်လာချုပ်ပါ့မယ်၊ ကြိုပွိုင့်နှစ်ခန်းအတွက်ပါ စရံတစ်ဝက် အရင်ပေးထားပါ့မယ်၊ လုပ်ငန်းသဘောအရ ပြီးမှ အကုန်ချေရမှာဖြစ်ပေမယ့် လုပ်ငန်းစဖြစ်တာနဲ့ ကျွန်တော်အကုန်ချေလိုက်ပါ့မယ်၊ ဒါမိတ်ဆွေခြင်း ကူညီတဲ့သဘောပါ”

ဒေါ်တင်လူလူဘွား ရင်ထဲညည်းတွားလိုက်သည်။

“ဇော်ရယ်”

ဟုသာ ချစ်သူအဘယ်မျှ ကြီးပွားချမ်းသာနေသည်ကို ဒေါ်တင်လူလူဘွားမသိပါ။ မစပ်စုခဲ့ပါ။ ခု မိမိထင်ထားသည်ထက်ကို အဆပေါင်းများစွာ ချမ်းသာနေပြီဟု သိရှိလိုက်ရတော့ စိတ်ထဲဝယ် မလုံမလဲခံစားလိုက်ရသည်။ မိမိအချစ်အပေါ် သူ၏ ကြွယ်ဝမှုက အုပ်မိုးသွားမှာကို စိုးရိမ်သည်။

ထမင်းစားခန်းမှ ဧည့်ခန်းသို့အရောက်တွင်. . .

“လူလူ သိပ်ရက်စက်တယ်ကွာ ဇော့်ကို အားမကိုးဘူး”

“ဇော့်ကို လူလူချစ်တာ ဒီအတွက်မှမဟုတ်တာ”

“ဘာ. . ဘာပြောလိုက်တယ်”

“ဟုတ်တယ်လေ ဇော့်ထံက အကူအညီတွေရယူဖို့မှ မဟုတ်ဘဲ၊ ရှင်းရှင်းပြောရရင် ဇော် ဒီလောက်ချမ်းသာနေမှန်းသိရင် လူလူ ပြန်ပြီးလက်ခံချင်မှလက်ခံမှာ၊ ခုကိစ္စကလည်း လူလူ စဉ်းစားဦးမှာနော်”

“မစဉ်းစားနဲ့ လူလူ အခြားသူစိမ်းတရုံတာစာတွေနဲ့ အလုပ်လုပ်မယ့်အစား ဇော်နဲ့ပဲ အလုပ်လုပ်ပါ၊ ဇော် စိတ်မချဉ်းကွာ ဖြစ်နိုင်ရင် သားသမီးတွေကို ဖွင့်ပြောပြီး အမြန်ဆုံးသာ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်ပြီ၊ ဒါမှ လူလူမပူမပင်ပဲ အေးအေးဆေးဆေးသာ ေ
ရမှာ"

*ပေါ်တီကိုအောက်ရောက်တော့. . .*

"ဖုန်းခလုတ်ကိုဖွင့်ထားနော် လူလူ၊ ဇော် မင်းနဲ့စကား
ပြောချင်သေးတယ်"

"ဇော်ကလည်းကွာ လူလူ ဆေးရုံသွားဖို့ ပြင်ဆင်ရဦး
မယ်လေ"

"ဇော် ဆေးရုံကိုလိုက်ခဲ့မယ်"

"ဟင့်အင်း မလိုက်နဲ့"

"လိုက်ခဲ့မယ် ကိစ္စပြီးရင် မြို့ပြင်က စားသောက်ဆိုင်တစ်
ခုမှာ မနက်စာစားရင်း စကားပြောကြမယ်ကွာ"

"ဒီနေ့တော့ ခွင့်လွှတ်ပါဇော် လူလူ နည်းနည်းပင်ပန်း
ထားလို့ပါ။ ပြီးတော့ သားတို့နဲ့ စကားပြောချင်သေးတယ် ဇော်လာ
သွားတဲ့အကြောင်းနဲ့ ဇော်ကူညီမယ့်အကြောင်း၊ ဒီလိုဆိုတော့
သားတို့ဆီကဇော်နဲ့ပတ်သက်ပြီး ထူးခြားတဲ့မှတ်ချက်တစ်ခုရလိမ့်
မယ်ထင်တယ်"

"ကောင်းပြီလေ ဒီလိုဆို ညရောက်ဖို့ကို ကိုယ်ရင်ခုန်စွာနဲ့
စောင့်ဆိုင်းနေရဦးမှာပေါ့"

ဒေါ်တင်လူလူဘွား ခေါင်းညိတ်လိုက်သည်။

ရင်ထဲ၌ မတင်မကျဝေဒနာတစ်ရပ် ဖြစ်ထွန်းနေသည်။
ယောကျ်ားတစ်ယောက်၏ အကူအညီကိုယူမှ မိမိဘဝရပ်တည်
နိုင်မှာလား။

ဘာမှမဆိုင်ဘူး ထင်ပါသည်။ မိမိ၏မြေပိုင်ဆိုင်မှုကို





န်ထရိုက်ပေးခြင်းဖြစ်သည်။ ဒီအတွက် မိမိဘာမှ လိပ်ပြာမလုံ
ရာမရှိ။

သားတွေက ဘာပြောမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃၈)

ဒေါ်တင်လှလှဘွားစကားဆုံးသည်နှင့် ခိုင်ဘွားက သက်ပြင်းချကာ. . .

"သားတို့အတွက်တော့ မပူပါနဲ့မေမေ၊ ဆေးခန်းမှာ သားတို့ ဝိုင်းထိုင်ပေးနိုင်ပါတယ်။ ဒါပေမယ့် ဆေးခန်းမှာ ဝင်ငွေတိုးဖို့ အတွက် လုံးပန်းတာထက်စာရင် မေမေဆေးရုံပြန်ဝင်တာ သားတို့ သဘောကျပါတယ် အန်ကယ်ပေးတဲ့အကြံဉာဏ် အတိုင်းပဲ ကောင်းမယ်ထင်တယ် နော်ညီ"

"ဟာ. . ကောင်းတာပေါ့၊ ရင်းနှီးပြီးသားဖြစ်နေတဲ့ သူ





ဆွေပဲ၊ အခြားသူစိမ်း သက်သက်တွေထက်စာရင် အန်ကယ်ဆိုတော့ ကောင်းတာပေါ့"

"အတော်ပဲ ဒယ်ဒီဆီက မီးလည်း တစ်ခန်းတောင်းထားရမယ်"

ကလေးတွေ၏ အပြစ်ကင်းစင်မှုကို ဒေါ်တင်လှလှဘွား တွေ့မြင်လိုက်ရသဖြင့် စိတ်ထဲမလုံမလဲဖြစ်သွားသည်။ မိမိတို့၏ ရိုးသားမှုကို မသိရှိကြသေးပေ။ သိရှိသွားပါက. . .

"တစ်ခန်းယူထားပြီး နင်က ဘာလုပ်မလို့လဲ"

"ဟ. . နှစ်ချုပ်နဲ့ ငှားစားမှာပေါ့၊ ငါ့အတွက် မုန့်ဖိုးတိုးတာပေါ့ လှိုင်ညီရ"

မေကဆုန်နှင့် သားများ၏ ရင်းနှီးမှုကို ဒေါ်တင်လှလှဘွား ကျေနပ်သွားသည်။

ခေါ်ပုံကလေးတွေကအစ ပြောင်းလဲနေသည်။

သားကြီးခိုင်ဘွားကို "ခိုင်ကို" သားငယ်လှိုင်ဘွားကို "လှိုင်ညီ"တဲ့ အခြားသူငယ်ချင်းများ ခေါ်သံမကြားရဘဲ မေကဆုန် တစ်ဦးတည်း၏ မူပိုင်အသုံးအနှုန်း ထင်ပါသည်။

"ကဲကဲ. . ဆရာမလာခင် တပည့်တွေက စာသင်ခန်းထဲ ရောက်နေရမယ် ဝင်ကြတော့"

"ဒါဖြင့် မေမေ အန်ကယ်နဲ့ပဲ အလုပ်ဖြစ်တော့မယ်ပေါ့"

"အင်းလေ ဒီလမ်းက အကောင်းဆုံးပဲမှတ်လား"

"ဟုတ်ပါတယ် အန်တီ၊ ဒယ်ဒီလည်း အကျိုးအမြတ်ရှိမှ ပါ မရှုံးပါဘူး၊ အန်တီတို့ကိုလည်း နစ်နာအောင် ဒယ်ဒီမလုပ်ပါ ဘူး၊ ခိုင်ကိုတို့ လှိုင်ညီတို့ မျက်နှာရှိနေတာပဲ"


www.burmeseclassic.com

www.burmeseclassic.com



"ငါတို့မျက်နှာ တော်တော်ကြီးတယ်ပေ့ါ၊ ဟုတ်တော
ဟုတ်ပ့ါမလား"

သူတို့ စာသင်ခန်းထဲသို့ ဝင်သွားကြရင်း ပြောလိုက်သ
ကြောင့် ဒေါ်တင်လှူလှူဘွား ခေါင်းနားပန်းကြီးသွားရလေသည်

"နင့်ဒယ်ဒီကို သေသေချာချာ မေးကြည့်လိုက်စမ်း ငါ
မျက်နှာကြောင့်လား မေမေ့မျက်နှာကြောင့်လားလို့"

မေကဆုန်က ရယ်ကျဲကျဲလုပ်ကာ. . .

"ငါ့ဘက်က နာစရာလုံးဝမရှိဘူးနော် ယောကျ်ားလေး
ရှင်ဖြစ်နေတယ် သဘောပေါက်"

လှိုင်ဘွားက မျက်နှာနီသွားပြီ. . .

"ညီကလည်း ဘာတွေလျှောက်ပြောနေတာလဲ တော်
ကြာ လူကြီးတွေ မျက်နှာချင်းမဆိုင်ရဲဘဲ ဖြစ်ကုန်ဦးမယ်"

လှိုင်ဘွားနှင့်မေကဆုန် တစ်ယောက်မျက်နှာတစ်
ယောက်ကြည့်ကာ ပခုံးတွန့်လိုက်ကြသည်။

"ရှုး. . ဟိုကောင်တွေလာပြီး လူကြီးတွေနဲ့ပတ်သက်ပြီး
လုံးဝအသံမထွက်ကြနဲ့တော့"

ခိုင်ဘွားအနေဖြင့် မိခင်၏ဂုဏ်သိက္ခာ ထိပါးစေနိုင်
သော အပြောအဆိုများကို အခြားသူများပြောဆိုခြင်းကို လုံးဝခွင့်
မပြုနိုင်ပါ။ ရင်ထဲဝယ် မိခင်အတွက် ပူလောင်နေသည်။ အကယ်
၍များ ဦးတိုင်းဇော်က မိမိ၏မိခင်ကို နှစ်သက်နေပြီဆိုပါက မိမိ
ဘာဆက်လုပ်သင့်သနည်း။ ခိုင်ဘွားသက်ပြင်းချလိုက်သည်။







# အခန်း(၃၉)

လှိုင်ဘွားပြန်သွားသည်နှင့် ဦးတိုင်းဇော်သည် အိမ်ထဲ
ဝင်ခဲ့သည်။

"ဒယ်"

"ဘာလဲ ဘေဘီ"

"လှိုင်ဘွား ဒယ့်ကို ဘာပြောသလဲ"

"ဪ. . ဒယ်ရဲ့အကူအညီကို သူတို့မေမေကလက်ခံ
လိုက်ပြီတဲ့"



www.burmeseclassic.com

www.burmeseclassic.com


"ဒယ် ဘာဖြစ်လို့ သူတို့ကိုကူညီရတာလဲ"

ဦးတိုင်းဇော်က မေကဆုန်ကို စူးစမ်းသောအကြည့်ဖြင့် ကြည့်လိုက်သည်။

"ဘာဖြစ်လို့မေးတာလဲ ဘေဘီ"

"မီးသိချင်လို့ပါ မီးကိုချစ်လို့ မီးနဲ့ပတ်သက်တဲ့သူတွေကို ကူညီတာလား"

"ဟုတ်တယ်. . မှန်တယ်၊ ဒါကလည်း တစ်ချက်ပါတယ် နောက်တစ်ချက်က ဒယ်ဒီရဲ့စီးပွားရေးလေ ဘေဘီ၊ ဒီကိစ္စမှာ ဒယ်ဒီအလွန်ဆုံးရင်းရ သိန်းနှစ်ထောင်ပဲ နောက်တစ်နှစ်ဆောက် လုပ်ရေးလုပ်ငန်းပြီးရင် ဒယ်ဒီအနည်းဆုံး ဘယ်လောက်မြတ်မယ် ထင်သလဲ"

"မသိဘူးလေ"

"မသိရင်မှတ်ထား အနည်းဆုံးသိန်းနှစ်ထောင်. . အဲ အထက်မှာရဖို့က ပိုသေချာတယ်၊ ဒယ်ဒီဘယ်လုပ်ငန်းမဆို အကျိုးအမြတ်မရှိဘဲ မလုပ်ဘူး"

မေကဆုန်က ဖခင်ဖြစ်သူကို အံ့အားသင့်သွားသည်။

"ဒါဖြင့် သူတို့ကို အကူအညီပေးတာ အမြတ်ကြောင့်ပေါ့ နော်"

"ဒါလည်း အဓိကပဲလေ၊ နောက်စောစောကပြောသလို သမီးနဲ့ပတ်သက်ပြီး အမြွာညီအစ်ကိုကိုလည်း ခင်တွယ်မိတော့ သူတို့အခက်အခဲကိုလည်း အကူအညီပေးရာရောက်တယ်၊ သူတို့ အတွက်လည်း လုံးဝအရှုံးမရှိဘူး၊ မြေပိုင်ဆိုင်ခွင့်လည်း မဆုံးရှုံး ပြီး တိုက်ခန်းလေးခန်း ပိုင်ဆိုင်မှုကျန်ပြီး လစဉ်ဝင်ငွေရှိတဲ့ကိစ္စဖြစ် လို့ ဒယ်ဒီလုပ်ဆောင်ပေးလိုက်တာ"

"မသိပါဘူး မီးကဒယ်ဒီများ အန်တီကို သဘောကျနေ သလားလို့"

"ဟာ. . ဘေဘီ ဒီကလေးဘာတွေ လျှောက်ပြောနေ တာလဲ၊ ဒယ်ဒီ ဘေဘီ့ကို ဘယ်တော့မှ မိထွေးလက်မအပ်ဘူး"

"တကယ်လား ဒယ်ဒီ"

မေကဆုန်ဝမ်းသာသွားသည် သူမအနေဖြင့် ဒေါ်တင် သူလူဘွားကို ချစ်ခင်ပါသည်။ တစ်ခါတစ်ရံ မိမိ၏မိခင်ပဲ ဖြစ် လိုက်ပါတော့ဟု တမ်းတဖူးပါသည်။

သို့သော် တကယ်တန်း မိမိ၏ဖခင်ကို ပေးအပ်ရမည် ဆိုပါက ဖခင်ထံမှ ရရှိနေသော အမေမေတ္တာပါ ဆုံးရှုံးသွားမှာ ကြောက်ရွံ့သည်။

ဦးတိုင်းဇော် ရင်ထဲမွန်းကြပ်သွားသည်။

"တကယ်ပါဘေဘီ ဒါပေမယ့်"

"ဟင် ဒယ်ဒီကလည်း ဒါပေမယ့်ကြီးက ပါသေးတယ်"

"ဒါပေမယ့်ဆိုတာ ဒယ်ဒီ့သမီး ဒယ်ဒီ့ကို ခွဲခွါသွားတဲ့အခါ ရောက်ရင်တော့"

"စိတ်ချ ဒယ်ဒီ မီးအပျိုကြီးလုပ်ပြီး ဒယ်ဒီ့ကို တသက် ဆုံးပြုစုသွားမှာ"

"အပြောမကြီးပါနဲ့ ဘေဘီ၊ ကိုင်း. . ဒီနှစ်တော့ ဒီဝိုင်း နောက်နှစ်ခါ ဆယ်တန်းရောက်ရင် ဘေဘီကို ဒီဝိုင်းမထားတော့ ဘူး"

"ဟင်. . ဘာဖြစ်လို့လဲ အဲဒီမှာပဲ အဆင်ပြေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် အမြွာညီနောင်အမေကလည်း မုဆိုးမ၊ ပြီးတော့ သိပ်လှတယ်၊ ဒယ်ဒီကလည်း မုဆိုးဖို၊ ဒယ်ဒီ့ကို ခုတောင် သူငယ်ချင်းအချို့ကမေးကုန်ပြီ"

"ဟင်. . ဘာမေးလို့လဲ"

"ခင်ဗျား နောက်အိမ်ထောင်ပြုတော့မလို့ဆို ဆရာဝန်မဆိုလားပဲတဲ့၊ ဒယ်ဒီ ရုတ်တရက်တော့ ဘယ်သူ့ကိုပြောမှန်း မသိဘူး၊ ဒယ်ဒီပတ်ဝန်းကျင်မှာ ဒယ်ဒီလုပ်ငန်းသဘောအရ တွဲသွားတွဲလာတွေ အများကြီးရှိတာပဲ၊ ဒါပေမယ့် နောက်မှ မုဆိုးမပဲဆိုတော့မှ အမြွာတို့အမေကို သွားသတိရတယ်၊ ဒီနေ့ပဲ လောလောလတ်လတ်အစွပ်စွဲခံလိုက်ရပြီ၊ ဒယ်ဒီဘက်က ယောက်ျားဆိုတော့ ကိစ္စမရှိဘူး၊ နစ်နာစရာရှိရင် သူတို့ဘက် သိပ်နစ်နာသွားမယ်၊ ဒါကြောင့်. . မနက်ဖြန် ငွေချေရင်း သမီးကိုကျောင်းကြိုပြီး ဒယ်ဒီနဲ့သမီးအတူတူသွားမယ်"

"အန်တီ့ကို မီးချစ်ပါတယ်၊ ဒါပေမယ့်. . ဟာ. . မပြောတတ်တော့ဘူး မိထွေးနေရာရောက်သွားရင် မီးအပေါ် ကောင်းနိုင်ပါ့မလား ဒါကိုမီးကြောက်တယ်"

"သူလည်း သားသည်အမေပဲ စာနာမှုတော့ ရှိမှာပါကိုင်း. . ဒယ်ဒီရေချိုးမယ်ကွာ ထမင်းပြင်"

ဦးတိုင်းဇော်က အပေါ်ထပ်သို့ တက်ခဲ့လေသည်။

မိမိစကားကြောင့် မေကဆုန်သည် သံသယဝင်ချင်ဝင်သွားနိုင်သည်။

"ဟုတ်"

ဟူသောအသံလေး မိမိနောက်သို့ လိုက်ပါမလာဘဲ ငြိမ်





သက်စွာကျန်ရစ်ခဲ့လေသည်။

ဘာတွေများစဉ်းစားနေသနည်း။ သူမထံမှ သဘောတူညီတော်လျော့မှုကို လိုချင်မိသည်။

မိမိအတ္တဆန်နေပြီလား။

ဒေါ်အယ်နီနှင့် မေမေမြင့်၏ ကျေးဇူးတရားက မိမိတစ်သက်ဆပ်၍ ကုန်နိုင်မည်မထင်။ မိမိဘဝ ဤကဲ့သို့ရောက်ရှိခဲ့ခြင်းမှာ အဓိကအားဖြင့် သူမတို့၏ စီးပွားဥစ္စာပေါ်၌ အခြေခံကာ မိမိ၏ကြိုးစားမှုဖြင့် တိုးပွားလာခြင်းဖြစ်သည်ဆိုစေကာမူ အခြေခံရာ စီးပွားဥစ္စာလုပ်ငန်းမရှိလျှင် တိုးတက်မှုဆိုတာ မဖြစ်နိုင်ဟုထင်သည်။

ထို့ကြောင့် သူတို့၏နောက်ဆုံးမျိုးဆက် မေကဆုန်လေးကို စိတ်ချမ်းသာအောင် ထားရမည်။

တစ်ခုက်ကောင်းသွားသည်က မေကဆုန်လေးကို မိမိ၏သမီးအရင်းဟုသာ အာလုံးကသိထားသဖြင့် မိမိတို့သားအဖကြားသွားကွဲစရာ ပြဿနာမရှိခဲ့ခြင်းဖြစ်သည်။

ဦးတိုင်းဇော် ရေချိုးခန်းသို့ ဝင်လိုက်သည်။

ခေါင်းထဲမှ အတွေးစများကို ဖျောက်ဖျက်ပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄၀)

"လူလူ. . သစ်သစ်ရောက်နေတယ်"

"ဟုတ်လားဗျ၊ ဘယ်မှာလဲ"

"စမ်းချောင်းက အမျိုးအိမ်မှာတဲ့ ကျောင်းကိစ္စနဲ့
တယ်ပြောတယ်၊ သူ ဖေ့ဆီကို ဖုန်းဆက်တယ်၊ လူလူနဲ့လည်း
တွေ့ချင်တယ်ပြောတယ်"

"လိပ်စာပေးလေ"

"လိပ်စာမပေးတော့ဘူး၊ စားသောက်ဆိုင်တစ်နေ





နိုင်းမယ်"

"မင်္ဂလာဒုံဆို သစ်သစ်လာရတာ အခက်အခဲရှိမယ်၊ နှစ်
ယ်ကိုးလမ်းကမှာပဲ ချိန်းလိုက်ရအောင် မနက်ဖြန်ဆေးရုံက
ပြီးချင်းလာခဲ့မယ် နေ့လည်တစ်နာရီခွဲလောက်ရောက်မယ်"

"အိုကေ ဒါထက်ကလေးတွေ စာမေးပွဲကြီး ပြီးတော့မယ်
နော်၊ ပြီးသွားတာနဲ့ ကျူရှင်စဦးမှာလား"

"နှစ်ပတ်လောက်တော့ နားမယ်၊ ဆယ်တန်းစာမေးပွဲ
တာနဲ့ပြန်စတာပေါ့၊ သကြၤန်တစ်ခါနားနဲ့ ဆယ်တန်းကအရေး
ကြီးတယ်မှတ်လား၊ ဖြေးဖြေးမှန်မှန်နဲ့ သူတို့ကစားချိန်တွေကို
လည်း ပုံမှန်လုပ်ပေးရမယ်"

သားသမီးအကြောင်းပြောရလျှင် ဒေါ်တင်လူလူဘွား
မော်တမ်းရှိနေတတ်သည်။

"သမီးကိုကော လက်ခံမှာလား"

"လက်ခံပါတယ်၊ ဒါပေမယ့် သမီးတစ်ယောက်ထဲတော့
မယ်၊ ယုပန်က ဒီနှစ် သူတစ်ဦးတည်းပဲ သင်တော့မယ်တဲ့"

"ဘာဖြစ်လို့လဲ"

"သူက ကျန်လူတွေနဲ့မှ ညာဏ်ရည်မတူတာ၊ အဆင့်က
ည်းပြတ်ကျန်ခဲ့တော့ သူ့အမေကို ခေါ်ဆွေးနွေးပြီး ဒီနှစ်လက်
ခံနိုင်ဘူး ပြောလိုက်တယ်၊ သူ့အမေက ဒေါကန်သွားတယ်လေ၊
တတ်နိုင်ပါတယ်. . သူ့သမီးတစ်ဦးတည်းပဲ သင်တော့မယ်တဲ့
ာက်သတင်းစကားတစ်ခုထွက်လာတယ်"

"အတင်းပြောတယ်ဆိုတာ ယောကျာ်းလုပ်စာ ထိုင်စား
း အားနေတဲ့မိန်းမတွေနဲ့ သိမ်ဖျင်းတဲ့အလုပ်တစ်ခုပါ၊ ဒီအတွက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ခေါင်းထဲမထည့်ပါနဲ့"

"မထည့်ပါဘူးဇော်၊ ဘာပဲဖြစ်ဖြစ်ဇော်နဲ့ လူလူ့အတွင်း ကာလအပိုင်းအခြားအားဖြင့်တော့ ငါးဆယ်ရာခိုင်နှုန်းကို ကျော် ဖြတ်ခဲ့ပြီနော်"

"ဟုတ်တယ် ဇော်လည်း အတူနေချင်လှပြီ၊ ဒါပေမဲ့ အရင်ကထက်စာရင် ဇော်အလုပ်လုပ်ရတာလည်း ပျော်တယ် မျှော်လင့်ချက်တွေနဲ့ ဇော် အားအင်တွေပိုတက်လာသလိုပဲ လု ငန်းတွေလည်း အရမ်းကိုအောင်မြင်လာတယ်"

"ဒါတွေအတွက် လူလူမပျော်နိုင်ဘူး ဇော်"

"ဘာဖြစ်လို့လဲ"

"ဇော့်ကို လူလူချစ်ခဲ့တာ သူညဘဝနဲ့ တစ်ကောင်ကြွ သမားလေးတိုင်း ဇော်ကိုပါ။ ဇော်ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှ ဦးတိုင်းဇော်ကို မဟုတ်ဘူး"

"ဒါပေမယ့် ဒါတွေက ဇော်နဲ့တွဲပါနေပြီလေ"

"အဲဒါတွေ ဖြုတ်ချခဲ့ပါလား ဇော်"

"မရတော့ဘူး လူလူ၊ ဇော်ဆိုတဲ့ခေါင်းတွဲကြီးနောက် မေကဆုန်ဆိုတဲ့ မီးရထားတွဲလေးရယ်၊ ငွေကြေးစည်းစိမ်ဥစ္ ဓနတွေကတော့ ပါလာမှာပဲ"

ဒေါ်တင်လူလူဘွား သက်ပြင်းချလိုက်သည်။

လှည်းတန်းတိုက်ခန်းဆောက်လုပ်မှုကို သားနှစ်ယော နှင့်အတူ တစ်ခါတစ်ရံ သွားကြည့်သည်။ ဦးတိုင်းဇော်နှင့် တွေ့ စကားပြောသည်။ တစ်ခါတစ်ရံ ဦးတိုင်းဇော်သည် မိုးချုပ်သ အခါ မေကဆုန်ကို သူကိုယ်တိုင် လာကြိုတတ်သည်။





ပတ်ဝန်းကျင်စကားက "ဒေါ်တင်လူလူဘွားတော့ ကြုံမှ ကြုံတော့ အချိုကြီး ပွပေါက်ကိုကြုံနေပါလား၊ ရိုးမလိုလိုနဲ့ တော် တော်လည်တဲ့မိန်းမပါလား၊

ယောက်ျားရှာသွားတဲ့ ငွေမကုန်ခင်တော့ မာနကြီး တစ် ခွဲသားနဲ့ပေါ့၊ ကုန်သွားတော့ မနေနိုင်တော့ဘူးလေ" စသည်ဖြင့် ဒေါ်တင်လူလူဘွား နားနှင့်ဆတ်ဆတ် ကြားနေရသည်။

"ချစ်"

"အင်"

"ဘာစဉ်းစားနေတာလဲ၊ ဇော်ပြောတာကြားရဲ့လား"

"မကြားလိုက်ဘူး"

"လူလူကလည်းကွာ၊ ကိုယ်တော့ သစ်သစ်ကို အကူအညီ တောင်းမလို့ စဉ်းစားတယ်"

"ဘာအတွက်လဲ"

"သမီးကို စည်းရုံးပေးဖို့ပါ"

"ဒါတွေမလိုဘူး ထင်ပါတယ်ဇော်၊ ကလေးတွေ ဆယ် တန်းစာမေးပွဲမပြီးမချင်း ရိပ်မိလို့ မေးရင်တောင် ဖြောင်ပဲငြင်း ထားလိုက်ပါနော်၊ ကျွန်မတို့စေတနာတွေ ဝေဒနာမဖြစ်သွား စေချင်ဘူး"

"ချစ်ရယ်၊ မင်းမှာ မိခင်မေတ္တာစိတ် အပြည့်ရှိတယ်နော်"

"အမေတွေဟာ သူတို့ဆန္ဒကိုသာ ဦးစားပေးတတ်ကြ တယ်၊ ဒါကိုသားသမီးတွေကလည်း နားလည်ပေးမယ်ဆိုရင် တော့ မိဘနဲ့သားသမီးကြားမှာ ဘာပြဿနာမှ မရှိနိုင်ဘူး"

"အင်း. . ကိုယ်တို့နဲ့ အနစ်နာခံမှုကို သူတို့နားလည်းခွင့်



www.burmeseclassic.com

www.burmeseclassic.com

လွှတ်ပြီး ကြည်ဖြူနိုင်ပါစေလို့ ဆုတောင်းပေးရတော့မှာပဲ"

"ဒါပေါ့ ဖော်ရယ်၊ ကိုင်းဆယ့်နှစ်နာရီတောင် ထိုးတော့မယ် အိပ်တော့မယ်နော်၊ ဆေးရုံကို အစောကြီးသွားရမှာ"


"အိုကေ ဂွတ်နိုက်"

တစ်ညတာစကားပြောဆိုခြင်းကို အဆုံးသတ်လိုက်ကြသည်။

သူတို့နှစ်ဦးအတွက် ထွက်ပေါက်ကလေးက ဒါပဲရှိတယ်။ လူပျိုအပျိုများကို လွတ်လပ်စွာ တွေ့ဆုံဖို့ကလည်း မလွယ်ဘူး။







# အခန်း(၄၁)

"ငါကတော့လေ နင်တို့ဒီအတိုင်းမတွေ့ဘဲ နေနေကြ
တာ အကြောင်းမဟုတ်ဘူး၊ တစ်ချိန်ချိန်မှာ ပတ်ဝန်းကျင်ကြောင့်
း သူတို့သိသွားခဲ့ရင် အဲဒါမှ ပိုဆိုးလိမ့်မယ်လို့ထင်တယ်"

"ငါတို့မတွေ့ကြပါဘူး၊ တွေ့ရင်လည်း သားသမီးတွေ
မှာပဲ လုပ်ငန်းသဘောနဲ့ တွေ့ဆုံကြပါတယ်၊ ငါ့သားတွေက
ာ ယောကျာ်းလေးတွေပီပီ စိတ်ဓါတ်ကြံ့ခိုင်မှု ရှိကြတယ်၊
ခိုမ်တာ သမီးကိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ဟုတ်တယ်၊ ဘေဘီက သူ့အမေလိုပဲ ဖျော့[...] တယ်၊ အဖေလို တဇောက်ကန်းနိုင်တယ်"

"ဟင်"

ဦးတိုင်းဇော်က ဒေါ်သစ်သစ်လွင်ကို တုန်လှုပ်စွာ လှ[...] ကြည့်လိုက်သည်။

ဒေါ်တင်လှူလှူဘွားကလည်း . . .

"ဇော်ကို တဇောက်ကန်းနိုင်တယ်လို့ နင်ပြောလိုက်[...] လား သစ်သစ်"

"အဟင်း . . ဟင်း . . ဟင်း . . နင်တို့ငါ့ကို လှို့ဝှက်[...] ကြသေးတယ်နော်၊ နင်တို့ကြားမှာ ငါဟာပုဏ္ဏားတိုင်ဖြစ်ခဲ့တ[...] နင်တို့နဲ့ပတ်သက်ပြီး ငါ့မှာမသိတာ ဘာမှမရှိဘူး"

ဒေါ်တင်လှူလှူဘွားက ဦးတိုင်းဇော်ကို မသက်မသ[...] မျက်ဝန်းဖြင့် လှမ်းကြည့်လိုက်သည်။

ဦးတိုင်းဇော်က . . .

"နင်ဘာတွေပြောနေတာလဲ သစ်သစ်၊ ငါ့မှာဘာလှ[...] ဝှက်ချက်မှမရှိဘူး"

"နင်မညာပါနဲ့ နင်လှူလှူကို ဘာမှမပြောဘူးလား"

"ဘာကိုပြောရမှာလဲ"

"ဘေဘီနဲ့ ပတ်သက်ပြီး"

"ဟင် . . နင် . . နင် ငါတို့အကြောင်းကို သိနေတ[...] လား"

"သိပ်သိတာပေါ့၊ မေမေမြင့်မှာ ရည်းစားရှိတယ်၊ နင့်[...] လည်းရည်းစားရှိတယ်၊ ဘာဖြစ်လို့ နင်တို့နှစ်ယောက်ဟာ လ[...]





ထပ်ဘဲ တိုင်းဇော်က မေမေမြင့်ကို အလျှင်စလိုလက်ထပ်လိုက်ရသလဲ၊ ဒါတွေဟာ ငါ့သံသယတွေပါ၊ နောက်ပြီး တဖြည်းဖြည်းနဲ့ ငါ့သံသယပိုမှန်သွားတာက မေမေမြင့်ရည်းစားက မေမေမြင့်နဲ့ ပတ်သက်ပြီး ငါနဲ့ရင်းနှီးပါတယ်၊ ငါတို့သုံးယောက်တွဲရိုက်ထားတဲ့ဓါတ်ပုံထဲက သူ့ရုပ်သွင်ကိုမြင်ရင် နင်တို့ရှင်းသွားမှာပါ"

ဒေါ်သစ်သစ်လွင်က ပိုက်ဆံအိတ်အတွင်းမှ ဓါတ်ပုံကို ထုတ်ကာ ဒေါ်တင်လှူလှူဘွားလက်ထဲ ထည့်လိုက်သည်။

"ဟင်"

သစ်သစ်လွင် မေမေမြင့်နှင့် အမျိုးသားတစ်ဦးပုံဖြစ်သည်။ ထိုအမျိုးသား၏ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်းပိုင်းပုံတို့သည် မေကဆုန်နှင့် တထေရာထဲဖြစ်နေသည်ဖြစ်ရာ ဒေါ်တင်လှူလှူဘွားက ဒေါ်သစ်သစ်လွင်အား ဓါတ်ပုံပြန်ပေးပြီး ချစ်သူ၏ မျက်ဝန်းကို လှမ်းကြည့်လိုက်သည်။

ဦးတိုင်းဇော်မျက်စိမျက်နှာပျက်ကာ ဓါတ်ပုံကို ဆွဲယူကြည့်ပြီး ချက်ချင်းပြန်ပေးလိုက်သည်။ ပြီးတော့ . . .

"သစ်သစ် နင်ဒီအကြောင်းတွေကို ဘယ်သူ့ကို လျှောက်ပြောသေးလဲ။ ဓါတ်ပုံကိုကော ဘယ်သူ့ကိုပြသေးသလဲ"

"တိုင်းဇော်ရယ် ငါဒီလောက်ညံ့ပါ့မလား၊ မေကဆုန်အပေါ် နင်ဘယ်လောက်ထိ ချစ်တယ်ဆိုတာ ငါသိနေတာပဲ နင်တို့သားအဖကြားမှာ ငါဘယ်တော့မှသွေးမခွဲပါဘူး စိတ်ချ"

"ဒါဖြင့်"

"ကလေးတွေကို ဖွင့်ပြောစေချင်တာက ဒီအကြောင်းမဟုတ်ဘူး၊ နင်တို့နှစ်ယောက် ပြင်ဦးလွင်မှာနေတုန်းက ချစ်ဦးသူ



www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်ခဲ့ကြတယ်ဆိုတဲ့အကြောင်းတော့ သိမထားသင့်ဘူးလား"

"သိထားရင် သူတို့ထက် ပိုချစ်တယ်ဆိုပြီး ဝန်တိုကုန်ကြ မှာစိုးတယ်လေ သစ်သစ်၊ ဒါ့ကြောင့်ပါ"

"ချစ်ချင်းမေတ္တာ ကိန်းဂဏန်း အရေအတွက်ချင်းမှ မတူညီကြပဲ"

"မတူကြလို့ကို ဝန်တိုမှာပေါ့"

"ငါက ဘာအကူအညီပေးရမလဲ"

"မေကဆုန်ရဲ့ သဘောထားကို နင်တီးခေါက်ပေးဖို့ ပဲ"

"ငါ့သဘောကတော့ ဖွင့်ပြောစရာရှိရင် စောစောစီးစီး ဖွင့်ပြောထားစေချင်တယ်၊ သူတို့သိသွားပြီးမှ ဖွင့်ပြောရတာမျိုး ဆိုရင် သူတို့ဟာ နင်တို့ရဲ့ စေတနာမေတ္တာကိုနားမလည်ဘဲ လှည့် ဖြားပြီး ပုံသွင်းနေကြတယ်လို့ ထင်သွားရင်မကောင်းဘူး"

ဒေါ်သစ်သစ်လွင် စကားကြောင့် နှစ်ဦးစလုံးတွေဝေ သွားရသည်။

"တစ်နှစ်ဆိုတဲ့ကာလကို ငါတို့ကျော်ဖြတ်နိုင်ခဲ့ကြပါပြီ နောက်ထပ်တစ်နာရီကို ဒီထက်ပိုပြီး ဂရုတစိုက်ဖြတ်ကျော်ခဲ့ရင် ကော. . ."

"အင်း. . . နင်တို့က အချစ်အကြောင်းကို ငါ့ထက်ပိုပြီး နားလည်ကြမှာတော့ သေချာတယ်၊ ဒါပေမယ့် ကလေးတွေရဲ့ စိတ်သဘောထားနဲ့ သဘာဝကိုတော့ ငါကနင်တို့ထက်ပိုသိတယ် ပိုနားလည်တယ်၊ သူတို့က နင်တို့ကိုကျေနပ်ပြီး အောင်သွယ်ချင် အောင်သွယ်မယ် ဆက်ချင်ပေးမယ်၊ ဒါပေမယ့် အဲဒါသူတို့ထက်





ပိုချစ်၊ သူတို့ရဲ့ဖခင်၊ မိခင်တို့ထက် ပိုချစ်တဲ့သူကို မဟုတ်ဘူး။ ငါ ပြောတာနားလည်ရဲ့လား ဥပမာ-မေကဆုန်က သူ့အဖေအတွက် သူ့ကိုချစ်တဲ့အန်တီဆိုတဲ့နင့်ကို သူ့အဖေနဲ့ သဘောတူချင်တူမယ်၊ သူ့အဖေရဲ့ငယ်ရည်းစား သူ့အမေထက် သူ့ထက်ပိုချစ်တဲ့နင့်ကို သူ့အဖေနဲ့ သဘောတူမှာ မဟုတ်ဘူး၊ ဒါကလည်း ကလေးတွေရဲ့ သဘာဝပဲ၊ ကလေးသဘာဝက အတ္တကြီးတယ်၊ ငါ့အဖေ၊ ငါ့ အမေ၊ ငါ့ပစ္စည်း၊ ငါ့ကိုပဲပိုချစ်ရမယ်ဆိုတဲ့ အစွဲအလန်းတွေ ရှိ တတ်စမြဲပဲ၊ ဒါကြောင့် အသက်ကြီးပြီးမရင့်ကျက်ပဲ သဘောထား သေးတဲ့ သူမျိုးကို ကလေးဆန်တယ်လို့ပြောတာပေ့ါ၊ ကလေးဆို တာကတော့ စိတ်ထားနုကြသေးတောပဲလေ၊ ဒါသဘာဝပါ. ."

"ဒီအတိုင်းသာဆိုရင် ငါတို့နှစ်ဦး ဘယ်လိုလုပ်ကြမလဲ"

"နင်တို့စီမံကိန်းအတိုင်းပဲ ဆက်လုပ်ကြပေ့ါ၊ ဒီကြားထဲ တော့ ငါမပါရစေနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့အပေါ်မှာ မေက ဆုန် အယုံအကြည်မဲ့သွားရင် နင်တို့ကြားထဲ စစ်ကူပေးမယ့်သူ မရှိလဲ ဖြစ်သွားမယ်၊ ဒါကြောင့် နင့်အိမ်ကို ငါမလာသေးတာပေ့ါ ဇော်၊ နင် စာရေးလို့ ငါနင်တို့နှစ်ယောက် ပြန်ဆုံဆည်းတာကို သိရပြီး သတင်းကောင်းကို ငါစောင့်မျှော်နေတာ"

ဒေါ်တင်လှလှဘွားက သက်ပြင်းချလိုက်သည်။

"ဘဝတစ်ခုမှာ အချစ်တစ်ခုထဲရှိခဲ့တဲ့ ငါ့အတွက်ကတော့ အဆင်မပြေခြင်းတွေဟာ ငါ့အသက်ထက်ဝက်ကိုတောင် ကျော် ဖြတ်လာပြီးမှတော့ ခံနိုင်ရည်ရှိနေပါပြီ"

"လှလှ ဒီလိုမပြောပါနဲ့၊ ဇော်ဘက်ကတော့"

"ကိုင်း. . အချစ်ချင်းပြိုင် စကားနိုင်လုမနေကြနဲ့တော့၊



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ခွေ နင်တို့ခရီးထွက်ရင် ငါတို့ဆီလာခဲ့ကြပါလား"

"အင်း . . ခြေမချတော့ဘူးလို့ စိတ်ကူးထားခဲ့တာ"

ဦးတိုင်းဇော်က ခပ်ဆွေးဆွေးပင်ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

"တစ်ကောင်ကြွက် အနှိမ်ခံဘဝနဲ့နေခဲ့ပြီး ပထမဦးဆုံး အကြိမ်အသည်းကွဲခဲ့ရတဲ့ မြို့တော်ဖြစ်နေလို့လေ၊ ဒါကြောင့်အ တိတ်ကခြေရာတွေလည်း ပြန်မကောက်ချင်တော့ပါဘူး၊ ငါတော့ ဒီလိုစဉ်းစားထားတယ်၊ သမီးကို ငါမအားလို့ဆိုပြီး လူလူတို့သား အမိနဲ့ပဲ ထည့်လိုက်မလားလို့ လူလူနဲ့သမီးလည်း ဒီထက်မ ရင်းနှီးသွားရအောင်"

"သားတွေနဲ့ ပိုရင်းနှီးသွားရင်ကော ဇော်မစိုးရိမ်ဘူး လား"

"အခုခေတ်လူငယ်အချို့က သိပ်ကိုတော်ကြတယ်၊ ချစ် ခြင်းမေတ္တာတရားကို သူ့နေရာနဲ့ သူခွဲခြားတတ်တယ်၊ ပညာရေး ကို ရှေ့တန်းတင်ရမယ့်အချိန်မှာ အချစ်ကိုမစားကောင်းတဲ့အသီး တစ်သီးလို သူတို့ယောင်လို့တောင် လှည့်မကြည့်တတ်ကြဘူး ကိုယ်တို့သားသမီးတွေက ဒီအတိုင်းပဲ ဖြူစင်သန့်ရှင်းကြတယ် အနေအထိုင် အဆင့်အတန်းရှိကြတယ်၊ ကိုယ်သူတို့ကို သိပ်အား ရတယ်၊ ဒါကြောင့် ကိုယ်တို့ရဲ့ဆန္ဒတွေကိုချိုးနှိမ်ပြီး သည်းခံခဲ့ ကြတာပေါ့"

"ဟုတ်တယ် သစ်သစ် ဇော်ပြောသလိုပါပဲ၊ သူတို့လေး တွေဘက်က တော်ကြတယ်၊ သန့်စင်ကြတယ်၊ ဇော်နဲ့ငါကလည်း နှစ်ကြိမ်တိတိ အသည်းဟက်တက်ကွဲခဲ့ကြပြီးဆိုတော့ တတိယ





ကြိမ်ဆုံးရှုံးရမှာကြောက်လွန်းလို့ ကြံမိကြံရာ ကြိုတင်ကာကွယ် တွေ လုပ်မိကြလည်း ငါပဲခံပါ့မယ်လေ"

"ဘာပဲဖြစ်ဖြစ် ဒီကချည်းတော့ လူလူ့ကို လက်လွှတ် ဆုံးအရှုံးမခံနိုင်တော့ဘူး"

"အင်း . . လူ့ဘဝဆိုတာ လေးဆယ်မှစတယ်ဆိုရင် နင် လူမဖြစ်သေးပါဘူး၊ အချိန်တွေရှိကြသေးတယ်၊ ဒီလိုဆိုရင် လူနဲ့ကလေးတွေ ငါ့ဆီလာခဲ့ကြလေ၊ ငါလည်း နင့်သားတွေကို ချင်တယ်"

"ဖြစ်ပါ့မလား နင်နဲ့ငါ သူငယ်ချင်းဖြစ်ကြတယ်၊ ပြီးတော့ နဲ့ဇော်ကလည်း သူငယ်ချင်းဖြစ်ကြတယ်၊ ဒီတော့ ငါနဲ့ဇော်က ဘာဆိုတဲ့ ဆက်စပ်မှုမျိုး သူတို့ တွေးမလာနိုင်ဘူးလား"

"အင်း . . လူလူရယ် နင်ပြောသလိုလဲ ဟုတ်တာပါပဲ ပေမယ့်ပြဿနာတစ်ခုကို ရေရှည်ဆွဲထားတာထက် ငါကတော့ င်ဆိုင်ဖြေရှင်းလိုက်ချင်တယ်"

"နှစ်တိုစီမံကိန်းပါဟယ်"

ဦးတိုင်းဇော်ကတော့ ဒေါ်တင်လူလူ့ဘွား စိတ်ချမ်းသာ သွင်ပြီးတာပါပဲ ဟူသောဆန္ဒဖြင့် သူ့ဆန္ဒများကို ထိန်းချုပ်ခဲ့သူ သည်။

"ကိုင်း . . နင်တို့နေချင်နေခဲ့ကြဦးလေ၊ ငါမိန်းကို သွား နရှိလို့ပြန်တော့မယ်"

"ငါလိုက်ပို့ပေးမယ်"

ထိုစကားကို ဦးတိုင်းဇော်နှင့် ဒေါ်တင်လူလူ့ဘွားသွား တ်မှ ပြိုင်တူလိုထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



“ငါပဲပို့လိုက်ပါမယ်ဇော်၊ လမ်းကြုံတာပဲ”

“ကောင်းပြီလေ၊ ညရောက်ရင် ထုံးစံအတိုင်းနော်”

“ဇော်ကလဲလေ လူလူသိပါတယ်”


“အင်း. . အသံကလေးကြားရရုံနဲ့တင် ကျေနပ်နေကြ နဲ့ ပြီးကြမလား၊ ငါတော့နင်တို့အစား ရင်မောပါတယ်၊ သားသ ဆိုတာမိဘအတွက် ဧည့်သည်ပဲ၊ နင်တို့ငဲ့ညာတတ်မယ်ဆို တော့လည်း ဘာမှပြောစရာမလိုတော့ဘူးပေါ့၊ ကဲကဲ. . သွား မယ်”

သုံးယောက်သား ထွက်ခဲ့ကြလေသည်။

ခွဲခွါခြင်းကို အလိုမရှိကြသော်လည်း သူတို့ယာယီခွဲ ရပေဦးမည်။







# အခန်း(၄၂)

“ဘာပြောတယ်ကပ်စီး၊ ဒယ်ဒီနဲ့အန်တီ ဟုတ်လား”

“ဟုတ်တယ် ငါ့ကိုတော့မမြင်ဘူး ငါက အောက်ထပ်မှာ သူတို့သုံးယောက် ဆင်းလာကြတယ်၊ နောက်တစ်ယောက်ကို ည်း ငါမြင်ဖူးတယ်၊ ဘယ်မှာမြင်ဖူးမှန်းတော့ မသိဘူး”

“ဟုတ်မှလည်းပြောပါ ကပ်စီးရယ်၊ နင်က နင့်အမေအွေ အန်တီအပေါ် မနာလိုဖြစ်တိုင်း တမင်သက်သက် ငါ့ကိုပြော



www.burmeseclassic.com

www.burmeseclassic.com

နေတာတော့ မဟုတ်ပါဘူးနော်"

"ဒီမှာကဆုန် ငါ့စကား နင်မယုံချင်လဲနေ၊ နင့်အန်တီကို ငါ့အမေကမနာလိုဖြစ်ရအောင် ငါ့အမေက မိုးဆိုးမဘဝနဲ့ မပြည့်မစုံ ဖြစ်နေလို့လား၊ ဘယ်ယောက်ျားကိုမှလည်း ချူစားစရာ မလိုဘူး၊ ငါ့အဖေကငုတ်တုတ်နဲ့ လိုလေသေးမရှိ ရှာပေးနေတာပဲ၊ နင့်ဘာသာနင် ယုံချင်နေ မယုံချင်နေ ငါကတော့ သူငယ်ချင်းဝတ္တရားအရ ငါမြင်တွေ့တာကို နင့်ကိုပြောပြတာ"

မေကဆုန်မှာ တုန်လှုပ်အံ့ဩကာအသားများပင် တဆတ်ဆတ်တုန်လှုပ်လာပြီး. . .

"ဟုတ်တယ် နင် မယုံရင် နင့်ဒယ်ဒီလာရင် နေ့လည်တစ်နာရီက ဒယ်ဒီဘယ်သွားနေသလဲလို့ မေးကြည့်လိုက်လေ ငါက နင့်ကိုသနားလို့ပါ၊ ဒေါ်တင်လူလူဘွားက သိပ်လည်တာ နင့်ကို အပျော့စွဲလေးနဲ့သူ့ဘက်ပါအောင် စည်းရုံးပြီးမှ နင့်အဖေကိုပါ ရအောင်ယူမှာ၊ သူတို့မှာက ဘာရှိလို့လဲ၊ အစိုးရဝန်ထမ်း ပင်စင်စားတွေမဟုတ်လား၊ အမြွှာတို့အဖေကိုလည်း ဖမ်းယူထားတာ၊ ဟိုကသိသွားတော့ အိမ်ထောင်ရေး မသာယာခဲ့ဘူး အမြွှာတို့အဖေလည်း သူစိတ်နဲ့ အရက်နာကျပြီး သေတာတဲ့၊ နောက်ပိုင်းလည်း ဒီလိုပဲ သားတွေမသိအောင် ချူစားပြီး ဟန်မပျက်နေနေခဲ့တာ. . . ခု"

"တော်ပါတော့ဟယ် နင့်စကားလုံးတွေက ရင့်သီးလွန်းပါတယ်၊ နင် အမြွှာတို့ကိုကော ဖုန်းဆက်ပြီးပြီလား။"

"ဆက်ပြီးပြီ"

"ဟာ. . နင်ကလဲဟာ"





"ဘာလဲ နင်ကနာနေရသေးလား၊ ဘာထူးသေးလဲ. . သူတို့လဲအမေလိုပဲပေါ့၊ နင့်အဖေဆီက အန်ကယ် အန်ကယ်နဲ့ အမေကိုဗန်းပြပြီး ချူစားနေတဲ့ ယောက်ျားပိုင်းလုံးတွေပဲဟာ"

"တော်ကွာ. . တော် မိုက်ရိုင်းစုတ်ပြတ်တဲ့ စကားတွေနဲ့ ငါ့ကိုလာမပြောနဲ့၊ ငါ့တို့ကိစ္စ ငါတို့ဘာသာရှင်းမယ်၊ နင် ခုလိုသတင်းပေးတဲ့အတွက် ငါကျေးဇူးတင်တယ် ဒါပဲနော် "

မေကဆုန် တယ်လီဖုန်းကိုချလိုက်သည်။

မေကဆုန် အိမ်ရှေ့ဆိုဖာဆက်တီပေါ် လှဲလိုက်၊ လမ်းလျှောက်လိုက်နှင့် စဉ်းစားခန်းဝင်နေသည်။

ရင်ထဲ၌ ကြိတ်မနိုင်ခဲမရဖြစ်နေသည်။

ဒယ်ဒီနဲ့ အန်တီ နောက်အမျိုးသမီးတစ်ဦး။ ဒါဟာ လူမမြင်ကွယ်ရာတော့မဟုတ်။ အလုပ်ကိစ္စရှိ၍လား။

တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသည်။

"ဟဲလို"

"ကဆုန်လား"

"လှိုင်ညီလား"

"အင်း နင့်ဆီကိုကပ်စီးဖုန်းဆက်သလား"

"ဆက်တယ်၊ စောစောကပဲ"

"သူပြောတာတွေကို နင်ယုံကြည်သလား"

"ယုံရအခက် မယုံရအခက်ပဲ"

"သူ နင့်ဆီကို အပြင်းအထန်ဆုံးသော စွပ်စွဲချက်တွေနဲ့ပြောလိမ့်မယ်၊ ငါတစ်ခုပဲပြောမယ် ကဆုန် ငါတို့ကတော့ ငါ့အမေရဲ့ဂုဏ်သိက္ခာကို ထိပါးမယ့်ကိစ္စမျိုးဆိုရင်တော့ ခွင့်မပြုနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒီတော့ နင့်ဘက်ကနင့်ဒယ်ဒီရဲ့ အရိပ်အခြေအနေကို နင့်နည်းနင့်ဟန်နဲ့စုံးစမ်း၊ ငါတို့ဘက်ကလည်း စုံစမ်းမယ်၊ ဟုတ်လာရင်တော့ ပြတ်ပြတ်သားသားပဲ ဆုံးဖြတ်ကြတာပေါ့"

"ကောင်းပြီလေ ဒါပေမယ့်"

"ဒါပေမယ့်တွေ ဘာတွေလုပ်မနေနဲ့ မေကဆုန်၊ နင့်နာစရာရှိရင် ငါ့အမေပဲနစ်နာရမှာ ငါတို့ကတော့ အမေ့အတွက်အစွမ်းကုန်ကာကွယ်စောင့်ရှောက်ရမှာပဲ ဒါပဲ"

လှိုင်ဘွားက ပြတ်သားစွာပြောပြီး ဖုန်းချသွားလေသည်။ မေကဆုန်မှာ စတောက်တစ်ချက်ခေါက်လိုက်သည်။

ဘယ်သူ့ကို မကျေမနပ်ဖြစ်ရမည်နည်း။

ဖခင်ကိုလား၊ ဒေါ်လူလူဘွားကိုလား. . .

ဖခင်အလာကို စောင့်နေလိုက်သည်။

မေကဆုန်သည် ဟန်ဆောင်မှုကိုမလုပ်တတ်၊ စိတ်တွင်ထိခိုက်နေမှုကို ဟန်ဆောင်ပြီး မဖုံးဖိနိုင်၊ ဦးတိုင်းဇော်က ခြောက်နာရီထိုးခါနီး ရောက်လာပြီး. . .။

"ဒီနေ့ ဒယ်ဒီနောက်ကျသွားတယ်၊ မောင်လှိုင်ဘွားကော ရောက်ပြီလား"

"မရောက်သေးဘူး ဒယ်ဒီ နောက်လဲ သူဘယ်တော့မှ လာမှာမဟုတ်တော့ဘူး"

"ဟင် ဘာဖြစ်လို့လဲ ဘေဘီ"

ဦးတိုင်းဇော်က မေကဆုန်၏ ကျွတ်ဆတ်ဆတ်အသံကြောင့် မျက်နှာကိုလှမ်းကြည့်လိုက်ရာ မျက်နှာပျက်နေသောသမီးကြောင့် မေးခွန်းထုတ်လိုက်သည်။





သို့သော် သူ့မေးခွန်းကို မေကဆုန်ကမဖြေပဲ ပြန်လည်မေးခွန်းထုတ်လိုက်သည်။

"နေ့လည် တစ်နာရီကျော်ကျော်က. . ဒယ်ဒီဘယ်မှာဘယ်သူနဲ့အတူ ရှိနေသလဲဆိုတာ မီးသိချင်တယ်၊ ဒယ်ဒီမှန်မှန်ဖြေပါ။"

ဦးတိုင်းဇော် ရုတ်တရက်တုန်လှုပ်သွားသည်။ မိမိတို့ကိုသူတွေ့သွားပြီလား။

"ဒယ်ဒီ အလုပ်ကိစ္စ ကမ်းနားဆင်းနေတယ်လေ၊ ဘာဖြစ်လို့လဲဘေဘီ ဒယ်ဒီရုံးခန်းကိုဘေဘီ ဖုန်းဆက်လို့လား"

"ဒယ်ဒီ မညာနဲ့"

"ဒယ်ဒီ ဘာကိစ္စညာရမှာလဲ"

မေကဆုန်က ဖခင်၏မျက်နှာရိပ်မျက်နှာကဲကိုကြည့်ပြီးဖခင်လိမ်ညာနေကြောင်း အလိုလိုသိရှိလာသည်။

"ဒယ်ဒီ တကယ်ပဲ၊ အန်တီနဲ့နှစ်ဆယ့်ကိုးလမ်းကဆိုင်မှာနေ့လည်စာ စားသောက်ခဲ့ဘူးလား"

ယောကျ်ားရင့်မာကြီးတစ်ယောက် ပြောင်ညာသောအသုပ်ကိုလုပ်ရမှာ သူရွံ့မုန်းသည်။ လည်းစီးကိုဖြေလိုက်ပြီး လည်ပင်းကြယ်သီးကိုဖြုတ်ကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး. .

"ဟုတ်တယ် ဒယ်ဒီနဲ့ဒေါက်တာပြီးတော့ သူငယ်ချင်းနဲ့အတူ နေ့လည်စာ စားသောက်ခဲ့တယ်"

"ဒါ. . ဒါဖြင့် ကပ်စီးပြောတာအမှန်ပဲပေါ့၊ ဒါဖြင့် ဒယ်ဒီနဲ့ အန်တီက. . ."

မေကဆုန်မှာ တုန်တုန်ရီရီဖြင့် ဖခင်ဘေးတွင် ဝင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဦးတိုင်းဇော်က မထူးတော့ပြီဖြစ်၍. . .

"ဒယ်ဒီဒေါက်တာကို စိတ်ဝင်စားတယ် လက်ထပ်ချင်တယ်၊ ဒါပေမယ့်သူက ဒယ်ဒီကို လက်ထပ်ဖို့ စဉ်းစားနေဆဲပဲ"

လိမ်ညာရာလည်း မရောက်သောစကားလုံးများကို ရွေးချယ်၍ပြောလိုက်သည်။

"ဘေဘီက သဘောမတူဘူးလား"

မေကဆုန်က အောက်နှုတ်ခမ်းကိုကိုက်ပြီး ခေါင်းရမ်းလိုက်သည်။

ဦးတိုင်းဇော်၏ရင်ထဲ ဟာခနဲဖြစ်သွားပြီ. . .

"ဘာဖြစ်လို့လဲ ဘေဘီ"

မီးမသိဘူး၊ မီးသိတာအန်တီကို ဒယ်ဒီမယူရဘူး မယူရဘူး၊ အန်တီထက်စာရင် လေးလေးသစ်ကို ယူတာကမှ တော်သေးတယ်"

မေကဆုန်က ပြောပြောဆိုဆို ထိုင်ရာမှထကာ. . .

"မီးလည်း သူတို့ဆီမသွားတော့ဘူး၊ သူတို့နဲ့လည်း လုံးကျွတ်ရှင်မယူတော့ဘူး၊ သူတို့လည်းမလာရဘူး၊ ဒယ်ဒီလည်း သွားရဘူး"

"ဒေါ်တင်လှလှဘွားကို ဘာဖြစ်လို့ သမီးက မုန်းတီးနေတာလဲဒါကို ဒယ်ဒီသိချင်တယ်"

"မုန်းတာမဟုတ်ဘူး၊ ကြောက်တာဒယ်ဒီ ကြောက်တာ ဒယ်ဒီလိုလူမျိုးကို တစ်ယောက်ကိုတောင် ညွတ်သွားအောင် ... အောင်နိုင်တယ်၊ ပြီးတော့ မီးမှာ. . မီးမှာ သူ့ကိုသနားလိုက်ရတာ ဒါတွေဟာ မာယာတွေမဟုတ်ဘူးလား ဒယ်ဒီ"





"မဟုတ်ဘူးသမီး"

"ဟုတ်တယ်"

"ဒီမှာဘေဘီ၊ ဘေဘီဟာကလေးဖြစ်လို့ ဒယ်ဒီ ဒီအကြောင်းတွေကို မဆွေးနွေးချင်ဘူး၊ အေး. . ဘေဘီ တစ်ခုပဲ နားလည်ထားပါ၊ ဘေဘီသဘောမတူရင် ဒယ်ဒီသူ့ကို မယူသေးဘူး၊ ဘေဘီသဘောတူလာမယ့် အချိန်ကိုစောင့်နေမယ်၊ အခြား ဘယ်မိန်းမကိုမှလည်း ယူဖို့စိတ်မကူးဘူး ဘာဖြစ်လို့လဲဆိုတော့ သူဟာ ဒယ်ဒီရဲ့ချစ်ဦးသူ ဖြစ်နေလို့ပဲ"

ဦးတိုင်းဇော်က မထူးတော့ဘူးဖြစ်သဖြင့် နှလုံးသားမှ ကြာရှည်စွာ ကိန်းအောင်းနေခဲ့ရသည်တို့ကို ဖွင့်ဟလိုက်မိလေသည်။

"ရှင်"

မေကဆုန်မှာ အံ့အားသင့်လွန်းသဖြင့် မျက်လုံးပြူးကာ ရင်ဝတွင် သောကလုံးဆို့နစ်သကဲ့သို့ ခံစားလိုက်ရလေသည်။

"သေချာအောင် ဒယ်ဒီထပ်ပြောမယ် ဘေဘီ၊ ဤကမ္ဘာလောကကြီးမှာ ဒယ်ဒီဘဝထဲ ဒယ်ဒီနှလုံးသားထဲကို နက်ရှိုင်းစွာ စိုးဝင်နေရာယူနိုင်တဲ့သူက နှစ်ယောက်ထဲရှိတယ်အဲဒါ ဘယ်သူ သိလား"

မေကဆုန်မျက်ရည်များသွင်သွင်စီးကျလာသည်။ အားငယ်စိတ်များ၊ ဒေါသစိတ်များ၊ နာကျည်းစိတ်များစုပုံရောပြွမ်းကာ ခံစားနေရလေသည်။

"ဒေါ်တင်လှလှဘွားနဲ့ မေကဆုန်ပဲ"

မေကဆုန်မှာ မျက်ရည်ကြားကဖခင်ကို ငေးကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

ငယ်ချစ်ဦးတဲ့လား၊ ညာတာပါ သူတို့ညာကြတာ ဖြစ်မှာ
မေမေမြင့်ဆိုတဲ့ မိမိအမေကို မချစ်ဘဲဘာကြောင့် လက်ထပ်ခဲ့သ
လဲ။

"ဘေဘီ"

ဦးတိုင်းဇော်က မေကဆုန်၏ မျက်ရည်များကို သုတ်ပေး
ရန် အနားတိုးကပ်ပြီး လက်လှမ်းလိုက်သည်။

မေကဆုန်က ဦးတိုင်းဇော်၏လက်ကိုတွန်းဖယ်ပြီး ငို
ရှိုက်ကာ အပေါ်ထပ်သို့ပြေးတက်သွားလေသည်။

တံခါးကို ဆောင့်တွန်းပိတ်သံကို ကြားလိုက်ရသည်။

"သွားပြီ"

ဟု သူနှင့်သမီး တံခါးတစ်ချက်ခြားသွားခြင်းသည် ကမ္ဘာ
တစ်ခုစီခြားသွားခြင်းနှယ် ခံစားလိုက်ရလေသည်။





# အခန်း(၄၃)

ထုံးစံအတိုင်း မိသားစုထမင်းဝိုင်းတွင် ပျော်ရွှင်စရာ
စကားများကို ပြောတတ်ကြပြီး အချိုပွဲစားစဉ်တွင် စိတ်ညစ်စရာ
စကားများကို စတတ်ကြသည်။

ခိုင်ဘွားနှင့်လှိုင်ဘွား ထမင်းတစ်လုပ်ပြီးတစ်လုပ်ကို
မနည်းအားယူ မြိုချနေရသည်။

ရင်တွင်းသောကလုံးက တစ်ဆို့နေသည်။

မိခင်ကို သနားစိတ်များနှင့်ပတ်ဝန်းကျင်ကို မကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်များက ရောထွေးနေသည်။

"သားကိုနဲ့ သားညီနေခင်းက ဘာတွေစားထားကြသလဲ ထမင်းကောင်းကောင်းမစားကြပါလား"

သားသမီးများသည် မိဘ၏ ကြေးမုံတစ်ချပ်ဖြစ်သည် ဆိုသည့်စကား တယ်မှန်ပါလားဟု ခိုင်ဘွားက တွေးတောလိုက်သည်။

"ဟုတ်တယ်မေမေ နေပြင်းလို့ထင်ပါရဲ့"

"ဒါထက် ဒီနေ့ သားညီဘွား မကစားဘူးနော်"

လှိုင်ဘွားက ခိုင်ဘွားကို လှမ်းကြည့်လိုက်သည်။ ခိုင်ဘွားက မိခင်ထမင်းပန်းကန်ကို လှည်းကြည့်လိုက်ပြီး ဖွန်းခရင်းကိုချထားလိုက်ပြီးဖြစ်သောကြောင့် "ညီပြောချင်ပြောတော့" ဟူသော သဘောဖြင့် ခေါင်းညိတ်ပြလိုက်ခြင်းဖြစ်သည်။

"သား အန်ကယ်ဦးတိုင်းဇော်နဲ့ သွားမကစားတော့ဘူး မေမေ"

ဒေါ်တင်လူလူဘွားရင်ထဲ လှုပ်ရှားသွားသည် "ဇော်နှင့် သားညီဘာများဖြစ်ကြသလဲ၊ နေ့လည်က ဇော်လည်း ဘာမှမပြောပါဘူး" ဟူသောအတွေးဖြင့်. . .

"ဘာဖြစ်လို့လဲ သားညီ"

"သားတို့ အန်ကယ်နဲ့ တရင်းတနှီးနေလေလေ မေမေရဲ့ ဂုဏ်သိက္ခာကို ထိခိုက်လေလေဖြစ်မှာစိုးလို့ပါ"

ခိုင်ဘွားက ထမင်းကို လက်စသပ်လိုက်ပြီး ညီဖြစ်သူအား စိတ်အတွင်းမှ ကြိတ်၍ ချီးကျူးလိုက်သည်။ စကားလုံးရွေးချယ်မှု တော်သောကြောင့်ဖြစ်သည်။





"ဘာဆိုင်လို့လဲ သားညီ"

"ဆိုင်ပါတယ် မေမေသားတို့လူငယ်ချင်း ရင်းနှီးကြတာ သဘာရေနဲ့ အားကစားနဲ့ပတ်သက်ပြီး မေမေတို့က နားလည်သဘောပေါက်စွာနဲ့ ပံ့ပိုးပေးကြရင်း မေမေနဲ့အန်ကယ်ပါ ရင်းနှီးလာတယ်၊ ဒါကိုပတ်ဝန်းကျင်က မလိုတမာ သွားပုပ်လေလွင့်စကားတွေ ပြောကြတယ်၊ ဒီအတွက် ထိခိုက်နစ်နာစရာရှိရင် မေမေပဲ ထိခိုက်နစ်နာမယ်၊ ဒါကြောင့် သားတို့ အနေအထိုင် အသွားအလာ ပြောင်းလွဲပစ်လိုက်တော့မလို့ပါ"

ဒေါ်တင်လူလူဘွား သက်ပြင်းချလိုက်သည်။ မျက်စိချက်နှာလည်း ပျက်သွားသည်ဟု ခိုင်ဘွားက အကဲခတ်လိုက်မိသည်။

"သားတို့ ဒီလိုပြောင်းလဲနေထိုင်လိုက်ရင် ပတ်ဝန်းကျင်ရဲ့ တဲ့ရဲ့ခြင်းဟာ ရှောပါးသွားနိုင်သလား"

"သွားနိုင်ပါတယ်"

"သားတို့သဘောပဲလေ မေမေ့အနေနဲ့က သားတို့နဲ့ ပတ်သက်ပြီးတော့မှတဆင့် သူတို့သားအဖနဲ့ မိတ်ဆွေဖြစ်ခဲ့ရတာ ဆိုတော့ သားတို့မပတ်သက်တော့ရင်လည်း ပြီးတာပါပဲ၊ တိုက်ခန်း ဆောက်ပြီးသွားလို့ အခန်းသော့အပ်ပြီးသွားရင် ဦးတိုင်းဇော်နဲ့ မေမေဆက်သွယ်စရာ ကိစ္စမရှိတော့ပါဘူး"

မိခင်၏စကားကြောင့် ခိုင်ဘွား သက်ပြင်းချလိုက်သည်။ မိခင်ဟန်ဆောင်နေခြင်းဖြစ်မည်ဟု အတတ်သိသည်။ သူမေးခွန်း တစ်ခုမေးလိုက်ချင်သည်။ သို့သော်. . ထိုမေးခွန်းကြောင့် မိခင် စိတ်ထိခိုက်သွားမှာ စိုးရိမ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမမေးဖြစ်သောမေးခွန်းကို လှိုင်ဘွားက မေး
ချလိုက်သည်။

"ဒါဖြင့် မေမေနဲ့ အန်ကယ် ဒီနေ့နေ့လည်တစ်နာရီကျော်
ကျော်လောက်က နှစ်ဆယ့်ကိုးလမ်းကဆိုင်မှာ တွေ့ဆုံကြတာက
လည်း အလုပ်ကိစ္စပဲလားမေမေ"

ဒေါ်တင်လှူလှူဘွား အံ့အားသင့်သွားရသည်။ သို့သော်
မျက်နှာကို ဟန်မပျက်ထိန်းသိမ်းရင်း. . .

"ဟုတ်တယ် သားတို့က ဘယ်လိုထင်လို့လဲ"

"အလုပ်ကိစ္စသွားလာတဲ့အခါတိုင်း မေမေနဲ့အတူ သား
တို့ပါတယ်ဆိုတော့ ခုကိစ္စဟာ ကိုယ်ရေးကိုယ်တာကိစ္စများလား
လို့ပါ"

ဒေါ်တင်လှူလှူဘွား. . .

အလုပ်ကိစ္စဆိုတာကလည်း မိသားစုရဲ့ စီးပွားရေးကိစ္
အတွက် အလုပ်လုပ်တာဆိုတော့ ကိုယ်ရေးကိုယ်တာ ကိစ္စပဲပေ
မေမေတစ်ယောက်ထဲ မဟုတ်ပါဘူး၊ မေမေ့သူငယ်ချင်း တစ်
ယောက်လည်း ပါပါတယ်"

"မေမေ ဆေးရုံက ခွင့်ယူလို့ရသလား"

မိခင်၏တုန်လှုပ်မှုကို ခိုင်ဘွားမကြည့်ရက်သဖြင့် စကား
စကို လွှဲပြောင်းလိုက်သည်။

"ရပါတယ်"

"ဒါဖြင့် သားတို့နဲ့ မေမေ ခရီးထွက်ကြရအောင်လေ"

"မေမေ့မှာ အစီအစဉ် ရှိပြီးသားပါ။ ကဆုန်လေးကို ခေါ်
ခဲ့ဖို့ပါပဲ ဒါပေမယ့်. . ."





"သူလည်း လိုက်မယ်မထင်တော့ပါဘူး"

"မေမေလည်း မခေါ်တော့ဘူး"

မိခင်က ဘာဖြစ်၍ ဝန်မခံသလဲ၊ ဦးတိုင်းဇော်ကတော့
မေကဆုန်ကို ဝန်ခံပြီးပြီ၊ မေကဆုန်က ငိုသံပါကြီးနှင့် မိမိအား
ပြန်းဆက်လေသည်။

သူ့အဖေလည်း သူနှင့်ကတောက်ကဆဖြစ်ပြီး အိမ်ပြင်
သို့ ပြန်ထွက်သွားသည်တဲ့. . .

အံ့သြစရာကောင်းသော ဝန်ခံချက်တစ်ခုက မေမေနှင့်
အန်ကယ်လ်သည် ငယ်ရည်းစားတဲ့. . .

မေမေရယ် သားတို့ကို မဖုန်းကွယ်ပါနဲ့။ အမှန်အတိုင်း
သာပြောလိုက်ပါတော့။ ခုတော့. . .

ဒေါ်တင်လှူလှူဘွားသည် ဘာမပြောညာမပြောနှင့် ထ
မင်းစားပွဲမှ ထသွားသည်။ မိခင်ဘယ်ကိုသွားသလဲ။

သောကကြောင့် ညှိုးနွမ်းသွားသော မိခင်ကို သနားမိ
သဖြင့် သူတို့ဆက်မေးရန်ရှိနေသော မေးခွန်းများကို မမေးဖြစ်
တော့ချေ။

မေကဆုန်နှင့် မိမိတို့ညီအစ်ကိုက ဘဝတူပင်။

မိမိတို့ညီအစ်ကိုကမှ တိုင်ပင်ဖော်၊ တိုင်ပင်ဖက်ရှိသေး
သည်။ မေကဆုန်မှာတစ်ယောက်တည်း။

ခိုင်ဘွားစိတ်ပူသွားသည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄၄)

"ဟဲလို. . . ချစ် ဘယ်လိုလဲ ဖတ်ဆရာမကြီးရဲ့"

"ဖော်"

အာလေးလျှာလေးနှင့် ဖြစ်နေသော ဦးတိုင်းဖော်ကို ဒေါ်တင်လှလှဘွား စိတ်ပူသွားသည်။

"ဟုတ်ပါတယ် ဖော်ပါ၊ ချစ်ကံဆိုးသမားကြီး ဖော်ပါ"

"ဖော်မူးနေသလား၊ မူးနေရင် အိပ်လိုက်တော့ ဖော်"

"နိုး၊နိုး. . ဖော် မမူးဘူး၊ အိပ်လို့လဲ မရသေးဘူး၊ ဖော်





လမ်းပေါ်မှာလေ"

"ဟင်. . ဖော် ကားမောင်းနေသလား"

"အင်း"

"ဒါဖြင့် အိမ်ကိုရောက်အောင်ပြန်လိုက်ပါ၊ ပြီးမှလူလူတို့ စကားပြောကြမယ် တစ်ညလုံးပြောကြမယ်နော်ဖော်"

"စကားလေးတွေနဲ့ပဲ ဖော်ဘဝကနေရတော့မှာလား ချစ်ရယ်"

"ဖော်. . ဖော့်ကို လူလူမခွဲချင်ဘူးလို့ ပြောပြီးပြီပဲ၊ အိမ်ရောက်မှ စကားပြောမယ်နော် ဒါပဲ အိမ်ရောက်မှပြန်ဆက်"

ဒေါ်တင်လှလှဘွားက ကလေးဆိုးကြီးသဖွယ် ဖြစ်နေသော ဦးတိုင်းဖော်ကို ချော့မော့ပြီး ဖုန်းခလုတ်ကို ပိတ်ထားလိုက်လေသည်။

စိတ်ညစ်ညစ်ဖြင့် သားများနှင့်အတူ မနေတော့ဘဲ အိပ်ခန်းတွင်း အောင်းနေလိုက်သည်။ နာရီကြည့်လိုက်တော့ ဆယ့်တစ်နာရီခွဲနေလေပြီ။ ယခုထက်ထိ လမ်းပေါ်၌ ကားတစ်စီးနှင့်ရှိနေသေးသော ဦးတိုင်းဖော်ကို သူစိုးရိမ်နေမိသည်။

သူဘာလုပ်ရမလဲ. . .

သူတို့နှစ်ဦး ဖွတ်လက်ထပ်လိုက်လျှင် ဆံထုံးနောက်ယောင်ပါရမည်ဖြစ်၍ သူလိုက်နေရမည်။

ထိုအခါ မေကဆုန်နှင့်ရင်ဆိုင်ရမည်။

ဦးတိုင်းဖော် အရက်သောက်ကာ ပြောသောစကားကို ထောက်ရှုလျှင် မေကဆုန်က မိမိတို့နှစ်ဦးကို သဘောမတူညီကြောင်း သဘောတူဟန်မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ ဘာလုပ်ရမည်နည်း။

တယ်လီဖုန်းခေါ်သံ ထွက်ပေါ်လာပြန်သည်။

"ဇော်"

"ကိုယ်အိပ်ခန်းထဲရောက်ပြီ ချစ်၊ ကိုင်းကိုယ်ဘာဆက် လုပ်ရမလဲဆိုတာ အမိန့်ရှိပါဦး၊ ဒီမှာတော့ အသည်းဟက်တက် ကွဲကုန်ပြီဆိုတာ မင်းသိရဲ့လား ဒေါ်တင်လှူလှူဘွား"

"သည်းခံပါဇော် ဒီတစ်နှစ်ပဲလေ. .၊ သူတို့ဆယ်တန်း အောင်ပြီးသွားရင် သူတို့သွားချင်တဲ့လိုင်းကို သူတို့နင်းပြီး သူတို့ လမ်းသူတို့လျှောက်သွားရင်း ရင့်ကျက်တဲ့အချိန်နဲ့ အချစ်ကို နား လည်ခံစားလာတတ်တဲ့အချိန်နဲ့ ကြုံတွေ့ပြီး မိဘကို နားလည် ခွင့်လွှတ်ပေးကြမှာပါ ဇော်"

"ချစ်ရဲ့သားတွေက ဟုတ်တာပေါ့၊ သူတို့ကအရွယ်နဲ့ မလိုက်အောင် အသိတရားရှိကြပါတယ်၊ ခက်တာက ဇော့်သမီး ဘေဘီဟာ ကလေးဆိုးလိုပဲကွာ သူလိုချင်တာပဲ သူသိတယ် ဇော့် ကိုမငဲ့ဘူး"

"ဒါ ငယ်သေးလို့ပါ၊ သူတို့စိတ်ဆင်းရဲမခံနဲ့ဇော် အရင် ကထက် ပိုအလိုလိုက်ပါ၊ ပြစ်မထားပါနဲ့ ခါတိုင်းလိုပဲ အချိန်နဲ့ပြန်

"ဇော်မှာ ကစားဖော်မရှိတော့ဘူးလေ"

"သူ ဇော်ကစားဖော် လုပ်ပေးပါလိမ့်မယ်၊ စည်းရုံးကြည့် ပါ ဇော်၊ လှူလှူပြောတာ နားလည်ပါတယ်နော် မေကဆုန် ဆယ် တန်းမအောင်သေးဘူး၊ အိုးရွဲ့ကို စလောင်းရွဲ့နဲ့ ဖုံးလို့မရဘူး ကလေးတွေရဲ့စိတ်ထားက သိပ်နုနယ်သေးတယ်၊ ဒီနှစ်ဟာ သူ့ အတွက် သိပ်အရေးကြီးတဲ့နှစ်ဖြစ်တယ်၊ ဒါကြောင့် ဇော်အစွမ်း





ကုန် လိုက်လျောပေးပါ"

"အင်း. . ကိုယ်တို့က သူ့ဆန္ဒကို လိုက်လျောပြီးနေခဲ့ပေ မယ့် သူက ကိုယ်တို့ကို ဆန့်ကျင်မယ် ဆိုရင်ကော"

"သူတို့ဆယ်တန်းအောင်သွားရင် ဘယ်သူတွေတားတား မရတော့ဘူး၊ လှူလှူ ဇော့်ကို လက်ထပ်မယ်၊ ဇော် စိတ်ချမ်းသာဖို့ ကိုပဲ လိုက်လျောပါ့မယ် ကျေနပ်ပြီးလားဇော်"

"ဒီကြားထဲ ကိုယ်တို့တွေ့ခွင့်ကကော"

"ဇော်ရယ် ဆေးရုံလစ်တွေ့လို့လဲရတာပဲ နောက်ပြီး ဒီလို ပဲပြောနေရသားပဲမှတ်လား၊ ကွဲကွာခြင်းကို နှစ်ရှည်လများ. . တသသ ခံစားလာရပြီးတော့မှများ အခုကာလအပိုင်းအခြားလေး ကို နောက်ဆုံးအနေနဲ့ ဆက်လက်ကျော်လွှားလိုက်ပါဇော်၊ ကျွန်မ ကိုချစ်ရင် သည်းခံနိုင်ရမှာပေါ့ ဇော်ရယ်"

"ပြောပါဗျာ ပြောပါ၊ ဒီအပြောလေးတွေနဲ့ပဲ ကျုပ်ဘဝ နှစ်ရှည်လများ အထီးကျန်နေခဲ့ရတာ"

"ကျွန်မဇော့်ကို တစ်နေ့မှ မေ့မရခဲ့ဘူးဆိုတာ ယုံကြည်လို့ ရှိရင် ကျွန်မဖြတ်သန်းခဲ့ရတဲ့ ခရီးလမ်းကိုလည်း ဇော်နားလည်မှာ ပါ"

"ဒါကြောင့် မင်းကို ကိုယ့်ရင်ခွင်မှာ နားခိုစေချင်တာပေါ့"

"ဇော်ကိုလည်း ကျွန်မဘက်ကဒီလိုပါပဲ၊ ကဲ. . ဇော် သမီးကိုသွားကြည့်လိုက်ပါဦး၊ လှူလှူလည်း သားတွေကို သွားကြည့် လိုက်ဦးမယ်"

"နေဦး. . လှူလှူ၊ သမီးနဲ့ ကိုယ်ဘယ်အခြေအနေအထိ ပြောဆိုခဲ့ကြတယ်ဆိုတာကို လှူလှူမသိချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး"

"သမီးက ကြားစကာတွေနဲ့ လူလူကို ရစရာမရှိအောင် စွပ်စွဲလာတော့ ဇော်လည်း မခံချင်စိတ်နဲ့ လူလူနဲ့ဇော်ဟာ ယ ရည်းစားဦးလို့ ပြောချလိုက်မိတဲ့အထိ ဖြစ်သွားတယ်"

"ဘုရားရေ ဇော်ရယ်"

ဒေါ်တင်လူလူဘွား စိတ်မကောင်း ဖြစ်သွားသည်။ ချစ် သူ့အပေါ် နှစ်သိမ့်ပေးချင်ပါတယ်၊ စိတ်သွားတိုင်းလူက မပါနိုင်

"ဇော့်ကို အပြစ်မတင်နဲ့နော် လူလူ"

"ပြောပြီးမှတော့ ဘာတတ်နိုင်တော့မလဲ သားတို့ ထပ် မေးလာရင်လည်း လူလူလည်း အမှန်အတိုင်းပဲ ရှင်းပြလိုက်တော့ မယ်"

"ကိုယ်စိတ်မကောင်းတာက သူတို့တွေဇော့်ကို လာ တွေ့ကြတော့တာ၊ ဇော်နဲ့အတူမကစားတော့တာ၊ သမီးလည်း သူငယ်ချင်းတွေဝိုင်းကနေဖဲ့ခွာလာပြီး တစ်ယောက်ထဲ စကား မယ်ဆိုရင်၊ ဇော်စိတ်ညစ်လာပြီ လူလူ"

"စိတ်ညစ်တယ်ဆိုပြီး အရက်တွေဖိမသောက်ရဘူးနော် ဇော်၊ ဇော်စိတ်ညစ်ရင် ညတိုင်း လူလူကိုပြော တစ်ခါတစ်ရံ အေ ရုံကိုလိုက်လာခဲ့ အဲဒီမှာ အမ်စီတုန်းက ဇော်နဲ့လူလူအကြောင်း သိကြတဲ့ သူငယ်ချင်းတွေလည်းရှိတယ် ဇော်နဲ့လူလူတို့ရဲ့ ဆည်းမှုကို သူတို့က အားပေးကြတဲ့သူတွေဆိုတော့ ဇော် ရဲရဲတ တင်းသာ ဝင်ထွက်ပါ"

"အား. . တော်ပါသေးရဲ့၊ ချစ်ရဲ့သိတတ်မှုလေးတွေ ကိုယ်ကမြတ်နိုးနေရတာ"





"ကဲ. . အရက်ထပ်မသောက်နဲ့ သမီးကို သွားကြည့်ပြီးမှ အိပ်တော့နော်. . . ဂွတ်နိုက် ဇော်"

"ဂွတ်နိုက်. . ပွတ်"

ဦးတိုင်းဇော်က ထုံးစံအတိုင်း သူ့ပြုနေကျ နှုတ်ခမ်းနှစ်ခု ကြားမှ ထွက်လာသောလေသံ အနမ်းကလေးပြုမူကာ. . ဖုန်း ခလုတ်ကို ပိတ်လိုက်သည်။

သူ့ရင်ထဲမှ မီးတောက်မီးလျှံသည် တဒင်္ဂတော့ ငြိမ်း အေးသွားလေပြီ။


ချစ်သူမှာသည့်အတိုင်း သမီးအိပ်ခန်းဘက်သို့ လျှောက် သွားသည်။ သမီးက အိပ်ခန်းတံခါး ပိတ်ထားသည်။ မီးမှိတ် ထားသဖြင့် အိပ်နေပြီးဟုယူဆကာ သူ့အိပ်ခန်းဘက်သို့ ပြန်လာ ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄၅)

"ဟဲလို"

"ခိုင်ကိုလား၊ လှိုင်ညီလား"

မေကဆုန်၏ အသံသည် သဲကန္တာရတစ်ခု၏ 'ပူလော... ခြောက်သွေ့မှုဒဏ်ကြောင့် ရေအလွန်ငန်နေသော ဒုက္ခိတ... နယ် ဝေ်မွတ်ခြင်းအပြည့်ရှိနေသည်ဟု ခိုင်ဘွားထင်လိုက်မိသည်

"နင် ဘယ်သူကိုတွေ့ချင်တာလဲ"

"အရေးထဲဟယ် နှစ်ယောက်စလုံးကိုပဲ"





"နှစ်ယောက်စလုံး မဖြစ်သင့်ဘူး၊ တစ်ယောက်ယောက် ...ဲ နင်တွေ့သင့်တယ်"

"လှိုင်ညီရယ် ငါစိတ်ညစ်ရတဲ့အထဲ ဟယ်"

"ငါ ခိုင်ဘွားပါ"

"နင်က ခိုင်ကို ဟုတ်ကဲ့လား၊ လှိုင်ညီတစ်ယောက်ထဲ ...ရစ်ရှုပ်တယ်ထင်တာ နင်တာပါ အရစ်ရှည်ပြန်ပြီ"

"ကဲပါ ကဆုန်၊ နင့်မှာဘာစိတ်ညစ်စရာရှိသလဲ"

"ရှိတာပေါ့၊ ငါတစ်ယောက်ထဲ စာသင်ရတာမပျော်ဘူး ...တ်မဝင်စားဘူး၊ နင်တို့ဝိုင်းကိုပဲ သတိရတယ်၊ နင်တို့ရဲ့ အပြိုင် ...ဆိုင်စားကြိုးစားကြရတဲ့ အနေအထားမျိုးပဲ ငါသဘောကျ ...တယ်"

"စာသင်တာပဲဟာ ဖွင်းတယ်ပျော်တယ်လုပ်မနေနဲ့ တစ် ...ယောက်ထဲမသင်ချင်ရင် အခြားဝိုင်းတွေလိုက်တက် မတတ်ချင် ...င် နင့်အိမ်မှာဝိုင်းပေါ့"

"ငါတစ်ခုတောင်းဆိုချင်တယ် နင်လိုက်လျောမှာလား ...င်ကို"

"ဘာကိုတောင်းဆိုမှန်းမသိဘဲ ငါကလိုက်လျောရမှာ ...ား"

ခိုင်ဘွား၏ စိတ်ဓါတ်ကို သိပြီးဖြစ်နေသဖြင့် မေကဆုန် ...ာ. . .

"နင်တို့ငါနဲ့ပဲ အတူတူလာဝိုင်းပါလားဟင်"

"ဆောရီးပဲ ကဆုန်၊ နင်လာချင်ရင် အချိန်မရွေးလာ ...ခဲ့နိုင်ပါတယ်၊ ငါတို့အမေက ငါတို့သူငယ်ချင်းတွေ အတွက်



www.burmeseclassic.com

www.burmeseclassic.com



တံခါးအမြဲဖွင့်ထားပါတယ်၊ ငါတို့ကတော့ ငါတို့အတွက်နဲ့တော့ မေမေ့ ဂုဏ်သိက္ခာကို ကျဆင်းစေမယ့်အလုပ်မျိုး ဘယ်တော့မှ မလုပ်တော့ဘူး"

"နင့်ကို ငါတစ်ခုမေးချင်တယ် ခိုင်ကို"

"မေးလေ ကဆုန်"

"ငါမပျော်ဘူးဟာ ဒယ်ဒီကလည်း ငါ့ကိုတင်းနစ်ရိုက် သင်ပေးနေတယ်၊ ငါမှ ဝါသနာမပါတာ၊ ဒါကြောင့် ဒယ်ဒီက ငါနဲ့အတူ ရေကူးကန်ကို လိုက်ပေးတယ်၊ ဒါပေမယ့် ဒယ်ဒီမျက်နှာ ရွှင်ပျပျမရှိဘူး ဒယ်ဒီမပျော်တော့ ငါလည်း ဘယ်ပျော်နိုင်မလဲ အန်တီကော"

ခိုင်ဘွားက သက်ပြင်းချလိုက်သည်။

"မေမေကတော့ ဒီအတိုင်းပါပဲ ဘာမှထူးခြားမှုမရှိပါဘူး"

"ဒီအတိုင်းဆိုရင်. . ဒယ်ဒီက အန်တီကို ပိုချစ်တယ်ထင် တယ်"

"ကဆုန်"

"လူကြီးတွေကိစ္စ မပြောဘဲ ငါ့ကိုတစ်ခုမေးချင်တယ် တဲ့စကားကိုပဲ ငါစောင့်နေတာ"

"ငါမေးလိုက်ရင် နင်စိတ်ဆိုးသွားမှာစိုးလို့ မမေးတော့ ဘူး"

"မေးပါ၊ ငါ့ဒေါသစိတ်ကို နိုင်နင်းပါတယ်"

မေကဆုန်ထံမှ အသံတိတ်သွားသည်။

အတန်ကြာမှ

"ဒယ်ဒီနဲ့အန်တီ ငယ်ရည်းစားဆိုတာ နင်ယုံသလား





"နင်က ဘယ်လိုထင်လို့လဲ"

"ဒယ်ဒီတို့ရဲ့ ပရိယာယ်လို့ထင်တာပဲ"

"ဒီလိုလုပ်ပါလား နင်တို့အဒေါ် သစ်သစ်လွင်နဲ့ နင့်အဖေ က သူငယ်ချင်းတွေဆို သူ့ကိုမေးကြည့်ရင်. . နင်အားလုံးသိ နိုင် တယ်"

"အို. . ဟုတ်သားပဲ၊ ငါ့ခေါင်းထဲ ဒီလောက်ကောင်းတဲ့ အကြံ ဘာဖြစ်လို့ မဝင်လာရတာပါလိမ့်"

မေကဆုန်ထံမှ ကျေနပ်အားရသံလေး ထွက်သွားသည်။

ပြီးတော့မှ. . .

"ခိုင်ကိုရယ် နင်တို့က ညီအစ်ကိုနှစ်ယောက်ဆိုတော့ တာပဲဖြစ်ဖြစ်တိုင်ပင်ဖော် စကားပြောဖော် ရှိသေးတယ်၊ ငါက တစ်ယောက်ထဲသိပ်ပျင်းတာပဲ ငါ့ဆီကို အရင်ကလိုပဲ ဖုန်းမကြာ ကာဆက်ပါတယ်"

"ငါတို့နဲ့နင်ဟာ သူငယ်ချင်းပဲ ငါဆက်ချင်ပါတယ်၊ ဒါပေ မယ့် အန်ကယ်လ်နဲ့တိုးမှာစိုးလို့"

"ဒယ်ဒီနဲ့တိုးတော့ ဘာဖြစ်လို့လဲ"

"မျက်နှာပူတယ်ကွာ"

မေကဆုန်ရင်ထဲက တစ်မျိုးဖြစ်သွားသည်။ အမြွာညီ နောင်က မိဘများကိစ္စကို သိပ်အလေးအနက်ထားဟန် မတူပေ။

"ငါဆက်လို့ အန်တီနဲ့တိုးရင်ကော"

"နင့်ကို ငါတစ်ခုမေးမယ်၊ နင်ငါ့အမေကို မုန်းသွားသ လား"

မေကဆုန့်ရင်ထဲ တစ်ခါမှမမေးဖြစ်သောမေးခွန်းကို



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်အမေးခံလိုက်ရသောအခါ ကြောင်အမ်းအမ်းဖြ
သွားသည်။ ထို့ကြောင့် ရုတ်တရက်မဖြေနိုင် ဒါကိုခိုင်ဘွား
တလွဲထင်သွားကာ. . .

"ငါနားလည်ပြီး မေကဆုန် နင်ငါ့ကို အားနာပြီး အချ
ခက်ရင်လည်း မဖြေပါနဲ့တော့"

"မဟုတ်ဘူး ခိုင်ကို့. . မဟုတ်ဘူး၊ ငါမပြောတတ်ဘူး"

"နင့်ကို ငါတစ်ခုတော့ပြောမယ်၊ ငါတို့သိတတ်တဲ့အရွယ်
ကစပြီးမေမေက ဘယ်ယောက်ျားနဲ့မှ နာမည်မထွက်ခဲ့ဘူး၊ အ
ပြောအဆို မခံခဲ့ရဘူး၊ ခုမှဆိုတော့ ငါတို့ရုတ်တရက် ရုက်သွား
တယ် စိတ်မကောင်းဖြစ်ခဲ့တယ်၊ ဒါပေမယ့် တစိမ့်စိမ့်တွေးကြည့်
တော့ တပင်လဲလို့ တပင်ထူတာ ပြဿနာတစ်ခုမဟုတ်ဘူးလို့
ငါထင်တယ်၊ ငါတို့ညီအစ်ကိုကတော့ လူကြီးတွေရဲ့ကိစ္စမှာ ဘာ
မှဝင်မပါတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်"

မေကဆုန်တွေးရပြီ။ မိမိလည်း အမြွာညီနောင်တို့နှင့်
အဆက်အသွယ်ဖြတ်ပြီးနေခဲ့ရသည့် ဆယ်ရက်လောက်ကို အ
လုပ်ရမှန်းမသိ လောကကြီးကို မကျေနပ်ချင်သလိုလို ဟိုလူဒီလူ
ကိုပဲ ဒေါသထွက်ကာ အလိုမကျချင်သလိုလို. . .

"ဒါပေမယ့် ငါတို့က ကိုယ့်ရည်မှန်းချက်ပန်းတိုင်ကို ကိုယ်
ဆက်လျှောက်မယ်၊ မေမေတို့လည်း သူတို့လမ်း သူတို့ဆက်
လျှောက်ပါစေ၊ ငါတို့ဘာမှ ကန့်ကွက်စရာမလိုဘူးလို့ ယူဆတယ်"

မေကဆုန်စိတ်ထဲ ငါတို့ရဲ့ချမ်းသာကြွယ်ဝမှုကြောင့်လား
ဒါလည်းမဖြစ်နိုင် သူတို့နေထိုင်ရာအိမ်ကိုကပဲ သိန်းထောင်နှင့်
ချီတန်နေပြီ။ တိုက်ခန်းတွေရောင်းကာ ဘဏ်တိုးနှင့်ပဲ စားနိုင်





တစ်လကို သိန်းနှစ်ဆယ်သုံးဆယ် ဝင်ငွေရှိနေနိုင်သည်။

"ငါလည်း စဉ်းစားပါဦးမယ်"

"ဩော်. . ဒီနှစ် နင်ခရီးမထွက်ဘူးလား"

"အင်း. . ဒယ်ဒီကို ပြောကြည့်ဦးမယ်နင်တို့ကော"

"တစ်နေ့ကပဲ တောင်ကြီးကပြန်လာတာ. . တစ်ပတ်ပဲ
မေမေကခွင့်မရဘူးလေ"

"ပျော်လား"

"သိပ်တော့မပျော်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မေမေက
ဟန်ဆောင်ပြုံးနေလို့ပေါ့ကွာ"

"ဒယ်ဒီလည်း ဒီအတိုင်းပဲ၊ ငါလည်း စိတ်ညစ်တယ်ဟာ"

"မညစ်နဲ့ ပျော်အောင်နေ ဒါထက် နင့်ကျူရှင်က ဘယ်
နှစ်ဘာသာရပြီလဲ"

"လောလောဆယ် နှစ်ဘာသာပဲ ရသေးတယ်၊ ငါ တစ်
ယောက်ထဲသင်ရတာ ပျင်းတယ်ဟာ"

"စာသင်တာ ပျင်းစရာမဟုတ်ပါဘူး၊ နင်ရွေးချယ်တဲ့လမ်း
ကို နင်ပဲလျှောက်လှမ်းနိုင်အောင် ကြိုးစားပေါ့၊ ဒါပဲနော် ငါ့ကိုရွှေ
တောင်ခေါက်ဆွဲစားဖို့ ခေါ်နေပြီး နင်လာစားပါလား"

"ငါလာတော့ လာချင်တယ်၊ မလာရဲပါဘူး"

"ဘာဖြစ်လို့လဲ"

"ငါအန်တီမျက်နှာကို ဘယ်လိုအကြည့်မျိုးနဲ့ ကြည့်ရမှန်း
မသိလို့"

"အေး. . ဒါဖြင့်လည်း ပြီးရော၊ ဒါပဲနော်"

ခိုင်ဘွားက တယ်လီဖုန်းချသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေကဆုန်တစ်ယာက်တည်း တွေဝေပြီးကျန်ရစ်ခဲ့လေသည်။

သူတို့အမေအပေါ်၌ မကျေမနပ်ဖြစ်နေသလား၊ မိမိအပေါ် မုန်းတီးသွားမှာလား၊ ဒါကိုတော့ မေကဆုန် လက်မခံနိုင်ပါ။

လှိုင်ဘွားကိုဆိုလျှင် သူ၏အချစ်ဆုံး အခင်ဆုံး သူငယ်ချင်းဖြစ်သည်။ ခိုင်ကိုကတော့ အနေအေးသည်။ လိုအပ်သောကိစ္စရှိလျှင် ပြပေးတတ်သည်။ ဒီနေ့ စကားအပြောဆုံး ဖြစ်သည်။

မေကဆုန်စိတ်ညစ်သွားသည်။

သူတို့မိသားစုနှင့်နေရတာ မေကဆုန်ပျော်သည်။ များသောအားဖြင့် သူတို့အိမ်၌သာ စားအိမ်သောက်အိမ်ဖြစ်ခဲ့သည်။ ထို့ကြောင့် အားနာလွန်းသဖြင့် ဖခင်ကို အအေးပုလင်းများ အသီးအနှံများ၊ မုန့်ဘူးများမှာခိုင်းကာ သူတို့ရေခဲသေတ္တာထဲသို့ အန်တီမသိအောင် ထည့်ထားရသည်။

အန်တီကလည်း လှစ်ခနဲနေအောင်ပါးသည်။ သူ့ရေခဲသေတ္တာတွင် ဘာပစ္စည်း တိုးပွားသည်ကို အတတ်သိသည်။

"သမီးရယ် ဘာတွေဝယ်လာပြန်ပြီလဲ"

"မဝယ်ပါဘူး အလကားရတာ၊ လက်ဆောင်တွေ အိမ်မှာစားမယ့်လူဆိုလို့ မီးပဲရှိတာ၊ ဒယ်ဒီကလည်း အိမ်ကအစားအစာ ဟုတ်တိပတ်တိ စားတာမဟုတ်တော့ ဒီကအိမ်သားတွေရော ဆရာ/ဆရာမတွေပါ စားရအောင် ယူလာတာပါအန်တီ"

"စားချင်တာရှိရင်မှာလေ အန်တီဝယ်ထားမှာပေါ့"

"ဆံထုံးလည်းထုံးရ ဆီလည်းစိုက်ရဖြစ်နေပါပြီ အန်တီ၊ မီး အန်တီတို့ဆီမှာ ရဲရဲတင်းတင်း စားသောက်တာမြင်ချင်ရင် မီး ယူလာတာတွေကို အန်တီ မကန့်ကွက်ရဘူးနော်"

"မိတတ်ကလေး၊ သဘောပဲ အန်တီအရှုံးပေးပါတယ် စားချင်တာရှိ ထည့်ထားပါ၊ ဒါပေမယ့် အပိုအလျှံတော့ မလုပ်နဲ့နော်"

"စိတ်ချပါအန်တီရဲ့ မီးကအသုံးနဲ့အဖြုန်းကိုနားလည်ပါတယ်"

အန်တီ၏ချစ်စရာကောင်းသော အပြုံးနှင့် အပြောလေးများကို သတိရမိသည်။

ဒါအပေါ်ယံ သကာလူးထားသော နှုတ်ခမ်းများပေလား။ မေကဆုန်သည် ရစ်ဝဲလာသော မျက်ရည်များကို သုတ်လိုက်သည်။ ကပျာကသီ အိမ်ပြင်သို့ ပြေးထွက်ခဲ့သည်။

"ဒယ်ဒီပြန်လာပြီ"

ပြင်ဦးလွင်သွားလည်ရင်း ဒယ်ဒီတို့အကြောင်း စုံစမ်းရမည်။

ဒယ်ဒီလိုက်လျှောပါစေ။








www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄၆)

မေကဆုန်သည် စိတ်ဝင်စားဖွယ်ကောင်းသော ဒဏ္ဍာရီ တစ်ပုဒ်ကို နားထောင်နေရသည့်အလား အသက်ရှူခြင်းကိုပင် မေ့လျော့နေသည်။

"အမှန်တော့လည်း သူတို့ရဲ့မပြယ်တဲ့ မေတ္တာနဲ့ သစ္စာကြောင့်လည်း အခုထက်ထိ နောက်အိမ်ထောင်မပြုဘဲ နေနိုင်ကြတာပေါ့"

ဒေါ်သစ်သစ်လွင်က သာသာထိုးထိုးလေး သူငယ်ချင်း





များဘက်ကို ယိမ်းလိုက်ပြီး နိဂုံးချုပ်လိုက်သည်။

"ဒီလိုဆိုရင် ဒယ်ဒီကဘာဖြစ်လို့မေမေ့ကို အလောသုံး ဆယ်ယူရတာလဲ၊ အန်တီက အမြာတို့အဖေကို လက်ထပ်ပြလိုက်လို့ သူကတမင်အရွဲ့တိုက်ယူပြတာလား"

ဒေါ်သစ်သစ်လွင် တစ်ကွက်မှားသွားပြီ။ သူတို့နှစ်ဦး ဒုတိယအကြိမ် ကွဲကွာမှုတွင် မေမေမြင့် ရုတ်တရက်နေမကောင်းသဖြင့် ဆေးရုံသို့လိုက်ပို့ရသည်။ ချိန်းထားသောအချိန်တွင်ရောက် မလာသဖြင့် စိတ်နာပြီး မောင်မောင်ဇင်နှင့် ရုတ်တရက်လက်ထပ် လိုက်သည်။ ဒေါ်တင်လူလူဘွား လက်ထပ်သည်နှင့် မရှေးမနှောင်းမှာ ဦးတိုင်းဇော်က ဒေါ်မေမေမြင့်နှင့် လက်ထပ်လိုက်သည့် အကြောင်း ပြောပြသည်။

ဒါကို မေကဆုန် မကျေနပ်. . .

"ဖြေလေ လေးလေးသစ်၊ မီးမေးနေတာဖြေလေ"

"ဘာကိုလဲ သမီး၊ ဒါကတော့ တိုင်းဇော်အသိဆုံး ဖြစ်မယ်၊ ယောက်ျားတွေရဲ့ စိတ်သဘောကို လေးလေးနားမလည်ဘူး၊ မိန်းမတွေရဲ့သဘောကို နားလည်တဲ့အတွက် လူလူဘာကြောင့် မောင်မောင်ဇင်ကို အမြန်ဆုံး လက်ထပ်လိုက်တယ်ဆိုတာကို ပြောလို့ရတယ်"

"ဘာဖြစ်လို့လဲ"

"အချစ်ကြီးလို့ အမျက်ကြီးတဲ့စိတ်၊ မာနစိတ်တွေနဲ့က မျက်စိတဆုံးမကြည့်ဘဲ၊ မျက်တောင်တစ်ဖျားပဲ ကြည့်ပြီးလက်ထပ်လိုက်တာ"

"အင်း ဒါကိုတော့ မီးလက်ခံပါတယ်။ ဒါပေမယ့် ဒယ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ရုတ်တရက်ကြီး လက်ထပ်လိုက်တာတော့ မီးလက်မခံနိုင်ဘူး"

"လေးလေးသစ်လည်း မပြောတတ်ဘူးသမီး၊ ဘာဖြစ်လို့လဲဆိုတော့ လေးလေးက မန္တလေးတက္ကသိုလ်မှာတက်တာ၊ တိုင်းဇော်နဲ့လူလူက ရန်ကုန်မှာ၊ လူလူနဲ့လေးလေး စာအဆက်အသွယ်တော့ ရှိပါတယ်၊ အဲဒီတော့ စာအရပဲ သူတို့ပြန်ဆုံတယ် ပြန်တွဲတယ်၊ အဲ. . နောက်ဆုံး ပြန်ကွဲတယ်ဆိုတာလောက်ပဲ သိတယ်၊ လူလူနဲ့ လူချင်းဆုံတဲ့အခါတော့လည်း သူ့ဘက်က ရင်ဖွင့်ချက်ကိုသိရတယ်၊ တိုင်းဇော်ဘက်ကလည်း တိုင်းဇော်အမြင်ပေါ့၊ ရှင်းရှင်းပြောရရင် တိုင်းဇော်ဘက်က အမှားအယွင်းလုံးဝမရှိခဲ့ဘူး၊ လူလူဘက်ကသာ မခံချင်စိတ်၊ မစူးစမ်းမဆင်ခြင်ပဲ မာနနဲ့ မောင်မောင်ဇင်ကို အမြန်ဆုံး လက်ထပ်လိုက်တာကိုက အမှားပဲ၊ ဒီအမှားအတွက် သူလည်းအိမ်ထောင်ရေးရဲ့သုခကို လုံးဝမခံစားလိုက်ရဘဲ ဒုက္ခကိုပဲ လေးငါးခြောက်နှစ် ခံစားလိုက်ရတယ်၊ ယောက်ျားဆုံးပြန်တော့လည်း သားတွေအတွက် သူပဲအဖေ၊ သူပဲအမေအနေနဲ့ ရုန်းကန်ခဲ့ရရှာတယ်၊ ရှင်းရှင်းပြောရရင် လူလူအနေနဲ့ နောက်အိမ်ထောင်ပြုဖို့ဆိုတဲ့စိတ်ကူး လုံးဝမရှိခဲ့ဘူး၊ ဒါပေမယ့် အချစ်ဟောင်းနဲ့ ပြန်တွေ့ပြီး အပြစ်ကလည်း မရှိဆိုတော့ တိုင်းဇော်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်တာ လူလူအမှားမဟုတ်ဘူး ဘေဘီ၊ လူလူလည်း သူ့ဂုဏ်၊ သူ့ဒြပ်၊ သူ့ရုပ်ရည်နဲ့ တိုင်းဇော်လို လူမျိုး၊ အဲ. . တိုင်းဇော်ထက်သာတဲ့လူမျိုး၊ အထူးသဖြင့် လူပျိုတွေကိုတောင် ယူနိုင်ပါတယ်၊ ဒါပေမယ့် သူကလည်း တိုင်းဇော်မှတိုင်းဇော်ကိုး. . ."





"လေးလေးသစ်ကပါ သဘောတူတယ်ပေါ့"

"တူတယ်၊ တူတာမှ သူတို့လိုက်ပြေးကြတုန်းကလည်း လေးလေးပဲ အကူအညီပေးခဲ့တာ"

"ဒါတွေဟာ အသေအချာပဲနော်"

"အသေအချာပဲ"

"ငယ်ချစ်ဆိုတော့ မီးမကန့်ကွက်ချင်တော့ပါဘူး၊ ဒါပေမယ့် မီးအရမ်းသိချင်နေတာ တစ်ခုရှိတယ်"

"ဘာဘဲ"

"လေးလေးသစ် ပြောနိုင်မယ်လို့ မီးယုံကြည်တယ်"

ဒေါ်သစ်သစ်လွင်ရင်ထဲ လှုပ်ရှားသွားသည်။ မေကဆုန်တို့အရွယ်များ၏ စူးစမ်းလေ့လာတတ်မှု၊ တွေးခေါ်တတ်မှုတို့ကို အထင်သေး၍မရ။

ယခုခေတ်ကလေးများသည် တစ်နှစ်တစ်နှစ်ပို၍ အတွေးအခေါ် မြင့်မားလာကြသည်။ ထက်မြက်လာကြသည်။ မိဘများ၏ ပံ့ပိုးပေးနိုင်မှုနှင့်အတူ မိမိကိုယ်မိမိ ယုံကြည်လေးစားအားထားတတ်သော ကလေးများသည် ပို၍အတွေးအခေါ်ထက်မြက်ကြသည်။

မေကဆုန်ကို အထင်သေး၍မရပေ။ ဦးတိုင်းဇော်က သူ့သမီးကို လိုလေသေးမရှိ ပံ့ပိုးထားသည်။ ငွေကြေးကအစ လိုသလောက်သုံး အစစ်အဆေးမရှိ ပံ့ပိုးထားသည်။ အသွားအလာ၊ အပေါင်းအသင်းကအစ ကန့်ကွက်မှုမရှိ။ ထိုအခါ မေကဆုန်သည် အဆိုးအကောင်းကို သူ့မကိုယ်တိုင် ခွဲခြားစိတ်ဖြာသောအခါ အမြွှာညီနောင်လို လူကြီးလူကောင်းပေါက်စလေးများကိုသာ



www.burmeseclassic.com

www.burmeseclassic.com



စွဲစွဲမြဲမြဲ ပေါင်းသင်းတတ်လေသည်။

မေကဆုန် အပေါင်းအသင်းများကြားဝယ် ဆေးသမား လူဆိုးလူမိုက်၊ ဂျစ်ကန်ကန်များ မတွေ့ရချေ။

"လေးလေးသစ်"

"အင်"

"ဘာစဉ်းစားနေတာလဲ၊ မီးမေးတာဖြေလေ"

"မီး ဘာမေးလိုက်တာလဲ"

"ဒယ်ဒီဟာ ဒေါက်တာဒေါ်တင်လှလှဘွား လက်ထပ်သွားတာနဲ့ပဲ မေမေ့ကို ဘာဖြစ်လို့ အဆောတလျင် လက်ထပ်လိုက်ရတာလဲ ဆိုတာကိုပါပဲ"

"ဒါကိုပဲ ထပ်ခါတလဲလဲမေးနေရတာလဲ၊ လေးလေးလည်းမသိဘူးဆိုမှကွယ်၊ ဒီကိစ္စဟာ ကာယကံရှင်တိုင်း ဖော် အသီးဆုံးပဲနေမှာပဲ တိုင်းဖော်ကို မေးမကြည့်ဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

မေကဆုန် မျက်ရည်များ ရစ်ဝဲလာသည်။ သို့သော် ထိုမျက်ရည်စများကို ကျဆင်းခွင့်မပေးဘဲ လူကြီးတစ်ဦးသဖွယ် ခေါင်းကိုမော့ကာ မျက်တောင်ယှက်ကြီးများကို တဖျတ်ဖျတ်ခတ်ကာ သိမ်းဆည်းလိုက်သည်။

"ဒယ်ဒီနဲ့မီး အဲဒီအကြောင်းကို လုံးဝအစမဖော်ဖြစ်ကြတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မီးရဲ့အပြောအဆိုတွေ၊ အတွေးအခေါ်တွေများသွားမှာ စိုးရိမ်တယ်"

"မှန်လိုက်လေ ဘေဘီရယ်၊ ငါ့သမီးမှာ မြင့်မြတ်တဲ့စိတ်ထား၊ သဘောထားကြီးတဲ့စိတ်ထား ရှိနေလိမ့်မယ်လို့ လေးလေး ယုံကြည်တယ်"





မေကဆုန်က နားမလည်ဟန်လေးဖြင့် ဒေါ်သစ်သစ်လွင်ကို လှမ်းကြည့်လိုက်သည်။ ဒေါ်သစ်သစ်လွင်က မေကဆုန် ခေါင်းကလေးကို အသာပွတ်လိုက်ရင်း. . .

"သမီး ဒယ်ဒီစိတ်ဆင်းရဲနေတယ်လို့ ထင်သလား"

မေကဆုန်ခေါင်းညိတ်လိုက်ပြီ တိုးတိတ်သောအသံတလေးဖြင့်. .

"ဒါပေမယ့် ဒယ်ဒီအပြုံးက အပေါ်ယံ အရေပြားတစ်ထောက်ကအပြုံး၊ လိုက်လျှောတဲ့အပြုံး၊ နှလုံးသားကလာတဲ့ အပြုံးမဟုတ်ဘူးဆိုတာ မီးသိတယ်"

"ဒါဖြင့် သမီးကကော နှလုံးသားကလာတဲ့ အပြုံးနဲ့ သမီးဒယ်ဒီကို ပြုံးပြနိုင်သလား"

"မပြုံးပြနိုင်ပါဘူး"

"အဲဒါ ဘာဖြစ်လို့လဲ"

"ရော်. . လေးလေးသစ်ကလဲ၊ ဒယ်ဒီမှ စိတ်မချမ်းသာတာ မီးကကော ဘယ်လိုလုပ် စိတ်ချမ်းသာနိုင်မှာလဲ"

"ဒါကြောင့်သမီးမှာ မြင့်မြတ်တဲ့စိတ်ထားရှိတယ်လို့ ဆိုလိုတာ၊ တဖက်သားမှာ ကိုယ့်ကြောင့် စိတ်ဆင်းရဲတာကို လျစ်လျူမရှုမထားနိုင်တာက အတ္တမဆန်ဘူး၊ ကိုယ်ကျိုးကိုမကြည့်ဘူး"

"မီးက အမှန်အတိုင်းသိချင်တာ၊ ဒယ်ဒီနဲ့အန်တီက ပေယ်ချစ်ဖြစ်တယ်ဆိုတာ သေချာရင် အန်တီအပေါ် မီးကြည်ဖြူနိုင်ပါတယ်၊ မီးက ဒယ်ဒီအတွက်စိုးရိမ်တာ၊ ဒယ်ဒီကို မိန်းမလည်



www.burmeseclassic.com

www.burmeseclassic.com



သိန်းကြွယ်လက်မျိုးထဲ ရောက်သွားမှာစိုးရိမ်တာ”

“လူလူဟာ ငယ်ငယ်တုန်းက စိတ်မြန်ကိုယ်မြန်နဲ့ တဇွတ်ထိုးတဖောက်ကန်း လုပ်တတ်ခဲ့တာကလွဲရင် အဲဒီလိုစိတ်ထား မျိုးလုံးဝမရှိဘူး၊ အဲဒီလုပ်ရပ်မျိုးကော ပေါက်နေလို့လား”

“ဟင့်အင်း သိပ်ကိုကျက်သရေရှိပြီး လှတုန်းပတုန်း. . ချစ်ချင်စရာ ကောင်းတုန်းပါပဲ၊ မီးလည်းအန်တီကို သိပ်သဘောကျခဲ့ပါတယ်”

“ဘယ်လို သဘောကျပုံမျိုးလဲ”

“ငါ့မှာ အန်တီလိုအမေမျိုးရှိနေသေးရင် သိပ်ကောင်းမှာပဲလို့၊ ဘာဖြစ်လို့လဲဆိုတော့ မီးအမေက ဓါတ်ပုံထဲမှာ ချောမှ မချောတာ၊ ချစ်စရာကောင်းတာလွဲရင် အန်တီလိုပြည့်စုံတဲ့ အလှမျိုးမှ ရှာလို့မရတာ”

ဒေါ်သစ်သစ်လွင်က သက်ပြင်းချလိုက်ပြီး. . .

“မေမေမြင့်က သိပ်ကိုချစ်စရာကောင်းပြီး၊ အပြစ်ကင်းစင်တဲ့မိန်းကလေးပါ၊ ဒါကြောင့် တိုင်းဇော်က သံယောဇဉ်ရှိတာပေါ့”

“ဒီလိုဆို အန်တီနဲ့ဒုတိယအကြိမ် ပြန်မတွေ့ခင်မှာ ဒယ်ဒီနဲ့မေမေက ရည်းစားဖြစ်နေနှင့်ပြီလား”

ဒေါ်သစ်သစ်လွင်သည် အစစအရာရာ သတိထားနေသဖြင့် တော်သေးသည်။

“မေကဆုန်တို့ကတော့ လုပ်ချလိုက်ပြန်ပြီ” ဟု ဆင်ခြင်ကာ၊ သူမ၏ ချောင်ပိတ်သောမေးခွန်းကို ရှောင်လွှဲလိုက်သည်။

“ဪ ဘေဘီကတော့ ခက်နေပြီ၊ လှည့်ပတ်ပြီး မေးနေ





ဘာကို၊ အဲဒီအချိန်မှာ လေးလေးသစ်က သူတို့နှစ်ဦးကို လက်ထိမ်းဘယ်မှိုပ့ါမလဲ၊ ငါတို့ပြန်တွေ့ကြပြီဆိုတဲ့စာရယ် ရွှေဆင်နောက်ဆင့် ရောက်လာတဲ့ ဧည့်ခံပွဲဖိတ်စာတွေကြောင့် လူလူတို့ မင်္ဂလာဧည့်ခံပွဲကို မသွားနိုင်ပေမယ့် တိုင်းဇော်တို့ မင်္ဂလာပွဲကတော့ မသွားမဖြစ်သွားခဲ့ရတယ်၊ ဒါပေမယ့် လူမလစ်တာကြောင့် သူတို့အတွင်းရေးမျှကို မမေးခဲ့ရဘူး၊ မေမေမြင့်ဆုံးတော့မှ တိုင်းဇော်ကို မေးဖြစ်တယ်၊ ဒါပေမယ့် သူ့သဘောကနဲ့ သူဖြစ်လို့ လူလူက မီးရာလိုက်ဖို့ ချိန်းဆိုထားတဲ့နေရာကို သွားဖို့ပျက်ကွက်သွားတဲ့အတွက် လူလူက အချစ်ကြီးအမျက်ကြီးချက်ချင်းပဲ လက်ထပ်လိုက်တယ်ဆိုတာလောက်ပဲ သိရတယ်”

“အိုးရွဲ့ကိုစလောင်းရွဲ့နဲ့ဖုံးလိုက်မယ်ဆိုတဲ့ စိတ်ဓါတ်မျိုး ဒယ်ဒီမှာမရှိဘူး လေးလေးသစ်”

“မထူးတော့ဘူးဆိုပြီး ဒေါ်အယ်နီသဘောကျ မေမေမြင့်ကို လက်ထပ်လိုက်တာ ဖြစ်မှာပေါ့”

“ကောင်းပြီလေ၊ လေးလေးသစ်ကပါ ဆင့်ဗွေ့ရန်ရှောင်တာနဲ့ မီးအပေါ်မှာ တစ်ခုခုဖုံးကွယ်ဖို့ကြိုးစားနေတယ်ဆိုတာ မီးသဘောပေါက်ပါပြီ၊ ဒါပေမယ့် မီးကလေ အကြောင်းအရာတစ်ခုကို သံသယဖြစ်မိပြီဆိုရင် အဲဒီသံသယကို ကြေပျက်အောင် ကြိုးစားပြီးမှ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချမယ်”

“အမလေးလေး. . မလွယ်လိုက်တဲ့ မေကဆုန်ပါလား”

ဟုဒေါ်သစ်သစ်လွင်ရင်ထဲ မြည်တမ်းလိုက်ရင်း. . .

“မီးရဲ့ သံသယက ဘာလဲ”

“ဒယ်ဒီနဲ့ မေမေ့ရဲ့အကြောင်း”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . တိုင်းဇော်ရေ မင်းကိစ္စ မင်းကြည့်ရှင်းတော့"

ဟုပင် ဖွင့်ဟလိုက်မိလေတော့သည်။

"စိတ်ချပါ လေးလေးသစ်၊ မီးကအမှန်တရားကိုပဲ လိုချင်တာပါ။ ဒါပေမယ့် မီးရဲ့အမှန်တရား ရယူလိုမှုအတွက်တော့ ဘယ်သူ့ကိုမှမထိခိုက်စေရပါဘူး၊ ခု မီးကျေနပ်ပါတယ် ဒယ်ဒီနဲ့အန်တီဟာ သိပ်ချစ်ခဲ့ကြတဲ့ချစ်သူတွေမှန်း သိခဲ့ရတဲ့အတွက် မီးတ ကွက်စရာမရှိပါဘူး၊ မီးဟာ ဒယ်ဒီရဲ့ လိုအပ်ချက်တွေမှန်သမျှ တစ်သက်လုံးဖြည့်ဆည်းပေးနိုင်တာမှ မဟုတ်တာ၊ မီးလမ်းကို လျှောက်ရမှာပဲ၊ မီးတစ်ယောက်ထဲကိုပဲ ဒယ်ဒီက ချစ်ရမယ်ဆို လူသားအဖြစ် မီးမခံယူနိုင်ဘူး၊ မေတ္တာဆိုတာ ကုန်ခမ်းတတ် အရာမှ မဟုတ်တာ၊ အားလုံးအပေါ် တကမ္ဘာလုံးရှိ သတ္တဝါမှ သမျှအပေါ် ဖြန့်ကျက်နိုင်တဲ့အရာပဲ၊ မီးနားလည်ပါတယ်. . မီး ဒယ်ဒီကို စိတ်ချမ်းသာအောင် ဒီကပြန်တာနဲ့ ပြောလိုက်တော့ မယ်"

"ဘာပြောမှာလဲ"

"အန်တီနဲ့ ဒယ်ဒီကို သဘောတူပါတယ်လို့"

ဒေါ်သစ်သစ်လွင် မျက်နှာပြုံးရွှင်သွားသည်။ မေကဆုန် အား ဝမ်းသာအားရပင် ဖက်ကာ. . .

"တကယ်လားသမီး၊ သမီးတကယ် ပြောတာလား"

"တကယ်ပါ လေးလေး၊ မီးလေးဒယ်ဒီကို စိတ်ချမ်းသာ စေချင်တယ်၊ ဒယ်ဒီစိတ်ချမ်းသာရင် မီးလည်း စိတ်ချမ်းသာမှာ ပါ။ ကိုယ့်ကြောင့်ဘယ်သူ့ကိုမှ စိတ်မဆင်းရဲစေရဘူး"

"ဟုတ်တယ် သမီး၊ သမီးမှာ အဲဒီလိုစိတ်ထားရှိရင် သမီး





ည်းစိတ်ချမ်းသာရမှာပါ။ မေတ္တာဆိုတာ အလျားအနံ အတိုင်း ထွာမရှိပေမယ့် အပြန်အလှန် အကျိုးသက်ရောက်မှုကတော့ ါတယ်၊ သမီးပျော်ရွှင်ရမှာပါ။ သမီးအပေါ်အားလုံးက မေတ္တာ ားကြပါတယ်"

ဒေါ်သစ်သစ်လွင်က မေကဆုန်ကို လေးစားစွာကြည့် ိုက်သည်။ အချို့ကလေးများသည် အသက်ငယ်သေးသော် ည်း အချို့လူကြီးများထက် အတွေးအခေါ်ရင့်ကျက်ကာ မှန် န်သော စိတ်ဓါတ်များရှိကြသည်မှာ ချီးကျူးဖွယ်၊ လေးစားဖွယ် င်။

"တီ. . တီ. . တီ"

ထိုစဉ် ကားဟွန်းသံ ကြားလိုက်သည်။

မေကဆုန်က ဆက်ခနဲ ထလိုက်ပြီး. .

"ဒယ်ဒီလာပြီ မီးကို ဒီဓါတ်ပုံလေးပေးနော်"

တိုင်းဇော်နှင့် တင်လှလှဘွား ဆယ်တန်းအောင်စာရင်း ွက်ပြီး လျှောက်လည်ကြစဉ်က ပွဲကောက်ရေတံခွန်တွင် ရိုက် ားသော စုံတွဲပုံကလေးကို မေကဆုန်က တောင်းယူကာ သူမ ၏ ကျောပိုးအိတ်ကလေးထဲ ထည့်လိုက်သည်။

"သမီးတို့ ဘယ်နေ့ပြန်မှာလဲ"

"မနက်ဖြန်ပဲ၊ ဒီကလည်စရာက တစ်ရက်နဲ့ ကုန်တာပဲ"

"ဟင်. . လေးလေးက ထမင်းတောင် မကျွေးလိုက်ရ ဘူး"

"ဒုက္ခမရှာပါနဲ့ သစ်သစ်၊ ဒီမှာ ဦးဦးနဲ့ဒေါ်ဒေါ်အတွက် ါ့ရဲ့ကန်တော့လက်ဆောင်ပစ္စည်းတွေ၊ စိတ်ထဲကပဲ ရည်မှန်း



www.burmeseclassic.com

www.burmeseclassic.com



ကန်တော့သွားတဲ့အကြောင်း ပြောလိုက်ပါ"

ဦးတိုင်းဇော်က ဟောလစ်၊ အိုဗာတင်း၊ သကြား၊ နို့ဆီ မုန့်ဘူးနှင့် ငွေစက္ကူထည့်ထားသော စာအိတ်ကလေးကို စား ပေါ်စုပြုံတင်လိုက်သည်။

"နင်ကလည်းဟာ"

"နင်ကလည်းမဟာမနေနဲ့ သစ်သစ်၊ နင်တို့မိသားစု ကျေးဇူးတရားကြောင့် ငါ့ဒီဘဝကို ရောက်ရတာ ငါလုံးဝမမေ့ ဘူး၊ ဒီပစ္စည်းလေးတွေလောက်နဲ့ ချေဖျက်ခြင်း မဟုတ်ဘူးဆိုတာ လည်း နင်သိထားပါ"

"တော်ပါပြီ တိုင်းဇော်ရယ်၊ နင်တို့သားအဖရဲ့ ဖလော တွေကိုငါအရှုံးပေးပါတယ်"

"ဘေဘီ သမီး၊ လေးလေးအတွက် ရန်ကုန်ကဝယ်လာ တဲ့ပစ္စည်း ကားထဲမှာ သွားယူလိုက်ပါဦး"

"ဟုတ်"

မေကဆုန်က ကားရှိရာသို့ပြေးဆင်းသွားသည်။

ထိုအချိန်ကာလအတိုင်း ဦးတိုင်းဇော်က

သစ်သစ် နင်ဟိုအကြောင်း ဖွင့်ပြောလိုက်ပြီလား. . .

"ဟင့်အင်း၊ နင်တို့ငယ်ချစ်ကိစ္စပဲ ပြောလိုက်တယ်၊ နင့် သမီးကမလွယ်ဘူးနော်၊ ဒါပေမယ့် နင်နဲ့လူလူကိစ္စကိုတော့ သ ဘောတူသွားပြီ"

"ဟင်"

ဦးတိုင်းဇော်ရင်ထဲ အတိုင်းမသိသော ဝမ်းသာကြည်နူး မှုက ရုတ်တရက်ဝင်ရောက်လာသည်။ သို့သော်ဝမ်းလွင်းစိတ်





မျက်နှာပြင်၌ မပေါ်လွင်စေရန် ထိန်းချုပ်ထားလိုက်သည်။

မေကဆုန်တက်လာသည်။ ယုဇနစူပါမားကတ်အိတ် တွင်း၌ အင်းဒိုနီးရှားပါတိတ်နှင့် ကီမိုနိုအင်္ကျီစများ ပါလေသည်။

သွန်သင်စရာလိုပါပဲ မေကဆုန်က ပစ္စည်းများကို သူ၏ အဒေါ်ပေါင်ပေါ်သို့တင်ပြီး ကြမ်းပြင်ထက်၌ ကျုံ့ကျုံ့ကလေး ထိုင် ကာ. . .

"လေးလေးသစ်အပေါ်မှာ မီးကာယကံ၊ ဝစီကံ၊ မနော ကံ ကံသုံးပါးနဲ့ကျူးလွန်မိတာများရှိခဲ့ရင် ခွင့်လွှတ်ပါလို့ တောင်း ပန်ရင်းကန်တော့ပါတယ် လေးလေးသစ်"

မေကဆုန်ကပြောပြီး. . ထိုခြင်းငါးပါးဖြင့် ကန်တော့ လိုက်လေသည်။

ဒေါ်သစ်သစ်လွင်၏ ရင်တွင်း၌ နာကျစ်သော ဝေဒနာ တစ်ရပ်ကြီးစိုးကာ မျက်ရည်များ ရစ်ဝဲလာပြီး၊ နှုတ်ခမ်းလှုပ်ရုံသာ ဆုပေးခြင်းမေတ္တာပို့ခြင်းကို ပြုလုပ်နိုင်လေသည်။

ထို့နောက် မေကဆုန်က ဒေါ်သစ်သစ်လွင်အားဖက် ကာနမ်းရှုပ်ပြီး အိမ်ပေါ်မှပြေးဆင်းသွားလေသည်။

ဦးတိုင်းဇော်ရင်ထဲ နင်ခနဲဖြစ်သွားသည်။

"သစ်သစ် ငါသွားမယ်၊ အစစအရာရာအတွက် ငါ့ကိုခွင့် လွှတ်ပါ"

"နင့်မှာမှ အမှားမရှိဘဲ"

"ရှိပါတယ် လူတစ်ယောက်ရဲ့ဘဝ အမှန်တစ်ခုကို သူ့ အကျိုးအတွက်ဖြစ်စေ၊ ကိုယ့်အကျိုးအတွက်ဖြစ်စေ၊ လိမ်ညာ ဖုံးကွယ်ထားခြင်းဟာ အမှားတစ်ခုပဲပေါ့၊ ဒါပေမယ့် ငါသတ္တိ



www.burmeseclassic.com

www.burmeseclassic.com



နည်းစွာနဲ့ပဲ ဖုံးကွယ်ပါရစေဦးနော်"

"တိုင်းဇော်ရယ် မေကဆုန်က နင့်သမီးပါ၊ နင်ကြိုက်သလို ဖန်တီးဆုံးဖြတ်ပိုင်ခွင့် ရှိပါတယ်၊ နင့်ကိုငါ နားလည်းပါတယ်၊ ကဲ. . သွားသွား. . မေကဆုန်တစ်မျိုးထင်နေဦးမယ်"

ဦးတိုင်းဇော် ကားရှိရာသို့ ဆင်းလာခဲ့လေသည်။

ဒေါ်သစ်သစ်လွင်က နောက်ပါးမှတဖြည်းဖြည်းလိုက်ကာ ကားနားအထိ လိုက်ပို့လေသည်။

"လေးလေးသစ်. . တာတာ"

ဒေါ်သစ်သစ်လွင်သည် မေကဆုန်အားလက်ပြရင်း. . ကားပျောက်ကွယ်သွားသည်အထိ ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

မေတ္တာတရား၏ ဆန်းကြယ်နက်နဲမှုကို ဒေါ်သစ်သစ်လွင် နားလည်ခံစားရသောအခါ ရင်တွင်းစူးနစ်နာကျင်နေခဲ့သည့် ဝေဒနာရပ်သည် သက်သာကာ အေးငြိမ်းသွားတတ်သည်။

သို့သော် ကြေကွဲမှုအရိပ်ကလေးကတော့ ပုလဲမျက်ရည်စက်များဖြစ်နောက်ပါးမှ ကျန်ရစ်ခဲ့သေးသည်။

မေတ္တာ၏ အနက်အဓိပ္ပါယ်များထဲတွင်. . .


စွန့်လွှတ်အနစ်နာခံခြင်းဖြင့် ကျေနပ်နေသည်လည်း ရှိတတ်ပါပေသည်ဟု. . .






www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄၇)

"ဟင်. . နင်လာတယ်"

လှိုင်ဘွားက အံ့အားသင့်စွာဖြင့် မေကဆုန်အား ပြူးတူး ပြဲတဲနှင့် ကြည့်လိုက်သည်။

"ဟုတ်တယ်၊ ပြင်ဦးလွင်က ပြန်လာလို့ လက်ဆောင်တွေ လာပို့တာ၊ ကူဆွဲဦးလေး. . ဒီမှာ လက်နာနေပြီ"

"ပေး. . ပေး. ."

လှိုင်ဘွားက မေကဆုန်၏ လက်နှစ်ဖက်မှ ကျွတ်ကျွတ်





အိတ်များကို လှမ်းယူလိုက်သည်။

"နင့်နေတာပဲ၊ ဘာတွေလဲ"

"ပဲပုတ်၊ လက်ဖက်ခြောက်၊ ခေါပြင်၊ ကြက်သွန်ဖြူ၊ စတော်ဗယ်ရီ၊ ကျန်တာတွေကတော့ မသိတော့ဘူး၊ သိချင်ရင် နင့်ဟာနင် ဖြည့်ကြည့်တော့၊ ခိုင်ကိုနဲ့အန်တီကော"

"အပြင်သွားတယ်"

"ဟုတ်လား၊ ဘယ်ကိုလဲ"

"ဆေးခန်းအတွက် လိုအပ်တဲ့ဆေး သွားဝယ်တာ"

"ဆေးခန်း ဘယ်ဆေးခန်းလဲ"

"လာကွာ. . ပစ္စည်းတွေသွားထားရင်းနဲ့ လက်သုတ်စုံ စားရအောင်"

"လက်သုတ်စုံ၊ အတော်ပဲ ငါ့မှာ နင်တို့အိမ်နဲ့ အဆက်အသွယ် ပြတ်နေတဲ့ကာလမှာ မြန်မာအစားအစာတွေနဲ့ အဆက်အသွယ်ပြတ်ပဲ"

"ဝယ်ခိုင်းပြီးစားပေါ့၊ ဆိုင်တွေပေါမှပေါ"

လှိုင်ဘွားက ထမင်းစားစားပွဲအနီး ဘီဒိုကလေးပေါ်သို့ ကျွတ်ကျွတ်အိတ်နှစ်လုံးကို တင်လိုက်ပြီး. . .

"ဒေါ်ဒေါ်အုန်းရေ ကြာရိုးဟင်းခါးလေး နွေးပေးပါဦး"

စားပွဲပေါ်မှ ထမင်းအုပ်ဆောင်းကြီးကို ဖွင့်လိုက်သည်နှင့် ထမင်းဆုပ်နီနီ၊ ခေါက်ဆွဲ၊ ကြာဇံ၊ ကျောက်ခတ်၊ ပဲပင်ပေါက်ပြုတ်၊ အာလူးပြုတ်၊ ပဲပြားကြော် စသည်ဖြင့် မြန်မာရိုးရာ လက်သုတ်စုံသုတ်ရန် ပစ္စည်းများအစုံအလင်ကို စားချင်ဖွယ်ကောင်းအောင် ပြင်ဆင်ထားသည်ကို တွေ့ရသည်။


www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း. . နင်သုတ်မှာလား၊ ငါသုတ်ပေးရမလား"

လှိုင်ဘွားသည် ထိုသို့ချစ်စရာကောင်းသည့် အလေ့လေးများရှိသည်။ တဘက်သူမကြောင်အောင် ဧည့်ခံတတ်သည်။

လိုက်လျောညီထွေနေတတ်သည်။

"ငါမှမသုတ်တတ်တာ"

"စားတတ်ရင် သုတ်တတ်ရမှာပေါ့၊ နင်သက်သက် အချောင်ခိုချင်ရင် ခိုချင်တယ်ပြောပါ"

"အံမယ်. . မလုပ်ပေးချင်ရင် မလုပ်ပေးချင်ဘူးပြောပါ၊ စေတနာမှပါဘဲ"

"ပါတာမှ သိပ်ပါပေါ့၊ ကိုင်း. . အိမ်ရှင်မကြီး ကျွန်တော်မျိုးမပဲ သုတ်ပေးပါ့မယ်၊ မိန့်မိန့်ကြီးထိုင်နေတော်မူပါ"

လှိုင်ဘွားက အငေါ့အထူပြောလိုက်ပြီး မေကဆုန်ထိုင်နိုင်စေရန် ခုံဆွဲပေးလိုက်သည်။

ပြီးသည်နှင့် မယ်လမီးဇလုံပန်းကန်ယူကာ အသုတ်အတွက် ဟိုနည်းနည်း ဒီနည်းနည်းယူထည့်လေသည်။

မေကဆုန်ကလည်း ရယ်မောကာ သူ့ကဲ့သို့ပင် လိုက်ထည့်လေသည်။

"အရှုံးဘာလုပ်မလို့လဲ"

လှိုင်ဘွားက ရယ်ချင်စိတ်ကို မြိုသိပ်လျက်မေးလိုက်သည်။

"အရှုံး၊ ငါနင့်ကို သုတ်ပေးမလို့၊ နင်ကငါ့ကို သုတ်ပေးပေါ့"

"ကောင်းကွာ၊ နင့်လက်ကြီးနဲ့ နယ်ဖတ်တာ ငါစားရဦး





မယ်"

"ဟဲ့. . အဲဒါ ကုသိုလ်ထူးလို့မှတ် အရှုံးရဲ့ ငါ့လက်တာ ဘယ်သူ့ကိုမှ သုတ်ပေးတာမဟုတ်၊ ဒယ်ဒီကိုလည်း သုတ်မပေးရဘူး၊ ငါယူမယ့် ယောက်ျားကိုလည်း သုတ်မပေးရသေးဘူး"

"အဟုတ် ရှေ့စကားကိုတော့ ငါလက်ခံမယ်၊ နောက်စကားကို တော့လက်မခံဘူး"

"နင်ဘာဖြစ်လို့လဲ"

"နင်ယူမယ့်ယောက်ျားက ငါမဟုတ်ဘူးလို့ နင်ပြောနိုင်မလား"

မေကဆုန်က မျက်စောင်းထိုးကာ အာလူးဖတ်နှင့် လှမ်းပေါက်လိုက်သည်။ နှုတ်မှလည်း. .

"ကြည့်စမ်း အရှုံး၊ နင်လို့အရှုံးကို ငါကကြိုက်မယ်၊ စောင့်ကြည့်နေ"

"စောင့်ကြည့်ရမှာ ငါ့အလုပ်လေ၊ ဒါပေမယ့်အခုပဲနင်သုတ်ပေးထားတာ ငါစားရတော့မယ်"

"တော်ပြီ ငါ့ဟာငါပဲ သုတ်စားတော့မယ်၊ လှိုင်ညီနော် မညစ်နဲ့သန့်သန့်လေးပဲ"

"ဘာညစ်လို့လဲ၊ အမှန်ကိုပြောတာပဲ၊ နင့်တိုရွှေချယ်ခွင့်ပေးမယ်"

"ဘာစကားတွေလည်း"

"နင့်အိုင်ကဖြစ်ပါတယ်၊ ငါပြောတာ သဘောပေါက်မှာပါ၊ နင်သုတ်ပေးတဲ့အသုတ်ကို ငါအရင်စားလိုက်ရလို့လည်း ကိုကိုက မနာလိုမဖြစ်ဘူး၊ အဲ. . ကိုကိုတစ်သက်လုံး စားရမှာလို့လဲ ငါက



www.burmeseclassic.com

www.burmeseclassic.com



မနာလိုမဖြစ်ဘူး သဘောပေါက်နော်၊ အဲ. . အခြားဘယ်သူကိုမှ နင့်လက်နဲ့ သုတ်ပေးတဲ့အသုတ်မျိုး မစားစေရဘူး ဒါက ငါတို့အမြွာရဲ့ သဘောထားအတည်ပဲ နှင်အတည်ပြု မှတ်ယူထားပါ"

"အရှုးနော် ပေါက်ကရတွေပြောမနေနဲ့ ငါ့အန်တီလာရင် တိုင်ပြောလိုက်မှာ"

"တိုင်လေ၊ တိုင်တော့ နားဖောက်ပြီးသား ဖြစ်တာပေါ့"

"သွား. . အရူး၊ တော်ပြီထပ်မပြောနဲ့တော့"

"စကားကို ကုန်အောင်မပြောနဲ့ အစားကိုကုန်အောင်စားတဲ့ ရှေ့မြည်းကြည့်"

လှိုင်ဘွားက မေကဆုန်အနီးသူ့ပန်းကန်ကိုလှမ်းပေးလိုက်သည်။

မေကဆုန်က ယူစားကြည့်လိုက်သည်။

"အတော်ပဲလှိုင်ညီက သုတ်တတ်သားပဲ၊ ငါ့အသုတ်ကော မြည်းကြည့်ပါဦး"

လှိုင်ဘွားက လှမ်းယူစားကြည့်သည်။

"အိုကေ. . ဝွတ်သားပဲ၊ မဆိုးဘူး၊ အတူခိုးတော်တယ်"

အသုတ်များကို ပန်းကန်ပြားသန့်သန့်လေးများတွင် လှိုင်ဘွားက တစ်ဝက်စီ ရောထည့်ပေးလိုက်သည်။

"လက်ရာနှစ်မျိုးစားရအောင်"

"ကောင်းတယ်"

"လက်သွားဆေး၊ ဇွန်းနဲ့စား"

"ဟုတ်ကဲ့ အဖေ"

သူငယ်ချင်းနှစ်ယောက် အတိုင်အဖောက်ညီစွာဖြင့်





ဘက်ညီလက်ညီ ရှိကြသည်။

ဒေါ်အုန်းက ကြာရိုးဟင်းခါးပူပူလေး လာချပေးသည်။

အသုတ်တစ်ဇွန်းနှစ်ဇွန်းသောက်ပြီး ဟင်းချိုသောက်ရာ သက်စုံနေသဖြင့်. . .

"ညှော်သည်လာဦးမယ်ဟေ့"

"အင်း. . ဟုတ်တယ်"

"ဘယ်သူလဲ"

"လာတော့ကြည့်ပေါ့"

မေကဆုန်ကမဖြေ၊ လှိုင်ဘွားက ဟင်းချိုသောက်ရန် ကြွေဇွန်းတစ်ချောင်း ထယူလေသည်။

လှိုင်ဘွားရင်ထဲ မြိုသိပ်ထားရသော အကြောင်းရင်းကို မေကဆုန်အား ယခုမှ မေးဖြစ်လေသည်။

"နင် ဒီလိုလာတာ နင့်အဖေသိသလား"

"သိတယ်"

"နင် သဘောထားပြောင်းလွဲသွားပြီလား"

"အင်း"

"သွားပါပြီ၊ ပူလိုက်တာ"

"ဘာဖြစ်လို့လဲ၊ အသုတ်က မပူပါဘူး"

"အသုတ်ပူတာ မဟုတ်ဘူး၊ မျက်နှာ. . မျက်နှာ"

"ဘာဖြစ်လို့လဲ"

"ငါတို့ကသမီးရှင်လေ"

"ပေါက်ကရ မိန်းကလေးရှင်လို့ ပြောစမ်းပါ"

မေကဆုန်အား လှိုင်ဘွားက မျက်နှာရဲရဲဖြင့် လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

မေကဆုန်က မျက်နှာရဲတွက်နေသော လှိုင်ဘွား[illegible]ကြည့်ပြီး ရယ်လေသည်။

ထိုစဉ်ကားသံကြားရသဖြင့် သူတို့နှစ်ဦး မျက်နှာပိုးသ[illegible]လိုက်လေသည်။

"ဗျူးတိုးတိုး. . နင်ထမသွားနဲ့၊ အံ့ဩသွားအောင်"

ခိုင်ဘွားသည် ဖိနပ်ချွတ်မှ မိန်းမစီး ဖိနပ်မြင့်မြင့်ကလေးကိုတွေ့လိုက်ရသည်နှင့် မေကဆုန်ရောက်နေပြီဟု အတတ်[illegible]လိုက်လေသည်။ မိခင်ကိုလှမ်းကြည့်လိုက်သည်။

ဒေါ်တင်လှူလှူဘွားက မြင်ပုံမရပဲ၊ အိမ်ထဲသို့ တော[illegible]လျှောက်ဝင်သွားလေသည်။

ခိုင်ဘွားမိခင်နောက်မှ တပ်ကြပ်မကွာ လိုက်သွားရာ. .

ထမင်းစားခန်းသို့ ရောက်သည်နှင့် ဒေါ်တင်လှူလှူဘွား ခြေလှမ်းတုန့်ခနဲ ရပ်ဆိုင်းသွားသည်။

"ဟင် သမီး"

"အန်တီ"

မေကဆုန်က ဒေါ်တင်လှူလှူဘွားကို ပြေးဖက်လေသည်။ ဒေါ်တင်လှူလှူဘွားက အလိုက်သင့်ဖက်လိုက်သည်။ ကြိုတင်သိထားပြီး ဖြစ်ပါလျှက်. . .

ဝမ်းသာဝမ်းနည်း မျက်ရည်များက ရစ်သိုင်းဖွဲ့ဝင်လာသည်။

"အန်တီနဲ့ ဒယ်ဒီလက်ထပ်ဖို့ မီးသဘောတူလိုက်ပြီ"

မေကဆုန် ငိုရှိုက်ရင် ပြောလိုက်သည်။





"အန်တီ ဝမ်းသာပါတယ်သမီး၊ ဒါပေမယ့် သမီးတို့ စိတ်ချမ်းသာရမှ လိုလားကြမှ လက်ထပ်ကြမှာပါ၊ ဒီအတွက်ဘာမှ အနှောင့်အယှက်မဖြစ်စေနဲ့၊ ကဲ. . တိတ်တိတ်သမီးအပေါ်လည်း အန်တီက မေတ္တာမပျက်ပါဘူး၊ မငိုနဲ့နော်. . သမီးတိတ်တော့"

မေကဆုန်၏ မျက်ရည်များကိုပါ သုတ်ပေးလိုက်သည်။

"အန်တီ မီးကိုစိတ်မဆိုးပါဘူးနော်"

"ဘာကိစ္စစိတ်ဆိုးရမှာလဲ ဖြစ်တတ်တဲ့သဘာဝပဲ၊ ဒီသဘာဝကိုနားလည်ပြီး၊ လက်ခံနိုင်ကြတဲ့ သမီးနဲ့သားတို့ကိုသာ အန်တီတို့ကကျေးဇူးတင်ရမှာပါ"

မေကဆုန်ဘာမှ မပြောတတ်တော့ပါ။

ဒေါ်တင်လှူလှူဘွား ရင်ခွင်မှခွာကာပြောမိပြောရာ ပြောလိုက်သည်။

"ဒယ်ဒီလာကြိုမှာ"

"ဩော်. . အင်း"

ဒေါ်တင်လှူလှူဘွား မျက်နှာထားရ ခက်သွားသည်။ ကလေးတွေရှေ့မှာ မျက်နှာမည်ကဲ့သို့ ထားရမည်မှန်းမသိသဖြင့်. .

"အသုတ်စုံစားလို့ကောင်းရဲ့လား သမီး"

"ကောင်းတယ် အန်တီ၊ လှိုင်ညီသုတ်ပေးတာ"

ခိုင်ဘွားက လှိုင်ဘွားအား လှမ်းကြည့်လိုက်သည်။ လှိုင်ဘွားကရယ်လိုက်လေသည်။ ဩော်လူကြီးရှက်တော့ ရယ်သည်။ လှိုင်ဘွားတောင် ကြီးကောင်စိတ် ဝင်လာပါပြီကော။

"ကောင်းပါ့မလား"

"ကောင်းတယ်နော် ကဆုန်၊ သူကလည်း သားကိုသုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးတယ် ကောင်းပါတယ်"

"မေမေ ထပ်သုတ်ပေးရမလား"

"သုတ်ပေးလေ"

နှစ်ဦးသား သံပြိုင်ထွက်သွားသဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရယ်လိုက်လေသည်။

ခိုင်ဘွားကတော့ ဘာမှမပြောဘဲ စားပွဲ၌ ဝင်ထိုင်လိုက်လေသည်။


ဒေါ်တင်လှလှဘွားက ကလေးများကို အကဲခတ်ရင်း မသိမသာသက်ပြင်းချလိုက်မိလေသည်။ သူတို့၏ရင်တွင်း၌ ကိုယ်ချင်းစာနာစိတ်များ ရှိတတ်လာပြီးလားဟု တွေးမိတော့ စိုးရိမ်စိတ်ကလေးများကတော့ မိခင်၏ရင်ဝယ် နင့်ခနဲဝင်ရောက်လာသည်။

ဒါလည်း သဘာဝတရား တစ်ခုပါပဲဟု ဒေါ်တင်လှလှဘွားတွေးကာ ဖြေသိမ့်မှုကို ရယူလိုက်သည်။

မိဘများသည် သားသမီးများကို ဘယ်အရွယ်ဖြစ်ဖြစ် ကလေးဟုသာ မြင်တတ်ကြပြီး၊ မိမိ၏ရင်ခွင်၌ ထားချင်ကြသည့် သဘာဝတစ်ခုပါပဲ။ ဒါပေမယ့် အချိန်တန်လျှင် ပျံသန်းကြမည့် ငှက်ကလေးများပမာ နှလုံးသွင်းကာ ဖြေသိမ့်လိုက်သည်။







# အခန်း(၄၈)

"ကလေးတွေရဲ့ သဘောထားကြီးမှုအပေါ်ကို ကျွန်မတို့ အလိုက်သိရမယ် ဖော်"

ဦးတိုင်းဖော်သည် ဒေါ်တင်လှလှဘွား၏ မျက်နှာကို ငေးကြည့်လိုက်သည်။ သူမ၏နှုတ်မှ ထွက်ပေါ်လာမည့် စကားများသည် သူ့အတွက် စီရင်ချက်ပမာ ဖြစ်နေသည်။

အမြွှာညီနောင်နှင့် မေကဆုန်က တီဗွီဂိမ်းကစားနေကြ

www.burmeseclassic.com



သည်။ ဧည့်ခန်းကျယ်ကြီး၏ ထောင့်တစ်နေရာ၌ သူတို့လေးတွေ ကစားနေကြသည်။ ဧည့်ခန်းအလယ် ဆိုဖာဆက်တီများ၌ သူတို့ စုံတွဲ မျက်နှာချင်းဆိုင်ထိုင်ကာ စကားပြောနေခြင်းဖြစ်သည်။

"ဘယ်လိုအလိုက်သိရမှာလဲ"

"သူတို့ရဲ့ ပတ်ဝန်းကျင်မှာ ပြောင်းလဲမှုမျိုး မဖြစ်စေချင်ဘူး"

"ရှင်းရှင်းပဲပြောပါ လူလူ၊ ကလေးတွေနဲ့ ပတ်သက်လာရင် ကိုယ်ဟာမင်းလောက် နားမလည်တာအမှန်ပဲ၊ ဒါကြောင့် သူတို့ရဲ့ကောင်းကျိုးအတွက် မင်းစီမံရာကို နာခံဖို့အသင့်ပဲ"

ဒေါ်တင်လူလူဘွားက ချစ်သူကို ဂရုဏာသက်သော မျက်ဝန်းဖြင့် ကြည့်လိုက်သည်။ ပြီးတော့. . နှစ်သိမ့်သော အပြုံးကလေးဖြင့် ပြုံးပြလိုက်ပြီး. . .

"လူရယ်လို့ဖြစ်လာရင် ပတ်ဝန်းကျင်ဆိုတာ ဒွန်တွဲပြီး ပါလာစမြဲမှတ်လား ဖော်၊ ဒီတော့ ဖော်နဲ့ ကျွန်မလက်ထပ်လိုက်ပါပြီတဲ့၊ သူငယ်ချင်းအချို့က သားတို့ကို စလိမ့်မယ်၊ မေကဆိုရင် နဲ့မင်းတို့နဲ့ ဘာတော်သွားပြီလဲ၊ ယောက်ဖတို့ဘာတို့ပေါ့. . ဒါ ကျွန်မအယဉ်ကျေးဆုံးပေးတဲ့ ဥပမာပါ။ အကောင်းမြင်ဝါဒထက် အဆိုးမြင်ဝါဒကို ရှေးရှုတတ်တဲ့လူစား၊ မျိုးရိုးကပေါက်ဖွားလာ သူတွေဆိုရင် ဒီထက်ရင့်သီးတဲ့ နောက်ပြောင်မှုတွေ၊ ရှုပ်ချမှု တွေရှိလာနိုင်တယ် ဒါကိုကလေးတွေက ခံနိုင်ရည်မရှိပဲမလားလို့ ကျွန်မစိုးရိမ်တယ်"

"ဟုတ်ပါတယ် လူလူပြောတာကို ကိုယ်သဘောပေါက် ပါတယ်ဒီတော့ လူလူက ဘာဖြစ်ချင်သလဲ"





"ကျောင်းသားတွေအတွက် အရေးကြီးတဲ့နှစ်မှာ ပညာရေးကို အနှောင့်ယှက်ဖြစ်စေမယ့် ဂယက်မျိုးမရှိစေချင်ဘူး၊ သူတို့ သားတွေဆယ်တန်းဖြေပြီးမှပဲ၊ ကျွန်မတို့လက်ထပ်ကြရအောင် ဆယ်တန်းအောင်ပြီးသွားရင် သူတို့လမ်းသူတို့ လျှောက်တတ် သွားပြီလို့ ကျွန်မတော့ယူဆတယ်၊ ဘေးကသာ မကောင်းတဲ့လမ်း သွားမရောက်စေဖို့ လမ်းညွှန်ပေးရုံပဲရှိတော့တာ မှတ်လား"

"လူကြီးတွေကြောင့် သားသမီးတွေအတွက် အရေးကြီး တဲ့နှစ်မှ ပညာရေးကို အနှောင့်အယှက်ဖြစ်စေမယ် ဂယက်မျိုး မရှိစေချင်ဘူး၊ သူတို့လေးတွေက ဆယ်တန်းအောင်ပြီးသွားရင် သူတို့လမ်းသူတို့ လျှောက်တတ်သွားနိုင်ပြီလို့ ကျွန်မတော့ ယူဆ တယ်၊ ဘေးကသာ မကောင်းတဲ့လမ်းမှာ မရောက်စေဖို့ လမ်း ညွှန်ပေးရုံပဲ ရှိတော့တာမှန်လား၊ လူကြီးမိဘတွေကြောင့် သားသ မီးရဲ့ ပညာရေးကို မထိခိုက်စေချင်ဘူးဖော်"

"ကောင်းပြီလေ လူလူစကားကို. . ကိုယ်လက်ခံပါတယ်၊ ကိုယ်တို့ကြောင့် တည်ငြိမ်နေတဲ့သူတို့ဘဝလေးတွေ ဂယက်မထ စေချင်ပါဘူး၊ ကိုယ်တို့မနှစ်ကလိုပဲ ဆက်လက်နေထိုင်သွားကြရုံ ပေါ့၊ ကိုယ်သဘောပေါက်ပါတယ် လူလူ၊ အရိပ်ကိုမတွေ့ရဘဲနဲ့ ကောင် နေပူထဲလျှောက်လှမ်းခဲ့ပြီးပြီးပဲ အခုအရိပ်ကိုတွေ့နေရပြီ နေပူမှာကို ကိုယ်မကြောက်တော့ပါဘူး"

ဒေါ်တင်လူလူဘွားက ချစ်သူကို လေးစားမြတ်နိုးစွာ ကြည့်ပြီး ပြုံးပြလိုက်သည်။

"ကျွန်မကိုနားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဖော်"



www.burmeseclassic.com

www.burmeseclassic.com



"ဖော့်ကို ကျေးဇူးမတင်နဲ့ အမှန်တော့ ကိုယ်တို့ဟာသားတို့သမီးတို့ကို ပိုတောင်ကျေးဇူးတင်သင့်တယ်၊ အရွယ်နဲ့မလိုက်အောင်အသိတရားကြွယ်တဲ့အတွက် ကိုယ်တို့အတွက် ဒီတစ်ကြိမ်မှာတော့ ဆုံးဆည်းခွင့်ရပြီပဲ"

"ဟုတ်ပါတယ် ဖော် ဘာပဲဖြစ်ဖြစ် ကျွန်မဖော့်ကိုအားကိုးသွားမှာပါ"

"ဒီလိုဆို မင်းကိုကိုယ်က ကျေးဇူးတင်ရလိမ့်မယ် လူလူ"

"ဘာဖြစ်လို့လဲ"

"ကိုယ့်အားကိုယ်ကိုးတတ်တဲ့ ပညာတတ်မိန်းမတွေ့ပါးစပ်ကအဲဒီလိုစကားမျိုးထွက်ခဲ့လို့ပဲ"

"ဒါကတော့ဖော်ရယ်၊ ချစ်ခြင်းမေတ္တာမှာ ပညာတွေမာနတွေ၊ အတ္တတွေဟာ မလိုလားအပ်တဲ့ အရာတွေပါ၊ ချစ်ခြင်းမေတ္တာဆိုတာ နားလည်ခွင့်လွှတ်ခြင်း၊ အနစ်နာခံခြင်းတွေနဲ့သာကြီးစိုးသင့်တယ်လို့ ကျွန်မဟာ ကိုယ်တွေ့နဲ့ ပြောင်းလဲလာရသူပါ၊ ဒါကြောင့် ဖော့်ကိုကျွန်မသိပ်ကျေးဇူးတင်ပါတယ်"

ဦးတိုင်းဖော်သည် ဒေါ်တင်လူလူဘွားအား ပြုံးစိစိနှင့်ကြည့်နေရာ၊ ဒေါ်တင်လူလူဘွားက ကလေးများဘက် မျက်စိဝဲကာ ကြည့်လိုက်ပြီးမှ. . .

"ဘာလဲ ပြုံးစိစိနဲ့"

"အဲဒီ ကျွန်မကြီးက ဘယ်ကရောက်လာတာလဲလို့ လူလူဘယ်ရောက်သွားပြီလဲလို့"

ဒေါ်တင်လူလူဘွားက ရှက်ပြုံးလေးဖြင့် မျက်စောင်းထိုးလိုက်ကာ. . .





"ကလေးတွေကြားသွားဦးမယ် မနွဲ့ပါရစေနဲ့ဦး၊ ကိုင်းကျွန်မတို့ ဆုံးဖြတ်ချက်ကို သူတို့ကို အသိပေးလိုက်ကြမယ်နော်"

"အခုလား"

"ဟာ. . မျက်နှာစုံညီတော့ မပြောချင်ပါဘူး၊ သားတို့ကိုကျွန်မပြောမယ်၊ သမီးကို ဖော်ပဲပြော"

"တော်သေးတယ် ဦးတိုင်းဖော် မဟုတ်လို့"

"ဖော့်ဟာလေ ငယ်ကျင့်ကိုမပျောက်ဘူး"

"အကျင့်ဗီဇဆိုတာ ဖျောက်နိုင်ခဲတယ်လေ၊ ကိုင်း. . ဖော်တို့ပြန်တော့မယ်"

"ကောင်းပြီလေ၊ ဩော်. . သမီးကျူရှင်ကို ဒီမှာပဲဝိုင်းခိုင်းတော့နော်၊ မနှစ်ကလိုပဲပေါ့"

"သိပ်အဆင်ပြေတာပေါ့ သားညီကိုလည်း ကိုယ်နဲ့ကစားဖို့ လွှတ်ပေးပါဦး"

"သူတို့သဘောလေ"

"အိုကေ၊ ဘေဘီရေ ဒယ်ဒီတို့ပြန်ကြရအောင်ဟေ့၊ လှိုင်ဘွားကော တင်းနစ်လိုက်ကစားဦးမလား"

ကလေးများက လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ကစားခြင်းကို ရပ်နားလိုက်ကာ မိဘများအား ရင်ဆိုင်လိုက်သည်။

လှိုင်ဘွားက. . .

"မနက်ဖြန်မှ ကစားတော့မယ် အန်ကယ်"

"အိုကေ ခိုင်ဘွားကတော့ ဂေါ့ဖ်ရိုက်မသွားဘူးလား"

"မသွားတော့ပါဘူး အန်ကယ်၊ ကျောင်းပိတ်ထားတုန်းမေမေနဲ့ ဆေးခန်းကူထိုင်ပေးမလို့"



www.burmeseclassic.com

www.burmeseclassic.com

"ဩော် မြောက်ဥက္ကလာ ကျောက်ရေတွင်းနားက ဆေး
ခန်းလာဖွင့်ဖြစ်သလား"

"ဖွင့်လိုက်တယ်ဇော် သာမန်လူတန်းစားရပ်ကွက်လေး
မှာဆိုတော့. . ကုသိုလ်လည်းဖြစ် ပညာလည်းအလဟဿမဖြစ်
အောင် အမြတ်အစွန်းကို အဓိကမထားတော့ဘူး"

"ဟာ. . သိပ်မွန်မြတ်တဲ့အလုပ်ပါ။ လိုအပ်တာပြောလေ
ကိုယ်ကူညီမယ်"

"ရပါတယ် မလိုသေးပါဘူး၊ လိုတော့လည်း ပြောမယ်"

"ဒါဖြင့်သွားမယ်၊ လာ. . ဘေဘီ"

"အန်တီ မီးပြန်တော့မယ်နော်"


"အေးအေး. . သမီး ဒီမှာပဲ ကျူရှင်လာပြန်တက်နော်"

"ဟုတ်ကဲ့"

သားအဖနှစ်ယောက် ပြန်သွားသည်ကို သားအမိသုံး
ယောက်က ငေးကြည့်ပြီး ကျန်ရစ်ကြလေသည်။







# အခန်း(၄၉)

"ဒယ်ဒီတို့ဘယ်တော့ လက်ထပ်ကြမှာလဲ"

"ဘေဘီတို့ ဆယ်တန်းဖြေပြီးမှ"

"ဘာဖြစ်လို့လဲဒယ်ဒီ"

"ဩော်. . ကျောင်းမှာသမီးနဲ့ အမြွှာညီနောင်ကို စကြမှာ
စိုးလို့တဲ့၊ နောက်ပြီး သမီးတို့ ပညာရေးအတွက် အရေးကြီးဆုံး
သောနှစ်မှာ မိဘတွေကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရတာမျိုး
သုံးဝမလိုချင်ဘူးတဲ့လေ"


www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ဆုံးဖြတ်ချက်လား"

ဦးတိုင်းဇော်က မေကဆုန်၏ မျက်နှာကိုဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ မေကဆုန်၏မျက်နှာသည် ရှင်းသန့်နေသည်။ မကျေနပ်မှုအရိပ်အယောင်များ လုံးဝမတွေ့ရချေ။

ဦးတိုင်းဇော် သက်ပြင်းချလိုက်ပြီး. . .

"အင်း နှစ်ဦးသဘောတူလို့လဲ ပြောလို့ရပါတယ်၊ သူ့ ဒယ်ဒီကို ဒီလိုလုပ်ရင် ဒီလိုဖြစ်သွားနိုင်တယ်ဆိုတဲ့အကျိုး အကြောင်းနဲ့ ပြောပြတယ် ဒယ်ဒီကလက်ခံတယ်"

"အန်တီနဲ့ ဒယ်ဒီဟာ အတိုင်အဖောက်လည်း ညီတယ် စိတ်တူသဘောတူလည်း ရှိကြတယ်"

"ရှေ့သွားနောက်လိုက်ကော မညီဘူးလားဘေဘီ"

မေကဆုန်က. . ဖခင်၏မျက်နှာကို လှမ်းကြည့်လိုက်သည်။ ယခင်နေ့များနှင့် တခြားစီပင်၊ လောကကြီး၌ကံကောင်းဆုံးလူဖြစ်သည်ဟု မိမိကိုယ်မိမိယုံကြည်ကာ ကျေနပ်အားရနေသောအပျော်မျက်နှာနှင့် ဖြစ်နေသည်။

"နေနဲ့လ ရွှေနဲ့မြပဲ"

"ဆိုးသင့်ခ် ဘေဘီ"

မေကဆုန်ရင်ထဲ နင့်ခနဲဖြစ်သွားသည်။ တစ်စုံတစ်ခု ကို ထောင်းဆိုလိုက်လျှင် ဖခင်မျက်နှာမှ ထိုအပျော်များပျောက်ဆုံးသွားနိုင်သလားဟု မေကဆုန်တွေးဆကြည့်သည်။

"ဘေဘီ"

"ရှင်. . ဒယ်"

"ဘာဖြစ်သွားတာလဲ"





မိမိမျက်နှာပေါ်၌ ငြိုးရိပ်ဖြတ်သန်းသွားခြင်းကို ဖခင်က သတိပြုမိပါလားဟု တွေးမိတော့ မိမိမေးရမည့် မေးခွန်းများအတွက် မေကဆုန်စိတ်မကောင်းပိုဖြစ်ရသည်။ သို့သော် မဖြစ်မနေမေးရမည်။ သို့မှသာ မိမိရင်ထဲ လိပ်ခဲတင်းတင်ဖြစ်နေသောအစိုင်အခဲ ကျေပျက်သွားနိုင်သည်။

"ဒယ်ဒီကိုဘာမေးချင်သလဲ ဘေဘီ၊ ပွင့်ပွင့်လင်းလင်းသာမေး"

မေကဆုန်က "ခဏနော် ဒယ်ဒီ၊ မီးယူစရာရှိလို့" ဟုဆိုကာ အပေါ်ထပ်သို့တက်သွားရာ ဦးတိုင်းဇော်ကပါ. . .

"ဒယ်ဒီလည်းလိုက်မယ်၊ အဝတ်လဲချင်ပြီ" ဟုဆိုကာ လိုက်တက်သွားသည်။

မေကဆုန်က သူမ၏အိပ်ခန်းတွင်းသို့ ဝင်သွားပြီး သူမ၏ ဘီဒိုအံဆွဲတွင် ထည့်သိမ်းထားသော စာအိတ်ကို ယူလိုက်သည်။ မေကဆုန်သည် စိတ်လှုပ်ရှားမှုကြောင့် လက်ဖျားများခြေဖျားများအေးစက်လာသည်။

သို့သော်ဆုံးဖြတ်ချက်တစ်ခုကိုချပြီးလျှင် ပြင်လေ့ပြင်ထရှိတတ်သော မေကဆုန်သည် စာအိတ်ကိုကိုင်ကာ ဖခင်အိပ်ခန်းဘက်သို့ ကူလိုက်သည်။

ဦးတိုင်းဇော်သည် ရှပ်အင်္ကျီနှင့်ဖွတ်ကျယ်ကို ချွတ်လိုက်ကာ တီရှပ်တစ်ထည်လဲလိုက်သည်။ မေကဆုန်က စာအိတ်ကို ခင်ဟုတင်ပေါ်တင်လိုက်ပြီး ဖင်၏အင်္ကျီဟောင်းများကို ယူကာ အဝတ်ဟောင်းချိတ်ရန် သတ်မှတ်ထားသောချိတ်တွင်သွား ချိတ်လိုက်သည်။ ဦးတိုင်းဇော်က ဘောင်းဘီနှင့် ပုဆိုးကိုလဲလှယ်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရင်း မေကဆုန် တင်သွားသော စာအိတ်ကို လှမ်းကြည့်လိုက်သည်။ ဘာအိတ်လဲဟု စဉ်းစား၍မရ။ မေကဆုန်က သူ့ဘောင်းဘီများကိုကောက်ယူကာ တန်းတွင်သွားလွှားသည်။

ဦးတိုင်းဇော်က လိမ္မာသောသမီးဖြစ်သူအား ကျေနပ်စွာပြုံးကြည့်လိုက်ပြီး. . .

"ကိုင်း. . ဘေဘီပြော၊ ဒါကဘာအိတ်လဲ"

ပြောပြောဆိုဆိုနှင့် ခုတင်ပေါ်၌ ကျောဆန့်လိုက်သည်။

မေကဆုန်က တစ်တောင်သာသာမြင့်သော ဖခင်၏ ခုတင်ကြီးဘေးကြမ်းပြင်တွင် ထိုင်ချလိုက်ပြီး အိတ်ကိုယူကာ ထောင်ပြလိုက်ရင်း. . .

"ဒီအိတ်ကိုမြင်တာနဲ့ ဘာအိတ်မှန်း ဒယ်ဒီတကယ်မသိဘူးလား"

"မသိဘူး"

ဦးတိုင်းဇော်က ရိုးသားစွာပင် ဖြေလိုက်သည်။ အမှန်တရားကြောင့် မေကဆုန် ဝမ်းနည်းသွားရသည်။

"ဒယ်ဒီဟာ မီးအမေရဲ့အပေါ် အလေးအနက်မထားဘူးဆိုတာ သိပ်သိသာတာပဲ"

ရုတ်တရက်ထထိုင်လိုက်ပြီး. . .

ဦးတိုင်းဇော်အံ့သြသွားသည်။ စာအိတ်ကိုဆွဲယူကာ စာအိတ်အတွင်းမှ စာချုပ်နှစ်စောင်ကို ထုတ်ကြည့်လိုက်သည်။

"သြော်. . ဒယ်ဒီတို့ ရုံးတက်လက်ထပ်ထားလို့ ဒယ်ဒီမမှတ်မိတာ မေ့အပေါ် ဒယ်ဒီအလေးအနက် မထားတာ မဟုတ်ပါဘူး၊ မီး ဒါကိုဘယ်ကရသလဲ"





"မေမေ့ဘီဒိုထဲကရတာ၊ ဒယ်ဒီနဲ့မေမေက တစ်ခန်းစီခွဲအိပ်ကြသလား"

ဦးတိုင်းဇော် သတိထားလိုက်သည်။ အမှားအယွင်းမရှိစေသော စကားများကိုသာ သတိထား၍ရွေးချယ်ဖြေရမည်။

"အင်း ဘေဘီကိုယ်ဝန်ရင့်ချိန်မှာ၊ ဆရာဝန်ရဲ့ ညွှန်ကြားချက်အရ ခွဲအိပ်ကြတာ"

"ဒေါက်တာဒေါ်သက်သက်ဝင်းရဲ့ ညွှန်ကြားချက်လား"

ဦးတိုင်းဇော်ရင်ထဲ သြချလိုက်သည်။ မေကဆုန်သည် အရွယ်နှင့်မလိုက်အောင် အသိတရားကြွယ်ကာ စေ့စပ်သေချာသူဖြစ်သည်။

"ဟုတ်တယ်"

"မီးကိုဘယ်နှလနဲ့ မွေးတာလဲ"

"နေ့စေ့လစေ့ပဲ မွေးတာတဲ့"

"ဒါဖြင့် စာချုပ်ထဲက ဒယ်ဒီတို့လက်ထပ်ကြတဲ့နေ့စွဲနဲ့ မီးရဲ့မွေးနေ့ဟာခြောက်လနဲ့ နှစ်ဆယ်ရက်ပဲကွာတယ်၊ မီးကိုခုနှစ်လနဲ့မွေးတယ်လို့ ပြောလို့ကောမရဘူးလားဒယ်ဒီ"

ဦးတိုင်းဇော် ဦးနှောက်ကိုအပြေးအလွှားအလုပ်ပေးလိုက်သည်။ မိမိအဖြေမှားသွားလျှင် မိမိတို့ ကြိုးစားထားရသမျှတို့သည် သဲထဲရေသွန်လိုက်သကဲ့သို့ မိမိ၏မေတ္တာ၊ စေတနာတွေ အဟောတိဖြစ်သွားနိုင်သည်။

ထို့ကြောင့်

"မရဘူး ဘေဘီ၊ ဒယ်ဒီနဲ့တို့ လက်ထပ်တာနောက်ကျသွားတယ်၊ မေနဲ့ဒယ်ဒီ အနေနီးစပ်ပြီး မှားယွင်းသွားခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



မေကာလည်းကလေးဆန်တော့ ကိုယ်ဝန်ရှိနေတာရှုတ်တရက် မသိလိုက်ခဲ့ဘူး၊ သိလိုက်တဲ့နေ့က ဒယ်ဒီနဲ့လူလူခိုးပြေးဖို့ ဒုတိယအကြိမ် စီစဉ်ရတဲ့နေ့ပဲ ဒမနေကောင်းတာနဲ့ ဒယ်ဒီတို့လက်ထပ်ခဲ့ကြတယ်"

"အသေအချာပဲလား ဒယ်ဒီ"

ဦးတိုင်းဇော်သည် မေကဆုန်ကိုမကြည့်ဘဲ ပြတင်းပေါက်မှာ ကျောခိုင်းရပ်လိုက်သည်။

"သမီးနဲ့အဖေကြားမှာ မပြောအပ်တဲ့စကားတွေကို ဒယ်ဒီပြောပြီးပြီပဲဘေဘီ၊ ဒယ်ဒီတို့ မိသားစုရဲ့အတွင်းရေးကိစ္စကိုအပြင်ရောက်အောင် ဘေဘီဘာဖြစ်လို့ လိုက်စုံစမ်းချင်ရတာလဲ"

"မီး ဘာစုံးစမ်းလို့လဲ"

"ဒေါက်တာဒေါ်သက်သက်ဝင်းဆီသွားတယ်ဆိုတာ အကြောင်းမဲ့သက်သက်လား"

"မီးကိုနေ့စွဲလစွဲမွေးတာလား၊ ခုနှစ်လနဲ့မွေးတာလား သိချင်တာတစ်ခုထဲပါ ကျန်တာတော့မမေးပါဘူး"

"ဘာဖြစ်လို့မေးရတာလဲ"

"ဘာဖြစ်လို့လဲ ဆိုတော့၊ အမြွာညီနောင်က သမီးထက်လေးလငယ်နေလို့ရယ်၊ မေမေ့မှာ ရည်းစားရှိနေခဲ့တယ် ဆိုတာရယ်ကြောင့်ပဲ"

"ဪ. . ဖြစ်ရလေ သမီးရယ်၊ မိခင်အပေါ်မှာ ဘာမှသံသယတွေမဝင်နဲ့ အသက်နဲ့လဲပြီး မွေးသွားပေးခဲ့တဲ့ မိခင်ရဲ့မေတ္တာကို ဘာသံသယနဲ့မှ အရောင်မဆိုးချင်ပါနဲ့တော့ ဘေဘီ၊ သမီးဟာ ဒယ်ဒီသမီးအရင်းပါ ဦးတိုင်းဇော်နဲ့ ဒေါ်မေမေမြင့်ရဲ့သမီးဟာ မေကဆုန်ပဲ၊ ဒါပဲ ဘေဘီခေါင်းထဲထည့်ထားလိုက်ပါသမီးရယ်"





ဦးတိုင်းဇော်က သမီးဖြစ်သူအား ဆွဲထူလိုက်သည်။

"ဒယ်က မိန်းမနှစ်ယောက်ကို တစ်ပြိုင်နက်ချစ်ခဲ့သလား"

"အဖေကို သမီးမေးရမယ့်စကားလား"

"ဒယ်ဒီကိုမမေးရင် ဘယ်သူ့ကိုမေးရမှာလဲ၊ ဒယ်ဒီပဲအဖေ၊ ဒယ်ဒီပဲအမေဆို"

ဦးတိုင်းဇော်က မေကဆုန်ခေါင်းကိုပုတ်လိုက်ပြီး. . .

"နောက်ဆိုရင် ဒယ်ဒီကအဖေ၊ ဒါပေမယ့် ဒယ်ဒီကအမေမဟုတ်တော့ဘူး၊ အန်တီက အမေဖြစ်သွားပြီး၊ သိချင်ရင်သူ့သွားမေးပါလား၊ ဒယ်ဒီ ငါးရုံနှစ်ကောင်ကြား ပြာများလို့ အန်တီမှာလည်း ခိုးရာလိုက်ဖို့ ဟိုပြေးဒီပြေးနဲ့ နောက်ဆုံးစိတ်နာပြီး အမြွာတို့အဖေ ဦးမောင်မောင်ဇင်ကို ချက်ချင်းလက်ထပ်ပြလိုက်တာသာကြည့်တော့"

ဦးတိုင်းဇော်သည် ပြင်ဦးလွင်က ပြန်လာပြီးကတည်းက ညဘက်ဖုန်းဖြင့် ဒေါ်တင်လူလူဘွားထံသို့ အခြေအနေအရပ်ရပ်ကို ဆွေးနွေးပြီးဖြစ်သည်။

မနေ့က မေကဆုန်ကားဖြင့် ဒေါ်သက်သက်ဝင်းထံသွားသည်ဆိုတော့လည်း ညဘက် ဦးတိုင်းဇော်တိုင်ပင်ရပြန်သည်။ မေကဆုန် မေးနိုင်သည့် မေးခွန်းများကို ကြိုတင်ပြင်ဆင်ထားပြီးဖြစ်သဖြင့် အထစ်အငေါ့မရှိဖြေနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မေကဆုန်အတွက် သွားလေသူနှင့် မိမိ၏ဂုဏ်သိက္ခာကိုသာအကျခံပြီး၊ ဖခင်ရင်နှင့် ကြီးပြင်းခွင့်ရသော ကလေးအဖြစ် သူမ၌ စိတ်အားအင်မျှားသာ တိုးတက်ဖွံ့ဖြိုးစေချင်သော စေတနာကြောင့် အကျိုးမရှိနိုင်တော့ပြီဖြစ်သော အမှန်တရား တစ်ခုကို ဖုံးကွယ်လိုက်ခြင်းဖြစ်သည်။ ဒီအတွက်သူ၊ လူလူနှင့် သစ်သစ်တို့သည် လိပ်ပြာသန့်ကြသည်။

"အင်းအင်း. . ကြံုမှ အန်တီကို တိုးတိုးတိတ်တိတ် မေး ကြည့်ရဦးမယ်၊ ဟိုနှစ်ကောင်တော့ သိလို့ဖြစ်မှာ မဟုတ်ဘူး ဒယ်ဒီ ဘယ်နှနာရီထမင်းစားမလဲ"

"ခုနစ်နာရီ"

"အိုကေ. . ဒါဖြင့် မီးသွားဆော့တော့မယ်"

ပြောပြောဆိုဆို မေကဆုန်က စာအိတ်ကလေးကို ယူလိုက်သည်။

ဦးတိုင်းဇော်ကလှမ်းယူကာ. . .

"ပေး. . ဒယ်ဒီ မီးခံသေတ္တာထဲ ထည့်ထားမယ်"

"ဒယ် ဖျောက်ဖျက်ပစ်မှာလား"

"မဟုတ်တာ၊ အမှတ်တရ သိမ်းထားမယ် ဒယ်ဒီသေတဲ့ အထိ"

"နောက်ထပ် စာချုပ်တစ်စောင် ထပ်ရောက်ရင်တော့"

"တူတူသိမ်းထားလိုက်မယ်လေ၊ ဘယ်နှဲ့လဲဘေဘီ သဲ ဘောတူမှာလား"

"မီးသဘောထား မသေးဘူးဆိုတာ ဒယ်မသိသေးတာ အံ့သြစရာပဲ"





မေကဆုန်က ပြောပြောဆိုဆိုထွက်ခဲ့လေသည်။ ဦးတိုင်းဇော်က. . .

"ဆောရီး ဆောရီး၊ ဒယ်ဒီမှားပါတယ်၊ ပြောမိတာ ဒယ်ဒီ့အမှားနော်ဘေဘီ"

"ပြဿနာ မဟုတ်ပါဘူး ဒယ်"

မေကဆုန်မျက်နှာကြည်လင်စွာ ကျောခိုင်းသွားသဖြင့် ဦးတိုင်းဇော်မှာ မြိုသိပ်ထားရသော သောကအပူလုံးကြီးကို သက်ပြင်းရှည်ကြီးဖြင့် မှုတ်ထုတ်ကာ အသက်ဝဝ ရှူလိုက်ရလေသည်။




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅၀)

ရက်ကိုလစား၊ လကိုနှစ်စား၍ ဦးတိုင်းဇော်နှင့် ဒေါ်င်လူလူဘွားတို့ စောင့်စားခဲ့ရသောကာလသို့ ဆိုက်ရောက်ခဲ့သည်။

ဦးတိုင်းဇော်နှင့် ဒေါ်တင်လူလူဘွားလက်ထပ်ပြီး ဦးတိုင်းဇော်စိတ်တိုင်းကျ ဆောက်လုပ်ထားသော ဝင်ဒါမီယာ အတွင်းရှိ အိမ်ကြီးဆီသို့ မိသားစုနှစ်စုပေါင်းစည်းကာ ချစ်ခင်ပျော်ရွှင်စွာ နေခဲ့ကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လူကြီးမိဘများ၏ မေတ္တာနေခြည်ကြောင့် ပန်းကလေး များကလည်းအစွမ်းကုန် ပွင့်လန်းကြသည်။ ဆယ်တန်းအောင် စာရင်း ထွက်သောအခါ၌ အမြွာညီနောင်တော မေကဆုန် ဘာသာစုံဂုဏ်ထူးဖြင့်အောင်မြင်ကြသည်။

မိဘများ၏ စေတနာနှင့် အနစ်နာခံမှုကို နားလည် သဘောပေါက်သော၊ သားသမီးအလိမ္မာများက ကျေးဇူးတုန့် ဖြည့်ဆည်းပေးခြင်းမှာ မိဘများ၏လိုလားချက်ကို အကောင် အထည်ဖော်ပေးခြင်းဖြစ်သည်။

"သားတို့ ဘာလိုချင်ကြသလဲ" ဟု ဦးတိုင်းဇော်က မေး သောအခါ အမြွာညီနောင်က တစ်ဦးမျက်နှာတစ်ဦး ကြည့်ကြ သည်။

"ပြောကြလေ. . ကားလား ဆိုင်ကယ်လား"

နိုင်ဘွားက ပြုံးကာခေါင်းခါလိုက်သည်။

လှိုင်ဘွားက. . .

"ဒယ်ဒီမေ့နေသလား"

ဦးတိုင်းဇော် စဉ်းစားလိုက်သည်။ သူတို့ ဘာလိုချင်တယ် ဟုပြောသနည်း။

နိုင်ဘွားက. . .

"သားတို့ရည်မှန်းချက်ကို ဒယ်ဒီကို ပြောပြပြီးပါပြီ၊ အဲဒါ Form သွားယူချင်ပြီ"

"ဩော် ဒါလား၊ ဒီအတွက်ကတော့ ဒယ်ဒီကို သားတို့ တောင်းဆိုစရာမလိုပါဘူး၊ မင်းတို့ရည်မှန်းချက်က အနာဂတ် အတွက် ကောင်းမွန်တဲ့အလုပ်ပဲကွယ်၊ ဒယ်ဒီခွင့်ပြုပါတယ်၊ ဒါက





လည်းဒယ်ဒီက ဝမ်းနဲ့မလွယ်လို့ သွေးသားမဟုတ်လို့ ပြောတာလို့ မင်းအမေပြောလည်း ဒယ်ဒီခံယူပါ့မယ်၊ ဒယ်ဒီ ခွင့်ပြုတယ်သား တို့"

"ဘာလဲ၊ ဘာတွေခွင့်ပြုနေတာလဲ ဇော်"

ဒေါ်တင်လှုလှုဘွားနှင့် မေကဆုန်က မီးဖိုခန်းဘက်မှ အိမ်ရှေ့ဘက်သို့ လျှောက်လာရင်း ဒေါ်တင်လှုလှုဘွားက လှမ်း မေးလိုက်သည်။

ဦးတိုင်းဇော်က သူ့ဘေးကနေရာကို ပုတ်ပြရင်း. . .

"လာထိုင်ပါဦး လှုလှု"

"ဇော့်ကို သားတို့က ဘာပူဆာနေတာလဲ"

ဦးတိုင်းဇော်က အမြွာညီနောင်ကို လှမ်းကြည့်လိုက် သည်။ အမြွာညီနောင်က မျက်လုံးဖြင့်သာ. . .

"ဒယ်ဒီပဲပြောလိုက်ပါ" ဟု စစ်ကူတောင်းလိုက်သည်။

ဦးတိုင်းဇော်ဘေး၌ မေကဆုန်ကပ်ထိုင်လိုက်သဖြင့် ဒေါ်တင်လှုလှုဘွားနှင့် ဦးတိုင်းဇော်မှာ ထိကပ်သွားသည်။

"ဘာလဲ ဇော်"

"ဒီလို လှုလှု၊ သားကိုက နိုင်ငံခြားဆေးတက္ကသိုလ်ကို လျှောက်ချင်တယ်"

"ဟင်"

"သားညီက. . နိုင်ငံခြားအင်ဂျင်နီယာတက္ကသိုလ်ကို လျှောက်ချင်ကြတယ်၊ အဲဒါခွင့်ပြုဖို့တောင်းဆိုနေကြတာ"

ဒေါ်တင်လှုလှုဘွား ရင်ထဲလစ်ဟာသွားသည်။ မျက်နှာ လည်း ရုတ်တရက်ပျက်သွားသည်။ လူတိုင်းမှာ ဝါသနာကိုယ်စီ



www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက်ကိုယ်စီရှိကြသည်။ မိမိတို့ရည်မှန်းချက်ပန်းတိုင်ကို လှောက်လှမ်းခွင့်ရနေလျှင် စိတ်ချမ်းသာခြင်း၊ ကျေနပ်မှုများနှင့် အတူ လူဖြစ်ရကျိုးနပ်သကဲ့သို့ ထင်မြင်ကြပြီး စိတ်ပိုင်းဆိုင်ရာပါ တိုးတက်ဖွံ့ဖြိုးသွားတတ်ကြသည်။ မိမိကသာ မျက်ရည်ခံထိုးလိုက် ပါက. . .

သို့သော်. . သူတို့ရည်မှန်းချက်များကလည်း ကောင်း နေပြန်သည်ဆိုတော့

ခိုင်ဘွားနှင့် လှိုင်ဘွားကမိခင်ကို မကြည့်ရက်သဖြင့် ခေါင်းငုံ့လိုက်ကြသည်။

ဦးတိုင်းဇော်က မျက်စိမျက်နှာပျက်ကာ ငြိမ်သက်နေ သော ဒေါ်တင်လူလူဘွား၏ ပုခုံးပေါ်လက်တင်ကာ အားပေး လိုက်သည်။

မေကဆုန်က ဒေါ်တင်လူလူဘွား၏ ပေါင်ပေါ်၌ တင် ထားသောလက် တဆတ်ဆတ်တုန်ရီလာသည်ကို တွေ့မြင်လိုက် ရသဖြင့် လှမ်းဆုပ်ကိုင်လိုက်သည်။

သားအဖနှစ်ယောက်၏ အားပေးမှုကို သိရှိနားလည် သဖြင့်ဒေါ်တင်လူလူဘွား စိတ်ထိန်းလိုက်သည်။ အသံကို ထိန်း ကာ. . .

"သားတို့ ဆုံးဖြတ်ချက်ချပြီးပြီလား"

ထိန်းချုပ်ထားသည့်ကြားက အသံသည်မပီပြင်။

မူလအသံမထွက်၊ တုန်ခါလျက်ရှိသည်။

"ချပြီးပါပြီ မေမေ"

အမြွှာညီနှောင်က ပြတ်သားစွာပင် သံပြိုင်အဖြေပေး





လိုက်သည်။

"လျှောက်လွှာတွေခေါ်နေပြီလူလူ၊ အဲဒါသားတို့ သွား ယူချင်နေကြတယ်"

"Form ပေးပြီလား"

"ပေးပြီ"

သားတို့က သံပြိုင်ပင်တက်ကြွစွာ ဖြေလိုက်ကြပြန်သည်။

မေကဆုန်က သက်ပြင်းချလိုက်သည်။

ဒေါ်တင်တင်လူလူဘွား ပင့်သက်ကိုရှိုက်ကာ စိတ်ကို ထပ်မံတင်းရင်း တုန်ခါသဖြင့်. . .

"ဒါ. . ဒါဖြင့် သွားယူကြလေ"

"ဟာ. . မေမေ တကယ်"

အမြွှာညီနှောင်က ဝမ်းသာအားရ ထခုန်ကြသည်။ ကမ္ဘာ ပေါ်တွင် အပျော်ရွှင်ဆုံး လူသားများအလား. . .

ဒေါ်တင်လူလူဘွားက ပြုံးလျက်ခေါင်းညိတ်လိုက်သည်။ သို့သော်သူမ၏ မျက်ရည်စများက ပါးမို့မို့ထက် လိမ့်ဆင်းကျသွား လေသည်။

သားများအတွက် ဂုဏ်ယူပြုံးပြုံးနေနိုင်ဖို့အတွက်က မိခင် နှလုံးသားနာကျင်မှုတော့ ရှိမည်ကို ဦးတိုင်းဇော်က နားလည်စွာ ဖြင့် ဒေါ်တင်လူလူဘွား၏ ပုခုံးကို ဖျစ်ညှစ်ကာ သတိပေးပြီးမှ. . ထိုင်ရာမှထကာ. . .

"ကိုယ်လိုက်ပို့ပေးလိုက်မယ်၊ ကျောင်းမှာလည်း ထောက် ခံစာဝင်ယူရဦးမှာ"

"မီးရှိပါတယ် ဒယ်ဒီ၊ စိတ်ချသွား"



www.burmeseclassic.com

www.burmeseclassic.com

အမြွာညီနောင်က မိခင်စိတ်ပြောင်းသွားမှာ စိုးရိမ်သဖြင့် ခွင့်ပြုသည်နှင့် တစ်ချိုးတည်းလစ်သွားကြသည်။ ၎င်းတို့နောက်သို့ ဦးတိုင်းဖော်ကပါ မီအောင်လိုက်သွားရလေသည်။

မေကဆုန်လက်ကို ဒေါ်တင်လှလှဘွားက ပြန်လည်ဆုပ်ကိုင်ပြီး. . .

"သမီးကကော ခွဲသွားဦးမှာလား"


"မီးက ရိုးရိုးအမ်စီပဲတက်မှာပါ၊ အိမ်ကနေ မေမေထည့်ပေးတဲ့ ထမင်းဘူးလေးယူပြီး ကျောင်းတက်ဦးမှာ"

"ဒါမှ မေမေ့သမီး"

ဒေါ်တင်လှလှဘွားက ကျေနပ်စွာဖြင့် မေကဆုန်ကိုဖက်လိုက်ပြီးမှ မိမိအားကျောခိုင်းသွားသော သားနှစ်ယောက်ကို မျက်ရည်ကြားမှ ငေးကြည့်လျက်. . .

မြပုလဲခင်

☺ အောင်မြင်စာပေ ☺




www.burmeseclassic.com